
သိပညာ မျှဝေခံစားခြင်း နှင့် စိမ်းလန်းသော လူ့ဘဝများဆီသို့



# သံတိုင်ကြားက ဘဝများ

ထက်မြက်

| | |
|---|---|
| **ဒို့တာဝန် အရေးသုံးပါး** | ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး<br>တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး<br>အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး |
| **ပြည်သူ့ သဘောထား** | ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။<br>နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။<br>နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။<br>ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |
| **နိုင်ငံရေး ဦးတည်ချက် (၄) ရပ်** | နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။<br>အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။<br>စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။<br>ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။ |
| **စီးပွားရေး ဦးတည်ချက် (၄) ရပ်** | စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင် ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည် ဆောက်ရေး။<br>ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။<br>ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။<br>နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။ |
| **လူမှုရေး ဦးတည်ချက် (၄) ရပ်** | တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။<br>အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။<br>စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သ ထက်မြက်ရေး။<br>တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။ |

**CIP** ၈၀၈. ၈၄

ထက်မြက်

သံတိုင်ကြားက ဘဝများ / ထက်မြက်။ ရန်ကုန်၊
ဇွန်ပွင့်စာအုပ်တိုက်၊ ပထမအကြိမ်၊ ၂၀၁၂။
၂၀၀ - စာ၊ ၂၁ × ၁၃. ၅ စင်တီ။
(၁) သံတိုင်ကြားက ဘဝများ

**ပုံနှိပ်မှတ်တမ်း**

**မျက်နှာဖုံးဒီဇိုင်း** - နေမင်း(KB)၊ **ကွန်ပျူတာစာစီ** - လောကသရဖူစာအုပ်တိုက်၊ **ထုတ်ဝေသည့်** အကြိမ်၊ ကာလ - ပထမအကြိမ်၊ ဇူလိုင်လ ၂၀၁၂၊ **ထုတ်ဝေသူ**- ဒေါ်ဝင်းမာတင့် (မြဲ) (ဇွန်ပွင့်စာပေ အမှတ်(၇၇/ဒီ)၊ ဓမ္မပါလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ **စာပြင်** - ဦးတင်ထွေး၊ **အုပ်ရေ** ၅၀၀၊ **ဖလင်** - ကာလာကင်း၊ **စာအုပ်ချုပ်** - စိန်၊ **မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** - ဦးမျိုး (မြင့်မိုရ်ဦးပုံနှိပ်တိုက်)၊ ၁၃၅၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၂၀၀၀ ကျပ်

စာအုပ်အမှတ်( ၂၄ )

# သံတိုင်ကြားက ဘဝများ

## ထက်မြက်

ဖြန့်ချိရေး

*လောကသရုပ်ဖူစာအုပ်တိုက်*

ဖုန်း - ၀၉ ၇၃၀ ၅၁၁၉၀၊ ၀၉ ၇၃၁ ၆၀၀၇၄
အီးမေးလ် - nayraing@gmail.com ဝက်ဘ်ဆိုက် - www.zunpwint.com

*ဇွန်ပွင့်စာအုပ်တိုက်*

အမှတ် ၄၉၊ ဗိုလ်စိန်မှန်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၅၀ ၄၃၁၆၄၊ ၀၉ ၅၀ ၉၈၆၀၆

# မာတိကာ


| | | |
|---|---|---|
| * | စာရေးသူ၏အမှာ "ထောင်ဘဝ" | ၅ |
| ၁။ | ကျွန်တော်သိသော အင်းစိန်ထောင် | ၁၁ |
| ၂။ | စာတစ်အုပ်ကြောင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံရသော စာရေးဆရာ | ၂၁ |
| ၃။ | ကိုကိုးကျွန်းက ပြဇာတ် | ၂၇ |
| ၄။ | ဘဝကို ပြောင်းလဲပေးသော အုတ်တံတိုင်းများ | ၃၅ |
| ၅။ | ထိုတစ်နေ့ | ၄၁ |
| ၆။ | လူ့အဖွဲ့အစည်းအပြင်ဘက်မှ လူ | ၅၁ |
| ၇။ | သားကောင် | ၆၁ |
| ၈။ | လူနှစ်မျိုးနှစ်စား | ၇၂ |
| ၉။ | သံတိုင်းကြားမှ ဂီတဆည်းဆာ | ၇၉ |
| ၁၀။ | ကျွန်းကလေး | ၈၆ |
| ၁၁။ | အိမ်အပြန် | ၉၄ |
| ၁၂။ | တန်ဖိုးရှိတဲ့လူ အမှတ်ကောင်းတဲ့လူ | ၁၀၂ |
| ၁၃။ | မပြေသည့် ဝဋ်ကြွေး | ၁၀၇ |
| ၁၄။ | လိမ့်နေသော ကျောက်ခဲ | ၁၁၇ |
| ၁၅။ | သူဌေးဦးမြစိန် | ၁၂၇ |
| ၁၆။ | လေထီးဗိုလ်အုန်းမောင် | ၁၄၆ |
| ၁၇။ | ဆေးလိပ်သောက်ခြင်းနဲ့ ဆေးလိပ်ဖြတ်ခြင်း | ၁၆၅ |
| [illegible] | [illegible] | ၁၇၅ |
| ၁၉။ | သူခိုး | ၁၈၄ |
| ၂၀။ | ဖောက်ထွင်းဝိဇ္ဇာ | ၁၉၁ |

## စာ ရေး သူ ၏ အ မှာ

## ထောင်ဘဝ

ထောင်အကြောင်းရေးသော စာရေးဆရာများနှင့် စာအုပ်များတွင် လူထု ဦးလှ၏ "လှောင်ချိုင့်တွင်းမှ ငှက်ငယ်များ"၊ "ထောင်နှင့် လူသား"၊ "စစ်၊ အချစ်နှင့်ထောင်" စသော စာအုပ်အများအပြားမှာ အလွန်ထင်ရှားခဲ့ပါသည်။ ပုဒ်မ ၅ ဖြင့် ပါလီမန်ဒီမိုကရေစီခေတ်က အထိန်းသိမ်းခံရစဉ် နိုင်ငံရေးအကျဉ်းသားတစ်ယောက်အဖြစ် ရရှိသည့် နိုင်ငံရေးအကျဉ်းသား အခွင့်အရေးအရ ထောင်ထဲတွင် ထောင်ကျများ၏အကြောင်းကို ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသား (Political Prisoner) ကို စာနယ်ဇင်းများက တင်စားသောအနေဖြင့် Prisoner of Conscience ယုံကြည်ချက်အတွက် အကျဉ်းကျခံရသူဟု ရေးသားတတ်ကြပါသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံရေးအကျဉ်းသားဆိုသည်မှာ နိုင်ငံရေးအကျဉ်းသားပင် ဖြစ်၏။

ယုံကြည်ချက်အတွက်အကျဉ်းကျ ခံရသူဟု နာမည်ပြောင်းခေါ်ခြင်းမဟုတ် ပါလီမန်ဒီမိုကရေစီခေတ် စတင်ကတည်းက ထိုဝေါဟာရ ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ နိုင်ငံရေးအရ မတူသဘောထားကွဲပြားခြင်း၊ အာဏာရနိုင်ငံရေးခေါင်းဆောင်တစ်ဦး

သို့မဟုတ် နိုင်ငံရေးပါတီတစ်ရပ် သို့မဟုတ် အာဏာသိမ်းအဖွဲ့အစည်းတစ်ခု သို့မဟုတ် အာဏာသိမ်းစစ်တပ်တို့ကို ဆန့်ကျင်သောတစ်နည်းအားဖြင့် ထိုအာဏာသိမ်းအစိုးရကို ပြုတ်ကျရန် ဖယ်ရှားရန် ဆန့်ကျင်မှုပြုသူကို နိုင်ငံရေးအကျဉ်းသားဟု ခေါ်ဆိုခဲ့သည်မှာ ရာစုနှစ်နှင့်ချီ၍ ရှိလာခဲ့ပါပြီ။ ပဒေသရာဇ်ခေတ်က မင်းတစ်မင်းကို ပုန်ကန်ပြီး နန်းရယူစဉ်ကလည်း နိုင်ငံရေးအကျဉ်းသားဟု ဝေါဟာရ မရှိခဲ့သော်လည်း ပုန်ကန်သူ၊ သူပုန် ဟု အမည်ပေးခဲ့သည်။ ထိုသည်မှာလည်း အာဏာလွန်ဆွဲပွဲ ပြဿနာနှင့် နိုင်ငံရေးအရ တိုင်းပြည်ကို အုပ်ချုပ်ခဲ့ခြင်းမှ စတင်ခဲ့ပါသည်။ ဖြုတ်ချခံရပြီး ထောင်သွင်းအကျဉ်းချခံရသူ ဘုရင်နှင့် သို့မဟုတ် မင်းသားနှင့် သူ၏ နောက်လိုက်နောက်ပါများမှာ နိုင်ငံရေးအကျဉ်းသားများပင် ဖြစ်ပေသည်။

လူထုဦးလှ၏ ထောင်အကြောင်းစာအုပ်များ ထွက်ပေါ်လာပြီးနောက် ပုဒ်မ ၅ ဖြင့် အဖမ်းခံရသောစာရေးဆရာများမှာ အနည်းနှင့် အများဆိုသလို ထောင်ကျများ၏ဘဝအဖြစ်မှန်များကို ဝတ္ထုများ၊ ဆောင်းပါးများရေးသားခဲ့ပါသည်။ ဆရာမြသန်းတင့်၏ "ဆယ်ကြိမ်မြောက် အလည်ရောက်ခြင်း"၊ "အမှောင်ရိပ်ဝယ်" စသည့် ဝတ္ထုများမှာ တကယ့်ဖြစ်ရပ်မှန်ထောင်ကျများအကြောင်း ရေးသားခဲ့သောဝတ္ထုများ ဖြစ်သည်။ အလွန်လည်း ထင်ရှားပါသည်။ ထိုအချိန်က ပုဒ်မ ၅ နှင့် ရာဇဝတ်ပြစ်မှုထောင်ကျများမှာ တစ်သီးတခြားနေရသော်လည်း တွေ့ဆုံစကားပြောကြရ၏။ ထိုသို့ ပြောရင်း ရင်နာစရာကောင်းသော ထောင်ကျများ၏ဘဝကို စာများရေးသားခဲ့သည်။

သူတို့၏အကြောင်းများမှာ စာဖတ်ပရိသတ်ကြားထဲ ရောက်လာရသည်။ လူထုဦးလှ၏ "လေနှင့်အတူ" ထောင်အကြောင်းဝတ္ထုနှင့် "လှောင်ချိုင့်ထဲမှ ငှက်ငယ်များ"စာအုပ်မှာ ယူနက်စကိုဆုပင်ချီးမြှင့်ခံခဲ့ရ၏။ ထိုအချိန်က လွတ်လပ်စွာရေးသားခွင့်ရှိသောကြောင့် ပုံနှိပ်ထုတ်ဝေခဲ့သည်။ အာဏာရှင်စစ်အစိုးရခေတ်တွင် ထိုသို့ လွတ်လပ်စွာ ရေးသားခွင့်များ ဆုံးရှုံးပြီး ထောင်အကြောင်းမှာ မဖတ်ရ၊ နားမထောင်ရသော ဇာတ်လမ်းများ ဖြစ်လာလေသည်။ ထောင်ထဲတွင် လူပေါင်းစုံ ရှိ၏။ အလုပ်သမား၊ လယ်သမား၊ စာရေးစာချီ

လူလတ်တန်းစားကအစ လယ်ပိုင်ရှင်များလည်း ရှိသလို အလုပ်ရှင်များလည်း ရှိတတ်၏။

အများစုမှာမူ လက်လုပ်လက်စားများဖြစ်၏။ စီးပွားရေးကြောင့် ထောင်ကျရသည်မှာ အများတကာ့အများဆုံး ဖြစ်သည်။ ခိုးပြတိုက်ရသည်မှာလည်း စားရမဲ့သောက်ရမဲ့များကြောင့် ဖြစ်ပြီး ငတ်ပြတ်လွန်း၍ ခိုးရသည်၊ လုရသည်။ တချို့မှာ မတရားသွေးစုပ်သော မြေပိုင်ရှင်များကြောင့် မခံမရပ်နိုင်ဖြစ်ပြီး လူသတ်မှုများ ဖြစ်လာသည်။ ထိုထဲတွင် ကြေကွဲစရာ အချစ်ဇာတ်လမ်းများလည်း ပါလာ၏။ မြေရှင်သမီးနှင့်စာရင်းငှားတို့၏ဇာတ်လမ်း၊ အိမ်ရှင် ခြေတော်တင်ခံရသော အိမ်စေမိန်းကလေး ဇာတ်လမ်း၊ လင်ငယ်၊ မယားငယ်နေ၍ လူသတ်မှုဖြစ်သော ဇာတ်လမ်းများလည်း ရှိပါသည်။ ထောင်ထဲ လူများနေသည်မှာ လူနေမှုစနစ်ကြောင့်ဖြစ်သည်။ အမေရိကန်လိုနိုင်ငံမျိုးတွင် ထောင်ထဲလူများ ကျပ်သိပ်နေ၏။ ထောင်ကျဦးရေအများဆုံးနိုင်ငံ ဖြစ်ပါလိမ့်မည်။ စီးပွားရေး တောင့်တင်းသောနိုင်ငံ၊ ချို့တဲ့သောနိုင်ငံဆိုသည်ထက် လူနေမှုစနစ်ကြောင့် အကျဉ်းထောင်တံခါးများမှာ အမြဲပွင့်နေရလေသည်။

ပညာရှိများက "အကျဉ်းထောင်တံခါးများကို ပိတ်ထားပါ။ စာကြည့်တိုက်တံခါးများကို ဖွင့်ထားပါ"ဟု ပြောဆိုကြသော်လည်း နိုင်ငံတိုင်းလိုလို အကျဉ်းထောင်တံခါးများမှာ ပွင့်နေရလေသည်။ စီးပွားရေး ကျပ်တည်းလွန်းခြင်း၊ လူတန်းစားကွာဟခြင်း၊ အလုပ်ရှင်က အလုပ်သမားကို သွေးစုပ်လွန်းခြင်း၊ မြေရှင်အလုပ်သမားကို အဓမ္မအနိုင်ထက် ပြုလုပ်လွန်းခြင်း စသော မတရားဖိနှိပ်မှုများကြောင့် မခံမရပ်နိုင်ဖြစ်ကာ ထောင်တံခါးများမှာ အမြဲပွင့်နေရပါသည်။

ကျွန်တော်ကြုံတွေ့ခဲ့ရသည့် ထောင်တွင်းဘဝမှာလည်း ထိုကဲ့သို့ လူပေါင်းစုံ၊ ဘဝပေါင်းစုံထဲ ဖြတ်သန်းရင်း အကျဉ်းသားများအကြောင်း သိရှိခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ခေတ်တွင် ၁၉၇၄ အခြေခံဥပဒေအရ နိုင်ငံရေးအကျဉ်းသားဆိုသည်ကို ပယ်ဖျက်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အောက်တွင် ဆိုရှယ်လစ်စနစ်နှင့် ခေါ်ကိုက်ညီဟုဆိုကာ နိုင်ငံရေးအကျဉ်းသားဆိုသည်ကို ပယ်ဖျက်ခဲ့

သည်။ ထိုအချိန်တွင် တစ်နိုင်ငံလုံး၌ နိုင်ငံရေးလှုပ်ရှားမှုများ အကြီးအကျယ်ဖြစ်ပွားနေသည်။ ဦးသန့်အရေးအခင်း၊ အလုပ်သမားသပိတ်၊ မှိုင်းရာပြည့်အရေးအခင်း စသည်ဖြင့် နှစ်စဉ် လူထုတိုက်ပွဲများ၊ လူထုဆန္ဒပြပွဲများ မဆလအစိုးရကို ဆန့်ကျင်သော တိုက်ပွဲများဖြစ်ပွားခဲ့လေသည်။ ထိုအချိန်အဖမ်းခံရသော နိုင်ငံရေးပြစ်မှုနှင့်အကျဉ်းသားများ၊ နိုင်ငံရေးလှုပ်ရှားမှုကြောင့် ထောင်ထဲရောက်လာသူအားလုံးကို ကျန်ရာဇဝတ်သားများနှင့်အတူ ထားရှိခဲ့၏။ ကျွေးသောအစားအစာ၊ နေရာထိုင်ခင်းများမှာ အတူတူဖြစ်သည်။

ယခင်နိုင်ငံရေးအကျဉ်းသားများ ရပိုင်ခွင့်ဆိုသည်မှာ ဘာမှမရှိတော့။ သပိတ်တိုက်ပွဲ၊ လျှို့ဝှက်စာစောင်ကမ်း၍ ထောင်ထဲရောက်လာသူများမှာလည်း ကျန်ရာဇဝတ်သားများကဲ့သို့ အင်းစိန်ထောင်အလုပ်ကြီးဌာနတွင် အလုပ်လုပ်ရ၏။ သူတို့အတွက် ရဲဘက်မလိုက်ရခြင်းသာ ကွာခြားပါသည်။ နိုင်ငံရေးအကျဉ်းသားဟု မသတ်မှတ်သောခေတ်၌ နိုင်ငံရေးသမား စာရေးဆရာများမှာ လူထုဦးလှတို့ခေတ်၊ ဗန်းမော်တင်အောင်တို့ခေတ်၊ သခင်မြသန်းတို့၊ မြသန်းတင့်တို့၊ ကျော်မြသန်းတို့ ခေတ်နှင့် မတူတော့ပေ။ ကျွန်တော်က ပုဒ်မ ၅ ခေတ်ဟုခေါ်သော နိုင်ငံရေးအကျဉ်းသားများခေတ်ကိုလည်း ဖြတ်သန်းခဲ့ဖူးသည်။ ဘီကလပ်အကျဉ်းသားအဖြစ် အခွင့်အရေးမရခဲ့သော်လည်း ပုဒ်မ ၅ အဖြစ် အခွင့်အရေး ရခဲ့ဖူး၏။ နိုင်ငံရေးအကျဉ်းသမားဟု မသတ်မှတ်သော ခေတ်၌လည်း စားရမဲ့၊ သောက်ရမဲ့ အခြေအနေမျိုးကို မရောက်ခဲ့သော်လည်း မနက်တွင် ပဲဟင်းကျဲကျဲ၊ ငါးပိဖုတ်နှင့်စားရသော ဘဝ၊ ကန်စွန်းရွက် ရေလုံးပြုတ်၊ ငါးပိဖုတ်နှင့် ဆန်ကြမ်းကြမ်းစားရသောဘဝမျိုးကို ဖြတ်သန်းခဲ့ရ၏။ တစ်ပတ်တစ်ရက် အသားစားရသော်လည်း ငါးရွှေလို ငါးမျိုးကို ကြော်ကျွေးပြီး တစ်ယောက်ကိုတစ်တုံး စားရသည်။ တစ်ခါတစ်ရံ ငါးသလောက်ကြော်စားရသည်။ တစ်ခါတစ်ရံ ဝက်သားပြုတ် စားရ၏။ ဝက်သားပြုတ်မစားသူကို ဘဲဥပြုတ် လေးလုံးကျွေး၏။ အမှန်တကယ် ရသည်မှာ ဘဲဥပြုတ်နှစ်လုံးသာ ဖြစ်ပါသည်။

ထောင်ဝင်စာမရှိသော အကျဉ်းသားများအဖို့ အသားကျွေးသည့်နေ့မှာ ပါးစပ်ဆီဝေသောနေ့ ဖြစ်သည်။ အကျဉ်းသားအများစု

မှာ ထောင်ဝင်စာမရှိသူများပင်။ ထိုအခြေအနေမျိုးတွင် ထောင်ကျတို့၏ဘဝကို မေးမြန်းစူးစမ်းရသည်မှာ ညဘက်အားလပ်ချိန်လေးသာရှိပါသည်။ ကျွန်တော်တို့တွင် စာရေးခွင့်မရှိပါ။ စာရွက်စာတမ်း၊ စာအုပ်၊ ခဲတံ၊ ဘောလ်ပင် ကိုင်ဆောင်ခွင့်မရှိပါ။ ထို့ကြောင့် ခေါင်းဖြင့်သာ မှတ်ထားရ၏။ တချို့ကို မမှတ်မိတော့ပါ။ မှတ်မိသမျှကို နောင်အခါချရေးကြသည်။ ရေးခွင့်ရှိသည်ကိုသာ ရေးကြ၍ နောင်နှစ်ပေါင်းငါးနှစ်အကြာလောက်မှ ရေးရ၏။ တချို့အဖြစ်များမှာ နှစ်သုံးဆယ်လောက်ကြာပြီဖြစ်သဖြင့် ထူးခြားသည့်အဖြစ်များကို မှတ်မိသလောက် ချရေး၏။

ကျွန်တော်တို့သည် တိုက်ခန်းမှ အဆောင်သို့ပြောင်းရသည့်အချိန်မှသာ ထောင်ကျအကျဉ်းသားများနှင့် တွေ့ရသည်။ ကြာကြာမနေရပါ၊ တိုက်ခန်းထဲပြန်ပြောင်းရသည်။ ရာဇဝတ်သားများနှင့် နိုင်ငံရေးအကျဉ်းသားများကို အာဏာပိုင်များက ကြာရှည်စွာ အတူထားခြင်း မရှိပါ။ ရာဇဝတ်သားများကို နိုင်ငံရေးအကျဉ်းသားများက စည်းရုံးပြီး ထောင်တွင်းသပိတ်တိုက်ပွဲများ၊ ဆန္ဒပြပွဲများ ဖြစ်မှာစိုးကြပါသည်။ ဖဆပလ၏ ပါလီမန်အစိုးရခေတ်က ထောင်တွင်း၌ ဝက်သားပုပ် သပိတ်တိုက်ပွဲများဖြစ်ပြီး အခြေအနေဆိုးရွားသောကြောင့် ပစ်ခတ်နှိမ်နင်းရသည်အထိ ထောင်သမိုင်းတွင်ခဲ့သည်။ ထို့ကြောင့် အဆောင်တွင် နိုင်ငံရေးသမားများကို ခဏသာထားပြီး တချို့ကို တိုက်သို့ ပြန်ရွှေ့ထားသည်။ ထောင်ပြောင်းပစ်သည်။ အများစုမှာ နယ်ထောင်များသို့ အပြောင်းခံရသည်။ သို့မဟုတ်ပါက အားလုံးကို တိုက်ခန်းထဲ ပို့လိုက်သည်။ ထို့ကြောင့် နိုင်ငံကြီးပွားတိုးတက်ရေးအတွက် လှုပ်ရှားသူမှာ နိုင်ငံရေးသမားဖြစ်ပြီး ထိုသူဖမ်းဆီးထောင်ချခံရလျှင် နိုင်ငံရေးအကျဉ်းသား ဖြစ်ပါသည်။

လူထုဦးလှတို့၊ ဆရာမြသန်းတင့်တို့ ခေတ်ကဆိုလျှင် ထောင်ကျအကျဉ်းသားကိုခေါ်ယူတွေ့ဆုံကာ သူ့ဘဝကို အသေးစိတ်မေးမြန်းခွင့်ရလေသည်။ တစ်ခါတည်း စာရေး၍ရလေသည်။ ဗန်းမော်တင်အောင်၏ "မြိုင်"ဝတ္ထုကြီးမှာ ထောင်ထဲတွင် စိမ်ပြေနပြေရေးသားခဲ့ခြင်း ဖြစ်၏။ နောင် မဆလခေတ်၌ ထောင်ထဲတွင် တရားစာအုပ်မှလွဲ၍ ဘာစာအုပ်မှ မဖတ်ရတော့ပေ။ စာရေးဖို့နေနေ

သာသာ စာဖတ်ခွင့်ပင် မရသဖြင့် ထောင်ကျအခွင့်အရေးပင် မရခဲ့ကြပါ။ ထောင်အကြောင်း ဇာတ်လမ်းများ၊ အဖြစ်အပျက်များ၊ စာအုပ်များ ရေးထုတ်ခွင့်ရသောအခါ၌ စာဖတ်ပရိသတ်မှာ စိတ်ဝင်တစား ဖတ်ရှုကြ၏။ နှစ်ပေါင်းများစွာ ပိတ်ပင်ခံရသည့် လူတစ်ဦးချင်း၏ လွတ်လပ်ခွင့်ကို တင်ပြခွင့်ရလာ၍ လူအများက စိတ်ဝင်စားကြသည်။

တင်းကျပ်လွန်းသည်ကို ဖြေလျှော့ပေးသည့်အတွက်လည်း နေသာထိုင်သာ ရှိလာကြခြင်းဖြစ်၏။ ပိတ်ထားသောတံခါးများကို ခပ်ဟဟ ဖွင့်ပေးလိုက်သဖြင့် ဟထားသောအပေါက်မှ လေဝင်လာသလို ပြင်ပမြင်ကွင်းများကိုလည်း မြင်လာရသဖြင့် နေသာထိုင်သာ ရှိသွားကြ၏။ အရေးကြီးသည်မှာ ပိတ်ထားသောတံခါးများကို ဖွင့်ရန်ဖြစ်ပါသည်။ ထောင်ထဲမှာရှိသော လူအမျိုးမျိုး၏ဘဝအထွေထွေကို မှတ်တမ်းတင်ခွင့်၊ ရေးသားခွင့် ပုံနှိပ်ထုတ်ဝေခွင့်များရရှိလာသဖြင့် ယခုထက်ပို၍ ပွင့်လင်းသော လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်နိုင်ပါလိမ့်မည်။ ထောင်ထဲတွင်နေရသော ရာဇဝတ်သားများ၏ ဘဝမှာ နိုင်ငံရေးအကျဉ်းသားများထက် ပို၍ ဆိုးရွားလှသည်။ သူတို့သည် အနိမ်းဆုံးလူ့အခွင့်အရေးလောက်ပင် မရရှိကြပေ။

သို့သော် လူ့အခွင့်အရေးများ ရရှိသည်ဟုဆိုလျှင်လည်း ထောင်သည်ထောင်သာဖြစ်၏။ ထောင်သည် အုတ်ရိုးများ၊ သံတိုင်များကြားတွင်ရှိသောနေရာတစ်ခု၊ ထောင်သည် လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ သွားလာခွင့်၊ လွတ်လပ်စွာ စားခွင့်၊ အိပ်ခွင့်များ မရှိသလို ထောင်စည်းကမ်းအတိုင်း လိုက်နာရသည်။ ပြစ်မှုအကြီးအသေးအလိုက် ထောင်တွင်အလျှော့အတင်း နေထိုင်ရမှုများရှိပါသည်။ အရေးအကြီးဆုံးမှာ ကမ္ဘာပေါ်တွင် ထောင်တံခါးများအားလုံး ပိတ်လိုက်ဖို့၊ ထောင်စနစ် ဖျက်သိမ်းဖို့နှင့် လူအားလုံး လွတ်လပ်ပြီး တရားမျှတသော စားဝတ်နေရေး အဆင်ပြေသောဘဝတွင် နေနိုင်ဖို့သာ အရေးကြီးပါသည်။

*

# ကျွန်တော်သိသော အင်းစိန်ထောင်

ထောင်ဟု ပြောလိုက်သည်နှင့် လေးဖက်လေးတန် အုတ်ရိုးတံတိုင်းကြီးများ ကာရံထားသောနေရာ၊ ရာဇဝတ်မှုနှင့် အခြားပြစ်မှုများကြောင့် ထိုအုတ်ရိုးလေးဖက်လေးတန်ကြား ထည့်ထားသောနေရာကို ထောင်ဟု ယေဘုယျခေါ်ကြလေသည်။ ထို့ကြောင့် ထောင်ဆိုသည်မှာ နံရံလေးဖက်ရှိသော နေရာဟု မှတ်ထားလိုက်ကြပေသည်။

သို့သော် အုတ်ရိုးလေးဖက်မဟုတ်သော မြန်မာနိုင်ငံ၏ အကြီးဆုံးထောင်လည်း ရှိပါသည်။ ထိုထောင်ကြီးမှာ ဧက ၁၀၀ ကျော် ကျယ်ဝန်းသော မြေပေါ်တွင် အုတ်ရိုးအများအပြားဖြင့် တည်ဆောက်ထားသည်။ အုတ်ရိုးလေးဖက်မဟုတ်ဘဲ အုတ်ရိုး(၈)ဖက်ဖြင့် တည်ဆောက်ထား၏။ အဋ္ဌဂံပုံစံဟုခေါ်ရမည်ဖြစ်သော ထောင်ကြီးမှာ အင်းစိန်ဗဟိုအကျဉ်းထောင် ဖြစ်ပါသည်။

အင်းစိန်ထောင်ကို ရှေးခေတ် တိုင်ကပ်နာရီပုံစံအတိုင်း တည်ဆောက်ထားသည်။ ထောင်ကို အပေါ်စီးမှ လှမ်းချုံမြင်ရသော လေယာဉ်ပေါ်မှကြည့်လျှင် သိသာပါသည်။ အဋ္ဌဂံပုံ တိုင်ကပ်နာရီကြီးအတိုင်းပင်။ တစ်နည်းပြောရလျှင် ယူနီယံဂျက်အလံ၏ ထောင့်များ

အတိုင်းပင် ဖြစ်သည်။ ထောင်ဘူးဝနှင့် ထောင်အဝင်လမ်းမကြီးမှာ တိုင်ကပ်နာရီ၏ ချိန်သီးရှိသောနေရာ အတိုင်းပင် ဖြစ်ပါသည်။ အလယ်နာရီလက်တံများထားသည့် ဗဟိုတည့်တည့်မှာ မိန်းဂျေးလ် (Main Jail) ဖြစ်လေသည်။

မိန်းဂျေးလ်ဆိုသည်မှာ ထောင်၏အချက်အချာ ဗဟိုနေရာဖြစ်ပြီး ထိုနေရာမှ နေရာအားလုံးကို ထိန်းချုပ်ထားနိုင်ပါသည်။ သို့သော် ထောင်ဘူးဝမှာ ထောင်၏လုံခြုံရေးကို အဓိကအုပ်ချုပ်ရသော နေရာဖြစ်သလို ထောင်ကိုအုပ်ချုပ်သော ထောင်ပိုင်ကြီးမှာ ထောင်ဘူးဝ၏ အပေါ်ထပ်တွင်နေထိုင်ပြီး အောက်ထပ်တွင် ထောင်အုပ်ချုပ်ရေးရုံးခန်းများ ရှိလေသည်။ ထောင်ဘူးဝ၏ အပေါ်ဆုံးတွင် အစောင့်များ၊ မီး ဆလိုက်၊ တစ်နာရီ တစ်ကြိမ် တီးခတ်သော သံချောင်းများ ထားရှိလေသည်။

အဌဂံရှစ်ထောင့်ပုံ အင်းစိန်ထောင်၏ ထောင့်ချိုးတိုင်းတွင် ထောင်အစောင့်များရှိသော ထောင်ဘူးလေးများ ရှိပါသည်။ ထိုဘူးလေးများတွင် ထောင်အစောင့်များသည် လက်နက်များနှင့်အတူ စောင့်ကြပ်နေကြ၏။ ညဘက်ဆိုလျှင် မီးဆလိုက်နှင့် ထိုးကြည့်၏။ ၁၅ မိနစ်လျှင် တစ်ကြိမ် သံချောင်းခေါက်၍ အချက်ပေးသည်။ ထိုသံချောင်းမှာ ဘူးလေးများရှိ အစောင့်များ နိုးနိုးကြားကြားဖြစ်နေကြောင့် အသိပေးသော သံချောင်းလည်း ဖြစ်ပုံရလေသည်။ ထောင်ဘူးမှဝင်လိုက်လျှင် ဘယ်ဘက်အခြမ်းတွင် မိန်းမထောင်ရှိ၏။ မိန်းမထောင်ဆိုသည်မှာ အင်းစိန်ထောင်ရှိ အမျိုးသမီးများ ထားရှိသောအဆောင်ရှိရာနေရာ ဖြစ်ပါသည်။

ညာဘက်ခြမ်းတွင်လည်း မိန်းမဆောင်တစ်ခု ထားရှိသည်။ ဆက်သွားလျှင် ထောင်ဆေးရုံရှိ၏။ မိန်းဂျေးလ်ဆိုသော အလယ်ဗဟိုနေရာတွင် တစ်ထောင်လုံးရှိ အကျဉ်းသားများအတွက် ချက်ပြုတ်ရသော ဖိုကြီးရှိသည်။ ထိုဖိုကြီးအပေါ်တွင် အုတ်ရိုးဖြင့်လုပ်ထားသော မီးခိုးခေါင်းတိုင်ကြီး ရှိပါသည်။ မိန်းဂျေးလ်အပေါ်တွင် ကျောက်ဆင်းတုတစ်ဆူရှိ၏။ ထိုကျောက်ဆင်းတုမှာ ဉာဏ်တော်တစ်တောင်ကျော်ကျော်ရှိသည်။ ထောင်အာဏာပိုင်များနှင့် ထိုစဉ်က တရားရေးဌာနထံ ခွင့်တောင်းပြီး ဂဠုန်ဦးစောထားရှိသည့် ဆင်းတုတော်ဖြစ်သည်ဟု ဆိုပါ

သည်။ သူ့ကို ကြိုးမပေးမီကာလ ဘုရားဆင်းတုတစ်ဆူ တည်ထားရန် ခွင့်တောင်းသောကြောင့် ထိုဘုရားကိုတည်ထားခဲ့ခြင်း ဖြစ်၏။

အယူသီးသူတချို့ကမူ ထောင်ကလွတ်လျှင် မိန်းဂျေးလ်ကို ဖြတ်၍ ဘူးသို့သွားကြရ၏။ ထိုသို့သွားစဉ် ဦးစောတည်ထားသော ဘုရားကို လှည့်မကြည့်ရ၊ လှည့်မဖူးရ၊ ထိုသို့လှည့်ဖူးမိလျှင် ထောင်သို့ နောက်တစ်ကြိမ်ဝင်ရလေ့ ရှိသည်ဟုလည်း ပြောဆိုကြလေသည်။ ကျွန်တော် ပထမအကြိမ်လွတ်စဉ်က ထိုကျောက်ဆင်းတုကို ကြည့်ခဲ့သည်။ ဒုတိယအကြိမ်တွင်လည်း ဖူးခဲ့သည်။ တတိယအကြိမ်တွင်လည်း ကြည့်ခဲ့သည်။ စတုတ္ထအကြိမ်တွင် ဘူးသို့မသွားမီ ထိုကျောက်ဆင်းတုကို အသေအချာအချိန်အတော်ကြာ ကြည့်ပြီး၊ ဖူးပြီး ထွက်ခဲ့ပါသည်။ ယခုအချိန်အထိ နောက်တစ်ခါ ပြန်မသွားရသေးပါ။

မိန်းဂျေးလ်သည် အလယ်ဗဟိုနာရီလက်တံများ ထားရှိရာနေရာ ဖြစ်သကဲ့သို့ အဆောင်များမှာလည်း နာရီနံပါတ်များရှိသော အကွက်များ အတိုင်းဖွဲ့စည်းထားလေသည်။ ဘူးမှဝင်လာပြီး နောက်မိန်းဂျေးလ် ရောက်သည်နှင့် ဘယ်ဘက်အကန့်၌ တိုက်ခန်းများရှိလေသည်။ တိုက်ခန်းများကို ၁ တိုက်၊ ၂ တိုက်၊ ၃ တိုက်၊ ၄ တိုက် (၄ တို၊ ၄ ရှည် ခွဲခြားထားသည်)၊ ၅ တိုက်၊ ၆ တိုက်(အလုံတိုက်) စသည်ဖြင့် သတ်မှတ်ထားသည်။ ကျွန်တော် တိုက်ခန်းများကို ကျင်လည်ခဲ့စဉ်က ခွဲခြားထားမှု ဖြစ်ပါသည်။ နောက်ပိုင်း မည်မျှလျော့၍ မည်မျှတိုးသည်ကိုကား မသိပါ။

၁ တိုက်၏ တစ်ဖက်ခြမ်းတွင် မိန်းမထောင်ရှိလေသည်။ ကျန် တစ်ဖက်ခြမ်းတွင်ကား ၂ တိုက် ရှိပါသည်။ ၂ တိုက်တွင် သေဒဏ် အမိန့်ချခံထားရသော ကြိုးသမားများနှင့် နိုင်ငံရေးအကျဉ်းသားများကို ထား၏။ ၂ တိုက်ကို ရင်ကွဲတိုက်ဟုလည်း ခေါ်သည်။ ဆိုလိုသည်မှာ တိုက်ခန်းပေါင်း ၆၀ ခန့်ကို တစ်ခန်းနှင့်တစ်ခန်း မျက်နှာချင်းဆိုင်မဟုတ် သည့်တိုင် ခပ်စွေစွေမျက်နှာမူ၍ ဆောက်ထားသည်။ အလယ်လမ်းမှ နေ၍ ဟိုဘက်ခန်း၊ ဒီဘက်ခန်းကို စစ်ဆေးနိုင်သလို သံတံခါးများကို လည်း သော့ခလောက်ကြီးများဖြင့် ခတ်ထားလေသည်။ တိုက်ခန်းများ မှာ ၁၀ ပေ × ၁၅ ပေ သို့မဟုတ် ၁၀ ပေ × ၁၅ ပေခန့် ကျယ်ဝန်းသည်။

ကျပ်လုံးခန့် သံတိုင်များကိုစီပြီး သံတံခါးကြီးများ၊ ကလန့်များဖြင့် ဖွဲ့စည်းကာ ကြေးသော့ခလောက်ကြီးများ အမြဲခတ်ထားလေသည်။

ထမင်းစားလျှင်လည်း သံတိုင်အပြင်ဘက်မှပေးပြီး အတွင်းမှ စားရသည်။ သောက်ရေအိုးကို အပြင်ဘက်တွင် ထားရှိ၏။ ပလပ်စတစ် သောက်ရေခွက် တစ်ခွက်ရှိသည်။ သို့မဟုတ် ဒန်ခွက်တစ်လုံးရှိသည်။ တိုက်ခန်းတွင်း၌ နီးချောဖျာတစ်ချပ် ပေးထားလေသည်။ (ယခုအခါ သစ်သားကွပ်ပျစ်များ တစ်လုံးစီထားပေးသည်ဟု ကြားရပါသည်။) တိုက်ခန်း၏နောက်ဘက်ထောင့်တွင် အပေါ့၊ အလေးစွန့်ရန် အင်တုံ တစ်လုံးပေးထားသည်။ ထိုအင်တုံကို ထောင်အခေါ်အရ ဂန်ဖလားဟု ခေါ်လေသည်။ တစ်နေ့နှင့်တစ်ည စွန့်ပစ်သောအပေါ့၊ အလေးနှင့် အညစ်အကြေးများကို မနက်ရောက်လျှင် (ယခင်က ပုဒ်မ ၅ ကာလက) ဆိုလျှင် ရာဇဝတ်မှုဖြင့် ထောင်ကျသော အကျဉ်းသားများက တစ်ခန်း ချင်း လာရောက်ယူဆောင်ကြပြီး ပြန်ပေးလေ့ရှိ၏။ နောင် ပုဒ်မ ၅ ဖျက်သိမ်းပြီး ၁၉၇၄ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံရေးပြစ်မှုရှိသည့် နိုင်ငံရေး အကျဉ်းသားများကိုယ်တိုင် စုထည့်ရသည့်ပုံးထဲ သွားထည့်ရလေသည်။

၁ တိုက်တွင် အခန်း ၁၀ ခန်းသာ ရှိပြီး ရေချိုးရသည့် ရေချိုးခန်း တစ်ခုထားသည်။ ၁ တိုက် အဝင်ကို သံပြားများဖြင့် ကာထားသည်။ ၁ တိုက်ပြီးလျှင် ၂ တိုက်မှာ အခန်းပေါင်း ၆၀ ခန့်ရှိ၏။ ရင်ကွဲတိုက်ဟု လည်း ခေါ်သည်။ အရှည်ဆုံးနှင့်အခန်း အများဆုံးတိုက်ကြီးလည်း ဖြစ်ပါသည်။ ၂ တိုက်၏ ဘေးတွင် ၃ တိုက်ရှိ၏။ ၃ တိုက်တွင်လည်း အခန်း ၁၀ ခန်းသာရှိသည်။ ၃ တိုက်၌ သံချောင်းများဖြင့် ကာထားသော ပြတင်းပေါက်များ ရှိလေသည်။ ပြတင်းပေါက်အကျယ်ရှိသဖြင့် လေဝင် လေထွက်ကောင်းသည်။ ယခင်က ၃ တိုက်တွင် မိန်းမလျာ အကျဉ်းသား များကို တခြားအကျဉ်းသားများနှင့် ရောထား၍မရပေ။ ရာဇဝတ် အကျဉ်းသားများကြားတွင် မိန်းမလျာများကို သူပိုင်ကိုယ်ပိုင်လုပ်၍ ရိုက်နှက်ခြင်း၊ လူသတ်ခြင်းများ ဖြစ်တတ်သဖြင့် သတ်သတ်ထားရခြင်း ဖြစ်သည်။

၃ တိုက်၏တစ်ဖက်တွင် ၄ တိုက်ရှိ၏။ နိုင်ငံရေးအကျဉ်းသား

အများဆုံးထားသောနေရာ ဖြစ်သည်။ ၄ တိုက်၏တစ်ဖက်၌ ၅ တိုက် ရှိသည်။ ၅ တိုက်မှာ အမိုးအမြင့်ကြီးနှင့် အင်္ဂလိပ်ခေတ်ကတည်းက ဆောက်ထားသော ခိုင်မာတောင့်တင်းသော တိုက်ကြီးဖြစ်ပြီး အခန်း ၂၄ ခန်း ရှိလေသည်။ အစွန်ဆုံး ၂၄ ခန်း၏တစ်ဖက်တွင် ကြိုးစင်ရှိမှန်း နောက်မှ ကျွန်တော်သိရပါသည်။

ကျွန်တော်ရောက်သည့်ညက အခန်း ၂၄ တွင် နေရလေသည်။ တစ်ဖက်တွင် အခန်းရှိမှန်း၊ မရှိမှန်းမသိပါ။ ည ၁၂ နာရီလောက်တွင် နှာခေါင်းထဲသို့ မွှေးကြိုင်လှသောအနံ့များ တိုးဝင်လာသဖြင့် အိပ်မပျော်တော့ပေ။ အနံ့မှာ အစပိုင်းက စံပယ်နံ့ဟု ထင်သော်လည်း ကြာလာသောအခါ နှင်းဆီပန်းနံ့များ ဖြစ်လေသည်။ မွှေးလှသော နှင်းဆီပန်းနံ့များမှာ အခန်းတစ်ခုလုံး ပျံ့နှံ့လာသည်။ ညဦးပိုင်းက ဘာနံ့မှမရဘဲ သန်းခေါင်မှ နှင်းဆီပန်းနံ့များရလာသောကြောင့် ဥစ္စာစောင့်များလားဟု ထိတ်လန့်သွားရလေသည်။ ကျွန်တော့်ခေါင်းရင်းဘက်တွင် နှင်းဆီပန်း ပင်များရှိကြောင်းကို တတိယအခေါက် ထောင်ကျမှသာ အသေအချာ သိရှိရလေသည်။ ထောင်ဒဏ် ငါးနှစ်ကျခံရစဉ်က ကျွန်တော်သည် လက်သမားဌာနတွင် အလုပ်တာဝန်ကျလေသည်။

သို့သော် အလုပ်ကြမ်းမလုပ်ရဘဲ အလုပ်ကြီးဌာန ထောင်မှူး ရုံးခန်းတွင် စာရင်းများကို ရေးဆွဲတွက်ချက်ပေးရသဖြင့် ထောင်အတွင်း ရှိ ဘယ်နေရာမဆို ထောင်မှူးကြီး၏ခွင့်ပြုချက်ဖြင့် သွားလာခွင့်ရလေ သည်။ ထိုအခါ ကျွန်တော်က ထောင်ဘူးသို့ ထောင်ပိုင်လက်မှတ်ထိုးရန် စာရင်းများ ယူသွားချိန်တွင် ပုံမှန်လမ်းမှမသွားဘဲ ကြိုးစင်ရှိရာလမ်းဘက် မှ သွားခဲ့လေသည်။ ထောင်တွင် အုတ်ရိုးနှစ်ခုရှိ၏။ အတွင်း အုတ်ရိုးနှင့် အပြင်အုတ်ရိုးဖြစ်သည်။ အပြင်အုတ်ရိုးမှာ အကြီးကြီးဖြစ်၏။ ပေ ၂၀ ခန့် မြင့်မည် ထင်ပါသည်။ အလွန်ခိုင်မာသော အုတ်ရိုးအမြင့်ကြီးဖြစ်ပြီး အုတ်ရိုးအပေါ်တွင် အုတ်ခဲများသည် တစ်လုံးပေါ်တစ်လုံးဆင့်၍ တင် ထားလေသည်။ ဘာကြောင့်တင်ထားသည်ကိုကား မသိရပေ။ တစ်ဖက် သို့ ခုန်ပြေးလျှင် အုတ်ရိုးများမှာ ထိရုံနှင့် ပြုတ်ကျနိုင်သောကြောင့် ထိုသို့ ထားခြင်း ဖြစ်သည်။ အတွင်းအုတ်ရိုးမှာ ၁၂ ပေ သို့မဟုတ် ၁၅ ပေ

ရှိသည်။ အတွင်းအုတ်ရိုးနှင့် အပြင်အုတ်ရိုးကြား၌ ကြိုးစင်ကိုထားရှိပါသည်။ ကြိုးစင်ကို ကျွန်တော်က အလွန်ကြည့်ချင်ပေသည်။

ထို့ကြောင့် ထောင်မှူးကြီး၏ ခွင့်ပြုလက်မှတ်ဖြင့် အမှုထမ်းတစ်ယောက်နှင့်အတူ ကျွန်တော်ထွက်ခဲ့ရာတွင် စိမ်းလန်းစိုပြည်သော ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်း၊ ကိုက်လန်စသည့် စိုက်ခင်းများကို ဝေဝေဆာဆာတွေ့ရသည်။ ထောင်ကျအကျဉ်းသားများက ထိုစိုက်ခင်းများကို စိုက်ပျိုးပြီး အကျဉ်းသားများကို ပြန်ကျွေးခြင်း၊ ထောင်မှူး၊ ထောင်ပိုင်များကိုပေးခြင်း၊ ပိုလျှံလျှင်ရောင်းချခြင်းများ ပြုရလေသည်။ စိုက်ခင်းများ၏ အဆုံးတိုက်ခန်းများ၏ထိပ်တွင် အလွန်မြင့်မားသောကြိုးစင်ကြီး ဖြစ်၏။

ဗိုလ်ချုပ်အောင်ဆန်းအမှုပြုသော အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံခဲ့သည့် ဂဠုန်ဦးစောနှင့် အပေါင်းပါများကို ကြိုးပေးခဲ့သော ကြိုးစင်မှာ ထိုကြိုးစင်ဖြစ်လေသည်။ ကျွန်တော်က ကြိုးစင်နားထိ အသေအချာသွားကြည့်၏။ ကြိုးစင်ကိုအုတ်ဖြင့် အခိုင်အမာတည်ဆောက်ထားသည့် သံပေါင်ကြီးတစ်ခုကို ကြိုးစင်ပေါ်တွင် စိုက်ထား၏။ သံတိုင်ကြီးနှစ်ခု အပေါ်မှ သံရက်မကြီးတစ်ခုကို ခိုင်ခိုင်မာမာ တင်ထားခြင်း ဖြစ်ပါသည်။ ထိုရက်မကြီးအလယ်တွင် ကြိုးချိတ်ဆွဲရမည့် နေရာနှစ်နေရာထား၏။ အင်းစိန်ထောင်ကြိုးစင်သည် ကြိုးပေး ကွပ်မျက်ရမည့် အကျဉ်းသားနှစ်ယောက်ကို တစ်ပြိုင်နက် ကြိုးပေးနိုင်လေသည်။ ရေညှိတက်ခြင်းမရှိအောင် အကျဉ်းသားများက ကြိုးစင်ကို သန့်ရှင်းရလေသည်။ ထိုကြိုးထားရှိရာ သံတိုင်၏အောက်တည့်တည့်တွင် သံပြားနှစ်ချပ်တင်ထားသော အပေါက်ရှိလေသည်။ တစ်လက်မခန့်ထူသော သံပြားနှစ်ချပ်ကို တစ်ချပ်နှင့်တစ်ချပ် တေ့ထားရ၏။ အောက်တွင် လေးလက်မခန့် ပြက်ရှိသည့် သံချောင်းတစ်ချောင်းက ထိုသံပြားနှစ်ချပ်အောက်တွင် ပင့်ထားလေသည်။ တစ်ဖက်ထိပ်တွင် ဒေါက်ရှိလေသည်။ ထိုဒေါက်ကို ဆွဲချလိုက်သည်နှင့် သံချောင်းက အောက်ဘက်သို့ ဝုန်းခနဲကျသွားပြီး အပေါ်မှတေ့ဆက်ထားသော သံပြားနှစ်ပြားမှာ အောက်သို့ ပွင့်ကျသွားလေသည်။

ထိုအခါ သံပြားပေါ်ရပ်နေသော ကြိုးပေးခံရသူသည် အောက်

သို့ ပြုတ်ကျသွားမည်ဖြစ်၏။ ထိုအခါ သူ့လည်ပင်းတွင် စွပ်ထားသော ကြိုးမှာ တင်းသွားပြီး အသက်ရှူပိတ် ဇက်ကျိုးကာ သေဆုံးသွားပေမည်။ ကြိုးပေးတော့မည့် အကျဉ်းသားကို ကိုယ်အလေးချိန်တိုင်းပြီး ကြိုးကျစ်ရသည်။ သူ့ကိုယ်အလေးချိန်နှင့် ကြိုးအလုံးတို့ကို သက်ဆိုင်ရာ အာဏာပိုင်များက တွက်ချက်၍ ကြိုးကျစ်ရလေသည်။ ကြိုးကွင်းတွင် ရှေ့က လည်ပင်းကို အသက်ရှူလမ်းကြောင်းပိတ်အောင် တင်းစေသလို အနောက်ဘက်၌ ကြေးကွင်းနှစ်ကွင်းပါကာ ထိုကြေးကွင်းနှစ်ကွင်းက ဦးဆက်ကို ဒေါက်ဖြုတ်ချလိုက်သည်နှင့် ခွာချလိုက်လေသည်။ ကြိုးပေးခြင်းသည် အသက်သေဆုံးရာတွင် အမြန်ဆုံးဖြစ်သည်ဟု ဆေးပညာရှင်များက ချမှတ်ခဲ့သော်လည်း ယခုအခါ၌ အမေရိကတွင် အဆိပ်ကို သွေးကြောထဲထိုးသွင်းသည်က အမြန်ဆုံးနှင့် အသက်သာဆုံးဖြစ်သည်ဟု သတ်မှတ်သည်။ ပြင်သစ်နိုင်ငံတွင် လူဝီဘုရင်များလက်ထက်တွင် လည်ပင်းကိုတုံးပေါ်တင်၍ ဓားစက်နှင့်ဖြတ်ခြင်းက သေဒဏ်ပေးခြင်းဖြစ်သလို သေဆုံးမှုမြန်သည်ဟု တွက်ဆကြသည်။ တရုတ်ပြည်တွင်မူ နောက်စေ့ကို သေနတ်ဖြင့်ပစ်၍ သေဒဏ်ပေးလေသည်။

ကြိုးဒဏ်ပေးရာတွင် ထောင်ကျအကျဉ်းသားထဲမှ ဒေါက်ဖြုတ်သူ ရှိလေသည်။ ဒေါက်ဖြုတ်သူက သံချောင်းနှင့်ဆက်ထားသော ဒေါက်မောင်းကို လက်နှင့်ဆွဲချခြင်း ဖြစ်ပါသည်။ သူက ဒေါက်ကိုဆွဲချလိုက်သည်နှင့် တင်းပြီးတေ့ဆက်ထားသော သံပြားနှစ်ခုပွင့်ကျ၊ ကြိုးဒဏ်ခံရသူမှာ အပေါက်ထဲကျကာ ကြိုးကွင်းက လည်ဆစ်ရိုးကို ခွာချလိုက်သလို အနောက်မှကြေးကွင်းနှစ်ကွင်းက ဦးဆက်ကို ဆွဲချလိုက်သဖြင့် အမြန်ဆုံးသေဆုံးသွားခြင်း ဖြစ်ပါသည်။ ကျွန်တော်က ကြိုးစင်နောက်ဘက်ကို သွားကြည့်သည်။

နောက်ဘက်တွင် ကြိုးစင်အောက်သို့ ဆင်းသော အုတ်လှေကားရှိ၏၊ ထိုမှကြည့်လျှင် ကြိုးပေးသောအလောင်းပြုတ်ကျရာ အပေါက်အောက် ၁၀ ပေအကွာတွင် သံမံတလင်းရှိပါသည်။ သေဆုံးသွားသော ကြိုးဒဏ်ခံရသူ၏အလောင်းကို အပေါ်မှကြိုးကို လျှော့ပေးပြီး အောက်ဘက်မှနေ၍ သယ်ထုတ်ရလေသည်။ ကြိုးဒဏ်ပေးချိန်တွင် ကြိုးပေးခံရ

သူမှာ ဗုဒ္ဓဘာသာဖြစ်လျှင် ဘုန်းတော်ကြီးတစ်ပါးက သရဏဂုံတင်ပေးသည်။ ခရစ်ယာန်ဘာသာဝင်ဖြစ်လျှင် ခရစ်ယာန်ဘုန်းတော်ကြီး သို့မဟုတ် သင်းအုပ်ဆရာက နောက်ဆုံးအချိန်တွင် သမ္မာကျမ်းစာကို ရွတ်ဖတ်ပေး၏။ မွတ်စလင်ဘာသာဝင်ဖြစ်လျှင်လည်း ဗလီဆရာက တရားဟောပေးလေသည်။ ထိုအချိန်တွင် ထောင်မှူး၊ ထောင်ပိုင်စသည်နှင့် ပြစ်ဒဏ်ချသော တရားသူကြီးလည်း ရှိရ၏။ ပြစ်ဒဏ်ပေးမပေးကို ထိုအရာရှိများက စောင့်ကြည့်ရ၏။ သေ၊ မသေကိုလည်း မြို့နယ်ဆရာဝန် သို့မဟုတ် ထောင်ဆရာဝန်က အလောင်းကို စစ်ဆေးပြီး အတည်ပြုချက်ပေးရလေသည်။

ကျွန်တော် ပထမဆုံးအကြိမ် ထောင်ထဲရောက်စဉ်က ကြိုးစင်နှင့် မလှမ်းမကမ်းတိုက်ခန်းထဲတွင် နေရခြင်းဖြစ်သောကြောင့် ကြိုးစင်ပတ်လည်တွင် စိုက်ပျိုးထားသော နှင်းဆီပန်းပင်များက အနံ့ရခြင်းဖြစ်၏။ ကျွန်တော်သည် သမိုင်းဝင်အင်းစိန်ထောင် ကြိုးစင်ကြီးကို ကြည့်နေမိသည်။ ကြိုးစင်ကြီးမှာ အမင်္ဂလာဖြစ်သော အဆောက်အအုံကြီးအဖြစ် မြင်နေရသော်လည်း ကြိုးစင်ဘေးပတ်လည်တွင်ကား ရောင်စုံနှင်းဆီပွင့်များမှာ ငွားငွားစွင့်စွင့်ပွင့်နေကြ၏။ ထောင်ကျအကျဉ်းသားများက ထိုနှင်းဆီပန်းများကို စနစ်တကျစိုက်ပျိုးထားခြင်း ဖြစ်သည်။

အကျဉ်းတန်မှုနှင့် လှပမှု စသော နှစ်ခု၏အားပြိုင်မှုကို တွေ့နေရသည်။ အကျဉ်းတန်သော ကြိုးစင်ကြီးဘေးတွင် လှပသောနှင်းဆီပန်းများက ရောင်စုံဖူးပွင့်နေကြ၏။ နှင်းဆီပန်း၏ အရှေ့ဘက်တွင် စံပယ်ပန်းများကို စိုက်ပျိုးထားကြသည်။ ထို့ကြောင့် ၅ တိုက်ထဲတွင် ကျွန်တော်ရှိစဉ်က ညသန်းခေါင်လေသင့်သည့်အချိန်တွင် နှင်းဆီရနံ့များကို ရှူရှိုက်ခဲ့ရခြင်း ဖြစ်ပါသည်။

ရှစ်ထောင့်ရှိသော အင်းစိန်ထောင်ကြီးတွင် အဆောင်များ၊ တိုက်များကိုလည်း အကန့်အကန့်ဖြင့် ရှစ်ထောင့်ပြည့်အောင် တည်ဆောက်ထားပါသည်။ တိုက်များပြီးလျှင် ၁ ဆောင်၊ ၂ ဆောင်၊ နောက် ၃ ဆောင်၊ နောက် ယခင်က ၄ ထောင် ယခုအထူးတိုက်ခန်းများနှင့် အထူးလုံးချင်းအိမ်များ၊ နောက် ၄ ဆောင်၊ ၅ ဆောင်၊ ၆ ဆောင် စသည်ဖြင့်

ရှစ်ထောင့်ပြည့်အောင် လူနေဆောင်လူနေတိုက်များကို တည်ဆောက်ထားလေသည်။

ထောင်၏ အနောက်ဘက်တွင် အလုပ်ကြီးဟုခေါ်သော အလုပ်ရုံများ ရှိလေသည်။ တစ်ဆက်တည်းတွင် အနောက်ဘူးလည်း ရှိလေသည်။ စစ်ခွေးတိုက်ခေါ် ယခင်က စစ်ခွေးများထားရှိသော တိုက်တန်းလျားလည်း ရှိလေသည်။ အလုပ်ကြီးမှာ အလုပ်စုံလှပေသည်။ လက်သမားအလုပ်ရုံ၊ ရက်ကန်းအလုပ်ရုံ၊ စက်ချုပ်အလုပ်ရုံ စသောအလုပ်ရုံအကြီးကြီးများထားရှိကာ ထောင်ကျအကျဉ်းသားများက ထိုလုပ်ငန်းများတွင် ကာယအလုပ်အဖြစ် သွားရောက်လုပ်ကိုင်ကြရသည်။

အနောက်ဘူးဆိုသည်မှာ ယခင်က ထောင်တွင်းသေဆုံးသူ မှန်သမျှကို အနောက်ဘူးမှ ထုတ်ပေးသည်ဟု ကြားဖူးပါသည်။ ကြိုးပေးသေဆုံးသူများ၊ ရောဂါဖြင့် သေဆုံးသူများကို အနောက်ဘူးမှ ထုတ်ပေးခဲ့၏။ အနောက်ဘူးကို အမင်္ဂလာဘူးအဖြစ် သတ်မှတ်ကြသော်လည်း ယခုအခါ အနောက်ဘူးကို ပိတ်ထားလိုက်ပေသည်။ အဝင်အထွက် လုံးဝမရှိတော့ဘဲ အခိုင်အမာပိတ်ထားလိုက်၏။ ထောင်းဘူးဝကြီးမှသာ အသွင်းအထုတ်လုပ်ကြလေသည်။

တစ်ညနေအဆောင်၌ ထောင်ကျဘာရာတစ်ဦးနှင့် စကားပြောဆိုနေချိန်တွင် သူက အင်းစိန်ထောင်တွင် ထောင်ကျနေသူတစ်ဦး မိမိရှိသည့်နေရာမှ လုံးဝလွတ်မြောက်သည့်အခြေအနေရောက်အောင် တံခါး ၉ ပေါက်ကို ဖြတ်သန်းပြီး လွတ်မြောက်နိုင်သည်ဟုပြောပါသည်။ ထောင်တွင်း တိုက်ခန်းသို့သော်လည်းကောင်း၊ အဆောင်ခန်းထဲသို့ ထားလည်းကောင်း၊ ရောက်ချင်လျှင်လည်း တံခါး ၉ ပေါက်ကို ဖြတ်သန်းပြီးမှရောက်နိုင်သည်ဟု ပြောရင်း ကျွန်တော်တို့သည် တံခါးပေါက်များကို ရေတွက်ကြည့်ကြလေသည်။ ကျွန်တော်တို့ရောက်နေသောအဆောင်မှ ထွက်၍ အပြင်ရောက်ချင်လျှင် သစ်သားတံခါးကို ဖြတ်ရ၏။ နောက် ဘေးရာလမ်းမှ လျှောက်ကာ အဆောင်သံတံခါးဖွင့်ရသည်။ တတိယအားဖြင့် အဆောင်ဝင်းကို ပိတ်ထားသောတံခါးကို ဖွင့်ရသည်။ ထိုမှ ထွက်ပြီး မိန်းဂျေးလ်သို့ရောက်သောအခါ ထောင်ဘူးဝရောက်ရန်

စတုတ္ထမိန်းဂျေးလ် သံတံခါးကြီးကို ဖြတ်ရသည်။ ဆက်လျှောက်လျှင် ထောင်ဘူးသို့ ရောက်၏။ ထိုအခါ ပဥ္စမအဖြစ် ထောင်ဘူးတံခါးပေါက်လေးကို ငုံ့၍ ထွက်ရသည်။ ဘူးတံခါးမှ ထွက်ပြီးသည်နှင့် ဆဋ္ဌမအားဖြင့် ဘူးအပြင်မှ သံတံခါးကြီးကို ဖြတ်သန်း၍ထွက်ရပါသည်။ ထိုတံခါးကို ကျော်ဖြတ်ပြီးသည်နှင့် ထောင်ဗူးကိုကာရံထားသော သံတံခါးတစ်ခုကို သတ္တမအားဖြင့် ကျော်ဖြတ်ရလေသည်။ ထိုမှဆက်၍သွားလျှင် ထောင်မကြီးနှင့် ထောင်ဝင်းတံခါးကို ကာရံထားသောတံခါးတစ်ချပ်ကို အဋ္ဌမအားဖြင့် ကျော်ဖြတ်ရ၏။ ဤအတိုင်းဆက်သွားပြီး နောက်ဆုံးထောင်ဝင်းတံခါးကြီးကို နဝမအားဖြင့် ကျော်ဖြတ်မှသာ လမ်းပေါ်ရောက်ပြီး လုံးဝလွတ်မြောက်နိုင်လေသည်။

အဆောင်မှနေ၍ အပြင်သို့ လုံးဝလွတ်မြောက်အောင် တံခါး ၉ ခုကို ဖြတ်ကျော်ရသကဲ့သို့ အဆောင်သို့ရောက်ရန်လည်း ထိုအတိုင်းပင် ဖြစ်လေသည်။ (၁) တိုက်ခန်းသံတံခါးများ၊ (၂) တိုက်ဝင်းသစ်သားတံခါး၊ (၃) တိုက်တစ်ခုလုံး၏ တံခါးမ၊ (၄) မိန်းဂျေးလ်သံတံခါး၊ (၅) ဘူးသစ်သားတံခါး၊ (၆) ဘူးသံတံခါး၊ (၇) ထောင်ဘူးသံတံခါး၊ (၈) ထောင်နှင့်ဝင်းကို ခြားထားသောသံတံခါးနှင့် (၉) ထောင်ဝင်းကြီး၏ ဂိတ်တံခါးတို့ ဖြစ်ပါသည်။

ယခုမည်ကဲ့သို့ ရှိသည်ကိုကား ကျွန်တော်မသိတော့ပါ။ သို့သော် ကျွန်တော်တို့ ဖြတ်သန်းခဲ့ရသောကာလက ကိုးနဝင်းကျေအောင်ဆိုပြီး တံခါး ၉ ခု ထားရှိသလို အပြင်ကိုသွားရန်လည်း တံခါး ၉ ပေါက်ကို ဖြတ်ကျော်ပြီးမှ လွတ်မြောက်နိုင်ပေသည်။

*

# စာတစ်အုပ်ကြောင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံရသော စာရေးဆရာ

မောင်ဖေငယ်ဟာ စာရေးဆရာတစ်ယောက် ဖြစ်ပေမယ့် ကျွန်တော်နဲ့ စာပေလောကမှာ စတင်ထိတွေ့ရတာမဟုတ်ဘဲ ထောင်ထဲရောက်မှ ခပ်သုမ်းသုမ်းက မြင်တွေ့၊ နှုတ်ဆက်ပြီး သိကျွမ်းခဲ့ရတာပါ။ ထောင်က သွတ်လာကြပြီးတဲ့နောက်မှ သူကွယ်လွန်တဲ့အထိ ရင်းနှီးတဲ့ငယ်ပေါင်းတွေလို ခင်မင်ခဲ့ပါတယ်။ သူဟာ စာရေးသားမှုနဲ့ ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံခဲ့ရသူပါ။

စာအုပ်ရေးလို့၊ သတင်းစာထုတ်လို့ ထောင်ဒဏ်ကျခံရတဲ့ နာမည်ကြီး စာရေးဆရာတွေက လူထုဦးလှနဲ့ ဗန်းမော်တင်အောင်တို့ ဖြစ်ပါတယ်။ လူထုသတင်းစာမှာ ဖဆပလအစိုးရရဲ့ အုပ်ချုပ်မှုအမှားတွေ၊ အားနည်းချက်တွေကို သတင်းစာထဲ ထည့်ရေးခဲ့တာကြောင့် လူထုဦးလှကို ထောင်အကြိမ်ကြိမ် ပြစ်ဒဏ်ချခဲ့ပါတယ်။ ဦးလေးလှဟာ ထောင်ထဲမှာပဲ "ထောင်နဲ့လူသား"၊ "လှောင်ချိုင့်တွင်းမှ ငှက်ငယ်များ"၊ "လေနဲ့အဘ"၊ "စစ်၊ အချစ်နှင့်ထောင်" စတဲ့ ထောင်နဲ့ပတ်သက်တဲ့ ဝတ္ထုတွေ အဖြစ်အပျက်တွေကို ရေးခဲ့တာကြောင့် ပိုမိုထင်ရှားခဲ့တယ်။ ထောင်ဘဝ

နဲ့ ထောင်ကျလူသားတွေအကြောင်း အပီပြင်ဆုံးရေးနိုင်ပြီး ထင်ရှားတဲ့ စာရေးဆရာကြီး ဖြစ်ပါတယ်။ ဗန်းမော်တင်အောင်ကလည်း လင်းယုန်ဂျာနယ်၊ လင်းယုန်သတင်းစာတွေ ထုတ်ဝေပြီး ဖဆပလအစိုးရကို ထိပါးတဲ့ သတင်းတွေ၊ ဆောင်းပါးတွေ ဖော်ပြခဲ့တာကြောင့် ထောင်ကျခဲ့ရသလို အမေ၊ ပြည်တော်သာခင်ခင်ဦး၊ မုန်တိုင်းကထန် စတဲ့ ပြည်တွင်းစစ်ကိုဆန့်ကျင်တဲ့စာအုပ်တွေ၊ အဖိနှိပ်ခံအလုပ်သမား လူတန်းစားအကြောင်းရေးတဲ့စာအုပ်တွေကြောင့် ထောင်အကြိမ်ကြိမ်ကျခဲ့ပါတယ်။ သူရဲ့ မြိုင်ဝတ္ထုဆိုရင် ထောင်ထဲမှာပဲ ရေးခဲ့တာပါ။ မြသန်းတင့်ရဲ့ အမှောင်ရိပ်ဝယ်၊ ၁၀ ကြိမ်မြောက်အလည်ရောက်ခြင်း စတဲ့ ထောင်ဝတ္ထုတွေကလည်း စာပေသမိုင်းမှာ ထိပ်ဆုံးမှာရှိခဲ့တာပါပဲ။ ရန်အောင်မောင်မောင်တို့လို စာရေးဆရာတွေကတော့ အဖမ်းခံရပြီး ထောင်တွင်းအကြောင်း ရေးကြတာမဟုတ်ဘဲ ထောင်မှူး ထောင်ပိုင်တွေအဖြစ်တာဝန်ထမ်းဆောင်ရင်း ထောင်အကြောင်းရေးကြတာ ဖြစ်ပါတယ်။

စာရေးလို့ အမြင့်ဆုံးထောင်ဒဏ်ကျခံရသူကတော့ မောင်ဖေငယ်ပါ။ လူထုဦးလှ၊ ဗန်းမော်တင်အောင်တို့က အမြင့်ဆုံးထောင်ဒဏ် ၅နှစ်လောက်ပဲကျပေမယ့် မောင်ဖေငယ်ကတော့ တစ်သက်တစ်ကျွန်းကျတယ်။ (ကျွန်တော့်ကို သူပြောပြတာက သူရဲ့တစ်သက်တစ်ကျွန်းပြစ်ဒဏ်က အမြင့်ဆုံး'က'အဆင့် ဖြစ်တယ်လို့ ပြောပါတယ်) ရေးတဲ့စာအုပ်ကလည်း သမိုင်းစာအုပ် ဖြစ်ပါတယ်။ "ဖောင်းကားစားမောင်မောင်" ဆိုတဲ့ ကုန်းဘောင်ခေတ် မင်းဆိုးမင်းညစ်တစ်ပါးအကြောင်း ရေးတာပါ။ စာရေးဆရာဟာ ဖောင်းကားစားမောင်မောင်ကိုအကြောင်းပြုပြီး မဆလခေတ်ကို စောင်းရေးတယ်။ ကုန်းဘောင်ခေတ်မင်းကို ရေးသလိုလိုနဲ့ လက်ရှိ မြန်မာ့ဆိုရှယ်လစ်စနစ်ကို တိုက်ခိုက်တယ်။ ခေါင်းဆောင်တွေကို စော်ကားတယ်ဆိုပြီ အမြင့်ဆုံးပြစ်ဒဏ်ချမှတ်လိုက်တာပါ။ မောင်ဖေငယ် ရေးတဲ့ထဲမှာ "မယားပြီးမယား၊ စပါးပြီးစပါး၊ စကားပြီးစကား" ဆိုတဲ့အရေးအသားဟာ ဖောင်းကားစားမောင်မောင်မင်းကို ရေးသလိုလိုနဲ့ လက်ရှိခေတ်ခေါင်းဆောင်တွေကို

စောင်းရေးတာကြောင့် အပြစ်ကြီးတယ်ဆိုပြီး တစ်သက်တစ်ကျွန်း ချ လိုက်တာပါပဲ။

သူထောင်ကျပြီးတဲ့နောက် ၁၉၇၈ ခုနှစ်မှာ စာရေးဆရာ၊ ကဗျာ ဆရာတွေ အများအပြား အစုလိုက်အပြုံလိုက် အဖမ်းခံရပါတယ်။ တစ် ပြည်လုံး နယ်အသီးသီး၊ မြို့အသီးသီးက လူအတော်များများကို ပုဒ်မ ၅(ည)နဲ့ ဖမ်းဆီးခဲ့ခြင်း ဖြစ်ပါတယ်။ အင်းစိန်ထောင်က ကိုယ်တွေ့ အားလုံးမှာ ၅(ည)တွေနဲ့ ပြည့်ကျပ်နေတာကြောင့် အဆောင်တွေကို ပို့ရပါတယ်။ ၃-ဆောင်မှာ အများဆုံးရောက်တာပါပဲ။

အဲဒီအချိန်မှာ မောင်ဖေငယ်ကထောင်ကျပြီး တောင်ယာတန်းစီး ဖြစ်နေပါပြီ။ တောင်ယာဆိုတာက ထောင်မှာသီးနှံအမျိုးမျိုးစိုက်ပျိုးပါ တယ်။ မုန်လာ၊ မုန်ညင်း၊ ဂေါ်ဖီ၊ ကိုက်လန် စတဲ့စားပင်တွေကို ထောင်ရဲ့ တောင်ယာစိုက်ခင်းမှာလည်း စိုက်ပါတယ်။ ထောင်မှာ အုတ်ရိုးနှစ်ထပ် ရှိပါတယ်။ အပြင်အုတ်ရိုးအမြင့်ကြီးနဲ့ အတွင်းအုတ်ရိုးအနိမ့် နှစ်ခုကြား အတွင်းမှာ စိုက်ခင်းတွေ ရှိပါတယ်။ မောင်ဖေငယ်ကတော့ ၃ ဆောင် စိုက်ခင်းရဲ့ တောင်ယာတန်းစီးပါ။ တန်းစီးဆိုတာက အလုပ်လုပ်ရတဲ့ ထောင်ကျတွေကို အုပ်ချုပ်ရတဲ့ အကျဉ်းသားအရာရှိကိုခေါ်တာပါ။

ပျဉ်းမနားက မောင်သင်းခိုင်၊ ဇော်ဝင်းကို၊ မြင်းခြံက မောင်လူမှိန်၊ မောင်ဝင်းဗိုလ်၊ တောင်ကြီးက မောင်မြေနီစတဲ့ ကဗျာဆရာတွေ၊ ရန်ကုန် က သခွပ်နီ၊ ပြည်တော်ဦး၊ မောင်အောင်ပွင့် စတဲ့ ကဗျာဆရာတွေဟာ ထောင်ထဲ အပြုံလိုက်ရောက်လာကြတာပါ။ သူ့လို စာရေးဆရာ၊ ကဗျာ ဆရာတွေ ရောက်လာတော့ မောင်ဖေငယ်အဖို့ မျက်နှာလွှဲလို့ဘယ်ရ တော့မလဲ။ ကျွန်တော်တို့ဟာ ထောင်ဝင်စာမရှိကြတော့ ငတ်ပါတယ်။ ထောင်ကကျွေးတဲ့ထမင်းပဲ စားရပါတယ်။

ဒါကြောင့် မောင်ဖေငယ်က သူ့လူတွေနဲ့အတူ ငါးပိကြော်ပါ တယ်။ ထောင်ငါးပိမျိုးမဟုတ်ဘဲ ငရုတ်သီး၊ ပုစွန်ခြောက်၊ ငါးခြောက်၊ ...ငါးပိတွေထည့်ပြီး အတတ်နိုင်ဆုံး များများထည့်ပြီး ကျွန်တော်တို့ ...သမားအားလုံး စားနိုင်အောင် ဒယ်အိုးကြီးနဲ့ကြော်တာပါ။ ပြီးတာ

နဲ့ ကျွန်တော်တို့ထံ ပို့ပေးပါတယ်။ အသီးအရွက်တွေကိုလည်း ကြော်ပေးသလို တို့စရာအဖြစ် ခရမ်းသီး၊ ကိုက်လန်၊ ကန်စွန်းရွက်စတဲ့ တို့စရာအရွက်တွေကိုလည်း ပို့ပေးလေ့ရှိပါတယ်။ ရာဇဝတ်မှုနဲ့ ထောင်ကျတွေကြား နှစ်နဲ့ချီပြီးနေလာရတဲ့ မောင်ဖေငယ်ဟာ သူနဲ့ဝါသနာတူ စာရေးရာ၊ ကဗျာဆရာတွေရောက်လာတော့ တော်တော်လေး ပျော်ရွှင်သွားတယ်။ သူတတ်နိုင်တာတွေ၊ ကူညီနိုင်တာတွေကိုလည်း ကူညီချင်ပုံရပါတယ်။ ကျွန်တော်တို့နဲ့ တွေ့ချင်ပြောချင်ပေမယ့် ပြောခွင့် တွေ့ခွင့်တော့မရရှာပါဘူး။ မသိမသာတွေ့ပြီး မိနစ်ပိုင်းလောက်ပဲ စကားပြောရတယ်။ ၅ (ည)တို့၊ ၁၀(က)တို့လို ပုဒ်မနဲ့လူတွေကို တခြားအကျဉ်းသားတွေက စကားပြောခွင့် မရပါဘူး။

အထူးသဖြင့် ပြစ်ဒဏ်မကျသေးတဲ့ အချုပ်ကာလဆိုရင် အဆက်အသွယ်လုပ်လို့ မရပါဘူး။ မောင်ဖေငယ်က တစ်သက်တစ်ကျွန်းကျနေတဲ့ စာရေးဆရာဖြစ်ပြီး၊ ကျွန်တော်တို့ကတော့ အချုပ်ကာလပဲ ရှိတာကြောင့် အဆက်အသွယ်မလုပ်ရ၊ အပေးအကမ်းမလုပ်ရပါဘူး။ ဒါပေမဲ့ မောင်ဖေငယ်ဟာ အခက်အခဲတွေကြားထဲကနေ သူချစ်တဲ့ စာပေသမားတွေကို အကူအညီပေးခဲ့တာကို ယခုတိုင် သတိရနေပါတယ်။

မောင်ဖေငယ်ရေးခဲ့တဲ့ ရနောင်မောင်မောင်တုတ်၊ ဖောင်းကားစားမောင်မောင် စတဲ့ စာအုပ်တွေအပြင် သမိုင်းနှင့်ဝိရောဓိဖြစ်ခြင်း၊ စာအုပ်လိုမျိုး သမိုင်းပညာရှင်တွေကြား ငြင်းခုံဆွေးနွေးစရာတွေရှိတဲ့ စာအုပ်နဲ့ သမိုင်းအမြင်မျိုးကလည်း ရှားပါတယ်။ မောင်ဖေငယ်ရဲ့ ဖောင်းကားစားမောင်မောင် စာအုပ်နာမည်ကြီးတာရော၊ စာရေးသူထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျသွားတာရော ကြားသိခဲ့ရပေမယ့် မသိကျွမ်းခဲ့ရပါဘူး။ ထောင်ထဲဆုံခဲ့ပေမယ့်လည်း မိတ်ဆွေအဖြစ် နှုတ်ဆက်ရုံရှိကြသလို ငတ်နေတဲ့အချိန် သူ့ကျေးဇူးကြီးခဲ့တာကိုလည်း သတိရခဲ့ပါတယ်။ ဒီလို ထောင်ထဲနေရင်း ကံကြမ္မာအလှည့်အပြောင်း ဖြစ်လာပါတယ်။ ကျွန်တော်တို့အုပ်စုကြီးကိုလည်း ရုံးတင်တရားစွဲနေပါပြီ။ ထောင်ဘူးဝ တရားရုံးကို ထွက်နေရတာကြောင့် ကျွန်တော်တို့လည်း အိမ်က ပါဆယ်ရလာကြတယ်။

ဒါကြောင့် အစောပိုင်းကလို မငတ်ကြတော့ပါဘူး။ ရုံးထွက်ပြရတာကြောင့် အဆောင်ကနေ တိုက်ခန်းတွေဆီ ပြောင်းလဲတဲ့အတွက် မောင်ဖေငယ်နဲ့လည်း ဝေခဲ့ကြရပါတယ်။ အဲဒီအချိန်မှာ ၂/၈၀ အမိန့်ဆိုတဲ့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကြီး ထွက်လာပါတော့တယ်။ ဒီအမိန့်ကြောင့် နိုင်ငံတော်ပုန်ကန်မှု၊ တောတွင်းနဲ့ဆက်သွယ်မှု၊ မတရားသင်းပုဒ်မ ၅(၁၁) ပုဒ်မ စတဲ့ အမှုတွေဟာ အရင်ဆုံးအကျိုးခံစားရပါတယ်။ နိုင်ငံ့ခေါင်းဆောင်တွေကို လုပ်ကြံရန် ကြံစည်တာကြောင့် သေဒဏ်ကျခံရတော့မယ့် မန်းငွေအောင်၊ ကျော်ထူး၊ မန်းဒါဝိတ်စသူတွေဟာ သေဒဏ်ကလွတ်မြောက်ရုံမကဘူး ထောင်ကျလည်းချက်ချင်းလွတ်သွားပါတယ်။ သခင်စိုးလည်း တစ်သက်တစ်ကျွန်းပြစ်ဒဏ်ကလည်း လုံးဝလွတ်မြောက်သွားခဲ့သလို မောင်ဖေငယ်ကိုသည်း ထောင်က ချက်ချင်းလွှတ်ပေးလိုက်တယ်။ ကျွန်တော်တို့လည်း လွတ်မြောက်လာခဲ့ပါတယ်။

အပြင်ရောက်ကြတဲ့အခါ စာရေးဆရာတွေကို မေတ္တာနဲ့အခမဲ့ဆေးကုပေးတဲ့ ကျောက်မြောင်းကဒေါက်တာတင်စံဦးထံ စာရေးဆရာတွေ သွားရောက်ပြသရင်းကနေ မောင်ဖေငယ်နဲ့ ပြန်ဆုံရပါတော့တယ်။ ဒီအချိန်မှာတော့ ထောင်ထဲတုန်းကလို အချုပ်အချယ်နဲ့မဟုတ်ကြတော့ဘဲ လွတ်လွတ်လပ်လပ်၊ ပေါ့ပေါ့ပါးပါး တွေ့ဖြစ်တာပါ။ မောင်ဖေငယ်က နိုင်ငံရေးသမား မဟုတ်ပါဘူး။ နိုင်ငံရေးစာပေရေးတဲ့ စာရေးဆရာလည်း မဟုတ်ပါဘူး။ သမိုင်းစာရေးဆရာပါ။ သမိုင်းကို အလွန်စိတ်ဝင်စားတဲ့ သမိုင်းပညာရှင်လည်း ဖြစ်ပါတယ်။ သူဟာ ဆရာဦးသုခရဲ့ သွေးလည်း ဖြစ်ပါတယ်။ စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ ဦးသုခရဲ့ တူအရင်းပါပဲ။ ဦးသုခက စာပေဘက်ဝါသနာပါတဲ့ သူ့တူကို မန္တလေးလူထုသတင်းစာတိုက်မှာ ထားပေးတယ်။ မောင်ဖေငယ်ဟာ မန္တလေးသားလည်း ဖြစ်ပါတယ်။ လူထုမှာအလုပ်လုပ်ရင်း စာတွေရေးဖြစ်သလို ပုံနှိပ်ပညာ၊ သတင်းစာပညာတွေကို လက်တွေ့လုပ်ရင်း ရရှိခဲ့တယ်။ နောင်စာရေး မည်ဆိုပြီး ရန်ကုန်ရောက်လာတာပါ။

ပိန်ပိန်ပါးပါး ဖြူဖြူချောချောနဲ့ မောင်ဖေငယ်ဟာ စိတ်သဘောထားလည်း အလွန်ဖြူစင်ပါတယ်။ ကူညီရိုင်းပင်းစိတ် ရှိတယ်။ အပေါင်းအသင်းမိတ်ဆွေတွေရဲ့ အနွံအတာကိုခံတယ်။ အကူအညီလည်း ပေးပါတယ်။ ခင်မင်စရာကောင်းတဲ့ မောင်ဖေငယ်နဲ့ အပြင်ရောက်တဲ့အခါ ကျွန်တော်တွဲဖြစ်ပါတယ်။ သူနဲ့အတွဲများတဲ့ မောင်ခေတ်ထွန်းနဲ့ပါ ခင်မင်ခဲ့တယ်။ မောင်ဖေငယ်က သူမှန်တယ်ထင်ရင် ပြတ်ပြတ်သားသားလုပ်တယ်။ သူ့အပေါ်စီးပိုးတယ်လို့ သူယူဆတဲ့ထုတ်ဝေသူတွေကို ခပ်ပြတ်ပြတ် ရင်ဆိုင်တယ်။ သူဟာရောဂါဖြစ်လို့ ဆေးကုတာကအစ သူထင်သလို လုပ်တတ်တယ်။ ဒါကြောင့်လည်း အသေစောသွားတယ်လို့ ပြောရလိမ့်မယ် ထင်ပါတယ်။

မောင်ဖေငယ်မှာ ဆီးချိုရောဂါရှိပါတယ်။ အချိုမစားရ၊ အငန်မစားရ၊ အဆီမစားရဆိုတဲ့ ဆရာဝန်ရဲ့ကန့်သတ်ချက်တွေကို သူက သိပ်မလိုက်နာချင်ပါဘူး။ ကျွန်တော်တို့နဲ့ လက်ဖက်ရည်ဆိုင်ထိုင်ရင် အချိုဆုံး ကျောက်ပန်းတောင်းလို့ မှာပြီးသောက်တာမျိုးလည်း ရှိတယ်။ ကျွန်တော်က "သူငယ်ချင်း ဆီးချိုလည်းရှိတယ်ဆိုပြီး ဘာဖြစ်လို့ ကျောက်ပန်းတောင်းမှ သောက်ရတာလဲ"လို့ မေးတဲ့အခါ "ဆီးချိုတော့ ရှိတာပေါ့။ ဒါပေမဲ့ ဆိုးဆိုးရွားရွားတော့ မဟုတ်ပါဘူး။ တစ်ခါတလေ အချိုပြင်းပြင်းလေး သောက်ကြည့်ချင်တာပေါ့"လို့ ရယ်ကျဲကျဲနဲ့ဖြေပါတယ်။ မောင်ဖေငယ်ဟာ ရန်ကုန်မှာ နေရေးနဲ့စားရေးအတွက် စာပဲရေးပြီး ရပ်တည်ခဲ့ရတာပါ။ သူနောက်ဆုံးနေသွားတာက ကန်တော်လေး၊ မန္တလေးလမ်းမှာပါ။ သူဆုံးသွားတာကို စာပေနယ်က မသိကြလို့ ဖြစ်ပါလိမ့်မယ်။ သူ့အသုဘမှာ စာရေးဆရာတွေ သိပ်မတွေ့ရပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် စာတစ်အုပ်ရေးတာကြောင့် အမြင့်ဆုံးပြစ်ဒဏ် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံရတာဟာ ခေတ်သစ်မြန်မာစာပေလောကမှာ မောင်ဖေငယ်တစ်ဦးတည်း ရှိလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။

*

# ကိုကိုးကျွန်းက ပြဇာတ်

လူတိုင်းတွင် အနုပညာရှိကြသည်။ လူ့ဘဝသို့ ရောက်လာသည့်အချိန်မှစပြီး ဂီတအနုပညာကို ခံစားတတ်လာကြပါသည်။ မိခင်၏သားချော့တေးဖြင့် ယဉ်ပါးလာပြီး ဗီဇ ပတ်ဝန်းကျင်တို့ကြောင့် အရွယ်ရောက်လာသောအခါ အမျိုးမျိုးသောအနုပညာသမားများ ဖြစ်လာတတ်ကြပါသည်။ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်၊ ဂီတ၊ ဇာတ်သဘင်စသည့် မိဘတို့ကြောင့်လည်း နီးစပ်သည့် အနုပညာနယ်ပယ်တွင် အနုပညာသမားများ ဖြစ်လာကြသည်။ လောကဇာတ်ခုံတွင် ကပြနေကြသော လူတိုင်းတွင် ဘဝအနုပညာများ ရှိပြီးကြပေပြီ။ စင်စစ် အနုပညာဆိုသည်မှာ ဘဝပုံရိပ်ကို နည်းပေါင်းစုံဖြင့် ပုံဖော်ခြင်းသာ ဖြစ်ပါသည်။ သက်ဆိုင်ရာအနုပညာအမျိုးမျိုးဖြင့် မိမိခံစားမိသော ဘဝမျိုးစုံကို ဖော်ပြကြခြင်းဖြစ်သည်။

ကျွန်တော် ငယ်စဉ်က စာဖတ်များသဖြင့် စာရေးဆရာဖြစ်ချင်ပါသည်။ မြို့မငြိမ်း၏သီချင်းများကို တပ်တပ်မက်မက်သဘောကျလွန်း၍လည်း အဆိုတော်ဖြစ်ချင်ပါသည်။ အဆိုတော်ကိုအံ့ကြီးလို အကော်ဒီယန်ဖြင့် သီချင်းဆိုချင်သည်။ သို့သော် ပန်းချီဆရာမဖြစ်ချင်။ ရုပ်ရှင်မင်းသား၊ ဇာတ်မင်းသား၊ ပန်းပုဆရာတို့လည်း မဖြစ်ချင်ပါ။ ဘဝမျိုးစုံကို

ဖြတ်သန်းရင်း စာရေးဆရာသာဖြစ်လာသည်။ ငယ်စဉ်က ကဗျာကို ချစ်ခင်လှသောကြောင့် ကဗျာများရေးသားရန် နဘေများကို ကျက်မှတ် လေ့ကျင့်ခဲ့သော်လည်း ကဗျာဆရာ ဖြစ်မလာခဲ့ပါ။

သို့သော် ပြဇာတ်တစ်ပုဒ်ကို ကပြရင်း ပြဇာတ်မင်းသားမဟုတ်ဘဲ အဓိကလူကြမ်းသရုပ်ဆောင် ဖြစ်ခဲ့ဖူးသည်။ ပွဲကြည့်ပရိသတ်က အမြင်ကတ်သောကြောင့် အော်ဟစ်ကြိမ်းမောင်းကြသလို တီးဝိုင်းခေါင်းဆောင် တယောဆရာက သူ၏တယောဖြင့် စင်ပေါ်တက်ရိုက်သည်အထိ အနုပညာမြောက်စွာ သရုပ်ဆောင်ခဲ့ဖူးပါသည်။ ထိုအဖြစ်သည် ကျွန်တော့်အတွက် အမှတ်ရနေသော ဘဝအတွေ့အကြုံဖြစ်သလို ခါးသီးနာကြည်းစရာမဟုတ်ဘဲ ဘဝထဲမှကြည်နူးစရာ ဇာတ်လမ်းတစ်ပုဒ်လည်း ဖြစ်သည်။

၁၉၆၉ ခုနှစ်အတွင်း အင်းစိန်ထောင်မှနေ ကိုကိုးကျွန်းအကျဉ်းစခန်းသို့ ကျွန်တော်အပါအဝင် တစ်ပြည်လုံးရှိ ထောင်အသီးသီးမှ ထိန်းသိမ်းခံနိုင်ငံရေးအကျဉ်းသား ၂၃၃ ယောက်ကို ပြည်တော်ညွန့်သင်္ဘောကြီးဖြင့် ပို့ခဲ့ပါသည်။ တစ်ကျွန်းစံများအဖြစ် အိမ်နဲ့အဆက်အသွယ်ဖြတ်ခဲ့ရသလို ထောင်ဝင်စာမရှိဘဲ ထောင်ထမင်း၊ ထောင်ဟင်းဖြင့်သာ အသက်ဆက်ခဲ့ရသည်။ ကိုကိုးကျွန်းနှင့်အနီးဆုံး ရန်ကုန်မြို့မှပင် မိုင် ၂၆၀ ကျော်ကွာဝေးသည်။ ဘင်္ဂလာပင်လယ်ထဲတွင် အထီးကျန်လှသော ရေပတ်လည်ဝိုင်း၊ ရေတံတိုင်းခတ်ထားသည့် ကိုကိုးကျွန်းအကျဉ်းထောင်၌ အကျဉ်းသားများအဖို့ ဖျော်ဖြေမှုအနုပညာများကို ဖန်တီးကြရပါတော့သည်။

ကိုကိုးကျွန်းသည် အင်းစိန်ထောင်ထက် ပစ္စည်းပစ္စယပေါများသည်။ အင်းစိန်တွင် တူရိယာပစ္စည်းလုပ်ကိုင် ခက်ခဲသည်။ သို့သော် ဘီစကွတ်မုန့်ဘူး(သံဘူး)ကို သစ်သားချောင်းဖြင့်ဆက်၊ တက်ထရွန်အကြိုးမှ ကြိုးမျှင်များကိုထုတ်ပြီး တယောကြိုးလုပ်၍ တယောထိုး လေ့ကျင့်ခဲ့သည်။ ကိုကိုးကျွန်းတွင်မူ သစ်သားများရှိသည်။ တောထဲရှိ သစ်ပင်များ၊ ပင်လယ်ထဲမှမျောပါလာပြီး ကမ်းပေါ်တင်ထားသည့် သစ်တုံးသစ်သားပြားများ၊ တယော၊ ဒုံမင်း၊ ဂီတာများလုပ်ကြသည်။

ဝိုင်ယာကြိုးများမှနေ တူရိယာကြိုးများအဖြစ် တပ်ကြသည်။ တတ်ကျွမ်းသည့်ဂီတသမားများ ပါဝင်သဖြင့် ထိုတူရိယာများကို တီးခတ်နိုင်သည်။ ကြေးပိုက် ဝါးပင်များကို ပလွေလုပ်သည်။ ပင်လယ်ထဲမှမျောပါလာသော ဝါးပိုးဝါးအပါအဝင် ဝါးများကို အသုံးပြု၍ ဝါးပတ္တလားလုပ်သည်။ မီးလောင်၍ ကျွန်းအစပ် ကျောက်ဆောင်ပေါ်တင်နေသော ဝရိအိုနာဆစ် ဆန်တင် သင်္ဘောပျက်ကြီးပေါ်မှ သံချောင်းသံပြားများကို ယူကာ သံပတ္တလား လုပ်သည်။ ဓား၊ ချိတ်၊ တူ၊ ဆောက် စသောလက်နက်ကိရိယာများကို လုပ်ကြလေသည်။ ကျွန်းပေါ်တွင် ကျွန်းစောင့်ရဲများ မွေးထားသည့် ဆိတ်များရှိ၏။ ဆိတ်ပေါ်သောအခါ ဆိတ်ရေများကိုတောင်းယူပြီး အခြောက်လှန်းကာ ခြောက်လုံးပတ်၊ ပတ်မစသည်တို့ကိုလည်း လုပ်ခဲ့သဖြင့် တီးဝိုင်းတစ်ဝိုင်း တည်ထောင်နိုင်ခဲ့ပါတော့သည်။ တီးဝိုင်းသမားများသည် လေ့ကျင့်ရင်းဖြင့် အထိုက်အလျောက် ကျွမ်းကျင်လာကြပြီး သီချင်းများကို တီးခတ်နိုင်ကြသလိုပြဇာတ်အငြိမ့်တို့ကိုလည်း တီးမှုတ်ပေးနိုင်ခဲ့ပါသည်။

ကိုကိုးကျွန်းတွင် သုံးနှစ်ခန့်နေရစဉ်အတွင်း ကျွန်တော်တို့သည် ပြဇာတ်ကြီးနှစ်ခု ကပြခဲ့ပါသည်။ ကျွန်တော်တို့ အထိမ်းအမှတ်ပြုသောနေ့များတွင် ကျွန်းအကျဉ်းထောင်ရှိ အကျဉ်းသားများကို ကပြဖျော်ဖြေခဲ့သည်။ ပြဇာတ်တစ်ခုမှာ တံတားစောင့်အဘိုးအိုဖြစ်ပြီး နောက်တစ်ခုမှာ ရဲဘော်လွမ်းနောင်ဆိုသော တပ်သားတစ်ယောက်ဇာတ်လမ်း ဖြစ်ပါသည်။ ထိုပြဇာတ်တွင် ကျွန်တော်က ဗျူရိုကရက်အရာရှိဆိုးတစ်ယောက်အဖြစ် ကပြရ၏။ လူကြမ်းအခန်းမှ သရုပ်ဆောင်ရခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ စင်ပေါ်တက်ကရသော အတွေ့အကြုံများ တစ်ခါမျှမရှိခဲ့ပါ။ ပျင်းရိသည့်အခါ တစ်ကိုယ်တည်း သီချင်းဆိုညည်းသည်များ ရှိပါသည်။ သို့သော် လူအများရှေ့တွင် သရုပ်ဆောင်၍ ကပြခြင်းမျိုးကို တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှမလုပ်ခဲ့ဖူးပေ။

ဒါရိုက်တာအဖြစ် တာဝန်ပေးခံရသူ ရဲဘော်က ထိုပြဇာတ်တွင် ပါဝင်ရမည့်သူများကို တစ်နေ့ခေါ်တွေ့ပြီး ပြဇာတ်ကမည့်အကြောင်း ပြဇာတ်နှင့်လိုက်ဖက်မည်ဟု ထင်သည့် ရဲဘော်များကိုရွေးချယ်ပြီး

ယခုလို အသိပေးရခြင်းဖြစ်ကြောင်း ပြောဆိုပြီး ပြဇာတ်၏ဇာတ်လမ်းကို ရှင်းပြပါသည်။ ကျွန်တော်က အလွန်ရက်စက်သော အရာရှိဆိုးအဖြစ် သရုပ်ဆောင်ရမည်။ မင်းသားကို ရိုက်ရမည်၊ ညှဉ်းပန်းရမည်။ ကျွန်တော့်ကို ပရိသတ်က မုန်းလာအောင်လည်း သရုပ်ဆောင်ရမည်ဟု ဒါရိုက်တာရဲဘော်က ရှင်းပြပါသည်။

"ဟာ အဲဒီလိုရိုက်တာမျိုးတော့ မလုပ်ချင်ပါဘူး"

"ဒါကတော့ - ပြဇာတ်ကတာပဲ၊ တမင်ရိုက်တာမှ မဟုတ်တာဘဲ။ ဗျူရိုကရက်အရာရှိတစ်ယောက်ရဲ့ သရုပ်ကိုပေါ်အောင် ရိုက်ခိုင်းတာ ပါဗျ"

"ဒါပေမဲ့ ကိုယ်ထိလက်ရောက် နှိပ်စက်တာမျိုးကိုတော့ ရဲဘော် အချင်းချင်း မလုပ်ချင်ဘူး။ ဆဲဆိုတာမျိုးက တော်သေးတယ်"

"ပီပြင်အောင်ပါဗျာ။ ကျွန်တော်ကလည်း တာဝန်အရ လုပ်ခိုင်း တာပါ။ ခင်ဗျားလည်း တာဝန်အရ သရုပ်ဆောင်ပါဗျာ"

ဟု အတင်းတိုက်တွန်းသဖြင့် ထိုပြဇာတ်တွင် လူအမုန်းဆုံး လူကြမ်းဖြစ်ခဲ့ရလေသည်။ အနုပညာဖန်တီးမှုသည် ရင်ထဲမှခံစားမှု ဖြစ် သည်။ ကဗျာ၊ ဝတ္ထု၊ အက်ဆေး စသည်တို့ကို ရေးသားဖွဲ့နွဲ့ရာတွင် မိမိဘဝ မိမိအတွေ့အကြုံအရ ခံစားမှုရှိလျှင်ရှိသလောက် အနုပညာ မြောက်ပြီး ရသကို ပေါ်လွင်စေပါသည်။ ရုပ်ရှင်ပြဇာတ်တို့ကို သရုပ် ဆောင်သည့် ဇာတ်ကောင်များမှာလည်း သရုပ်ဆောင်မှုကို ပီပြင်စေ သော ရည်ရွယ်ချက်ဖြင့် ခံစားပြီး သရုပ်ဆောင်နိုင်လျှင် ပီပြင်သော အခန်းကို ပေါ်လွင်စေပါသည်။

ကျွန်တော်တို့ပြဇာတ်တိုက်သည့်အခါ ပြဇာတ်အဖွဲ့မှလွဲ၍ မည်သူမျှမသိအောင် လေ့ကျင့်ရသည်။ အဆောင်တစ်ခုကို ဇာတ်တိုက် ချိန်တွင် ခေတ္တယူထားပြီး အဖွဲ့သားများမှလွဲ၍ အဆောင်ထဲတွင် မည်သူမျှ မနေရပေ။ ကျွန်တော်တို့သရုပ်ဆောင်များကလည်း ဇာတ် တိုက်သည့်အဆောင်သို့ လူမသိလူမမြင်အောင် ခိုးကြောင်ခိုးဝှက်ဖြင့် ဝင်ပြီး ဇာတ်တိုက်ကြရလေသည်။ ထို့ကြောင့် ပြဇာတ်ကသည့် ညတွင် သရုပ်ဆောင်များကို မည်သူမည်ဝါမှန်း ပရိသတ်က မမှတ်မိကြပေ။

အကြိမ်ပေါင်းများစွာ ဇာတ်တိုက်ချိန်တွင် ရဲဘော်လွမ်းနောင်အဖြစ် သရုပ်ဆောင်ရသောမင်းသားကို ကျွန်တော်က အကြိမ်များစွာ ပါးရိုက်ရပါသည်။ ထိုသူက အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်း ကြံ့ခိုင်ပါသည်။ သူ့ပါးကို ကျွန်တော် မရိုက်ချင် မရိုက်ရက်ဟု ပြောထား၍ ကျွန်တော်ရိုက်သည့်အခါ သူက ကိုယ်ကို မသိမသာ လှည့်၍ခံသဖြင့် ကျွန်တော့်ညာလက်ဝါးက သူ့ဘယ်ဘက်ပါးပေါ် ဖြည်းဖြည်းသာထိသည်။ ကျွန်တော့်လက်ဖျံကို သူ့ပခုံးက လာထိသဖြင့် ရိုက်အားပျော့သွားသလို ထိချက်ကလည်း မပြင်းတော့ပေ။ ပရိသတ်က ကြည့်လျှင် တကယ်ရိုက်သည်ဟု ထင်ရနိုင်သည်။ သို့သော် အရိုက်ခံရသူက ပခုံးကိုမသိမသာလှည့်လိုက်သဖြင့် ထိချက်မှာ သရုပ်ဆောင်ခြင်းသက်သက်ဟုလည်း ပရိသတ်က ထင်မြင်နိုင်ပေသည်။

မည်သို့ပင်ဖြစ်စေ အကြိမ်ကြိမ်အခါ ဇာတ်တိုက်ထားခဲ့သဖြင့် မင်းသားနှင့်လူကြမ်းမှာ အသားကျနေပေပြီ။ ပါးရိုက်သည့်အခန်းမှာ ဇာတ်ရှိန်အမြင့်ဆုံးဖြစ်ပေသည်။ မင်းသားကို ပရိသတ်က စာနာသနားသွားပြီး ဗျူရိုကရေစီစနစ်၏ ဖိနှိပ်မှုကို မြင်သာအောင် သရုပ်ဆောင်ရသလို လူကြမ်း၏ ရက်စက်မှုကိုလည်း ပရိသတ်က အော့နှလုံးနာသွားလောက်အောင် သရုပ်ဆောင်ပြရမည် ဖြစ်သည်။ ရဲဘော်အချင်းချင်း ကျောင်အောင် မရိုက်လိုသဖြင့် ကျွန်တော်နှင့်မင်းသား၏ ညှိနှိုင်းထားမှု များလည်း အဆင်ပြေနေကြသည်။ ပါးရိုက်ချိန်တွင် ပခုံးကို မသိမသာ လှောင်းပြီး မြှင့်ပေးလိုက်ရုံနှင့် သရုပ်ဆောင်ချက်ပေါ်လွင်နိုင်သည်ဟု ဒါရိုက်တာနှင့် ဇာတ်ကောင်များက လက်ခံသဘောတူခဲ့ကြသည်။

နောက်ဆုံးပြဇာတ်ကို စင်တင်သည့်နေ့သို့ ရောက်လာပါသည်။ ပရိသတ်များမှာလည်း အခန်းပြည့်ရောက်နေကြပေသည်။ အကျဉ်းစခန်းမှ နိုင်ငံရေးပါတီများကို ကိုယ်စားပြုသောအကျဉ်းသားအားလုံး လာကြည့်ကြသည်။ တီးဝိုင်းခေါင်းဆောင် ဗိုလ်မဲခေါင် ကိုလှချို၏ ဂီတသံမှာလည်း ငြိမ့်ညောင်းလှသည်။ တယောအကူမှာ ကိုမြင့် ... ဖြစ်ပြီး ခြောက်လုံးပတ်နှင့် ပတ်မမှာ ဗိုလ်ပေါက်ဟု ကျွန်တော် ... သည့် ကိုမြတ်ဆွေဖြစ်သည်။ ကိုဝင်းက ဒုံမင်းဆရာ၊ ကိုလှိုင်တင်

က ဂီတာ (မြန်မာဂီတာကို ဆိုလိုပါသည်)၊ ဆရာ ကိုသိန်းကြည်က
ပလွေ၊ ကိုဌေးအောင်က ပတ္တလားဆရာများ ဖြစ်ပါသည်။ ရှေ့ဆုံးမှ
တီးဝိုင်းအဖွဲ့ကို စဖွင့်ပါတော့သည်။ ကားလိပ်မတင်မီ လူအမြင်ကတ်
အောင် ဘယ်လိုလုပ်ရမလဲဟု ကျွန်တော်က စဉ်းစားပါသည်။ ဒါရိုက်
တာဖြစ်သူ ရဲဘော်လက်ကောက်နှင့်လည်း မတိုင်ပင်တော့ဘဲ ကျွန်တော့်
လက်ထောက်အဖြစ် သရုပ်ဆောင်မည့် ကိုမြတ်ထွန်းအောင်နှင့် တိုင်ပင်
ပါတော့သည်။ ကျွန်တော့်ပုံစံမှာက ကက်ဦးထုပ်နှင့် ပါဝါမျက်မှန်နှင့်
နှုတ်ခမ်းမွေးနှင့် လက်ထဲတွင် ကြိမ်တုတ်နှင့်ဖြစ်ပြီး မျက်နှာမှာအပြုံး
အရယ်မရှိ၊ မျက်ထောင့်နီနှင့် မျက်နှာကြောတင်းထားရသည်။ ပြဇာတ်
စတော့မည့်အချိန်တွင် ရှူးဖိနပ်စီးထားသော ခြေထောက်နှစ်ဖက်ကို
စားပွဲပေါ် ချိတ်တင်ထားလိုက်၏။ အင်္ဂလိပ်သတင်းစာကို လက်နှစ်ဖက်
ဖြင့် ကိုင်ကာ မျက်နှာကို ကွယ်ထားသည်။ သို့သော် အင်္ဂလိပ်သတင်း
စာမှာ ဇောက်ထိုးကြီးဖြစ်အောင် ကိုင်ထားရပါသည်။

အချိန်ရောက်ပြီ၊ ကားလိပ်ကို မ,တင်လိုက်၏။ ဇာတ်စင်အောက်
ပရိသတ်က ကြည့်လိုက်ရာ စားပွဲပေါ်တွင်တင်ထားသော ရှူးဖိနပ်
နှစ်ဖက် တလှုပ်လှုပ်ဖြစ်နေသည်ကို တွေ့ရသည်။ စားပွဲပေါ် ခြေတ
သည်ကို ရိုင်းစိုင်းသောအပြုအမူဟု မြင်ကြသည်။ မြန်မာများအဖို့
မြင်ကွင်းကို နှာခေါင်းရှုံ့ကြသည်။ ဘယ်သူလဲ အပေါ်ဘက်ကြည့်လိုက်
သောအခါ မျက်နှာကိုမမြင်ရ၊ အင်္ဂလိပ်သတင်းစာ ပြောင်းပြန်ကိုင်ထား
သည့် လက်နှစ်ဖက်ကိုသာ တွေ့ရလေသည်။ မျက်နှာမမြင်ခင်ကတည်း
က မိုက်ရိုင်းလှသော ခြေနှစ်ဖက်လှုပ်နေသူကို တွေ့ရသော ပရိသတ်
အမြင်ကပ်သွားလေသည်။

ကျွန်တော်က စားပွဲပေါ်မှခြေထောက်များကို အောက်ချလိုက်
သလို သတင်းစာကိုင်ထားသော လက်နှစ်ဖက်ကိုလည်း ဖြည်းဖြည်းချ
ချလိုက်၏။ ပါဝါမျက်မှန်၊ နှုတ်ခမ်းမွေးနှင့် ရှုတင်းတင်းမျက်နှာကို
လိုက်ကြပါသည်။ တီးဝိုင်းကရော ပရိသတ်ကပါ ကျွန်တော့်ကို မမှတ်
ကြပေ။ ကျွန်တော်ကလည်း လက်အောက်ငယ်သားများကို ဆဲဆိုကြိ
မောင်းကာ ဇာတ်စင်တစ်ဖက်သို့ လျှောက်လှမ်းပြီး ဇာတ်စင်နောက်

ဝင်လာခဲ့သည်။ ဒါရိုက်တာက ကျွန်တော့်လက်ကို အားပါးတရ ဖမ်းဆုပ်ကာ သရုပ်ဆောင်ပီပြင်သည်ဟု ချီးမွမ်း၏။

ထိုပြဇာတ်ကနေစဉ် ကျွန်တော့်ခေါင်းထဲ၌ သရုပ်ဆောင်ပီပြင်ဖို့ပဲထားသည်။ ကျွန်တော့်ခေါင်းထဲတွင် ကျွန်တော်အမှုထမ်းစဉ်က ဆိုးရွားသော အထက်အရာရှိများအကြောင်းကိုသာ အာရုံသွင်းထားပါသည်။ ကျွန်တော်သည် ကျွန်တော်မဟုတ်တော့ဘဲ ရက်စက်သော ဗျူရိုကရက်အရာရှိဆိုးဖြစ်သွားတော့သည်။ မင်းသား၏ ငယ်စဉ်က ဆင်းရဲသောလယ်သမားဘဝဖြင့် ကြီးပြင်းခဲ့ရပုံဘဝကို ကပြပြီးသည့်နောက် အပြစ်ရှာအနိုင်ကျင့်သည့် ဗျူရိုကရက်အရာရှိ၏ နှိပ်စက်မှုကို မခံနိုင်တော့၍ပြန်လည်ပြောဆိုသောအခါ အရာရှိက ပါးရိုက်လေတော့သည်။

လူကြမ်းဇာတ်ဆောင်၏ ဇာတ်ရှိန်အမြင့်ဆုံးအခန်း ဖြစ်ပါသည်။ ကျွန်တော်က မင်းသားကို ဆူပူကြိမ်းမောင်းသည်။ ဆဲရေးတိုင်းထွာသည်။ မအေနှမဖြင့် ဆဲဆိုသောအခါ မင်းသားက ထိုကဲ့သို့ မဆဲသင့်ကြောင်း ပြန်လည်ပြောဆိုချိန်တွင် မင်းသားရဲဘော်လွှမ်းနောင်ကို မီးဝင်းဝင်းတောက်သော မျက်လုံးဖြင့်စိုက်ကြည့်ကာ ညာဘက်လက်ဖြင့်သူ့ပါးကို အားကုန်လွှဲရိုက်လိုက်ပါတော့သည်။ "ဖြန်း"ဟု လက်ဝါးနှင့်ပါးထိတွေ့မိလိုက်သောအသံကြီးမှာ အခန်းတစ်ခုလုံးကို ဟိန်းသွားအောင် ထွက်ပေါ်လာသည်။ ပွဲကြည့်ပရိသတ်မှာ ပီပြင်လှသော ဇာတ်ကောင်များ၏ သရုပ်ဆောင်မှုကို တအံ့တသြကြည့်နေကြသည်။ ရဲဘော်လွှမ်းနောင်၏ခေါင်းမှာ လည်ထွက်သွားသလို ကျွန်တော့်လက်ဝါးတစ်ခုလုံးမှာလည်း ကျဉ်ခနဲဖြစ်သွားတော့သည်။ တစ်ချိန်တည်းတွင် ဇာတ်တိုက်ထားသလို မဟုတ်သဖြင့် အံ့သြသွားသည်။

သို့သော် မျက်နှာကို ခပ်တင်းတင်းဖြင့် ဒေါသထွက်သလို ချက်ချင်းသရုပ်ဆောင်လိုက်သည်။ မင်းသားကလည်း ပါးတစ်ပြင်လုံး ပူသွားသဖြင့် ဒေါသအကြီးအကျယ်ထွက်သွားပုံမှာ သရုပ်ဆောင်စရာမလိုတော့ပေ။ ရဲဘော်လွှမ်းနောင်မှာ ကိုတေဇဖြစ်ပါသည်။ ထိုအခန်းကိုအပီပြင်ဆုံးနှင့်အကောင်းဆုံးဖြစ်အောင် ကျွန်တော်တို့ဇာတ်တိုက်ထားသလို ပခုံးနှင့်မခံတော့ဘဲ ရိုက်ချက်ကောင်းအောင် အနာခံ၍ မျက်နှာကို

မသိမသာတိုးပေးလိုက်ခြင်း ဖြစ်ပါသည်။ ထိုအကွက်မှာ အကယ်ဒမီရှော့ခ် ဖြစ်သည်။

ရဲဘော်အချင်းချင်း ရက်ရက်စက်စက်ရိုက်လိုက်ရသဖြင့် ကျွန်တော် ယူကျုံးမရဖြစ်သွားသည်။ စိတ်အကြီးအကျယ်ထိခိုက်သွားသောကြောင့် ကန့်လန့်ကာကျလာသောအခါ စိတ်ပျက်လက်ပျက်ဖြင့် ထိုင်နေပါသည်။ ဒါရိုက်တာကရော ကိုတေဇကပါ စိတ်မကောင်းမဖြစ်ဖို့ ကျွန်တော့်ကိုလာဖျောင်းဖျကြသည်။ ပီပြင်စေရန် ပခုံးနှင့်မကာခြင်း ဖြစ်ကြောင်းကို ကိုတေဇက ကျွန်တော့်ကိုပြောပြသည်။ ကျွန်တော် မကျေနပ်ပါ။ ကျွန်တော့်ကိုယ်ကို ခွင့်မလွှတ်နိုင်သလို ဇာတ်တိုက်ထား သလို မလုပ်၍လည်း ကိုတေဇကို စိတ်ဆိုးနေပါတော့သည်။

နောက်ပိုင်းတစ်ခုလုံး မင်းသား၏သရုပ်ဆောင်ကွက်များသာ ဖြစ် ၍ ကိုတေဇကို ကျွန်တော်စကား မပြောဖြစ်တော့ပေ။ ဤသို့ဖြင့် ပြဇာတ် ပြီးသွားပါတော့သည်။ ကားလိပ်ချပြီးနောက် ဇာတ်ဆောင်များနှင့် ပ သတ်ကို မိတ်ဆက်ပေးရန် ကားလိပ်ပြန်တင်လိုက်ပါသည်။ ကျွန်တော် က ကက်ဦးထုပ်ဆောင်းပြီး မျက်မှန်တပ်ထားမြဲ၊ နှုတ်ခမ်းမွေး ကိုလည်း ကပ်ထားမြဲ။ ထိုသို့စီရပ်နေချိန်တွင် တီးဝိုင်းခေါင်းဆော ကိုလှချိုက တယောကို ညာလက်ဖြင့် ဆွဲကိုင်ကာ ဇာတ်စင်ပေါ် ခုန်တ လာပြီး ကျွန်တော့်ခေါင်းမှ ဦးထုပ်ကိုဆွဲဖယ်ပြီး မျက်နှာကို စူးစိုက်ကြ ကာ "ဩော် - ဘယ်သူလဲလို့ သောက်မြင်ကတ်လိုက်တာ၊ ငါ - ရို လိုက်ရ"ဟု ပြုံးဖြဲဖြဲနှင့် ပြောရင်း တယောကို မြှောက်လိုက်သဖြ ကျွန်တော်က လက်နှစ်ဖက်မြှောက်ကာပြီး သူ့ကို လှမ်းဖယ်လိုက်ရ သည်။ အောက်မှ ရဲဘော်များလည်း စင်ပေါ် တက်လာကြသည် ကိုတေဇကလည်း ကျွန်တော့်ကို အနူးအညွတ်တောင်းပန်သည် ကျွန်တော့်ဘဝတွင် မေ့မရသော အနုပညာတင်ဆက်မှုတစ်ခု ဖြစ် သည်။ ကျွန်တော်ကိုယ်တိုင် ဖန်တီးခဲ့ရသည့် လူနှင့်အနုပညာအကြော ဖြစ်ပါသည်။

*

# ဘဝကိုပြောင်းလဲပေးသော အုတ်တံတိုင်းများ

"ကောင်းသောညပါ ယမ်မိုင်"

"ကောင်းသောညပါ ထောင်မှူး"

လို့ ကျွန်တော်က ပြန်ဖြေလိုက်ပါတယ်။ တိုက်ခန်းတံခါးတွေကို ထောင်မှူးက သူ့ပါလာတဲ့သော့နဲ့ လိုက်ပိတ်နေသံကို ကြားရတယ်။ အခန်းတွေထဲမှာ ရှိနေတဲ့ အကျဉ်းသားတွေကို ညနေဘက်ဆိုရင် တိုက်ခန်းထဲ ပြန်ထည့်ပြီး တံခါးတွေလိုက်ပိတ်တာပါ။ တိုက်တန်းလျား တစ်ခုလုံး သော့ပိတ်သံတွေကြားနေရတယ်။ တဖြည်းဖြည်းနဲ့ အသံတွေ တိတ်သွားပါတယ်။ ကျွန်တော့်တိုက်ခန်းက အရှည် ငါးမီတာ၊ အကျယ် နှစ်မီတာလောက်ပဲ ရှိပါတယ်။ ကျွန်တော့်တိုက်ခန်းထဲက ပေးထားတဲ့ ကုလားထိုင်ပေါ်မှာ ထိုင်ချလိုက်တယ်။ နောက် ပြတင်းပေါက်ကို မော့ကြည့်လိုက်တယ်။ ပြတင်းပေါက်ကို သံတိုင်တွေနဲ့ ကာထားတယ်။ ကျွန်တော်မော့ကြည့်ရင်း စဉ်းစားမိတာက ဒါဟာ ဘဝမဟုတ်ဘူး။ ဒါဟာ ဖြစ်တည်မှုတစ်ခုပဲလို့ စဉ်းစားမိပါတယ်။

ထောင်ထဲမှာနေရတဲ့ဘဝဟာ လွတ်လပ်မှု ဆုံးရှုံးတဲ့ဘဝပဲ။ မိမိဆန္ဒအတိုင်း ဘာမှမလုပ်နိုင်ဘူး။ ထောင်ကကျွေးတာ စားရမယ်။ ခိုင်း

တာ လုပ်ရပါမယ်။ ကျွန်တော်က ထောင်ဆိုတာဟာ ဘဝကို အရှင်လတ်လတ် မြေမြှုပ်နှံထားလိုက်တဲ့နေရာပဲလို့ စဉ်းစားမိတယ်။ နောက်ပြီး ရုပ်သေးဆရာက ကြိုးဆွဲတာကိုခံရတဲ့ ရုပ်သေးရုပ်နဲ့တူတယ်လို့လည်း ထင်ပါတယ်။ ထောင်ထဲမှာက စားချိန်စားရတယ်။ အိပ်ချိန်အိပ်ရတယ်။ သူတို့နှိုးတဲ့အချိန် ထရပါတယ်။

ကျွန်တော်က အခန်းထဲက ကျွန်တော့်အိပ်ရာပေါ် လှဲချလိုက်ပါတယ်။ မိုးချုပ်လာပြီဖြစ်တဲ့အတွက် အမှောင်က ထောင်တစ်ခုလုံးကို လွှမ်းခြုံသွားပါတယ်။ ခေါင်မိုးပေါ် မော့ကြည့်ရင်း အတွေးတွေခေါင်းထဲရောက်လာတယ်။ ကျွန်တော်ချစ်ခင်တဲ့သူတွေလည်း ခေါင်းထဲပေါ်လာတယ်။ ကျွန်တော့်မိဘတွေ၊ ကျွန်တော့်အစ်ကို၊ ကျွန်တော့်ရည်းစားနဲ့ မိတ်ဆွေအကြောင်း ခေါင်းထဲစဉ်းစားနေမိပါတယ်။

ထောင်ထဲရောက်တဲ့အကြောင်း ကျူးလွန်ခဲ့တဲ့အမှား၊ ထောင်ထဲရောက်လာတဲ့အတွက် ကျွန်တော့်ဘဝ ဆုံးရှုံးမှုတွေကို တွေးနေမိတယ်။ အခုဆိုရင် ကျွန်တော့်အသက် (၂၇)နှစ်ရှိပါပြီ။ ကျွန်တော် ထောင်ထဲမှာ ကျခံရမယ့် ကာလက (၉) နှစ်ဖြစ်ပါတယ်။ လက်နက်ကိုင်ပြီး ရန်ငြိုးထားတိုက်ခိုက်မှု၊ ဒဏ်ရာရသွားအောင် တိုက်ခိုက်ခဲ့တဲ့အတွက် ထောင်ဒဏ် (၉)နှစ်ချလိုက်တာပါ။ အဲဒီ (၉)နှစ်ကာလမှာ (၆)နှစ်က ထောင်ထဲမှာ နှစ်စေ့အောင် နေရမယ်။ ကတိခံဝန်နဲ့ ပြန်လွှတ်မပေးပါဘူး။ နောက် (၃)နှစ်ရောက်မှ ထောင်စည်းကမ်းအတိုင်း နေခဲ့ရင် ခံဝန်နဲ့ ပြန်လွှတ်ပေးမှာပါ။ အခုဆိုရင် (၆)နှစ်ရှိပြီ။ ဒီဇင်ဘာလမှာ (၆)နှစ်ပြည့်မှာပါ။ ထောင်ထဲမှာနေရတဲ့ တစ်လျှောက်လုံး နေ့စဉ်ပုံမှန်အတိုင်း ဖြစ်ပါတယ်။ ဘာမှပြောင်းလဲမှုမရှိဘဲ ဒီနေ့က မနေ့ကအတိုင်းပဲ၊ မနေ့ကလဲ ဒီနေ့အတိုင်းပါပဲ။ ပြောင်းလဲတာက လူတွေပဲရှိပါတယ်။ ဝင်လာတဲ့လူ၊ ထွက်သွားတဲ့လူ အပြောင်းအလဲပဲရှိပါတယ်။ ပြစ်ဒဏ်ကျလို့ရောက်လာတဲ့သူ၊ ပြစ်ဒဏ်ရက်ပြည့်လို့ ထွက်သွားတဲ့သူတွေပါ။ တချို့က တခြားထောင်ကနေ ကျွန်တော်ရှိတဲ့ထောင်ကို ရောက်လာတာပါ။ ထောင်တံခါးကတော့ ပွင့်လိုက်၊ ပြန်ပိတ်လိုက်ပါပဲ။

ဒါပေမဲ့ ထောင်ကတော့ ကျွန်တော့်ကို ပြောင်းလဲပစ်လိုက်ပါတယ်။ ပြစ်မှုကိုဝန်ခံပြီး ကျွန်တော့်ကို ပြစ်ဒဏ်ချလိုက်တဲ့အချိန်ကစပြီး ကျွန်တော်ဟာ အရှုံးသမားလူငယ် ဖြစ်သွားပါပြီ။ ထောင်နဲ့အသားကျလာတဲ့အခါမှာတော့ ရှေ့အနာဂတ်ကိုမျှော်မှန်း လက်ရှိအချိန်ကို တွက်လာခဲ့တယ်။ ကျွန်တော်က ထောင်ထဲနေရတဲ့အဆိုးကို အကောင်းအဖြစ် ပြောင်းလဲဖို့ အဆိုးကို ချေဖျက်ပြီး အဲဒီထဲက အလင်းရောင်ကို ရှာဖို့ ကြိုးစားခဲ့တယ်။ ဒါကြောင့် ကျွန်တော်ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ပြီး ကျွန်တော့်လမ်းကြောင်းကို ပြောင်းလဲပစ်ခဲ့ပါတယ်။

ထောင်ကျတဲ့ကာလအတွင်း ကျွန်တော် စာဖတ်၊ စာရေးတဲ့ အလုပ်ကို လုပ်တော့တယ်။ တကယ်တော့ ကျွန်တော်ဟာ စာရေးစာဖတ် သိပ်မကျွမ်းပါဘူး။ သာမန်လောက်ပဲ ကျောင်းနေခဲ့ရတာပါ။ အဲဒီအခြေအနေကို ပြောင်းလဲဖို့ ကျွန်တော်ကြိုးစားခဲ့ပါတယ်။ ထောင်ထဲမှာ လမ်းလျှောက်နေရင်းက ဘဝတူအကျဉ်းသားတွေကို ကျွန်တော်တွေ့လိုက်တယ်။ သူတို့ဟာ စာဖတ်နေကြတဲ့လူတွေ ရှိသလို စာရေးနေတဲ့ သူတွေလဲ ရှိပါတယ်။ သူတို့ကို တွေ့ရတဲ့အခါ ကျွန်တော့်ကိုယ်ကျွန်တော် တော်တော်စိတ်မကောင်း ဖြစ်သွားတယ်။ ကျွန်တော်က စာမတတ်တဲ့အတွက် သူတို့လိုမလုပ်နိုင်ပါဘူး။

ဒီလိုစာရေး၊ စာဖတ်နိုင်တဲ့အချိန်ကိုလည်း မျှော်လင့်ခဲ့တယ်။ နေရောင်အောက်မှာထိုင်၊ ကော်ဖီတစ်ခွက်သောက်၊ သတင်းစာတစ်စောင် ဒါမှမဟုတ် စာအုပ်ကိုဖတ်ပြီး နေကြည့်ချင်လာတယ်။ ကျွန်တော့် မိတ်ဆွေတွေနဲ့ မိသားစုထံ စာရေးချင်စိတ်လည်း ပေါ်လာတယ်။ သူတို့ထံ ကျွန်တော့်အတွေးတွေ ခံစားချက်တွေကို ရေးပြချင်စိတ် ပေါ်လာတယ်။

ဒါကြောင့် အချိန်ကို ဖြုန်းမနေသင့်တော့ဘူးလို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ထောင်ထဲမှာ အဓိပ္ပာယ်မဲ့ အချိန်မကုန်ချင်တော့ပါဘူး။ အကျိုးရှိမယ့် အလုပ်ကိုလုပ်ရမယ်လို့ ကျွန်တော်ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့် စာသင်ဖို့ဆုံးဖြတ်လိုက်တယ်။ စာစသင်တဲ့ကလေး

တစ်ယောက်လိုပဲ ကျွန်တော်ဟာ တတ်ကျွမ်းတဲ့သူဆီမှာစာသင်ခဲ့တယ်။ တစ်နေ့ ကျွန်တော်ဟာ စာရေးနိုင်၊ ဖတ်နိုင်တဲ့သူ ဖြစ်ရမယ်လို့လည်း စိတ်ကို ခိုင်ခိုင်မာမာဆုံးဖြတ်လိုက်တယ်။

အခုဆိုရင် ကျွန်တော်ဟာ ထောင်ထဲမှာ (၅)နှစ်ကျော်လာပါပြီ။ (၅)နှစ်ကျော် (၆)နှစ်အတွင်းမှာ စာရေးစာဖတ်ကို ကောင်းကောင်းသင်ခဲ့တယ်။ ကျွန်တော့်နှလုံးသားကို လွှမ်းမိုးနိုင်အောင် အားသွန်ခွန်စိုက် ကျွန်တော်စာရေး၊ စာဖတ်သင်ခဲ့ပါတယ်။ နောက် လအနည်းငယ်ကြာတော့ ကျွန်တော့်ရည်မှန်းချက်အတိုင်း လုပ်နိုင်လာတယ်။ ပညာတတ်ဆရာတစ်ယောက်က ကျွန်တော့်ကို စာသင်ပေးတဲ့အတွက် စာ့ကောင်းကောင်း ရေးတတ်ဖတ်တတ်သွားပါပြီ။ ဒါကြောင့် စာဖတ်တာဟာ ကျွန်တော့်အတွက် အလုပ်တစ်ခုဖြစ်သလို စာရေးတာဟာလည်း ကျွန်တော့်အတွက် စိတ်အဝင်စားဆုံး အလုပ်တစ်ခုပါပဲ။ အဲဒီလို ကျေးဇူးကိုလည်း ပြန်ပြီးဆပ်ချင်စိတ် ပေါ်လာပါတယ်။

စာရေးတာကိုတော့ ကျွန်တော်ဟာ နယူးဆောက်ဝေးလ်က ဂျူနီကော်နက်ရှင်နယ်စင်တာနဲ့ ဆက်သွယ်ပြီး စာရေးနည်းသင်တန်း တက်ပါတယ်။ အဲဒီမှာ အလွန်ကိုတော်ပြီး ကောင်းကောင်းညွှန်ကြားပြသနိုင်တဲ့ ဆရာမတစ်ယောက်ရှိတယ်။ သူက ဂျိန်းဂရန်ဂျာပါပဲ။ သူမဆီက ပို့တဲ့ သင်ခန်းစာတွေကို ကျွန်တော်လေ့ကျင့်တယ်။ နောက်သူမရေးခိုင်းတာတွေကို ကျွန်တော်က ပြန်ရေးပို့တယ်။ ခံစားမိတဲ့အတိုင်း စိတ်ကူးထဲပေါ်လာတဲ့အတိုင်း ရေးပါတယ်။ ဆရာမဆီက စနစ်တကျသင်ကြားရတဲ့အတွက် ကျွန်တော်ဟာ အလွန်ကံကောင်းတဲ့သူတစ်ယောက်ပါပဲ။

ဂျိန်းက ကျွန်တော့်ထံကို ရီးဒါးဒိုင်ဂျက် မဂ္ဂဇင်းကို မိတ္တူကူးပြီး ပို့ပေးပါတယ်။ အဲဒီအထဲမှာပါတဲ့ ဇာတ်လမ်း သို့မဟုတ် မိမိဘဝအတွေ့အကြုံ အဖြစ်အပျက်တွေကို ဖတ်ပါ။ မိမိရဲ့ဘဝကိုလည်း အဲဒီစာအုပ်ထဲကလို ရေးချပါလို့ မှာပါတယ်။ ရေးတဲ့သူဟာ ငါဘယ်ရောက်နေလဲ ငါ့အသက်ဘယ်လောက် ရှိပြီလဲ။ မိမိရဲ့မျှော်မှန်းချက်ကို အောင်မြင်အောင် ဘယ်လိုအားမွေးမလဲ။ မိမိရဲ့ အိပ်မက်တွေကို ဘယ်လို

အကောင်အထည်ဖော်မလဲ ဆိုတာတွေကို စဉ်းစားတွေးခေါ်ပြီး ရေးပါလို့ ဂျိန်းက မှာပါတယ်။

လူတစ်ယောက်က ကျွန်တော့်ကို ပြောဖူးတာက "အသိပညာဟာ စွမ်းအားရှိတယ်။ အဲဒီစွမ်းအားမှာ ရုပ်ဝတ္ထုအရ ကိုင်တွယ်နိုင်တဲ့ အလေးချိန်တော့ မရှိဘူး"လို့ ဆိုပါတယ်။ အခုတော့ ဒါဟာ မှန်ကန်နေပြီဆိုတာကို ကျွန်တော် သိလိုက်ပါတယ်။

ကျွန်တော့်ရဲ့ မိုင် ၁၀၀၀ ခရီးဟာ ခြေတစ်လှမ်းနဲ့ စတင်ခဲ့ပါတယ်။ အခုဆိုရင် ကျွန်တော်ရဲ့ အောင်မြင်မှုတွေအတွက် ကျွန်တော် အလွန်ပျော်ရွှင်ကြည်နူး နေမိတယ်။ စာဖတ်ဖို့အတွက် လေ့လာသင်ယူရတယ်။ အလေ့အကျင့် လုပ်ရတယ်။ စာရေးဖို့အတွက် ကြိုးပမ်းအားထုတ်ပြီး အတွေးအခေါ် ရှိရှိ ရေးနိုင်ဖို့ လေ့ကျင့်မှတ်သားရတယ်။ ကျွန်တော်ရဲ့ စိတ်ခတ်အင်အားကို ပိုပြီးအားကောင်းလာအောင် ကျွန်တော် ကြိုးပမ်းအားထုတ်ရတာပါပဲ။ ကျွန်တော့်ဘဝကို အကောင်းဘက်မှာ ရှိဖို့အတွက်လည်း ကျွန်တော် အားမွေးခဲ့ရပါတယ်။ ဒီလိုကျွန်တော်ရဲ့ လေ့လာအားထုတ်မှုကြောင့် ကျွန်တော်မိသားစုနဲ့ မိတ်ဆွေတွေနဲ့ပါ ကောင်းကောင်း ပြောဆိုနေနိုင်ပါပြီ။ စာဖတ်တဲ့အတွက် အသိဉာဏ် အမြင်ရသလို ဗဟုသုတတွေလည်း ရလာတယ်။ ယဉ်ကျေးသိမ်မွေ့လာပါတယ်။ ကျွန်တော့်ရဲ့အိပ်မက်ဟာ အခုဆိုရင် အကောင်အထည်ပေါ်လာပါပြီ။ အခုဆိုရင် ကျွန်တော်ဟာ လက်တစ်ဖက်က ကော်ဖီခွက်ကိုင်၊ လက်တစ်ဖက်က စာအုပ်ကိုင်ပြီး စာဖတ်နိုင်တဲ့အခြေအနေမျိုးကိုလည်း ရောက်လာပါပြီ။ စာရေးတတ်၊ ဖတ်တတ်နိုင်တာဟာ ကျွန်တော့်ဘဝကို ပြောင်းလဲနိုင်ပါပြီ။ အခု ကျွန်တော်ရေးလိုက်တာဟာ ကျွန်တော့်ရဲ့ ပထမဆုံးဆောင်းပါးတစ်ပုဒ် ဖြစ်ပါတယ်။ ဒါပေမယ့် ဒီဆောင်းပါးဟာ ကျွန်တော့်ရဲ့နောက်ဆုံးစာတော့ မဟုတ်ပါဘူး။

စာရေးတာဟာ ကျွန်တော့်ခံစားချက်ကို ဖော်ပြတာပါပဲ။ ကျွန်တော်ဟာ နိုဝင်ဘာမိုးဆိုတဲ့ ကဗျာလေးတစ်ပုဒ်ကိုလည်း ရေးဖြစ်ပါတယ်။ အဲဒီကဗျာလေးကတော့ -

မုန်းသူအများအပြားဟာ တစ်နေရာတည်းမှာပဲ
စစ်ဇာတ်လမ်းတွေကို ကုန်ကူးနေကြတယ်
သူတို့ရဲ့အမှုကို အယူခံတင်နေကြတာပေါ့။
ဒီနေရာမှာထိုင်ပြီး သနားကြင်နာဖို့ ကြိုးစားနေတယ်
ကျွန်တော်ဟာ သိစိတ်ကင်းမဲ့နေပြီလို့ လူတွေကထင်ကြတယ်။
ကျွန်တော်ရဲ့လမ်းတွေကို ပြောင်းလဲဖို့ ကျွန်တော်လုပ်နေတာပေါ့
အတိတ်က မှားယွင်းတဲ့နေ့ရက်တွေကို ပြောင်းလဲပစ်ဖို့ပေါ့။
ကျွန်တော့်ဘဝအတွက် အချိန်ရောက်လာပြီ။ နောက်ကြောင်း
ဘယ်တော့မှ ပြန်မလှည့်တော့ဘူး။
ငါရုန်းထွက်ဖို့ အချိန်ရောက်ပြီ
ငါကွဲအက်သွားပြီလားလို့ လူတွေက ထင်ကြလိမ့်မယ်။
ငါရဲ့ 'ဝမ်းနည်းခြင်း'ကို ငါသိတယ်။
နာကျင်မှုအားလုံးကိုတော့ မကုစားနိုင်ဘူးပေါ့။
ဒါပေမယ့် မိုးရွာပြီးရင်နေသာဖို့ကို ငါဆုတောင်းနေပါတယ်။

Ref: Reader Dige

Otcober, 2011

*

# ထိုတစ်နေ့

ထိုတစ်နေ့က ကျွန်တော်တို့အားလုံးကို တွဲဖက်ထောင်တွင် စုထားရာမှ ညနေ မိုးချုပ်သည်နှင့် ဟီးနိုးဘတ်စကားကြီးများဖြင့် ခေါ်သွားခြင်းဖြစ်သည်။ ည ၇ နာရီလောက်ကတည်းက ကျွန်တော်တို့ ကိုယ်ပိုင်ပစ္စည်းများကို သက်ဆိုင်ရာထောင်မှူးများက ကျွန်တော်တို့လက်ထဲ ပြန်လွှဲပေးကြလေသည်။ ဖမ်းထားစဉ်က ပါလာသော လွယ်အိတ်၊ အဝတ်အစား စသည်တို့ကို ပေးပြီး၊ နာရီ၊ လက်စွပ်၊ ငွေ စသော အဖိုးတန်ပစ္စည်းများကိုကား ပြန်မပေးချေ။ အားလုံးက အမျိုးမျိုးထင်ကြေးပေးကြသည်။ တချို့က အိမ်ပြန်ရနိုင်သည်ဟု မျှော်လင့်သလို အများကမူ ထောင်ပြောင်းခြင်း ဖြစ်နိုင်သည်ဟု ယူဆကြလေသည်။ မည်သို့ပင်ဖြစ်စေ ဤနေရာမှ ကျွန်တော်တို့ ပြောင်းရမည်ကား အမှန်ပင်။ နေ့ခင်းကတည်းက တွဲဖက်ထောင်သို့ ရောက်နေရပြီး ထိုမှာပင် မနက်စာစားရသည်။ ညနေစာ စားရသည်။ အင်းစိန်ထောင်တွင်း၌ လွန်ခဲ့သည့် ဘစ်နှစ်လောက်ကတည်းက ကွဲသွားသော ရဲဘော်များနှင့် ပြန်ဆုံရသည့်အတွက် ကျွန်တော်တို့ ဝမ်းသာနေပါသည်။

ည ၉ နာရီခန့်ရှိသောအခါတွင် အခန်းထဲမှ ကျွန်တော်တို့ အားလုံးကို ပစ္စည်းများယူပြီး အခန်းပြင်သို့ နှစ်ယောက်တစ်တွဲ ထွက်စေပါသည်။ ထောင်တစ်ခုလုံးကို မီးဆလိုက်ကြီးများ ထိုးထားသည်။ ထောင်ပိုင်များ၊ ထောင်ဝန်ထမ်းများက ကျွန်တော်တို့ကို ထောင်ဘူးဝသို့ ခေါ်ဆောင်သွားကြသည်။ ဘူးပေါက်ကို ငုံ့လျှိုးပြီး အပြင်ရောက်၍ ခေါင်းအုပ်ထားသော စောင်များကို ခွာလိုက်သည်နှင့် ဟီးနိုးဘတ်စကားကြီးများ တန်းစီရပ်ထားသည်ကို တွေ့ရ၏။ ညသည် တိတ်ဆိတ်နေသော်လည်း ကျွန်တော်တို့ရင်ထဲတွင်မူ ခံစားမှုပေါင်းစုံဖြင့် အေးချမ်းခြင်း မရှိပေ။ ဟီးနိုးခရီးသည်တင် ဘတ်စကားကြီးများ၏ ဘေးမှန်အားလုံးကို သတင်းစာစက္ကူများဖြင့် အပြင်မှအတွင်း၊ အတွင်းမှအပြင် မမြင်ရအောင် ကပ်ထားလေသည်။ အပြင်ကို မြင်နိုင်သည်မှာ ရှေ့ယာဉ်မောင်းနေရာမှ မှန်သာလျှင် စက္ကူဖြင့်ကပ်ထားခြင်း မရှိ၍ မြင်နိုင်လေသည်။ ကျွန်တော်က ဒရိုင်ဘာနောက်ဘက်ထိုင်ခုံတွင် နေရာယူလိုက်၏။ ထိုမှသာလျှင် ရှေ့ကိုမြင်ရပေမည်။ ကားပေါ်တက်စဉ်က ဘေးပတ်ဝန်းကျင်ကြည့်လိုက်ရာ ထိုကဲ့သို့ ဟီးနိုးကားပေါင်း ဆယ်ဂဏန်းခန့်ရှိမည်ဟု ထင်ပါသည်။ ကားပေါ်လူပြည့်သည့်အခါတွင် အဆင်းအတက် တံခါးပေါက် နှစ်ပေါက်တွင် ထောင်အမှုထမ်းနှစ်ဦးနှင့် အရပ်ဝတ်လူ နှစ်ယောက်က တာဝန်ယူထားပြီး အပေါ်တွင်လည်း ထောင်မှူးတစ်ယောက်နှင့် တပ်ကြပ်ကြီးတစ်ယောက် လိုက်ပါလာသည်ကို တွေ့ရလေသည်။ ည ၁၀ နာရီလောက်တွင် ကားများစထွက်ပါသည်။ ကျွန်တော်တို့ကားရှေ့တွင် ဝိုင်ယာလက်ရဲကားတစ်စီး လက်နက်အပြည့်အဖြင့် ဦးဆောင်ထားသည်ကို တွေ့ရ၏။ ထိုကားရှေ့တွင် ကျွန်တော်တို့ကားလို အလုံပိတ်ဟီးနိုးကားကြီးကို လှမ်းမြင်နေရပါသည်။

ကားပေါ်၌ မျှော်လင့်ချက်ထားသူတချို့က မြို့တော်ခန်းမ ခေါ်သွားခြင်း ဖြစ်လိမ့်မည်။ ထိုနေရာတွင် သတင်းစာရှင်းလင်းပွဲလုပ် ကျွန်တော်တို့ကို အိမ်ပြန်ပို့လိမ့်မည်ဟု မျှော်လင့်တကြီးဖြင့် ပြောနေ သလို ကျွန်တော်တို့ကလည်း ဤကဲ့သို့အချိန်ကြီးတွင် မည်သို့မျှအိမ်ပြ

မပို့နိုင်သလို ကျွန်တော်တို့အားလုံးကို ကားလမ်းခရီးတွင်ရှိသော ထောင်များဆီ ပြောင်းရွှေ့ခြင်းဖြစ်သည်ဟု ယူဆထားကြသည်။ သို့သော် ကျွန်တော်ကမူ ကားများသည် ရတနာပုံရေတပ်ဆိပ်ကမ်းဘက်သို့ မောင်းသွားလျှင်ကား ၁၉၅၈ ခုနှစ် အတွေ့အကြုံအရ ကိုကိုးကျွန်း ပို့နိုင်သည်ဟု မှန်းဆကြည့်၏။ ပြည်လမ်းမကြီးတစ်လျှောက်မှာ ညနက်ပိုင်းဖြစ်၍ တိတ်ဆိတ်နေသည်။ ရှေ့ဆုံးမှ ဝါယာလက်ကား၏ ဥဩသံသဲ့သဲ့ကို ကြားနေရပါသည်။ ဒရိုင်ဘာမှန်မှ ဘေးကိုငဲ့ကြည့်လိုက်သောအခါ ပြည်လမ်းပေါ်ရှိ အသွားအလာကားများကို လမ်းဘေးတွင် ရပ်နိုင်းထားသည်ကို တွေ့ရသည်။ ပြည်လမ်းအတိုင်း မောင်းလာရာမှ မဟာဗန္ဓုလလမ်းဘက်သို့ ချိုးကွေ့ကာ နောက်ပြီး ပန်းဆိုးတန်းလမ်းအတိုင်း ဆက်မောင်းသွား၏။ ထိုအခါ ရတနာပုံဆိပ်ကမ်းဘက်သို့ မောင်းသွားခြင်း မဟုတ်တော့ပေ။ ကမ်းနားဘက်ရောက်သည့်အခါ၌ ကားများကို ကျန်းမာရေးဆိပ်ကမ်းထဲသို့ မောင်းဝင်သွားသည်ကို မြင်တွေ့ရလေသည်။ ကားအားလုံး ဆိပ်ကမ်းဝင်းထဲရောက်သည်နှင့် ဝင်းတံခါးကြီးကို ပိတ်ပစ်လိုက်လေသည်။ ရှေ့တံခါးများမှ နိုင်ငံရေးအကျဉ်းသားများကို ဆင်းစေကာ တန်းစီ၍ထိုင်ခိုင်းထားတော့သည်။ ကျွန်တော်တို့အလှည့်ရောက်၍ ဆင်းပြီးရှေ့ကို ကြည့်လိုက်စဉ်တွင် လက်နက်ကိုင်ရဲများ၊ လက်နက်ကိုင်စစ်သားများအားလုံးသည် ဆိပ်ခံဘောတံတားနှင့် ဝင်းတစ်ခုလုံးတွင် အသင့်အနေအထားဖြင့် စောင့်ကြပ်နေ၏။ ဘောတံတားတစ်ဖက်တွင် စစ်တပ်အရာရှိကြီး အတော်များများ ရပ်နေသည်ကို တွေ့ရသည်။ ထောင်ပိုင်များ၊ ထောင်မှူးကြီးများကိုလည်း တွေ့ရသည်။ ထိုအခါ ကျွန်တော်တို့ကို ကိုကိုးကျွန်း ပို့တော့မည်ဖြစ်ကြောင်း ဆုံးဖြတ်၍ရပါသည်။

ထိုနေ့မှာ ၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ဖြစ်ပါသည်။ အားလုံးကို ထောင်ဝါဒါများက တစ်ဖက်တစ်ချက်မှ စောင့်ကြပ်ကာ ဘောတံတားပေါ်တက်စေပါသည်။ ဘောတံတားတွင် ဆိုက်ကပ်ထားသော ပြည်တော်ညွန့်သင်္ဘောကြီးကို ကျွန်တော်တို့ အတိုင်းသားမြင်နေရ၏။

ထိုအခါမှ သင်္ဘောပေါ်သို့တက်ရန် လှေကားချထားသည်။ ထိုလှေကား အတိုင်း ကျွန်တော်တို့သည် သင်္ဘောပေါ်တစ်ယောက်ပြီးတစ်ယောက် တက်ရောက်ခဲ့ကာ သင်္ဘောကုန်းပတ်ပေါ်တွင် စုဝေးနေကြရ၏။ ထို အချိန်က ပြည်တော်ညွန့်သင်္ဘောမှာ ကုန်တင်သင်္ဘောအဖြစ်သာ ရှိနေ သေးပါသည်။ ကုန်းပတ်ပေါ်မှနေ၍ သင်္ဘောအမှုထမ်းများနှင့် ဝါဒါများ က ကျွန်တော်တို့ကို သင်္ဘောဝမ်းဗိုက်ထဲ ဆင်းစေလေသည်။ ထိုထဲတွင် ထိုင်စရာနေရာ မရှိ၊ ဖျာမရှိနှင့် ယခင်က ကုန်များထည့်သောနေရာတွင် ယခုလူများကို ထည့်ထားလိုက်ခြင်း ဖြစ်ပါသည်။ ပြည်တော်ညွန့်ကဲ့သို့ ပင်လယ်ကူးသင်္ဘောကြီးတွင် ကုန်များထားရန် ရှေ့ခန်း၊ နောက်ခန်း ထားရှိလေသည်။ ကျွန်တော်တို့က ထိုနှစ်ခန်းအနက် တစ်ခန်းထဲတွင် ပါလာခြင်းဖြစ်၏။

ထိုအချိန်အထိ လူဘယ်လောက်ပါပြီး ဘယ်လောက် များသည် ကို မသိရပါ။ အတူနေခဲ့သော ရဲဘော်များအပြင် ယခင်က ထောင်ထဲ တွင် ကွဲသွားသောသူများကိုလည်း ပြန်တွေ့ရသည်။ သခင်ခင်အောင်၊ ဗန်းမော်တင်အောင်၊ သုံးခွကိုစိန်ဝင်း၊ ကိုဖေအောင်၊ ကေတီဦးကျော် တင့်၊ ကိုအောင့်မော်၊ ကိုတင်ရီ စသောအတူနေများကို တစ်ခန်းထဲ ပြန် တွေ့ရသဖြင့် ဝမ်းသာနေကြလေသည်။ အားလုံးကလည်း ယခုအချိန် တွင် မျှော်လင့်ချက်မထားတော့ဘဲ ဘယ်ကိုပို့မည်ကို တိတိကျကျ တွက်ချက်၍ ရလေသည်။ အပေါ်မှနေ၍လူများ တစ်သုတ်ပြီးတစ် သုတ် လှေကားအတိုင်း ဝမ်းဗိုက်ထဲသို့ ဆင်းလာကြ၏။

ထိုအချိန်တွင် ဆူဆူညံညံသံကြား၍ အပေါ်သို့ကြည့်လိုက်သော အခါ အလွန်ခင်မင်စရာကောင်းသော ကိုအောင်မေသုကို လှေကား ထိပ်၌ ရပ်နေသည်ကို တွေ့လိုက်ရလေသည်။ သူသည် အဆောင်မှ နေ၍ တိုက်သို့ ပြန်အပို့ခံရခြင်း ဖြစ်ပါသည်။ ယခုမှသာ သူ့ကို ထုတ်လာ ခြင်း ဖြစ်၏။ အောက်မှကျွန်တော်တို့အားလုံး လက်ခုပ်တီးပြီး "ခုန်ချ လိုက်၊ ခုန်ချလိုက်"ဟု လှမ်းအော်ရာ သူသည် လက်နှစ်ဖက်မြှောက်ပြီ အောက်မှ လက်များဆန့်တန်းထားသော ကျွန်တော်တို့ပေါ်သို့ ခုန်

လိုက်လေသည်။ သူ့ခန္ဓာကိုယ်မှာ အရိုးပေါ်အရေတင်ပြီး ပိန်ချုံးခြောက်တပ်နေသဖြင့် သူ့ကိုပွေ့ချီရသည်မှာ ပေါ့ပေါ့လေး ဖြစ်နေ၏။ ကျွန်တော်တို့လက်ထဲကနေ သူ့ကို ထိုင်ခိုင်းလိုက်ပြီးနောက် အားလုံးသူ့အနားဝိုင်း၍ အခြေအနေအရပ်ရပ်ကို မေးကြသည်။ ကျန်းမာရေးအခြေအနေကိုလည်း မေးကြ၏။ အလွန်စိတ်ဓာတ် မာကျောသူဖြစ်သလို အရာရာကိုရင်ဆိုင်ရဲသော ရဲဘော်လည်းဖြစ်၏။ ကျွန်တော်တို့အားလုံးမှာ ကိုကိုးကျွန်းပို့သည့်အတွက် စိတ်ထဲတွင် ဝမ်းနည်းကြေကွဲမဖြစ်ခဲ့ကြပေ။ ကွဲကွာနေသူများ ပြန်တွေ့ရ၍လည်းကောင်း၊ ပိတ်လှောင်ကျပ်နေသော အင်းစိန်ထောင်လိုနေရာမျိုးမှ ထွက်လာရ၍လည်းကောင်း အားလုံးစိတ်ရွှင်ရွှင်လန်းလန်း ဖြစ်နေပါသည်။

ကုန်းပတ်ပေါ်မှဆိပ်ကမ်းသို့ ကြည့်လိုက်လျှင် မီးများထိန်ထိန်လင်းနေ၏။ ယူနီဖောင်းဝတ် စစ်အရာရှိကြီးများနှင့် အရပ်ဝတ်များမှာ သင်္ဘောကိုကြည့်နေကြ၏။ ည ၁၂ နာရီခန့်တွင် သင်္ဘောကြီးသည် ပန်းဆိုးတန်းဆိပ်ကမ်းမှ ခွာလာခဲ့ပါတော့သည်။ သင်္ဘောဝမ်းထဲမှ ကျွန်တော်တို့တစ်တွေမှာ သင်္ဘောထွက်လာသည်ကို သတိထားမိလိုက်သော်လည်း ကွဲကွာနေသောသူများနှင့် စကားလက်ဆုံကျနေသောကြောင့် ဘာအကြောင်းကိုမှ မစဉ်းစားမိကြတော့ပေ။ သတင်းထောက်ကိုတင်မောင်လေးတို့၊ ကိုတင်ရှိန်တို့နှင့် အခြားသူများ ဝိုင်းစကားပြောနေသောနေရာသို့ ကျွန်တော် လျှောက်လာစဉ်တွင် ပါးပါးလှပ်လှပ်နှင့် ပိန်ချုံးပြီးဖြူဖပ်ဖြူရော်ဖြစ်နေသော လူတစ်ယောက်ကို တွေ့ရသည်။ ကိုတင်မောင်လေးက စာရေးဆရာဝင်းဇော် (လူထုစိန်ဝင်း)ဟု မိတ်ဆက်ပေးရာ သူ၏ "အလံမလဲ" စာအုပ်ကို ဖတ်ဖူးသော ကျွန်တော်တို့နှင့်အဖွဲ့ကျသွားပါသည်။

သူသည် စအဖမ်းခံရစဉ်မှ ယခုသင်္ဘောပေါ်ရောက်သည်အထိ အဆောင်တွင် မနေရဘဲ တိုက်ခန်းထဲတွင်သာ တစ်ယောက်တည်း နေခဲ့ရသူ ဖြစ်လေ၏။ သင်္ဘောဝမ်းဗိုက်ထဲတွင် နိုင်ငံရေးအကျဉ်းသားအများအပြားကို တွေ့ခဲ့ရလေသည်။ တချို့မှာ သိကျွမ်းဖူးသူများ တချို့

မှာ ယခုမှ သိကျွမ်းရသူများ ဖြစ်လေသည်။ ကျွန်တော်တို့စိတ်ထဲတွင် အားလုံးစုစုဝေးဝေး တွေ့ရသဖြင့် ကြည်နူးစရာခရီးတစ်ခုဟု ခံစားရလေသည်။ ထို့နောက် အိပ်ချင်လာသည့်အချိန်တွင် ဝမ်းဗိုက်ထဲ၌ပင် ပါလာသည့်အဝတ်ကလေးများကို ခေါင်းအုံးပြီး အိပ်လိုက်ကြလေသည်။ မနက်မိုးလင်း၍ မနက်စာအတွက် ကော်ဖီသောက်ရန် အမှုထမ်းများက အပေါ်မှ ခေါ်သည့်အချိန်ကျမှ ကျွန်တော်တို့ နိုးကြ၏။ အပေါ်တက်ကာ မျက်နှာသစ်၊ အလေးအပေ့ါ သွားကြလေသည်။ အပြင်ကြည့်လိုက်သည့်အခါ ကမ်းစပ်ကို မမြင်ရတော့ဘဲ ရေပြင်ကျယ်ကြီးကိုသာ တွေ့မြင်နေရသည်။ ပင်လယ်ထဲ ရောက်နေလေသည်။ သင်္ဘောမှ တိုက်သော ကော်ဖီနှင့်မုန့်ကို တန်းစီယူကာ ကုန်းပတ်ပေါ်၌ပင် ပင်လယ်ကိုကြည့်ပြီး မနက်စာ စားလိုက်လေသည်။

သံတိုင်နှင့်အုတ်ရိုးကိုသာ မြင်တွေ့နေရသည့် နှစ်ကာလများမှနေ ကျယ်ပြန့်သောပင်လယ်ပြင်ကြီးနှင့် လေတဖြူးဖြူးတိုက်သောအရသာကို ခံရ၍ အလွန်ကြည်နူးနေမိသည်။ လှိုင်းလုံးများက သင်္ဘောဝမ်းဗိုက်ကို လာတိုက်ကြသည်။ ငါးအုပ်များကိုလည်း ရေပြင်တွင် တစ်ချက်တစ်ချက် လှမ်းမြင်ရ၏။ ငါးအကောင်လိုက်မြင်ရခြင်း မဟုတ်ဘဲ ရေပွက်ကလေးများ အုပ်စုဖွဲ့၍ မြင်ရသဖြင့် ထိုသည်ကို ငါးအုပ်ဟု ရခိုင်ရဲဘော်များက ညွှန်ပြပြောဆိုသဖြင့် သိရခြင်းဖြစ်သည်။

နေ့လယ်စာကို သင်္ဘောမှာပင် ကျွေး၏။ သင်္ဘောကကျွေးသောနေ့လယ်စာမှာ ထောင်ထက်ပို၍ ကောင်းသည်ကို တွေ့ရလေသည်။ ထမင်းစားပြီးနောက် ဝမ်းဗိုက်ထဲပြန်ဆင်းကာ ရှေ့တွင်ရင်ဆိုင်ရမည့် နေရာသစ်၊ ထောင်သစ်နှင့် အတွေ့အကြုံသစ်များအတွက် ကြားဖူးနားဝရှိသည်များ ပြောဆိုတိုင်ပင်ကြပါသည်။ အတွေ့အကြုံရှိသူမှာ ကိုဖေအောင်ဖြစ်သည်။ ၅၀ ပြည့်နှစ်က ကိုကိုးကျွန်းကိုရောက်ခဲ့ပြီး ဒုတိယအကြိမ်မြောက်ပါလာသူမှာ သုံးယောက်သာရှိတော့သည်။ လေထီးဗိုလ်အုန်းမောင်၊ မြသန်းတင့်နှင့် အမှုထမ်းခေါင်းဆောင်ကိုဖေအောင်တို့ဖြစ်သည်။ ဗိုလ်အုန်းမောင်နှင့် ဆရာမြသန်းတင့်မှာ

တစ်ဖက်ခန်းတွင် ရောက်နေ၍ ကိုဖေအောင်ကိုသာ မေးမြန်းကြရလေသည်။

ညနေစာကို ကုန်းပတ်ပေါ်တက်စားရသည်။ ကိုကိုးကျွန်းနှင့် ရန်ကုန်ဆိပ်ကမ်းမှာ မိုင်ပေါင်း ၂၅၀ ကျော် ကွာလှမ်းသည်။ ရေလမ်းခရီးဖြင့် သွားရလျှင် တစ်ရက်ခွဲကြာပါသည်။

ကျွန်းရောက်ပြီဆိုသောအသံကို ကြားရပြီးနောက် သင်္ဘောကြီး ရပ်သွားသလို ကျောက်ဆူးချသော တဝုန်းဝုန်းနှင့်အသံကြီးကို ကြားရလေသည်။ ထောင်အမှုထမ်းများက ကိုယ့်ပစ္စည်းကိုယ် ပြင်ခိုင်းသဖြင့် ကိုယ့်အထုပ်လေးများ ကိုယ်စီဆွဲကာပြင်ဆင်ပြီး မကြာခင် ကုန်းပတ်ပေါ်တက်ရတော့သည်။ လင်းလင်းရှင်းရှင်းကောင်းကင်ကို ကြည့်ပြီး ရှေ့တူရူကိုကြည့်လိုက်သောအခါ ရှည်လျားသောကျွန်းကြီးကို တွေ့ရလေသည်။ "သြော် ကိုကိုးကျွန်းဆိုတာ ဒီနေရာပါလား"ဟု ရေရွတ်ရင်း အလွန်အမင်းလည်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားရလေသည်။ ရှည်လျားသော ကျွန်းကြီးပေါ်တွင် တောင်ကုန်းတန်းကိုလည်း တွေ့လိုက်ရသလို ညို့ဆိုင်းနေသော တောအုပ်ကိုလည်း တွေ့လိုက်ရ၏။ နောင်အခါ ကဗျာဆရာ လေးမောင် စပ်ဆိုခဲ့သော -

"သည်မှာ ပင်လယ်ပြာ<br>
သည်မှာ ငွေလှိုင်းသဲသောင်<br>
သည်မှာ ကျောက်ဆောင်မဟူရာ<br>
သည်မှာ ဆပ်သွားတော၊ ပိစပ်တော<br>
ရှည်မျော့သောင်ကမ်း<br>
အုန်းတန်းယှက်မိုး<br>
ကျွန်း ကိုကိုးမှာ . . ."

ကဗျာအတိုင်း ကျွန်တော့်မြင်ကွင်းတွင် ပီပီပြင်ပြင်မြင်နေပါတော့သည်။ သင်္ဘောမှနေ၍ ကျွန်းပေါ်ကို တိုက်ရိုက်တက်၍ မရနိုင်။ ထို့ကြောင့် ပြည်တော်ညွှန့်ဘေးသို့ ကမ်းတက်ယာဉ်တစ်စင်း ကပ်လာပေးသည်။ ကမ်းတက်လှေပေါ်သို့ ကြိုးလှေကားဖြင့် ဆင်းကြရ၏။ သင်္ဘော

နှင့် ကျွန်းမကြီးမှာ အတော်ပင် လှမ်းနေသလို သင်္ဘောနှင့် အခြား
တစ်ဖက်တွင်ရှိသော ကိုကိုးလေးကျွန်းမှာလည်း လှမ်းနေလေသည်။
အားလုံးရင်ထဲတွင် တလှပ်လှပ်ဖြစ်နေ၏။ ကျွန်တော်တို့လူငယ်များ၏
ရင်ထဲတွင်မူ ရတောင့်ရခဲခရီးတစ်ခု၊ ကြုံတောင့်ကြုံခဲနေရာတစ်ခု ရောက်
လာသဖြင့် အလွန်ကျေနပ်ပျော်ရွှင်နေကြသည်။

ကျွန်တော်နှင့် အောင်မေသုမှာ လက်ချင်းဆွဲချိတ်ထားပြီး ကမ်း
တက်ယာဉ်ပေါ်တွင် အငြိမ်မနေနိုင်ဘဲ ကျွန်းဘက်သို့ ငေးမောကြည့်နေ
ကြ၏။ အလွန်နာမည်ကြီးသော ကိုကိုးကျွန်း၊ ၅၈ ခုနှစ်က ထိပ်တန်း
နိုင်ငံရေးသမားများကိုသာ ရွှေးပို့သောကျွန်းကို ရောက်ရတော့မည်ဖြစ်၍
မိမိကိုယ်ကို ဘဝင်မြင့်သလို ခံစားရ၏။ လက်ရွေးစင် နိုင်ငံရေးသမား
တစ်ယောက်ဖြစ်လာပြီလားဟုလည်း ပြန်ဆန်းစစ်နေမိပါသည်။ ကမ်း
တက်ယာဉ်မှူးမှာ ရေတပ်မှ ဗိုလ်မှူးတစ်ယောက်ဖြစ်ပြီး ရှေ့ဦးပိုင်းတွင်
ရဲဘော်တစ်ယောက်က ရေအနက်ကို ပြန်၍ အစီရင်ခံရလေသည်။
(ဆယ်လန်ပါ ဗိုလ်မှူး၊ ကိုးလန်ပါ ဗိုလ်မှူး၊ ရှစ်လန်ပါ ဗိုလ်မှူး . . .
အစရှိသဖြင့်) ရေအတိမ်ကို အစီရင်ခံပြီး နောက်ဆုံးကမ်းတက်ယာဉ်
သည် ကမ်းစပ်ရှိ ကျောက်ဆောင်တန်းပေါ် ထိုးတက်မိလေတော့သည်။
ထိုအခါ ကမ်းတက်ယာဉ်ဦးမှ အဖွင့်အပိတ်လုပ်လို့ ရသည့် အကာပြား
ကြီးကို ဖွင့်ချလိုက်သည်။ ထိုနေရာမှနေ ကျွန်တော်တို့သည် ခါးတစ်ဝက်
ကျော်ရေအနက်ရှိသော ကျောက်ပြားပေါ်သို့ ခုန်ဆင်းရလေသည်။
တစ်သုတ်ပြီးတစ်သုတ် ခုန်ဆင်းကာ မလှမ်းမကမ်းရှိ သဲသောင်ပြင်
ပေါ်သို့ တက်ကြရ၏။ ဖိနပ်မစီးဘဲ ခုန်ဆင်းသူများမှာ ကျောက်ဆော
အသွားများဖြင့် တိုက်မိပြီး ဓားဖြင့် ရှသလို သွေးများ ထွက်ကြလေသည်
ပင်လယ်ရေသည်ပြာလဲ့ပြီး အောက်မှကျောက်သားပြင်ကို ကောင်း
မြင်ရ၏။ ငါးလေးများ၊ ရေညှိရေမှော်များကိုလည်း မြင်ရလေသည်

ဤသို့ဖြင့် အားလုံးသဲသောင်ပြင်ပေါ် ရောက်သောအခါ ထော
ကြပ်များက ဝိုင်းရံပြီး ကျွန်တော်တို့ကို သောင်ပြင်တွင် တန်းစီ၍ထိုင်
လိုက်သည်။ ကျွန်တော်တို့ ရှေ့တွင် ထောင်မှူးကြီး ဦးငြိမ်းလှိုင်၊ အက

ဦးစီးဌာန အထူးအရာရှိ ဗိုလ်မှူးကြီးထွန်းရင်လောတို့က ရောက်ရှိသည့် အခြေအနေနှင့် သတ်မှတ်ထားသော စည်းကမ်းချက်များကို ရှင်းလင်းပြောဆိုသည်။ အထူးအရာရှိက -

"အခု ခင်ဗျားတို့ရောက်လာတဲ့နေရာဟာ ကိုကိုးကျွန်းပဲ။ ခင်ဗျားတို့ နေခဲ့တဲ့ ထောင်တွေထက်ပိုပြီး လွတ်လပ်မှုတော့ ရှိတာပေါ့။ ဒါပေမဲ့ ဒီနေရာက အုတ်ရိုးမရှိပေမယ့် ပင်လယ်ကြီးနဲ့ ကာထားတာပဲ။ ဒီနေရာမှာ ဆန္ဒပြတာတို့၊ တိုက်ပွဲတို့တို့ လုပ်လို့မရဘူး။ ပေးတာယူ၊ ကျွေးတာစား၊ ခိုင်းတာလုပ်၊ အာဏာပိုင်တွေပြောတာ နာခံဖို့လိုတယ်"ဟု ပြောဆိုပါသည်။ ထိုအချိန်တွင် ကျွန်တော်တို့ဘေးသို့ ရောက်လာသော ခရုလိုလို လက်မနှင့် အကောင်လေးများရောက်လာ၏။ သွားနှုန်းမှာလည်း မြန်လှသည်။ ကျွန်တော် တအံ့တသြကြည့်နေမိပါသည်။ တစ်ယောက်က "အဲဒါ ဝင်ကစွပ်ဆိုတာပေါ့"ဟု ပြောလိုက်ရာ ကျွန်တော် ဦးကြင်ဥ၏ကဗျာကို သွားသတိရမိပါသည်။

"ဝင်ကစွပ်၊ မြင်ဆွတ်က ကြည့်ဖို့ရာ
ဟိုသို့လာ၊ သည်သို့သွားနှင့်
အငှားခန္ဓာမြှောင် ရတယ်။
ဆန်းခေါင်သည့်မျိုး"

ကျွန်တော်တို့ အကျဉ်းစခန်းထဲ ရောက်လျှင် ဤသို့လှပသည့် ဝင်ကစွပ်ကောင်လေးများကို မြင်မှမြင်ရပါ့မလားဟု စဉ်းစားကာ ထိုအကောင်လေးများကို လွယ်အိတ်ထဲ ကောက်ကောက်ပြီးထည့်ကာ လွယ်အိတ်ကိုအပေါ်မှ စည်းထားလိုက်ပါတော့သည်။ အလွန်လှပသော သဲသောင်ပြင်၊ အုန်းပင်တန်းမှာ မျက်စိထဲ မထွက်တော့ပေ။ ဤနေရာတွင် ဘယ်လောက်နေရမည်ကို မစဉ်းစားမိ။ ဘာဖြစ်မည်ကိုလည်း တွေးမိ။ ဤကဲ့သို့ လွတ်လပ်သော သောင်ပြင်ရှိသည့် နေရာ၊ ကောတန်း၊ တောင်ကုန်းနှင့် အုန်းပင်တန်းများ အောက်တွင်သွားလာနေရ၍က ဘယ်လောက်များ ပျော်စရာကောင်းလိမ့်မလဲဟု စဉ်းစားနေမိသည်။ ထိုကဲ့သို့ ပင်လယ်ကိုလည်း တစ်ခါမှမရောက်ဖူးခဲ့သဖြင့် ကြုံ

တောင့်ကြံ့ခဲခရီးဟုလည်း မှတ်ယူထား၏။ ကျွန်တော်တို့အားလုံးမှာ နိုင်ငံရေးသမားချည်းဖြစ်ပြီး ကျွန်တော်တို့ လေးစားသော နိုင်ငံရေးသမားများ၊ စာရေးဆရာများလည်း ပါလာသဖြင့် သူတို့နှင့် ဆွေးနွေးတိုင်ပင်ရမည်ကို ကြိုတင်မှန်းဆပြီး ကြည်နူးနေမိပါသည်။

လူတွင် မမေ့နိုင်စရာ နေ့ရက်များရှိပါသည်။ နေ့ရက်ပေါင်းများစွာ ရှိနိုင်သလို မမေ့နိုင်သော တစ်နေ့၊ နှစ်နေ့လည်း ရှိနိုင်ပါသည်။ ဘဝတွင် မေ့ဖျောက်ဖို့ မဖြစ်နိုင်သောနေ့များအနက် ယခုကိုကိုးကျွန်းသို့ ရောက်ရှိခဲ့သောနေ့မှာ ကျွန်တော့်ဘဝတွင် မေ့မရသောနေ့တစ်နေ့ ဖြစ်နေခဲ့သည်။ ထိုနေ့ကို ယခုအချိန်၌ ပြန်တွက်လျှင် နှစ်ပေါင်း ၄၂ နှစ်ကြာညောင်းခဲ့သော်လည်း မနေ့တစ်နေ့က ကဲ့သို့ပင် မျက်စိထဲမြင်ယောင်နေမိသည်။ အတူတူကျွန်းပေါ်ရောက်ခဲ့သူများထဲမှ လေထီးဗိုလ်အုန်းမောင်၊ ဆရာဂျုန်၊ သခင်ခင်အောင်၊ ဦးခင်မောင်မြင့်၊ ဦးတင်ညွန့်၊ ဗန်းမော်တင်အောင်၊ မြသန်းတင့်၊ ကိုသိန်းကြည်၊ ကိုအုန်းမော်၊ ကိုစိန်ချင်၊ ကိုထွန်းမြင့်၊ ကိုချစ်ဆွေ၊ ကိုမောင်မောင်စိုး၊ ကိုလေးမောင်၊ ကိုထွန်းဝင်း၊ ကိုထွန်းရှိန် စသည့်သူများမှာ ယခုအခါ လူ့ဘဝတွင် မရှိကြတော့ပေ။ သူတို့နှင့်အတူ ကိုကိုးကျွန်း၌ သုံးနှစ်ခန့်နေထိုင်မှုအတွက် စတင်ရောက်ရှိခဲ့သည့် ထိုတစ်နေ့ကို အမြဲအမှတ်ရနေပါတော့မည်။

*

## လူ့အဖွဲ့အစည်းအပြင်ဘက်မှ လူ

တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသော စကားအတိုင်း တိုင်းပြည်မငြိမ်မသက်ဖြစ်တိုင်း၊ တောကြောင်များဖြစ်သော ဓားပြ၊ သူခိုး၊ ထကြွသောင်းကျန်းကြသည်မှာ မဆန်းလှတော့ပေ။ ကမ္ဘာစစ်မီးကြီး မြန်မာနိုင်ငံကိုကူးစက်ကာ အင်္ဂလိပ်တို့ ရှုံးနိမ့်ဆုတ်ခွာစဉ်က လုယက်မှု၊ ခိုးမှုများ အကြီးအကျယ်ဖြစ်ခဲ့သည်။ အုပ်ချုပ်ရေးယန္တရားကြီး ပျက်စီးသွားသည့်အတွက် တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးမှာ ပရမ်းပတာဖြစ်သွားသည်။ သူခိုး၊ ဓားပြများ လက်ခမောင်းခတ်သည့်ကာလ ဖြစ်ပါသည်။ အုပ်ချုပ်ရေး မတည်ငြိမ်တိုင်း တောကောင်များက ထကြွလေ့ရှိပါသည်။ သူခိုးဓားပြအားကောင်းလာရသည်မှာ စီးပွားရေးကျပ်တည်းမှု၊ အလုပ်အကိုင်ရှားပါးမှု၊ ငတ်မွတ်ခေါင်းပါးမှုများကြောင့် အဓိကဖြစ်သည်။ ပြည်တွင်းစစ်မီး လျော့ပါးလာချိန်တွင် တောကောင်အန္တရာယ်လည်း လျော့နည်းလာခဲ့သည်။ ထို့ကြောင့် အုပ်ချုပ်ရေးအာဏာပိုင်များက တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို အဓိကအာရုံစိုက် ဆောင်ရွက်ကြလေသည်။

မောင်ဆိုင်သည် ပဲခူးတိုင်းမြစ်ကျိုးဘက်မှ ဖြစ်လေသည်။ သူ့ကို ကျွန်တော်စတွေ့စဉ်မှာ အခန်းလူကြီးအဖြစ် တွေ့ရသည်။ ထောင်ထဲတွင်နေသော်လည်း ထောင်မင်းသားတစ်ယောက်လို သပ်သပ်ရပ်ရပ် ကြွားကြွားဝင့်ဝင့်ရှိ၏။ အကောင်းစားရေမွှေးနဲ့ ပေါင်ဒါများရှိသည်။ ဖိနပ်မှာလည်း မန္တလေးဖိနပ် အကောင်းစားကိုစီးသည်။ ထောင်ပုံစံအင်္ကျီမှာ အဖြူဖြစ်သော်လည်း တက်ထရွန်နှင့်ပင် ချုပ်ထားသည်။ ဟန်ကောင်းကောင်းဖြင့် နေသောကြောင့် သူ့ကို ဓားပြဗိုလ်ဟု လုံးဝမသိရပေ။ အမှန်စင်စစ် သူသည် ပဲခူးတိုင်းမှ ဓားပြဗိုလ်တစ်ဦးဖြစ်ပြီး 'မောင်ဆိုင်'ဆိုလျှင် ရွာတိုင်းဖိမ့်ဖိမ့်တုန်အောင် ကြောက်ရလေသည်။ ပဲခူးမြစ်ရိုးတစ်လျှောက် သူမတိုက်ဖူးသောရွာဟူ၍ မရှိဟု သူက ကျွန်တော့်ကို ပြောပြပါသည်။

ကျွန်တော်တို့က ပုဒ်မ ၅(ည)များ ဖြစ်၍ အဆောင်ရောက်သည်နှင့် အခန်းလူကြီးများသာ နေရသော ဘုရားပုံရေးဆွဲထားသည့် နံရံခေါင်းရင်းခန်းတွင် နေရာချထားပေးလေသည်။ ထိုအခါတွင် မောင်ဆိုင်သည် အခန်းလူကြီးသာမက တစ်ဆောင်လုံး၏ အဆောင်တန်းစီးမှန်း သိရလေသည်။ ထောင်ထဲတွင် အားကောင်းသောအုပ်စုများက နေရာယူထားတတ်သည်။ အားကောင်းသောအုပ်စုများမှာ ဓားပြအုပ်စု၊ ဆေးအုပ်စု(ဘိန်းမှု၊ နံပါတ်ဖိုးဘိန်းဖြူမှုနှင့် အဖမ်းခံရသူများကို ဆိုလိုသည်။ ဆေးသမားများ၊ မူးယစ်ဆေးဝါးရောင်းဝယ်သူများ ဖြစ်သည်)နှင့် ခါးပိုက်နှိုက်အုပ်စုများ ဖြစ်ပါသည်။ ခါးပိုက်နှိုက်အုပ်စုမှာ တဖြည်းဖြည်း အားနည်းသွားသည်။ ခါးပိုက်နှိုက်များကို သက်ဆိုင်ရာ အာဏာပိုင်များက ဖိဖိစီးစီး ဖမ်းဆီးအရေးယူနိုင်သဖြင့် ယခင်ခါးပိုက်နှိုက်ဟောင်းကြီးများသာ ထောင်ထဲကျန်နေ၍ ခါးပိုက်နှိုက်အသစ်များမှာ ထောင်ထဲ အရောက်နည်းလာသည်။ ထို့ကြောင့် အားကောင်းသော ဓားပြအုပ်စုက အဆောင်တန်းစီးများ၊ အခန်းလူကြီးများ စသည့် ထောင်အမှုထမ်းများအောက် အကျဉ်းသားအုပ်ချုပ်သူများအဖြစ် တာဝန်ယူခဲ့ကြသည်။ မောင်ဆိုင်မှာ အဆောင်တန်းစီး အခန်းလူကြီးဖြစ်ပြီး နှစ်ကြီး

သမားလည်း ဖြစ်သည်။ ခါးပြမှု၊ လူသတ်မှု၊ လက်နက်မှု စသော အမှုပေါင်းစုံဖြင့် ထောင်သက် ၇၉ နှစ်ကျခံရမည် ဖြစ်သည်။ အခန်းတွင်းရောက်သည်နှင့် သူ့ဘေးတွင် နေရာပေးလေသည်။ သူ့ဘဝနှင့်သူ့အကြောင်းကိုလည်း လိုလိုလားလား ပြောပြပါသည်။

"ကျွန်တော့်ဇာတိက မြစ်ကျိုးကပါ။ ပဲခူးတိုင်းထဲပါတာပေါ့။ မိဘတွေက လယ်ကေတွေ အများကြီးပိုင်တဲ့သူတွေဆိုတော့ ကျွန်တော်က ငယ်ငယ်ကတည်းက ဆိုးတယ်။ အငယ်ဆုံးသားဆိုပြီး အလိုလည်း သိပ်လိုက်ကြတာပဲ။ အရွယ်ရောက်ကတည်းက မကောင်းမှု ဒုစရိုက်အားလုံး လုပ်တတ်နေပြီ။ ကြက်တိုက်တယ်၊ ဖဲရိုက်တယ်၊ အရက်သောက်တယ်။ နွားတိုက်တာလည်း ကျွန်တော်တို့လုပ်တာပဲ။ တပည့်တပန်းကလည်း များတော့ ရန်ဖြစ်ပြီဆိုလည်း တခြားသူက အနိုင်ကျင့်တာထက် ကျွန်တော်က အနိုင်ကျင့်တာများတယ်လို့ ဆိုရမယ်။ ကျွန်တော်တို့မှာက အစ်မနှစ်ယောက်နဲ့ ကျွန်တော် ပေါင်းသုံးယောက်ပဲရှိတယ်။ ယောက်ျားလေးကလည်း တစ်ယောက်တည်းပါ။ အငယ်ဆုံးလည်း ဖြစ်ဆိုတော့ ဖူးဖူးမှုတ်ဂရုစိုက်ကြတယ်။ ငယ်ငယ်ကတော့ ကျွန်တော် ကျောင်းတက်ချင်ပါရဲ့။ ကြီးတော့ ကျောင်းမတက်ချင်တော့ဘူး။ လေးတန်းအထိပဲ တက်ခဲ့ရပြီး စာဖတ်တတ်ရုံပါပဲ။ ရွာမှာ ကျွန်တော်ကျောင်းမတက်ချင်ဘူးဆိုရင် မိဘတွေကမတက်ခိုင်းဘူး။ လိုတာမှန်သမျှ လုပ်ပေးတယ်။ ရွာမှာ ရာလေးစက်ဘီး(ထိုအချိန်က အလွန်တန်ဖိုးကြီးသော နိုင်ငံခြားဖြစ်စက်ဘီး) စီးတာဆိုလို့ ကျွန်တော်ပဲ ရှိတယ်။ ...ကာပစ္စည်း အတော်များများကိုလည်း ဖြုန်းခဲ့ပါတယ်။ လောင်းကစား... ကျွန်တော့်ကို ဒုက္ခပေးခဲ့တာပေါ့။ မိဘလည်း ကျွန်တော်ကြောင့် ...းပျက်ခဲ့တယ်။ ကြီးလာတော့ ဟိုဘက်ရွာက သူကြီးသမီးနဲ့ ကျွန်တော် ညားတယ်။ နောက်တော့ သူလည်း ကျွန်တော့်ဒဏ်မခံနိုင်ဘဲ သူ့အဖေရွာကို ပြန်သွားပါတယ်။ အဲဒီကတည်းက ကျွန်တော် မိန်းမ ယူတော့ဘူး။ အပျော်တွဲတာပဲ ရှိတော့တယ်။

လောင်းကစားနဲ့ အပျော်အပါးများလာတဲ့အခါ ငွေကလည်း လုံ

လောက်တယ်မရှိဘဲ လိုနေတာချည်းပဲ။ အိမ်ကလည်း လိုသလောက်ငွေကို ဆွဲလို့ မရတော့ဘူး။ အဖေနဲ့အမေက ကျွန်တော်အိမ်ပြန်လာရင် သိပ်မကြည်ဖြူတော့ဘူး။ နောက်ဆုံးငွေရတဲ့လမ်းကို လိုက်တာပါပဲ။ လူကလည်း မိုက်ကန်းကန်း၊ အပေါင်းအသင်းကလည်း ကောင်းတာကိုး။ ငွေရတုန်းက ဝယ်ထားတဲ့ လက်နက်ပုန်းရိုင်ဖယ်သေနတ် နှစ်လက်ရှိတယ်။ ကျွန်တော် စိတ်ချရတဲ့တပည့် စံထွန်းကို တစ်လက်ပေးတယ်။ ကျွန်တော်က တစ်လက်ပေါ့။ ဒီလိုနဲ့ ဓားပြစတိုက်ဖြစ်တာပါပဲ။ ဓားပြဆိုတာ နာမည်သာဆိုးတယ်။ ငွေရအလွန်လွယ်တာကိုးဗျ။ ရွာထဲကိုတော့ ကျွန်တော်မတိုက်ဘူး။ တိုက်ရင်ကျွန်တော်ဆိုတာ သိသာလွန်းမယ် ထင်တယ်ဗျ။

ဒါကြောင့် စစ်တောင်းမြစ်ဘေးက ရွာတစ်ရွာကိုသွားပြီး ဓားပြတိုက်ပါတယ်။ အဲဒီရွာမှာ ချမ်းသာတဲ့သူတွေရှိတယ်။ ကုန်စုံဆိုင်ဖွင့်တဲ့အိမ်ကို အရင်တိုက်တာပါ။ အဲဒီမှာ ယောကျ်ားသားဆိုလို့ သူရင်းငှားတစ်ယောက်ပဲ ရှိတယ်။ အပျိုကြီးညီအစ်မရဲ့ ကုန်စုံဆိုင်ကြီးက ရွာမှာဟိန်းနေတာပဲ။ စံထွန်းက လွန်ခဲ့တဲ့ရက်တွေကတည်းက ကုန်စုံဆိုင်ကိုကြည့်ပြီး လေ့လာထားတာ။ ညဘက် ဘယ်နေရာကခြံထဲဝင်ရင် အဆင်ပြေမယ်။ ဘယ်နေရာက အိမ်ကိုဖောက်ရင် အဆင်ပြေမယ်ဆိုတာကြည့်ပြီး ကျွန်တော့်တပည့်တွေနဲ့ အားလုံးပေါင်း ငါးယောက် တစ်ညမှာကုန်စုံဆိုင်ကို ဝင်စီးတော့တာပဲ။ ည (၁၁)နာရီလောက်မှာ စံထွန်းကသံပုံးတစ်ပုံးဆွဲပြီး အရေးပေါ်ရေနံဆီ ဝယ်ချင်ယောင်ဆောင်ပြီး တံခါးဖွင့်ခိုင်းပါတယ်။ အိမ်ရှင်နာမည်ခေါ်ပြီး တံခါးဖွင့်ခိုင်းတော့ ဈေးရောင်းချင်စိတ်ရှိနေတဲ့ အိမ်ရှင်က တံခါးကိုဖွင့်ပြီး စံထွန်းကိုကြည့်တဲ့အခိုက်အပျိုကြီးတစ်ယောက်ရဲ့ လည်ပင်းကို ဓားနဲ့ထောက်ပါတယ်။ စံထွန်းအချက်ပြတာနဲ့ ကျွန်တော်တို့ လေးယောက် အိမ်ထဲအသံမပေးဘဲ ဝင်လိုက်တယ်။ တစ်ယောက်ကိုတော့ ခြံပေါက်နားမှာ စောင့်ခိုင်းခဲ့တယ်။ အိမ်ထဲမှာ ဘယ်သူမှမရှိဘူး။ သူတို့ညီအစ်မ နှစ်ယောက်ပဲရှိတယ်။ အောက်ထပ်က ဈေးခန်းနဲ့ မီးဖိုခန်း၊ အပေါ်မှာက သူတို့ညီမနှစ်ယောက်

နေပြီး ပစ္စည်းတွေလည်း အဲဒီမှာပဲ။ ဒါနဲ့ ညီအစ်မနှစ်ယောက်ကို ကြိုးတုပ်ပြီး ပါးစပ်ပိတ် ဓားမြှောင်နဲ့ ဆွလိုက်တာနဲ့ အနာမခံနိုင်ဘဲ ပစ္စည်းတွေကို ထုတ်ပေးကြတော့တာပဲ။

"ကဲပြောစမ်း ဘယ်မှာလဲ သိမ်းထားတဲ့ရွှေတွေ"

ပါးစပ်ကို အဝတ်စည်းခံထားရတဲ့ အပျိုကြီးနှစ်ယောက်က အသံမထွက်ဘဲ ခေါင်းယမ်းပြကြတယ်။ ဒါနဲ့ ကျွန်တော်လည်း အပျိုကြီးတစ်ယောက်ရဲ့ ပေါင်ကို ဓားမြှောင်နဲ့ စပါးလုံးတစ်ထောက်လောက် ထိုးလိုက်တယ်။ မပြောသေးဘူး။ ခေါင်းယမ်းတုန်းပဲ။ ဒါနဲ့ လက်တစ်ဆစ်လောက်ထိုးထည့်လိုက်တော့ သွေးတွေလည်း ကျလာတယ်။ ဒီတော့မှ ခေါင်းညိတ်တယ်။ စံထွန်းက နောက်တစ်ယောက်ကို ဆေးလိပ်မီးပွားချပြီး စစ်တယ်ဗျာ။ နောက်ဆုံးနှစ်ယောက်စလုံးက ပြောပြကြတယ်။ ဒီလိုနဲ့ နောက်ဖေးထဘီသေတ္တာထဲမှာ လက်တိုဂျင်ဘူးနဲ့ ထည့်ထားတဲ့ နားကပ်တွေ၊ ဆွဲကြိုးတွေ၊ လက်ကောက်တွေကို တွေ့ရတယ်။ ဘူးအပြည့်ပါပဲ။ ငွေတွေကိုတော့ သေတ္တာထဲမှာပဲ ထည့်ထားတယ်။ သုံးသောင်းလောက်ရှိမယ်။ ကျွန်တော်တို့ လိုချင်တာရတော့ နှစ်ယောက်စလုံးကို ပါးစပ်ပိတ် ကြိုးတုပ်ပြီး ည ၂ နာရီလောက်မှာ ထွက်လာခဲ့ကြတာပါပဲ။

ကျွန်တော် ပထမဆုံးစတိုက်တဲ့ ဓားပြအတွေ့အကြုံပေါ့။ လူမိုက်နဲ့ငွေ အတူမနေဆိုတဲ့အတိုင်းပဲ ရတဲ့ငွေကလည်း ဖဲဝိုင်း၊ ဂျင်ဝိုင်းမှာ ဆေးပစ်တာနဲ့ ကုန်တာပါပဲ။ ငွေရှာရတဲ့နည်းကိုလည်း သိလာတော့ နောက်ထပ် ဓားပြမှုတွေကို ဆက်တိုက်လိုလို ကျွန်တော်ကျူးလွန်တော့တာပါပဲ။ ဒါပေမဲ့ ကျွန်တော်က ပေါ်မှာစိုးတဲ့အတွက် တစ်ရွာတည်းကို ထောက်ချမတိုက်တော့ဘူး။ မြစ်ရိုးတစ်လျှောက်က ရွာကြီးတွေ၊ ပိုက်ဆံချမ်းသာသူတွေနေတဲ့ ရွာတွေကိုပဲ လိုက်တိုက်တယ်။ အစပိုင်းက ပစ္စည်းနဲ့ ငွေကိုတိုက်တာလောက်ပဲ ရှိတယ်။ လူသတ်တာမျိုးကို အတတ်နိုင်ဆုံး ရှောင်ပါတယ်။

ဒါပေမဲ့ တစ်ကြိမ်ကတော့ ခေါင်းမာလွန်းတဲ့အိမ်ရှင်မိန်းမတို

ပစ္စည်းဖော်ခိုင်းရင်း လက်လွှန်သွားပြီး သေသွားတယ်။ အဲဒါ လူသတ်မှု စကျူးလွန်မိတာပဲ။ တစ်ခါက ဓားပြတိုက်နေတာကို ရွာကသိသွားပြီး အိမ်ကို ဝိုင်းလာတယ်။ အဲဒီမှာ သေနတ်ကို အသုံးပြုရတာပေါ့။ သူတို့မှာက သူကြီးရဲ့ နှစ်လုံးပြူးလောက်ပဲ ရှိတာ။ ကျွန်တော်တို့ရဲ့ နိုင်ငံခြားရိုင်ဖယ်ကို ဘယ်မီပါ့မလဲ။ ရှေ့ဆုံးက နှစ်လုံးပြူးကိုင်ထားတဲ့ သူကြီးကို အရင်ပစ်ချတယ်။ နောက်ရှေ့ကိုတက်လာတဲ့ ငှက်ကြီးတောင်ဓားနဲ့ လူကို ပစ်လိုက်တယ်။ ဒီတော့မှ ရွာသားတွေ ကြောက်လန့်တကြားနဲ့ ပြေးတော့တယ်။ လက်သွေးစွန်းလာတော့ အသံကုန်အော်နေတဲ့ အိမ်ရှင်ကို ထပ်ပစ်လိုက်ပါတယ်။

ဒီနောက် ကျွန်တော်တို့ နာမည်ကြီးလာတယ်။ ရဲကလည်း ကျွန်တော်မှန်း သိသွားပြီး အဲဒီခေတ်က တောကြောင်တွေ၊ သောင်းကျန်းသူတွေလည်း ရှိတော့ အစိုးရအနေနဲ့ ဒေသကို ငြိမ်ဝပ်ပိပြားအောင် မအုပ်ချုပ်နိုင်သေးဘူး။ နာမည်လည်းကြီးလာ၊ လူလည်းသိလာတော့ မထူးတော့ဘူးဆိုပြီး လက်ရဲဇက်ရဲနဲ့ ကျွန်တော်တို့လည်း လစ်ရင်လစ်သလို တိုက်ကြတော့တာပဲ။ တစ်ခါတစ်ရံမှာ ခိုးဝယ်ထားတဲ့ ယူနီဖောင်းတွေ ဝတ်ပြီး ရဲလိုလိုအယောင်ဆောင် တိုက်ကြတယ်။ ကြာလာတော့ မြစ်ဝကျွန်းပေါ် ဘက်အထိ ကျွန်တော်တို့ ညဘက်သမ္ဗန်နဲ့ သွားပြီးတိုက်တဲ့အထိ ဖြစ်လာတယ်။"

မောင်ဆိုင်တို့အဖွဲ့သည် မြစ်ဝကျွန်းပေါ်၊ ဒေးဒရဲဘက်သို့ တစ်ဦး ၅၀၀ ပါ သမ္ဗန်ကြီးနှင့် ထွက်လာခဲ့ကြပါသည်။ ဒေးဒရဲဘက်ရှိ ရွာ တစ်ရွာသို့ ည ၉ နာရီတွင် ရောက်လာသည်။ ထိုအခါ သူတို့အဖွဲ့သား ၇ ယောက်သည် သမ္ဗန်နှင့်လာစက အရပ်ဝတ်အရပ်သား အဝတ် အစားများကို ချွတ်ပြီး ကာကီရောင်အင်္ကျီ၊ ဘောင်းဘီများကို ဝတ်လိုက် ကြသည်။ ရွာများမှ လုထားသော နှစ်လုံးပြူးသေနတ် နှစ်လက်လည်း ရထားသည်။ ထို့ကြောင့် ရိုင်ဖယ်နှစ်လက်၊ နှစ်လုံးပြူးနှစ်လက်၊ ဓားပြမှု ထံမှ မောင်ဆိုင် ဝယ်ထားသော ခြောက်လုံးပြူးတစ်လက် ခါးထိုး၍ မောင်ဆိုင်တို့အဖွဲ့ ရွာထဲခပ်တည်တည်ဝင်ခဲ့သည်။ သမ္ဗန်သမား

သားခဲ့သည်။ ရွာထဲဝင်သည်နှင့် "သူကြီးအိမ် ဘယ်မှာလဲကွ" ဟုမေးပြီး ညွှန်ဆိုက်သောသူကြီးအိမ် တန်းလာခဲ့ကြသည်။

ကာကီအကျီ၊ ဘောင်းဘီနှင့်ဖြစ်၍ သူတို့ကို မြို့ပိုင်လား၊ ရဲလား မသိ၍ သူတို့ကို မည်သူမှဟန့်တားခြင်း မရှိပါ။ ထိုရွာအကြောင်းကို စံထွန်းက လွှန်ခဲ့သောတစ်ပတ်ကတည်းက စုံစမ်းခဲ့သည်။ သူတို့တိုက် ရမည့် အိမ်သုံးအိမ်ရှိ၏။ တစ်အိမ်က သူကြီးအိမ်၊ နောက်တစ်အိမ်က သူကြီးအိမ်နှင့် မလှမ်းမကမ်းတွင်ရှိသော လယ်အများကြီးပိုင်သည့် လယ်ရှင်တစ်ယောက်၏အိမ်၊ နောက်ဆုံးအိမ်က ငွေတိုးအကြီးအကျယ် စားသော တရုတ်လင်မယား၏အိမ် ဖြစ်ပါသည်။

သူကြီးအိမ်ရောက်သည်နှင့် မောင်ဆိုင်တို့လည်း အိမ်ပေါ်တက် ပြီး သူကြီးကို ဖိဟောက်ပါတော့သည်။ မောင်ဆိုင်က ဘောင်းဘီတို၊ အကျီလက်တို၊ ပခုံးတွင်လည်း ခြောက်လုံးပြူးကို သိုင်းထားသော သားရေကြိုး၊ ဦးထုပ်နှင့်ဖြစ်၍ သူ့ကိုယ်သူ ဖျာပုံမှ ဌာနအုပ်ဟုပြောကာ သူကြီးကို ရွာထဲရှိ လိုင်စင်နှင့်သေနတ်ကိုင်သောအိမ်များအား မေးပါ သည်။ အထက်မှ သေနတ်များကို စစ်ဆေးခိုင်း၍ လာသယောင်ယောင် ပြော၏။ ရွာတွင် လိုင်စင်နှင့် သေနတ်ကိုင်သောအိမ်မရှိဘဲ သူကြီးအိမ် သာ ရှိသည်။ နောက်ဆုံး ရွာသူကြီးဆီမှ နှစ်လုံးပြူးကိုယူ၊ သူကြီးကို ပြန်ကြိုးတုပ်ကာ သူကြီးဆီမှပစ္စည်းများကို ခားပြတိုက်တော့သည်။ နောက် သူကြီးအိမ်တွင် အစောင့်ထားကာ လယ်ပိုင်ရှင်အိမ်ဆီ သွား ပြီး ခားပြတိုက်ပြန်သည်။ ထိုအချိန်ထိ မောင်ဆိုင်တို့မှာ အဆင်ပြေပြေ ပင် ဖြစ်သည်။ နောက်ဆုံးရွာလယ်ရှိ တရုတ်လင်မယားအိမ်ထံ ရောက် သွားတော့သည်။ အိမ်မှာ ပျဉ်းကတိုးတိုင်ကြီးများဖြင့် ခြေတံရှည်အိမ် ကြီးဖြစ်၏။ အောက်တွင် အကာအရံမရှိဘဲ အပေါ်မှာသာ ကာထား၏။ လှေကားမှအဆုံးတွင် တံခါးကို အပေါ်မှနေ ပိတ်ထားသည်။ အိမ်ပေါ် သို့ ရောက်ရန် မလွယ်ကူပေ။ အဖုံးအပိတ် တံခါးဖြစ်၍ အပေါ်မှ ဖွင့်ပေးလျှင် လွယ်လွယ်ကူကူ တက်၍မရနိုင်ပါ။ မောင်ဆိုင်တို့လည်း လှေကားတစ်ချက် မိုးပေါ်ထောင်ပစ်ပြီး တံခါးဖွင့်ပေးရန် မောင်ဆိုင်တို့

က အော်ပြောလေသည်။ အောက်က အတော်ကြာအောင် အော်ပြော နေသော်လည်း အပေါ်က တုတ်တုတ်မျှမလှုပ်ပေ။ နောက်ဆုံးတွင် -

"ကဲ ဖွင့်မလား၊ မဖွင့်ဘူးလား။ မဖွင့်ရင် သေနတ်နဲ့ ပစ်ချရမှာပဲ" ဟု အောက်မှအော်ပြောသော်လည်း အပေါ်မှ လုံးဝမလှုပ်ပေ။ နောက်ဆုံး တံခါးပေါက်ကို ချိန်၍ရိုင်ဖယ်ဖြင့် နှစ်ချက်ပစ်လိုက်ပါတော့ သည်။ ထိုအခါမှသာ အပေါ်မှယောက်ျားသံတစ်သံက -

"မပစ်ပါနဲ့။ မပစ်ပါနဲ့။ တံခါးဖွင့်ပေးပါမယ်" ဟုပြောပြီး တံခါးမှာ ပွင့်သွား၏။ အောက်မှကြည့်သောအခါ အပေါ်တွင် အောက်လင်းဓာတ် မီးကြီးကို ထွန်းထားသည်။ လူကိုကား မမြင်ရပေ။ ထိုအခါ တပည့်တစ် ယောက်ဖြစ်သော မြင့်အောင်က ဓားလွတ်ကိုင်ကာ အပေါ်တက်သွား ၏။ သူ့နောက်မှ မောင်ဆိုင်က လိုက်သွားပါသည်။ မြင့်အောင်သည် အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် "အား"ခနဲ အော်သံ ကြားလိုက်ရပြီး ဘယ်ဘက်နံဘေးတွင် မှိန်းတန်းလန်းဖြင့် နောက်သို့ လန်ကျလာသည်။ လှေကားကို အတင်းဖက်ထား၍သာ အောက်သို့ ပြုတ်မကျသွားခြင်း ဖြစ်၏။ မောင်ဆိုင်တို့လည်း တအံ့တဩဖြစ်သွားပြီး အပေါ်မော့ကြည့် လိုက်သောအခါ ရေများသွန်ချလိုက်သံ ကြားလိုက်ရပြီး အလွန်နံသော ကျင်ငယ်ရည်များ အောက်မှလူများပေါ် ရွှဲရွှဲစိုကုန်တော့သည်။ အပေါ်မှ တရုတ်မမှာ ဆဲဆိုပြီး ကျင်ငယ်ထည့်သော အိုးဖြင့် အောက်မှလူများကို ပစ်ပေါက်လေသည်။ မောင်ဆိုင်မှာ ဒေါသအလွန်ထွက်သွားပြီး တရုတ်မ ကို သေနတ်ဖြင့် ပစ်ချလိုက်တော့သည်။ ဒိုင်းခနဲ အသံဖြင့် တရုတ်မ အိမ်ပေါ်မှ ပြုတ်ကျသွားသည်။ မောင်ဆိုင်တို့မှာ အိမ်ပေါ်တက်ကာ တရုတ်မျက်နှာကို သေနတ်ဖြင့် လွှဲရိုက်ချလိုက်၏။ အိမ်ပေါ်တွင် သူ လင်မယားသာရှိပြီး တခြားသူမရှိပေ။ တရုတ်က ကြောက်လန့်တကြာ ဖြင့် တောင်းပန်နေပြီး မောင်ဆိုင်တို့က ပစ္စည်းများပေးရန် ပြောသော အခါ တရုတ်မှာ ရွှေများ၊ လက်ဝတ်လက်စားများ၊ ငွေများ၊ အပေါင် ထားသော ရွှေများကို ထုတ်ပေးလေသည်။ စံထွန်းက မြင့်အောင် မှ ထိထားသည်ကို မကျေနပ်၍ တရုတ်ကို ငှက်ကြီးတောင်ဓားဖြင့် ပိုင်း

လိုက်တော့သည်။ တရှုတ်မမှာ သေနတ်ပစ်ခံရပြီး သေဆုံးသလို တရှုတ်မှာလည်း ငှက်ကြီးတောင်ဓားဖြင့် အပိုင်းခံရ၍ အသက်ငွေ့ငွေ့သာ ကျန်ရှိတော့သည်။

ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသည့်အတိုင်း မောင်ဆိုင်တို့ဓားပြအဖွဲ့မှာ အစိုးရကလည်း အကြီးအကျယ်လိုက်လံဖမ်းဆီးနေသလို သူပုန်ကလည်း မောင်ဆိုင်တို့ကို ဖမ်းမိလျှင် ဆုငွေပေးမည်ဟုပင် ဆုငွေထုတ်ပြီး ရှာဖွေနေသည်ဟု သတင်းရသည်။ သူတို့လည်း ပြေးမလွတ်တော့ဘဲ နောက်ဆုံး၌အဖမ်းခံရလေသည်။ တစ်နေရာတည်း မနေနိုင်၍ ဘိုရှာဝင်၊ ဒီရှာပုန်းဖြင့် နေရသောကြောင့် တစ်ရက် ရဲအဖွဲ့က တောထဲ၌ သူတို့စခန်းကို သတင်းရကာ ဝိုင်းဖမ်းတော့သည်။ ပြန်လည်ခုခံသောကြောင့် သူတို့ထဲမှ နှစ်ယောက်ကျသွားသည်။ မောင်ဆိုင်မှာမူ သေနတ်ဒဏ်ရာဖြင့် အဖမ်းခံရသည်။ သူတို့အမှုကို ပဲခူးမြို့၌ ဓားပြမှု၊ လူသတ်မှု လက်နက်မှု စသည်အမှုပေါင်းစုံဖြင့် တရားစွဲဆိုခဲ့ရာ ဓားပြဗိုလ်ဖြစ်သော မောင်ဆိုင်သည် ထောင်ဒဏ် ၁၀ နှစ်၊ ၁၅ နှစ်၊ နှစ် ၂၀ စသည်ဖြင့် အမှုပေါင်း ခုနစ်မှုအတွက် ထောင်ဒဏ် ၉၇ နှစ်ကျခံရလေသည်။ အမှုများကို တစ်ပေါင်းတည်းမပေးသောကြောင့် ထောင်ဒဏ် ၉၀ ကျော်ကျခံရခြင်း ဖြစ်သည်။ ထိုအချိန်က တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးမှာလည်း အခြေအနေကောင်းလာသောကြောင့် သူပုန်တို့မှာ အင်အားနည်းလာသည်။ ထိုအခါ တရားဥပဒေစိုးမိုးရေးမှာ နယ်များတွင် တဖြည်းဖြည်းအားကောင်းလာသည်။ တောကြောင်များမှာလည်း အသီးသီးပြစ်ဒဏ်ကျခံရသည်။ ဓားပြ၊ သူခိုးများ လျော့နည်းလာသလို တရားဥပဒေကပြင်းပြင်းထန်ထန် နှိမ်နင်း၍ မောင်ဆိုင်တစ်ယောက် အင်းစိန်ထောင်ထဲတွင် သေသည်အထိနေရမည် ဖြစ်လာသည်။ လွတ်ငြိမ်းချမ်းသာခွင့်များနှင့် ကြုံသော်လည်း မောင်ဆိုင်သည် ထောင်ထဲတွင် နှစ်ပေါင်း ၆၅ နှစ် နေရဦးမည်ဖြစ်သည်။ သူနှင့် ကျွန်တော် တွေ့သည့်အချိန်တွင် သူသည် ထောင်သက် ၁၅ နှစ်ရှိနေပြီး အသက် ၃၀ ကတည်းကထောင်ထဲ ရောက်နေသဖြင့် သူ့အသက်မှာ ၄၅ နှစ် ရှိပြီ ဖြစ်သည်။

မောင်ဆိုင်သည် ထောင်ထဲတွင် မင်းသားတစ်ယောက်လို နေသည်။ ပေါင်ဒါ၊ ရေမွှေးများနှင့် မွှေးပျံ့နေ၏။ သီချင်းလည်း အဆိုကောင်းသည်။ ညဘက်တွင် သူက သီချင်းဆိုလေ့ရှိ၏။ သူ့အကြောင်းကို ကျွန်တော့်အား စိတ်လိုလက်ရ ပြောပြပါသည်။ မိဘများမှာ မရှိတော့။ အစ်မကြီးမှာလည်း ဆုံးသွားပြီဖြစ်ပြီး အစ်မလတ်နှင့်ကလေးများသာ ရှိတော့သည်။ သူနှင့်စဖမ်းခံရကတည်းက အဆက်အသွယ်ပြတ်ခဲ့သဖြင့် ဘယ်ရောက်ဘယ်ပေါက်မှန်းမသိတော့ပေ။ ငယ်ငယ်ကတည်းက ဆိုးသွမ်းပြီး မိဘအဆုံးအမမရှိ၊ ပညာမသင်ခဲ့ရ၊ လူ့ပေါ်ကြော့တစ်ယောက်ဖြစ်ခဲ့သောမောင်ဆိုင်တစ်ယောက် နောင်သံသရာတွင် ဤကဲ့သို့လူဆိုး လူပေါ်ကြော့တစ်ယောက်မဖြစ်ပါစေနှင့်ဟု ဆုတောင်းရပေတော့မည်။

*

# သားကောင်

မြန်မာနိုင်ငံဗြိတိသျှကိုလိုနီအဖြစ်ဖြင့် အုပ်ချုပ်ခံရစဉ်က အစောပိုင်း၌ အိန္ဒိယဘုရင်ခံအောက်တွင် ထားရှိခဲ့သည်။ ကိုကိုးကျွန်းအပါအဝင် အက်ဒမန်ကျွန်းစုခေါ် ကပ္ပလီကျွန်းစုသည် အိန္ဒိယလက်အောက်တွင် ရှိ၏။ ကိုကိုးကျွန်းမှာ ကျွန်းလေးသာဖြစ်ပြီး ကပ္ပလီကျွန်းစုတွင် ကျွန်းလေးများ ပါဝင်သည်။ လူရိုင်းပုလေးများပင် ရှိသည်ဟုဆိုကြ၏။ မြန်မာနိုင်ငံမှ တစ်ကျွန်းကျသူများကို ကပ္ပလီကျွန်းစုရှိ ဖို့ဒ်ဘလဲယားအကျဉ်းဆောင်တွင် ထားလေ့ရှိ၏။ ထို့ကြောင့် ကျွန်းကျသည်ဆိုသည်မှာ ကျွန်းဆောင်တွင် ထားရှိခြင်းဖြစ်၏။ "ကြိုးအပြင် တန်းမရှိပါဘူး"ဟု ကြုံးဝါးလေ့ရှိသော်လည်း ကြိုးအပြင်ကျွန်းရှိသည်ကား အမှန်ပင်။

၁၉၄၇ ခုနှစ်၊ အိန္ဒိယနိုင်ငံ ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရသောအခါတွင် မြန်မာနိုင်ငံနှင့် ပတ်သက်ခဲ့သမျှ နယ်မြေများကို ပြန်လည် စိစစ်ကြရ၏။ ထိုအခါ ကပ္ပလီကျွန်းစုလည်း ပါလာသည်။ ကိုကိုးကျွန်းစုကို မြန်မာနိုင်ငံလက်အောက်တွင်ထားရန် သဘောတူကြ၏။ ကိုကိုးကျွန်းစုတွင် ကိုကိုးကြီး၊ ကိုကိုးလေး၊ စားပွဲကျွန်း၊ မီးပြကျွန်း၊ ချယ်ရီ

ကျွန်း (တချို့က လွယ်ရီဟုလည်း ခေါ်ကြသည်)စသော ကျွန်းများမှာ ကိုကိုးကျွန်းစုတွင် ပါဝင်ပြီး မြန်မာပိုင်ဖြစ်သွားတော့သည်။

စင်စစ် ကိုကိုးကျွန်းသည် ရန်ကုန်မြို့မှ မိုင် ၂၆၀ ခန့် ကွာဝေးပါသည်။ ကပ္ပလီကျွန်းစုနှင့်မူ မိုင် ၅၀ ခန့်သာကွာသည်။ ရန်ကုန်မြို့၏ အနောက်တောင်ဘက် ဘင်္ဂလားပင်လယ်အော်တွင် ရှိသည်။ ထို့ပြင် ကိုကိုးကျွန်းမှာ မုန်တိုင်းထန်လေ့ရှိသော အိန္ဒိယသမုဒ္ဒရာထဲရှိ ကျွန်းတစ်ကျွန်းဖြစ်လေသည်။ နေသာလျှင် အိန္ဒိယပိုင် ကပ္ပလီကျွန်းစုကို မိုင် ၅၀ ခန့်သာကွာဝေးသောကြောင့် လှမ်းမြင်ရ၏။ ယခင် ကျွန်းကျသူများက နာမည်ပေးထားသည့် မိုးပြဒယ်အိုးမှောက်ထားသည်နှင့်တူသော လှမ်းမြင်ရသောကျွန်းကို မာယာဘုံကျွန်းဟု ခေါ်ကြလေသည်။

၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထိုကိုကိုးကျွန်းသို့ နိုင်ငံရေး အကျဉ်းသားအဖြစ် ကျွန်တော်ရောက်ရှိခဲ့ပါသည်။ နိုင်ငံရေးအကျဉ်းသားများကိုသာ ကိုကိုးကျွန်းသို့ ပို့ဆောင်၍ အကျဉ်းထောင်ထဲတွင် ထည့်သွင်းခြင်းမှာ ၁၉၈၅ ခုနှစ်တွင်ဖြစ်ပြီး နောက်တစ်ကြိမ်မှာ ကျွန်တော်တို့ရောက်ရှိခဲ့သော ၁၉၆၉ ခုနှစ်တွင်ဖြစ်သည်။ ထိုကာလက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ရေးဆွဲခြင်းမရှိသေးဘဲ ၁၉၄၈ ခုနှစ် ဥပဒေအတိုင်း အုပ်ချုပ်ခဲ့သဖြင့် ပုဒ်မ ၅ နှင့် နိုင်ငံရေးအကျဉ်းသား ဥပဒေမှာ ရှိနေ၏။ ပုဒ်မ ၅ ဆိုသည်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် ပတ်သက်၍ အစိုးရက ယုံကြည်စိတ်ချခြင်းမရှိသူကို နှစ်အကန့်အသတ်မရှိ ဖမ်းဆီးထိန်းသိမ်းထားခြင်း ဖြစ်သည်။ ရာဇဝတ်မှုကျူးလွန်သော ရာဇဝတ်သားများနှင့် ခွဲခြားထားပြီး အစိုးရကို ဆန့်ကျင်သည့် နိုင်ငံရေး သမားများကိုသာ ပုဒ်မ ၅ ဖြင့် ထိန်းသိမ်းခဲ့ပါသည်။

ကိုကိုးကျွန်းမကြီးမှာ အလျား ခုနစ်မိုင်၊ အနံ နှစ်မိုင်ရှိသည်။ အလယ်တွင်တောင်ကြော ရှိ၏။ အုန်းပင်အများဆုံး ပေါက်၏။ သစ်ပင်၊ သက်န်းနက်ပင်များလည်း ပေါက်သည်။ တောင်နှင့်မြောက်သွယ်တန်းနေသည်။ အလျား တစ်မိုင်ခန့်သာ ရှိပေလိမ့်မည်။ ထိုကျွန်းမှာလည်း တောင်နှင့်မြောက်သွယ်တန်းပြီး ကိုကိုးကြီးနှင့် မိုင်ဝက်ခန့်

ဘွာလိမ့်မည် ထင်ပါသည်။

ရန်ကုန်နှင့်ဝေးကွာလွန်းသဖြင့် အဆက်အသွယ်မှာ သင်္ဘော
ပိုင်းတစ်ခုသာ ရှိ၏။ အရေးကြီးလျှင် လေယာဉ်ဆင်းသက်နိုင်ရန်
နေရာထားရှိသည်။ မိုးတွင်းဆိုလျှင် မုန်တိုင်းကြောင့် သင်္ဘောသွားလာ
ခြင်း မရှိတော့ပေ။

အိန္ဒိယသမုဒ္ဒရာအတွင်းရှိသောကြောင့် မုန်တိုင်းများ တိုက်ခတ်
လေ့ရှိသော်လည်း ကြီးကြီးမားမားမုန်တိုင်းမျိုး မကြုံတွေ့ခဲ့ရပါ။

ကျွန်တော်ကြုံရသည်မှာ တစ်နာရီမိုင်ခုနစ်ဆယ် လောက် တိုက်
ခတ်သော မုန်တိုင်းဖြစ်၏။ နာဂစ်ထက် နှစ်ပေါင်း ၃၈ နှစ်စောသော
ထိုမုန်တိုင်းကို ကျွန်တော်ကြုံခဲ့၏။

ထိုနေ့နံနက်က ရာသီဥတုအတော်ကောင်းပါသည်။ နေ့လယ်
အထိ ကြည်ကြည်လင်လင်ပင်ဖြစ်၏။ အဆောင်ထဲရှိ အခန်းထဲတွင်
ကျွန်တော်လှဲနေ၏။ မနေ့က ဘော်လီဘောကစားရင်း ခြေချင်းဝတ်နာ
သွားသဖြင့် လမ်းကောင်းကောင်း မလျှောက်နိုင်ပေ။

"ဟေ့လူ . . . လိုက်မလား။ ကျောက်ခမောက်သွားခွာရအောင်၊
ဘော်ဂလင်ဘက်ကိုသွားမယ်လေ"

ကိုထွန်းရှိန်က သူ့လက်ထဲတွင် ကျောက်ခမောက်နှင့် ကျောက်ပိုး
ခွာသည့် သံချိတ်တစ်ချောင်းကို ကိုင်ထား၏။ သူသည် မန္တလေးမှ
ဖြစ်၏။

၁၉၆၃ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ကတည်းက ကိုကိုး
ကျွန်းကို ပါလာသူ ဖြစ်၏။ ကိုကိုးကျွန်းပါလာသော နိုင်ငံရေးအကျဉ်း
သား ၂၃၃ ယောက်တွင် သူလည်း အပါအဝင်ဖြစ်ကာ ကိုယ့်ဖိုနှင့်
ကိုယ်ခဲ့စားရာ၌ သူလည်း ကျွန်တော်တို့ဖိုတွင် ဖြစ်ပေသည်။

"မနေ့က ဘော်လီဘောကစားရင်း အကျမတော်တော့ ခြေချင်း
ဝတ် မထောက်နိုင်တော့ဘူးဗျ။ ဒါကြောင့် ကျွန်တော် အလုပ်လည်း
နားရတယ်။ မလိုက်နိုင်တော့ဘူးဗျ။ တစ်ယောက်ယောက်ကို ခေါ်
သွားပါ"

"ဒီလိုဆို . . . ကိုတူးပဲ ခေါ်သွားတော့မယ်" ဟု ပြောပြီး အဆောင်ထဲမှ ကိုထွန်းရှိန်ထွက်သွားတော့သည်။ ကိုထွန်းရှိန်သွားသည်နှင့် ကျွန်တော် စာထိုင်ဖတ်နေသည်။ နေ့လယ်နှစ်နာရီခွဲလောက် ရှိမည်။ သုံးနာရီလောက်တွင် ရာသီဥတုမှာ ပြောင်းလာသည်။ လေတိုးသံများ တရှဲရှဲမြည်နေသံ ကြားနေရပြီး ကောင်းကင်မှာလည်း မှောင်မည်းနေ၏။ ထိုစဉ် အဆောင်ရှေ့မှ အော်ဟစ်သံများ ကြားလိုက်ရပါသည်။

"ကိုထွန်းရှိန် ပင်လယ်ထဲ ကျသွားတယ်။ အဆောင်ထဲကလူတွေ အားလုံး လိုက်ခဲ့ကြပါ။ ဝါးလုံးတွေ၊ ကြိုးခွေတွေရှိရင်လည်း ယူခဲ့ကြပါ" ဟု အော်ပြောသံများကိုလည်း ကြားလိုက်ရပါသည်။

ကိုကိုးကျွန်းအကျဉ်းထောင်ကို ကျွန်းတောင်ဘက် အရှေ့ခြမ်းတွင် ဆောက်ထားပါသည်။ အရှေ့ဘက်ပင်လယ်ကြီးမှလွဲ၍ ဘေးဘက်တွင် တောင်များရှိသည်။ တောင်ကြားလေကွယ်အရပ်ဖြစ်၍ မုန်တိုင်းဒဏ်ကို ခံနိုင်လေသည်။

အရှေ့ဘက်ကမ်းစပ်နှင့် မလှမ်းမကမ်းတွင် ဂရိဆန်တင်သင်္ဘောကြီးရှိ၏။ ထိုဂရိဆန်တင်သင်္ဘောကြီးမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံမှ ဆန်များကို ဝယ်ယူတင်ဆောင်ပြီး ကိုကိုးကျွန်းမှ ဖြတ်သွားစဉ် ကျောက်ဆောင်နှင့်တိုက်မိပြီး ပျက်သွားခြင်း ဖြစ်ပါသည်။ သင်္ဘောပေါ်တွင် ဆန်အပြည့်ရှိ၏။

ဆန်များကို ပိုင်ရှင်ကလည်းလာမယူ။ အစိုးရကလည်း လာမယူသဖြင့် ဆန်များမှာ မိုးနှင့်ထိပြီး ပုပ်ကုန်ပါသည်။ ကျွန်တော်တို့နေရာသို့ ထိုဆန်ပုပ်နံ့များ ရောက်လာတတ်သည်။ လေကြောင်းကျ၍ အနံ့ရလျှင် မခံနိုင်အောင် ရှိ၏။ သင်္ဘောမှာ ပွဲပိုင်းထောင်ပြီးနစ်နေကာ ကျွန်တော်တို့က အိုနာဆစ်သင်္ဘောပျက်ကြီးဟု ခေါ်ပါသည်။

ထိုသင်္ဘောကို အိုနာဆစ်ပိုင် မပိုင်ကား မသိရသော်လည်း ဂရိ သူဌေးကြီး အိုနာဆစ်မှာ ကုန်တင်သင်္ဘောအများအပြားကို ပိုင်ဆိုင် သဖြင့် ထိုသင်္ဘောကို အိုနာဆစ်သင်္ဘောဟု ခေါ်လိုက်ခြင်း ဖြစ်ပါသည်။

ကိုကိုးကျွန်း အကျဉ်းထောင်မှာ ထောင်ဟုခေါ်သော်လည်း

တခြားအကျဉ်းထောင်များကဲ့သို့ အုတ်တံတိုင်းကြီးများ ကာထားခြင်း မရှိပေ။ ကျွန်တော်တို့တွေ့နေကျထောင်မှာ အုတ်ရိုးထူထူထဲထဲ အမြင့်ကြီးခတ်ထားသည်။

အင်းစိန်ထောင်ဆိုလျှင် အတွင်း၌ အပြင်အုတ်ရိုးထက် တစ်ပေနှစ်ပေခန့်နိမ့်သော အုတ်ရိုးတစ်ထပ်ကာထား၏။ ထောင်၏ထောင့်တိုင်းတွင် ဘူးများဆောက်ထား၏။

ဘူးပေါ်တွင် လက်နက်ကိုင်ထောင်အစောင့်များက စောင့်နေ၏။ အလွန်ကြီးသော မီးဆလိုက်များရှိ၏။ အဝင်ဝတွင် ထောင်ဘူးကြီးရှိပြီး ထိုပေါ်တွင်လည်း လက်နက်ကိုင်အစောင့်များ ရှိပါသည်။

ကိုကိုးကျွန်းထောင်မှာမူ ထိုသို့မဟုတ်ပေ။ စစ်တပ်ဘားတိုက်များအတိုင်း ဆောက်ထား၏။ သမံတလင်းခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ အတွင်း၌ အိပ်စင်အရှည်ကြီးများ ခင်းထားသော ဘားတိုက်ဖြစ်ပါသည်။ အရှေ့၊ အနောက်ခြောက်လုံးစီ တန်းစီဆောက်ထား၏။ ထိုအဆောက်အအုံများကို အဆောင်ဟုခေါ်ပြီး အဆောင်အားလုံး ၁၂ လုံးဖြစ်သည်။

အရှေ့ဘက်ထိပ်၌ မီးဖိုဆောင်နှင့် ထမင်းစားဆောင် ရှိ၏။ ဆောင်နှင့်မြောက်တွင် မီးဖိုကြီးတစ်လုံးစီ ထားပါသည်။ ထမင်းစားအဆောင်မှနေ၍ မှန်ပြတင်းပေါက်များ ဖွင့်ကြည့်လိုက်လျှင် အလွန်လှပသော အရှေ့ဘက်ပင်လယ်ကြီးကို တစ်မျှော်တစ်ခေါ် မြင်ရလေသည်။

အဆောင်ခြောက်ဆောင်နှင့် ထမင်းစားဆောင်၊ ဖိုများပါဝင်သော ဝင်းကြီးကို သံဆူးကြိုးနှစ်ထပ်ကာထားပြီး ထောင့်လေးဖက်လေးတန်တွင် ထောင်ကြပ်များ စောင့်နေသော ကင်းမျှော်စင်ဘူးလေးများ ရှိသည်။

အနောက်ဘက်ထောင်နံရံပေါ်တွင် တစ်ထောင်လုံးကို အပေါ်မှ စီးမြင်ရပြီး မီးမောင်းကြီးများရှိသော ထောင်ဘူးကြီးများ ရှိပါသည်။ သံဆူးကြိုးများ၊ မီးဆလိုက်များ၊ ဘူးများမရှိလျှင် အကျဉ်းထောင်ဟု မပြောနိုင်ပေ။

ကျွန်တော်တို့ကို ဖမ်းထားချိန်၊ ကိုကိုးကျွန်းထောင်သို့ ပို့ချိန်မှာ

၁၉၆၉ ခုနှစ်ဖြစ်၍ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ မပြဋ္ဌာန်းသေးပါ။

ထို့ကြောင့် နိုင်ငံရေးအကျဉ်းသားနှင့် ပုဒ်မ ၅ ဆိုသည့် နိုင်ငံရေး ပုဒ်မ ရှိနေသောကြောင့် ကျွန်တော်တို့ ၂၃၃ ယောက်မှာ နိုင်ငံရေး အကျဉ်းသားပုဒ်မ ၅ များအဖြစ် ကိုကိုးကျွန်းသို့ ရောက်ရှိနေခြင်း ဖြစ်ပေသည်။

ယခု ကိုထွန်းရှိန် ပင်လယ်ထဲကျသွားသောနေရာ ဂလုံဂလင် ဆိုသည့် ကျောက်ဆောင်ကြီးမှာ ကျွန်း၏အနောက်ဘက်ခြမ်းတွင် ရှိသည်။ အနောက်ဘက်ခြမ်း၊ အင်္ဂလိပ်ခေတ်က စစ်တပ်ခံကတုတ်ထား ရှိသည့် ဘန်ကာတောင်၏မြောက်ဘက်အတော်လှမ်းလှမ်းတွင် ရှိသည်၊ တောထဲမှ ဖြတ်သွားရပြီး ကမ်းနှင့်ဆက်နေသော ကျောက်ဆောင်ကြီး ဖြစ်ပါသည်။

ထိုကျောက်ဆောင်မှာ သာမန်အချိန်တွင် ပင်လယ်ရေမျက်နှာ ပြင်မှ ပေနှစ်ဆယ်ကျော် အစိတ်ခန့်မြင့်သည်။ ကုလားထိုင်တစ်လုံး၏ ထိုင်ခုံနှင့်နောက်မှီလို ကျောက်ပြင်ကြီးတည်ရှိ၏။ လှိုင်းရိုက်လျှင် ရေ တက်လျှင် ကျောက်ဆောင်ကို ရေလွှမ်းသွားပါသည်။

နောက်ခံ ကျောက်ဆောင်ဘေး၏ အထက်ဘက်တွင် ကျွန်း၏ မြေပြင်ရှိပြီး ရေကျချိန်တွင် ကျောက်ဆောင်ပေါ်သို့ အလွယ်တကူ ဆင်း တက်လို့ ရပါသည်။ ကျောက်ဆောင်အောက်တွင် အခေါင်းပေါက်ကြီး ဖြစ်နေသောကြောင့် ပင်လယ်ရေက ရိုက်လိုက်သည့်အခါ ကျောက် ခေါင်းပေါက်ထဲ ရေဝင်လျှင် 'ဂလုံ'ဟုမြည်သွားပြီး ရေပြန်ထွက်သွား သောအခါ 'ဂလင်'ဟု မြည်လေ့ရှိသောကြောင့် ကျွန်တော်တို့က 'ဂလုံ ဂလင်'ဟု နာမည်ပေးထားခြင်း ဖြစ်ပါသည်။

ထိုကျောက်ဆောင်ကြီး၏ ထိုင်ခုံလို မျက်နှာပြင်တွင် ကျောက် ခမောက်များ ကပ်နေလေ့ရှိ၏။ အရွယ်အစားမှာ တညင်းသီးအရွယ်မှ ပေါင်မုန့်အရွယ်အထိရှိပြီး ခမောက်နှင့်အလွန်တူသောကြောင့် ကျောက် ခမောက်ဟု ခေါ်ကြခြင်း ဖြစ်သည်။

ထိုခရုလေးများမှာ ပင်လယ်ရေနှင့်အတူ ပါလာပြီး ရေကျသည့်

အခါ စားစရာဟင်းအမယ်အဖြစ် ကျွန်တော်တို့က ခွာယူလေ့ရှိကြ၏။ လုံဂလင်၏ နောက်မှီကျောက်ဆောင်နံရံကြီးတွင်လည်း ကျောက်ပိုးများမှာ ကြက်သီးထစရာ ကောင်းလောက်အောင် တွယ်ကပ်နေလေသည်။ သူတို့လည်း ပင်လယ်ရေလှိုင်းနှင့်အတူ ပါလာခြင်းဖြစ်၏။

ရခိုင်ရဲဘော်များက ကျောက်ပိုးခေါ်၍ ကျွန်တော်တို့ကလည်း လိုက်ခေါ်ခြင်းဖြစ်ပါသည်။ ကျောက်ပိုးမှာ လက်သီးဆုပ်လောက် အခွံမှာ အခုံးကြီးဖြစ်ပြီး ထိုပေါ်တွင် အမွေးအမှင်များ ပေါက်နေ၏။ လက်ခုံမှောက်ထားသလို ရှည်ရှည်အကောင်ဖြစ်၏။ အသားမှာ ကမာကောင်လို ဖြစ်သော်လည်း ကျောက်ပိုးအသေးမှာ အလွန်မာလေသည်။ ကြာကြာမီးဖုတ်ပြီးမှ စားနိုင်လေသည်။

ကိုကိုးကျွန်းအကျဉ်းထောင်မှာ အစားအသောက် အလွန်ကျပ်တည်းပါသည်။ ဆန်များကိုကား အကျဉ်းသားများမပို့ခင် နှစ်အတန်ကြာကပင် ကျွန်းသို့ဆန်များပို့ထား၍ ပြဿနာသိပ်မရှိပါ။ မိုးတွင်းတွင် သင်္ဘောမလာနိုင်၍ ရိက္ခာပြတ်လေ့ရှိ၏။ နေ့စဉ်အသားစိုကျွေးရမည်ဖြစ်သော်လည်း မွေးမြူရေးနှင့် တိရစ္ဆာန်များ အသက်ရှင်ရန် အခက်အခဲရှိသော်လည်း ပါကင်အသားဘူးများကိုသာ ကျွေးလေသည်။

ပါကင်ဘူးသည် ဝက်၊ အမဲ၊ အသီး စသည်တို့ကို ထုတ်လုပ်သော်လည်း အများစုမှာ အမဲဘူးဖြစ်သည်။ ကျွန်တော်တို့အားလုံး အမြဲလိုလို အမဲဘူးစားရပါသည်။

ကြာလာသောအခါ စည်သွတ်ဘူးအနံ့ကို မခံနိုင်လောက်အောင် ငြီးငွေ့လာသည်။ ဆန်များမှာ ကြာလာသောကြောင့် အောက်စော်နံလာသည်။ လတ်ဆတ်သော အသီးအနှံနှင့် အသားစားဖို့မှာ အလွန်ခက်ခဲပါသည်။

ရာသီဥတုကောင်း၍ သင်္ဘောပတ်ကြဲလျှင် သင်္ဘောနှင့်ပါလာသော ဝက်၊ ဆိတ်များကို သတ်ပြီးကျွေးလျှင် အသားကို စားရတတ်၏။

ရွှေဖရုံသီး၊ ကျောက်ဖရုံသီးစသော ကြာရှည်ခံသည့် အသီးများကို ပေးတတ်သည်။ ပုံမှန်မှာမူ ပါကင်အသီးဘူးများသာ ဖြစ်သည်။

ကုလားပဲနှင့် စိမ်းစားငါးပိများကိုမူ ရိက္ခာမပြတ်အောင် လှောင်ထား သဖြင့် ပုံမှန်စားရတတ်ပါသည်။

သတင်းစာများကိုမူ သဘော်သုံးလတစ်ခါလာလျှင် သုံးလစာ ဖတ်ရ၏။ ဆေးပေါ့လိပ်များလည်း ပေးလေ့ရှိသည်။

ထို့ကြောင့် အစားအသောက်မှာ အလွန်ပင်ဆိုးရွားပါသည်။ ဆန် နှင့် ပဲကိုကား အလုံအလောက် သိုလှောင်ထားသောကြောင့် ပြတ်သွား သည်ဟူ၍ မရှိပါ။

ကျွန်တော်တို့ကဲ့သို့ပင် ကျွန်းတွင်နေရသော ရဲများနှင့် စစ်သား မိသားစုများမှာလည်း သဘော်မလာနိုင်လျှင် အစားအသောက် ဒုက္ခ ရောက်တတ်လေသည်။

ထို့ကြောင့် အသားစိုရရေးအတွက် အကျဉ်းသားများသည် ပင် လယ်မှ အကောင်များကို ရှာဖွေစားသောက်ခြင်း ဖြစ်လေသည်။ ပင် လယ်ရေကျသွားလျှင် တင်ကျန်ခဲ့သော ပင်လယ်ထဲမှ ခရု၊ ကမာ၊ ကျောက် ပုစွန်၊ ရေဘဝဲ၊ ငါးအသေးလေးများကို ဖမ်းယူစားသောက်ရသလို ရေငုပ် နိုင်သော ရခိုင်ရဲဘော်များက ကျောက်ဆောင်အောက် ငုပ်၍ မျက်နှာ ပိတ်ခရုကြီးများကို ဖမ်းယူစားသောက်နိုင်လေသည်။ ရေမကျွမ်းကျင် သော ကိုထွန်းရှိန်လို ကျွန်တော်တို့လို လူများကတော့ ဂလုံဂလင်မှ ကျောက်ခမောက်၊ ကျောက်ပိုးများကို သွားရောက်ခွာယူလေ့ ရှိပါသည်။

ထိုနေ့က ကိုထွန်းရှိန်နှင့် ကိုတူးသည် ပလိုင်းကိုယ်စီဖြင့် ဂလုံ ဂလင်သို့ ရောက်သွားသည်။

ကျောက်နံရံတွင်ကပ်နေသော ကျောက်ပိုးနှင့် ကျောက်ခမောက် များကို အလုအယက်ခွာနေကြသည်။ ညနေ ၃ နာရီတွင် မိုးညို့လာ သည်ကို တွေ့လိုက်ကြရ၏။

အနောက်တောင်ဘက်မှ မိုးရိပ်ကို တွေ့လိုက်သည့်အချိန်တွင် လှိုင်းကြက်ခွပ်များသာရှိသော ပင်လယ်ပြင်တွင် လှိုင်းလုံးများ ဖြစ်လာ သည်ကို ကိုတူးသတိထားမိ၏။

"ဦးထွန်းရှိန် မြန်မြန်ခွာပေတော့ မိုးညို့လာပြီ။ လှိုင်းရိုက်တော့

မယ်"ဟု ပြောပြီး သူက ကျောက်နံရံရှိ ကျောက်ခမောက်ကို ခွာနေချိန်တွင် ဦးထွန်းရှိန်က ကျောက်အပြင်မှ ကျောက်ခမောက်များကို အားရပါးရ ခွာနေလေသည်။

ထိုအချိန်တွင် လှိုင်းလုံးကြီးများမှာ ကြီးလာ၏။ ပင်လယ်ပြင်အထက် ပေသုံးဆယ်လောက်မြင့်သော ကျောက်နံရံကိုပင် လှိုင်းလုံးများရိုက်လာသည်။

ထိုစဉ် အဝေးမှလှိုင်းလုံးကြီးတစ်လုံးကို ကိုတူးက လှမ်းမြင်လိုက်ပြီး "ဦးထွန်းရှိန် သတိထား ကျောက်ခွက်တွေကို လက်နဲ့ကုပ်ထား၊ လက်နဲ့ ကုပ်ထား၊ လှိုင်းရိုက်လာပြီ" ဟုပြောရင်း သူကလည်း ကျောက်နံရံရှိကျောက်ခွက်ထဲသို့ လက်ချောင်းလေးများထည့်ရင်း ကိုယ်လုံးနှင့်ကပ်ထားလိုက်၏။

လှိုင်းလုံးကြီး ကိုတူးပေါ်မှ ကျောက်နံရံကြီးပေါ်ကျော်၍ ရိုက်သွားသည်။ လှိုင်းပြန်ဆင်းသည်နှင့် သူ နောက်ပြန်လှည့်ကြည့်လိုက်သောအခါ ကိုထွန်းရှိန်သည် လှိုင်းလုံးနှင့်အတူ ပင်လယ်ထဲပါသွားလေတော့သည်။

လှိုင်းလုံးကျသည်နှင့် ကျောက်ဆောင်ပေါ်မှနေ မြေပြင်ပေါ် ပြေးတက်သွားသော ကိုတူးသည် ရေပြင်တွင် ပလိုင်းလေးကိုလွယ်ပြီး ကိုယ်ဖော့နေသော ကိုထွန်းရှိန်ကို တွေ့ရသည်။

ကိုထွန်းရှိန်က အော်၍ "အဆောင်ကိုပြန်ပြော။ ငါအတတ်နိုင်ဆုံး ကိုယ်ဖော့နေမယ်"ဟု ပြောသံကို နောက်ဆုံးကြားလိုက်ရ၏။ ထိုအချိန်တွင် လေလည်း ပြင်းလာသည်။ မုန်တိုင်းလည်း ပြင်းလာသည်။

ကျွန်တော်တို့နေသော အဆောင်နှင့် ဦးထွန်းရှိန်ကျသွားသော ပင်လယ်ကလင်ကျောက်ဆောင်တို့မှာ ကွာပါသည်။ နှစ်မိုင်ခန့်ဝေးလိမ့်မည်ထင်ပါသည်။ ကိုတူးကလည်း အုန်းတောများကို အပြေးဖြတ်ကာ အဆောင်သို့ ရောက်သည်နှင့် . . .

"ဦးထွန်းရှိန် ပင်လယ်ထဲကျသွားပြီ။ အခု ကိုယ်ဖော့ပြီး ရေကူးနေတယ်။ လိုက်ကယ်ကြပါ"ဟု တစ်ဆောင်ပြီးတစ်ဆောင် လိုက်ပြော

သည်။ ထိုအချိန်တွင် မုန်တိုင်းမှာ တိုက်ခတ်နေပေပြီ။ ကျွန်တော်လည်း တုတ်ကောက်တစ်ချောင်းကိုဆွဲပြီး ထော့နင်းထော့နင်းဖြင့် ပြေးထွက်လာခဲ့သည်။

ဇောဖြင့် ထိုနေရာသို့ ရောက်ခဲ့ပါသည်။ အားလုံးပင်လယ်ထဲကို ကြည့်နေသော်လည်း ဦးထွန်းရှိန်ကို မမြင်ရတော့ပေ။ အလွန်ကြီးမားသော လှိုင်းလုံးကြီးများကိုသာ တွေ့ရ၏။ ထိုလှိုင်းလုံးကြီးများက ဦးထွန်းရှိန်ကို ပင်လယ်ထဲ ဆွဲခေါ်သွားခဲ့လေပြီ။

လေပြင်းလာသဖြင့် အားလုံးအဆောင်ဆီ ပြန်လာကြ၏။ တချို့က ထောင်အာဏာပိုင်များဆီ သွားရောက်အကြောင်းကြားကြသည်။ အပြန်လမ်းတွင် ကျွန်တော် ကောင်းကောင်းမလျှောက်နိုင်တော့ပါ။

ကျွမ်းကျင်သူများက တစ်နာရီမိုင် ၇၀ ခန့်ရှိသော မုန်တိုင်းဟု ဆိုကြ၏။ လေအလွန်ပြင်းသောအခါ အောက်တွင်ဝပ်ချလိုက်ပြီး လေအားပျော့သွားမှ ဆက်လျှောက်ခဲ့သည်။ အုန်းရွက်၊ အုန်းလက်များမှာ လေ၏တိုက်ခတ်မှုကြောင့် မီးဖြင့် မြိုက်ထားသလို မည်းနက်နေပါတော့သည်။ ဦးထွန်းရှိန်မှာ မန္တလေးမှဖြစ်ပြီး ကိုကိုးကျွန်းတွင် ကိုယ့်ကိုယ်ထစနစ်နှင့် ထောင်ဝင်စာမရှိခြင်း၊ လုံလောက်သော ရိက္ခာမရခြင်းတို့ကြောင့် ယခုကဲ့သို့ ပင်လယ်ထဲကျသွားခြင်း ဖြစ်ပါသည်။ ထောင်ထဲတွင် ခုနစ်နှစ်ခန့်နေရချိန်တွင် အိမ်ပြန်မရောက်တော့ဘဲ ကိုကိုးကျွန်း၌ အသက်ဆုံးရှုံးခဲ့ခြင်း ဖြစ်လေသည်။

မုန်တိုင်းတိုက်၍ ပင်လယ်ထဲကျသွားသော ဦးထွန်းရှိန်ကို ကျွန်တော်တို့နှင့် ခုနစ်မိုင်အကွာတွင် ရှိသော တပ်မတော်ရေတပ်စခန်းမှ စပိဘုတ်များဖြင့် လိုက်ရှာပေးကြသည်။ အကျဉ်းဌာနကလည်း ကမ်းစပ်တွင် လိုက်ရှာကြသည်။ ရေတပ်ကလည်း နေ့စဉ်လိုလို ကျွန်းကိုပတ်၍ အလောင်းကိုရှာပေးကြ၏။ ကိုကိုးလေးကျွန်းအထိ ရှာပေးသော်လည်း စုပ်စ၊ မြုပ်စပျောက်သွားလေသည်။ အလွန်ကြေကွဲစရာကောင်းသော ကိုထွန်းရှိန်အဖြစ်ကိုတွေးရင်း ကျွန်တော်တို့မျက်ရည်ကျရပါသည်။

မိဝေး၊ ဖဝေးဖြင့် ပင်လယ်ထဲမှ ကျွန်းထဲတွင် အသက်ပေး၍

သော ကိုထွန်းရှိန်ကို မမေ့ကြပေ။ သူသေဆုံးသော ဂလုံဂလင်ကျွန်းနားတွင် ပျဉ်းကတိုးတုံးကြီးကို အထိမ်းအမှတ်ကျောက်တိုင် ပြုလုပ်ခဲ့ကြလေသည်။ ဤသို့ဖြင့် မုန်တိုင်းလည်း တဖြည်းဖြည်းငြိမ်သွားတော့သည်။ နောက်ဆယ်ရက်ခန့်အကြာတွင် မုန်တိုင်းလုံးဝမရှိတော့ပေ။

မုန်တိုင်းဖြင့်ပါသွားသောပစ္စည်းများ ပင်လယ်ထဲမှဖော့များ၊ ပလတ်စတစ်ဘူးများ စသည့် ပစ္စည်းများသည် ကမ်းစပ်ပေါ်သို့ လှိုင်းကသယ်ယူပို့ကြသည်။ တစ်နေ့၌ အနောက်ဘက်ကမ်း သောင်ပြင်ပေါ်တွင် တင်နေသော ပလိုင်းလေးတစ်လုံးကို ထင်းခွေထွက်သည့် ရဲဘော်များက တွေ့လိုက်ရာ အမောတကော ကောက်ယူလာခဲ့သည်။

ကျွန်တော်သွားကြည့်သည့်အခါတွင်လည်း ထိုပလိုင်းလေးကို မှတ်မိနေပါသည်။ ကျွန်တော့်ကိုလာခေါ်စဉ်က ကိုထွန်းရှိန် လွယ်လာသော ပလိုင်းလေးမှန်း ကောင်းကောင်းမှတ်မိနေ၏။ ဦးထွန်းရှိန်သည် ပင်လယ်ထဲမျောပါသွားပြီး သူ့ကိုယ်စား ပလိုင်းလေးကို ကျွန်တော်တို့ထံ ပို့လိုက်လေသလားဟု ကျွန်တော်တို့ဝမ်းနည်းစွာဖြင့် မှတ်ယူနေပါတော့သည်။

Real Life Real Story
Vol: 6, 2011

*

## လူနှစ်မျိုးနှစ်စား

"ရေနစ်တဲ့သူ ကောက်ရိုးတစ်မျှင်ကိုတောင် အားကိုးတယ်" ဆိုတာ အမှန်ပါပဲ။ အသက်အန္တရာယ်တွေ့နေတဲ့အချိန် ဒုက္ခအကြီးအကျယ် ရောက်နေတဲ့အချိန်တွေမှာ ဘယ်သူ့ကိုမဆို အကူအညီတောင်းကြသလို ရမိရရာ အထောက်အကူကို ယူလေ့ရှိကြပါတယ်။ ညဘက်ကြီး သချိုင်း ထဲ ဖြတ်သွားကြတဲ့သူတွေဟာ ဘုရားစာကို ရသလောက်ရွတ်ပြီး မကောင်းဆိုးဝါး အန္တရာယ်ကလွတ်ကင်းမယ်လို့ ယုံကြည်ကြပါတယ်။ ဒါကြောင့် ထောင်ထဲရောက်လာပြီဆိုရင် လူအတော်များများဟာ တတ် သရွေ့ မှတ်သရွေ့ ဘုရားစာတွေကို ရွတ်ဖတ်ပြီး ထောင်က အမြန်ဆုံး လွတ်ဖို့ ဘုရားထံ ဆုတောင်းလေ့ရှိတာကို တွေ့ရတယ်။

လူ့ဘဝမှာ စိတ်ကူးယဉ်ဖြစ်ရပ်တွေထက် တကယ့်လက်တွေ့ဖြစ် ရပ်တွေက ပိုပြီး ထူးခြား၊ ပိုပြီး အံ့သြစရာကောင်းတာတွေကို တွေ့ ကြုံရတတ်ပါတယ်။ စိတ်ကူးယဉ်တယ်ဆိုတာကလည်း လက်တွေ့ဖြစ် ရပ်တွေကနေ ဖြစ်ချင်တာတွေကို စိတ်ကူးပုံဖော်ကြည့်တာပဲ မဟုတ်ပါ လား။ ထောင်ထဲမှာ အံ့သြစရာကောင်းတဲ့ လူနှစ်မျိုးနှစ်စား

ကျွန်တော်တွေ့ခဲ့ရတယ်။ ဒါဟာ ဖြစ်ပျက်နေတဲ့ တကယ့်လက်တွေ့ဘဝပါ။

တစ်မျိုးကိုတော့ တိုက်ခန်းတွေထဲ ကျွန်တော်နေရစဉ်က ကြုံတွေ့ခဲ့တဲ့ လူတစ်မျိုးပါ။ ကျွန်တော့်ကိုထားတဲ့ တိုက်ခန်းက သာမန်တိုက်ခန်းတွေထက်ကျယ်တဲ့ အခန်း ဖြစ်ပါတယ်။ ၁၅ ပေ၊ ပေ ၂၀ လောက်ရှိလိမ့်မယ်ထင်တယ်။ အိမ်သာသီးသန့်ရှိတယ်။ ရေချိုးခန်းရှိတယ်။ ရေချိုးခန်းက ဘုံပိုင်သီးသန့်ဖွင့်ချိုးလို့ရတယ်။ အိမ်သာကလည်း ရေလောင်းအိမ်သာပါပဲ။ ရှေ့မှာသံတံခါးတစ်ခု၊ လှေကားတစ်ထပ်ဆင်းရင် သစ်သားတံခါးရှိတယ်။ သစ်သားတံခါးဖွင့်ထားရင် အပြင်ကိုမြင်ရပါတယ်။ ကျွန်တော်တို့အခန်းထဲမှာ လူ ခြောက်ယောက်ထားတော့ ငြီးငွေ့စရာ မကောင်းတော့ဘူး။ စကားပြောဖော်လည်း ရ၊ နေမကောင်းရင် အချင်းချင်း ဖေးမကူညီလို့လည်း ရပါတယ်။

တစ်နေ့ညနေ ၃ နာရီလောက်မှာ အာဏာပိုင်တွေက လူနှစ်ယောက်ကိုခေါ်လာတာ တွေ့ရပါတယ်။ တိုက်ပုံအင်္ကျီနဲ့ အသက် ၆၀ နီးပါး။ သန့်သန့်ပြန့်ပြန့် ပုဂ္ဂိုလ်နှစ်ယောက်ဟာ ဥပမိရုပ်တွေက ဦးသွားကြပါတယ်။ တစ်ယောက်ကတော့ ဝဝနဲ့ပါ။ သူ့မျက်နှာက စိုးရိမ်ထိတ်လန့်နေပုံရတယ်။ နောက်တစ်ယောက်ကတော့ တည်တည်ငြိမ်ငြိမ်ပါပဲ။ သူတို့ကို ကျွန်တော်တို့လို စောင်လည်းမအုပ်၊ လက်ထိတ်လည်းခတ်ဘဲ ခေါ်လာတာပါ။ သူတို့ကို တိုက်ခန်းထဲပဲ ထည့်သလား၊ ဘယ်မှာထားသလဲတော့ မသိဘူး။ ဘေးက အဆောက်အအုံလေးတစ်ခုထဲ ခေါ်သွားတာ တွေ့ရပါတယ်။ နောက် မတွေ့ရတော့ပါဘူး။ ကျွန်တော်တို့ အခန်းတွေကို ထမင်းလိုက်ပို့တဲ့ ကိုခင်မြင့်ဆိုတဲ့ ဓားပြမှုနဲ့ကျတဲ့ ပြည်ဘက်က လူတစ်ယောက်ရှိတယ်။ ကျွန်တော်တို့ထဲမှာ ဆရာဝန်လည်းပါတယ်။ ဘောဂဗေဒနဲ့ဘွဲ့ရတဲ့ အရာရှိတစ်ယောက်လည်း ပါတယ်။ သူတို့က တရားသမားတွေပါပဲ။ ကိုခင်မြင့်နဲ့ကျွန်တော်တို့က သူ့ ထမင်းပို့ရင်း အားလပ်တဲ့အခါ ကျွန်တော်တို့ဆီလာရင်းနဲ့ ခင်မင်ကြပါတယ်။ ပါဆယ် လာလို့ရှိရင်လည်း ကိုခင်မြင့်ပဲ သယ်လာလေ့ရှိတယ်။

တစ်ညနေမှာ ကိုခင်မြင့် ကျွန်တော်တို့ဆီရောက်လာပြီး

"ဆရာတို့ကို တစ်ခုအကူအညီတောင်းချင်လို့ပါ"

"ဘာလဲဗျ။ ကိုခင်မြင့်ကြီးရ ပြောပါ"

"ကျွန်တော့်ကို သမ္မာဒွေနဲ့ ဂုဏ်တော်ပုတီးစိပ်နည်းရေးပေးပါ"

"ကိုခင်မြင့် သမ္မာဒွေရတယ် မဟုတ်လား။ အဲဒါဘာကြောင့် ရေးခိုင်းနေတာလဲ"

"ကျွန်တော်က ပါးစပ်ကပဲရတာ၊ ဆိုပဲဆိုနိုင်တာ ရေးတော့မရေးတတ်ဘူး။ ဒါကြောင့် ဆရာတို့ဆီလာတောင်းတာပေါ့"

"ဒါဆိုခင်ဗျားအတွက် မဟုတ်ဘူးပေါ့။ ဘယ်သူ့အတွက် ရေးပေးရမှာလဲ"

ကိုခင်မြင့်က နောက်ဘက်ကို ဟိုကြည့်ဒီကြည့်လုပ်ပြီး ကျွန်တော်တို့ရှိရာ သံတိုင်နားသို့ ကပ်လာပါသည်။

"ဒီလိုဗျ။ အရာရှိကြီးတစ်ယောက် အဖမ်းခံထားရတယ်။ လာဘ်စားမှုလို့ ပြောတာပါပဲ။ သူဌေးကြီးလား၊ အရာရှိကြီးလားလည်း ကျွန်တော်မသိဘူး။ ချမ်းတော့ချမ်းသာတယ်။ သူ့ကိုဆေးရုံစာ ကျွေးရတယ်။ ပုတီးတော့ သူ့ဆီပါလာတယ်။ ပုတီးစိပ်နည်းမသိလို့ ကျွန်တော့်ကိုမေးတယ်။ ကျွန်တော်က ပုတီးမှမစိပ်တာဘဲ။ ပါးစပ်က ဘုရားစာသာ ရွတ်တာ။ ဂုဏ်တော်ပုတီးစိပ်နည်းကို မသိဘူး။ နောက်သူက သမ္မာဒွေရွတ်ချင်တယ်လို့ ပြောတယ်။ ဒီတိုက်ထဲက သမ္မာဒွေရတဲ့သူတွေကို ဧရးခိုင်းပေးပါဆိုလို့ လာတောင်းတာပါ" ဟုပြောရင်း ကိုခင်မြင့်က သူ့ခါးကြားမှ ဗလာစာအုပ်နှင့်ဘောပင်ကို ကျွန်တော်တို့ဆီပေးလိုက်ပါတယ်။ ကျွန်တော်က "ကဲ ကိုခင်မြင့် ခဏကြာရင် ကျွန်တော်တို့ဆီလှည့်လာလိုက်။ ရေးပေးထားမယ်"

ကျွန်တော်တို့လည်း အသေအချာရေးပေးလိုက်ပါတယ်။ ကျွန်တော်တို့ ရဲဘော်အရာရှိက လက်ရေးကလည်း လှ၊ သမ္မာဒွေရော၊ ဂုဏ်တော်ဖွင့် ပုတီးစိပ်နည်းပါ အသေအချာစနစ်တကျ ရေးပေးတယ်။ နောက်သူက ဓာရဏပရိတ်တောင်မှ ထည့်ရေးပေးလိုက်တယ်။

ကိုခင်မြင့်ပြန်လာတော့ ကျွန်တော်တို့ရေးပြီးသားတွေကို ပေးရင်း-

"ကဲ ကိုခင်မြင့်ကြီး အဲဒါပေးလိုက်တော့။ မာ့ရဏပရိတ်ဆိုရင် မနက်၊ နေ့ခင်း၊ ညနေ မှန်မှန်ရွတ်၊ တစ်ခါရွတ်ရင် သုံးကြိမ်ရွတ်၊ သံတိုင်တွေပွင့်၊ သော့ခလောက်တွေပါပွင့်တယ်လို့ ပြောကြတယ်။ ခင်ဗျားလူကို သေချာပြောလိုက်ပါ။ အဲဒီလူက အရာရှိဖြစ်ရင် သမ္မုဒ္ဒေတော့ကောင်းကောင်း ရသင့်တာပေါ့။ ထောင်ကျမှ ဘုရားစာတွေ ဘာတွေ ရွတ်တော့ဘယ်။ ခလုတ်ထိမှအမိတ ဆိုတာမျိုးပေါ့။ ဘုရား၊ တရားကိုလည်း ထောင်ထဲရောက်မှ သတိရတော့တာပဲ။ ပေးလိုက်ပါဗျာ။ ယုံယုံကြည်ကြည်နဲ့ ရိုရိုသေသေလည်း ရွတ်ပါ"လို့ ပြောလိုက်ပါတယ်။ ဒီလိုလူမျိုးတွေဟာ အမြဲတမ်းချမ်းချမ်းသာသာနဲ့ နေလာတဲ့သူမျိုးတွေပဲ။ သမ္မုဒ္ဒေရေးခိုင်းတဲ့ ပုဂ္ဂိုလ်ကြီးဟာ ဘယ်သူဘယ်ဝါ ကျွန်တော်မသိပါဘူး။ သူဌေးကြီးလား၊ အရာရှိကြီးလား ကျွန်တော်မသိပါဘူး။ ကိုခင်မြင့်တို့လို သူခိုးဓားပြကြီးတော့ ဟုတ်မယ်မထင်ဘူး။ ညတိုင်း ဘုရားရှိခိုးသံကြားနေရတဲ့ အဆောင်တွေက ရာဇဝတ်သားတွေလို လူဆိုး၊ လူရမ်းကားတွေလည်း ဟုတ်ပုံမရဘူး။ သူတို့ဟာ ငယ်ငယ်ကတည်းက ခြေမွေးမီးမလောင် လက်မွေးမီးမလောင် အဲယားကွန်းခန်းထဲမှာနေ၊ ကိုယ်ပိုင်ကားစီး၊ တိုက်ကြီးထဲမှာနေပြီး အကောင်းစားတွေပဲ စားနေတဲ့ပုံပါပဲ။ အခုတော့ သူဟာ လာဘ်ပေးလာဘ်ယူမှုနဲ့ အဖမ်းခံလာပုံရပါတယ်။ သူတို့လိုလူမျိုးဟာ ပုတီးလည်းမစိပ်တတ်၊ ဘုရားတောင်မှန်မှန် ရှိခိုးရဲ့လား မသိပါဘူး။ လူရဲ့ဘဝမှာ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ကားစီးနိုင်တိုင်း၊ အဝတ်အစား အကောင်းစား ဝတ်နိုင်တိုင်း သူတော်ကောင်းလို့ပြောမရတာ အမှန်ပါပဲ။

ဒုတိယလူတစ်မျိုးကိုတော့ ကျွန်တော် အဆောင်ရောက်တဲ့အခါ သိလာရတယ်။ အဆောင်ဆိုတာက လောကမှာ အဆိုးဆုံးလူတွေနေတဲ့နေရာလို့ ပြောနိုင်ပါတယ်။ ဓားပြ၊ သူခိုး၊ ခါးပိုက်နှိုက်၊ မုဒိမ်း၊ အလစ်သမား၊ လူလိမ်စတဲ့ ဒုစရိုက်ပေါင်းစုံနဲ့ အကျဉ်းကျခံရတဲ့ အကျဉ်းသားတွေ စုဝေးနေထိုင်ရာ အဆောင်မှာဆိုရင် နေတတ်၊ စားတတ်ဖို့လိုပါ

တယ်။ အနေမတတ်၊ အစားမတတ်ရင် ဒုက္ခရောက်သွားနိုင်တဲ့နေရာပါ။ အကျဉ်းအမှုထမ်းတွေကလည်း ဒီလိုအကျဉ်းသားတွေကို ဖိဖိစီးစီး အုပ်ချုပ်ရပါတယ်။ ဩဇာရှိတဲ့အကျဉ်းသားတွေနဲ့ ပြန်ပြီး အုပ်ချုပ်စေပါတယ်။ ဒါပေမဲ့ သူတို့က ထောင်စည်းကမ်းကိုတော့ လိုက်နာကြတယ်။ မနက်တန်းစီမယ်ဆိုရင် ပုံစံထိုင်ပြီး တန်းစီပေးတယ်။ နိုင်ငံတော်အလံကို အလေးပြုပြီး နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုကြတယ်။ အလုပ်က ပြန်လာရင်လည်း အကျဉ်းသားတွေဟာ ညစာစားပြီး ဘုရား ရှိခိုးချိန် ရောက်တာနဲ့ ညီညီညာညာ စိတ်ပါလက်ပါရှိခိုးကြတာကို တွေ့ရပါတယ်။ ကျွန်တော်လည်း အဆောင်ရောက်တော့ သူတို့ကြားနေရတာ ပျော်ရွှင်စရာကောင်းတာ သိလာတယ်။ သူတို့မှာ စိတ်ရင်းကောင်းတွေ ရှိကြပါတယ်။ စားဝတ်နေရေးအခက်အခဲကြောင့် ဒုစရိုက်မှုတွေ ကျူးလွန်မိကြတာပါ။ တိုင်းပြည်ဘဏ္ဍာတွေကို အလွဲသုံးစားလုပ်တာ မရှိကြပါဘူး။ တိုက်ထဲမှာ ကျွန်တော်တွေ့ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးလို ငွေသန်းပေါင်းများစွာ၊ သိန်းပေါင်းများစွာကို အလွဲသုံးစားလုပ်ကြသူတွေ မဟုတ်ပါဘူး။

ကျွန်တော်နေတဲ့ အဆောင်တန်းစီးက ဓားပြဗိုလ်တစ်ယောက်ပါ။ လူသတ်မှု၊ ဓားပြမှု၊ မုဒိမ်းမှု၊ လက်နက်မှုစတာတွေနဲ့ ထောင်ထဲမှာ တစ်သက်လုံး နေရမယ့်လူပါ။ ဒါပေမဲ့ ဒီလူဟာ ဘုန်းကြီးကျောင်းမှာ ပရိတ်ကြီးအောင်တဲ့အထိ တက်ခဲ့ဖူးတယ်။ စာလည်းတတ်တယ်။ ဘုရားစာဆိုရင် ကျွမ်းကျွမ်းကျင်ကျင်ရေးတတ်၊ ဖတ်တတ်တယ်။ ညဘက်အဆောင်မှာ ဘုရားပင့်ပြီဆိုရင် သူပဲ ပင့်ရတယ်။ အသံဩဇာကလည်းကောင်းပါတယ်။ သူ့အသံကို တစ်ဆောင်လုံးက ကြားရတယ်။ ညဘက်သူ ဘုရားပင့်တဲ့အချိန်မှာ ကျွန်တော်စာဖတ်နေရင်လည်း စာအုပ်ကိုခဏချပြီး နားစွင့်နေလေ့ရှိတယ်။ မြတ်စွာဘုရားရဲ့ဂုဏ်တော်တွေကို တစ်ချက်ချင်း ရွတ်ဆိုပြီး ဘုရားကိုပင့်တော့တာပဲ။ တစ်ဆောင်လုံး သံပြိုင်ဘုရားရှိခိုးကြတယ်။ ဘုရားရှိခိုးပြီးတာနဲ့ အမျှအတန်းဝေတယ်။ တန်းစီးပဲ အမျှဝေတာပါ။ အမျှဝေတာလည်း အလွန်တဲ့သူပါ။ သာခေါ်ချင်စိတ်ပေါ်အောင် ကောင်းတယ်။ လူပုံကလည်း သပ်သပ်ရပ်ရပ်

အပြောကလည်းကောင်း၊ ဘုရားတရားလည်း ကောင်းကောင်းလုပ်တတ်တော့ ဒီလူဟာ ဓားပြလူသတ်လို့ ပြောရမှာအတော်ခဲယဉ်းပါတယ်။

တိုက်ခန်းထဲမှာနေတုန်းက သမ္မာဒိဋ္ဌိမရတဲ့ ပုဂ္ဂိုလ်ကြီးဟာ တရားထိုင်တာတောင် မထိုင်တတ်လို့ ကျွန်တော်တို့က သင်ပေးရတယ်။ အရာရှိကတော့ မိုးကုတ်ဝိပဿနာ တရားထိုင်ပုံကို ပြောပြလိုက်တယ်။ ကျွန်တော်ကတော့ စွန်းလွန်းဆရာတော်ရဲ့ တရားထိုင်ပုံကို ရှင်းပြလိုက်တယ်။ နာသီးဖျားမှာ ထွက်သက်ဝင်သက်တရားရှိဖို့ စိတ်အာရုံစုစည်းဖို့တွေ ပြောပြခဲ့တယ်။ အဆောင်မှာ ကျွန်တော်တွေ့ရတဲ့ ဓားပြဗိုလ်ကတော့ ကျွန်တော်သိတာထက် အဆအမျှားကြီးသိတယ်။ တရားထိုင်ပုံကိုလည်း သေသေချာချာရှင်းပြတတ်တယ်။ သူ တရားဘာဝနာအကြောင်းသိပေမယ့် ဘာကြောင့်ယခုလို ဖြစ်နေရတာလည်း စဉ်းစားကြည့်တဲ့အခါ လောဘ၊ ဒေါသ၊ မောဟသက်သက်ကြောင့်တော့ မဟုတ်ဘူး။ သူ့ဘဝရပ်တည်ရေးနဲ့ သူ့အကြောင်းကိုစွပေါင်းစုံကြောင့် ဖြစ်ပါလိမ့်မယ်။ အဖေက ငယ်ငယ်ကတည်းကသေ၊ အမေမုဆိုးမကြီးနဲ့ တစ်ဝမ်းတစ်ခါးကို ကျောင်းခဲ့ရတယ်။ သူ့အဖေပိုးထိကတည်းက ဆယ်ကျော်သက်အရွယ်ရောက်နေတဲ့သူဟာ လယ်ကူလီဘဝနဲ့ သူနိုင်သလောက်လုပ်ခဲ့တယ်။ လယ်ရှင်ထဲမှာ စာရင်းငှားအဖြစ် ပင်ပင်ပန်းပန်းလုပ်ခဲ့ရသလို ဆင်းရဲပင်ပန်းခဲ့တဲ့ အမေဟာလည်း ရောဂါနဲ့အိပ်ရာထဲလဲ။ နောက် လူ့လောကကို ကျောခိုင်းသွားတယ်။ အဖေရှိစဉ်ကတော့ သူ ဘုန်းကြီးကျောင်းမှာ တက်ခဲ့တယ်။ ဉာဏ်ကလည်း ကောင်းတော့ ပရိတ်ကြီးအောင်တဲ့အထိ တက်ခဲ့ပါတယ်။ အဖေသေတော့ အလုပ်လုပ်ခဲ့တယ်။ လယ်ရှင်ကလည်းနှိမ်၊ အပေါင်းအသင်းကလည်းမှား၊ ဘဝနာတဲ့အထိခဲ့တော့ ဒုစရိုက်အလုပ်တွေလုပ်ဖြစ်ခဲ့တယ်။ သူဟာ လောဘကြီးပြီး အားပြိုင်တိုက်မှု ပြုလုပ်ခဲ့တာ မဟုတ်ဘူး။ ဘဝရပ်တည်ရေးအတွက် ရုန်းကန်မှုတွေလုပ်ရင်း ဒုစရိုက်နွံထဲ နစ်ခဲ့ရတာ ဖြစ်ပါတယ်။

လူလောကရဲ့ တကယ့်လက်တွေ့ဘဝကို ထောင်ထဲမှာ ကျွန်တော်တွေ့ခဲ့တယ်။ အဲဒီမှာ လူနှစ်မျိုးနှစ်စားကို တွေ့ခဲ့ပါတယ်။

သူတို့ရဲ့ ဖြစ်တည်မှု၊ ရပ်တည်မှုတွေကိုလည်း သိရှိခဲ့ရတယ်။ ဗုဒ္ဓရဲ့ တရားဓမ္မအစစ်ကိုသာ ချမ်းသာတဲ့ပုဂ္ဂိုလ်ကြီး သိရှိနားလည်ခဲ့ရင် ယခုလို အခြေအနေမျိုးနဲ့ သူထောင်ထဲရောက်လာမှာ မဟုတ်ဘူး။ လောဘ၊ ဒေါသ၊ မောဟကို သိမယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုလည်း သိနားလည်မယ်ဆိုရင် သူဟာ အပြင်မှာကတည်းက တရားကိုသိပြီး အခုလို ဆင်းရဲတဲ့ ဒုက္ခကိုတွေ့ရမှာ မဟုတ်ဘူး။ ဓားပြ၊ သူခိုးတွေဆီက၊ နိုင်ငံရေးသမားတွေဆီက ဘုရားစာတွေ၊ ပုတီးစိပ်နည်းတွေ မေးရမှာမဟုတ်ဘူး။ ဘယ်လောက်ရှက်ဖို့ ကောင်းလိုက်ပါသလဲ။ ပရိတ်ကြီးအောင်ပြီး ဘုရားစာ ကောင်းကောင်းတတ်တဲ့ ဓားပြကြီးဟာလည်း လူ့ဘဝရဲ့ ခါးသီးစရာကောင်းတဲ့ အနိုင်ကျင့်မှု၊ သွေးစုပ်မှု၊ ဗိုလ်ကျမှုတွေကို မခံစားရရင် သူလည်း ထောင်ထဲမှာ အရိုးထုတ်ရမယ့်အခြေအနေ မရောက်နိုင်ပါဘူး။ ဘုန်းကြီးကျောင်းမှာ အရိုးထုတ်ရင် ဘုန်းတော်ကြီးဖြစ်သွားမယ် ဒါမှမဟုတ် လယ်ထဲမှာလုပ်ကိုင်ရင်း မိန်းမနဲ့ သားသမီးနဲ့ ဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းနိုင်မယ်။ ဒါပေမဲ့ လူ့ဘဝရဲ့အခြေအနေဟာ ထင်သလို ဖြစ်ချင်သလို မဟုတ်တဲ့အတွက် သူတို့လူနှစ်တန်းစားဟာ မတူတဲ့အခြေအနေကို ရောက်နေမှာပါပဲ။

*

# သံတိုင်ကြားမှ ဂီတဆည်းဆာ

ကျွန်တော်ပစ်ကျွေးလိုက်သော ထမင်းစေ့များမှာ ရှေ့ဘက်မြေပြင်ပေါ် ပြန့်ကျဲနေပါသည်။ ထမင်းစေ့များ ကျလာသည်နှင့် အုတ်ရိုးပေါ် နားနေသော စာကလေးတစ်သိုက်သည် ကျွန်တော့်ရှေ့ရောက်လာကြပြီး ထမင်းစေ့များကို အလုအယက် စားကြလေတော့သည်။ တချို့စာကလေးများက တစ်လုံးပြီးတစ်လုံး အငမ်းမရစားနေကြသလို တချို့ ထမင်းစေ့တစ်လုံးကို ချီလိုက်၊ အသိုက်ဆီပြန်သွားလိုက်၊ နောက်တစ်လုံး ပြန်ကောက်လိုက်၊ အသိုက်ဆီ ပျံသန်းသွားလိုက်နှင့် အလုပ်ရှုပ်နေသည်။ အသိုက်ထဲမှာ စာပေါက်ကလေးများကို အစာသွားခွံ့ခြင်း ဖြစ်ပေမည်။ စာကလေးအုပ်သည် လူသံကြားသည်နှင့် ဝုန်းခနဲ ပျံပြေးပြီး အုတ်ရိုးပေါ် နားနေကြတော့သည်။

စာကလေးများ၏ လွတ်လပ်မှုကို ကျွန်တော်ငေးကြည့်နေမိပါသည်၊ အားကျစရာ ကောင်းပါဘိ။ သူတို့ ပျံချင်သည့်နေရာ ပျံသွားလို့ရသည်၊ အစာရှာချင်သည့်နေရာ ရှာ၍ရသည်။ ကျွန်တော်တို့တိုက်တန်းမှာ အစာရှာနိုင်သလို တစ်ဖက်တိုက်တန်း သို့မဟုတ် ကျွန်တော်တို့

အနောက်ဘက်တိုက်တန်းများသို့လည်း အစာသွားရှာနိုင်သည်။ ကျွန်တော့်လိုပင် ထမင်းစေ့များပစ်ကျွေးတတ်သည့် အခန်းများရှိသောကြောင့် စာကလေးအုပ်မှာ တိုက်တန်းများတွင် အားကောင်းနေခြင်းဖြစ်ပါသည်။

နေဝင်စပြုသည်နှင့် ကျွန်တော်တို့ တိုက်တန်းနောက်ဘက်ရှိ သရက်ပင်ကြီးများပေါ်သို့ ငှက်ပေါင်းစုံ အိပ်တန်းတက်ကြလေသည်။ သရက်ပင်ကြီးများမှာ နှစ်ပေါင်း ၈၀-၉၀ လောက်ရှိပေလိမ့်မည်။ တချို့ဆိုလျှင် ကိုလိုနီခေတ် အင်းစိန်ထောင်စဆောက်ကတည်းက သစ်ပင်များ ဖြစ်နိုင်ပါသည်။ အကိုင်းချင်း ယှက်၊ အရွက်ချင်းမိုးပြီး နေပြောက်မထိုးသော သရက်ပင်ကြီးများ၏ အပေါ်ဆုံးအပိုင်းတွင် ဗျိုင်းများ၊ အောက်တွင် ကျီးများ၊ နောက်ဆက်ရက်များ၊ စာကလေးများနှင့် အခြားသော ငှက်ပေါင်းစုံတို့မှာ ညနေအိပ်တန်းတက်တိုင်း ဆူညံနေပါတော့သည်။ ထိုဆူညံသံမှာ ကျွန်တော့်အတွက် ဂီတသံလိုဖြစ်နေသည်။ တိုက်ခန်းထဲတွင် နှစ်နှင့်ချီနေရသဖြင့် လွတ်လပ်စွာ အော်မြည်နေကြသော ငှက်သံများမှာ နားဝင်ပီယံဖြစ်လှသည်။ လွတ်လပ်မှု၏ အရသာကို အကျဉ်းအကျပ်နှင့် ကြုံတွေ့ရမှပိုပြီး နားလည်ရသည်။ ထောင်ဆိုသည်မှာ ပြစ်ဒဏ်ကျခံရသော နေရာဖြစ်သလို စိတ်ဓာတ်ပြုပြင်ရေးစခန်းဟုလည်း သတ်မှတ်ထားကြ၏။ ထို့ကြောင့် ပြစ်မှုနှင့်ထိုက်တန်သော နှစ်ကာလများကို ထောင်ထဲတွင်နေစေပြီး လွတ်လပ်မှုများကို ထိန်းချုပ်လိုက်ခြင်း ဖြစ်ပါသည်။

ထောင်ထဲတွင် လွတ်လပ်မှုအနည်းဆုံးနေရာမှာ တိုက်ခန်းဖြစ်သည်။ ထောင်ထဲတွင် ထောင်စည်းကမ်းချိုးဖောက်သူများ၊ ပြစ်မှုထပ်ကျူးလွန်သူများ၊ အခြားအကျဉ်းသားများနှင့် ခွဲခြားထားလိုသူများကို တိုက်ခန်းများထဲတွင် ထားလေ့ရှိပါသည်။ ထို့ကြောင့် တိုက်ခန်းထဲတွင် တစ်ယောက်တည်း အထီးကျန်နေရသူများအဖို့ လွတ်လပ်မှုကို အားငတ်ခြင်း ဖြစ်ရပါသည်။ ၆ ပေ၊ ၁၀ ပေခန့်ရှိသော အခန်းကျဉ်းထဲမှ အပြင်တွင် လွတ်လပ်စွာ သွားလာပျံသန်းနေသည့် စာကလေးများ

ဆက်ရက်များ၊ ကျီးကန်းများ၊ ခိုများကို အားကျနေခြင်း ဖြစ်ပါသည်။ အခန်းဖော်လည်း မရှိ၊ ဘေးခန်းများသို့လည်း သွားရောက်လည်ပတ်ခွင့် မရှိသည့်အတွက် တစ်နေကုန်ငြီးငွေ့နေခဲ့ခြင်းမှ ညနေရောက်လျှင် စိတ်ချမ်းသာကြလေသည်။ အဘယ်ကြောင့်ဆိုသော် ထမင်းစားအပြီး ည အိပ်ဆောင်ဝင် တန်းစီလူစစ်ပြီးလျှင် ဂီတဆည်းဆာပွဲ ကျင်းပခြင်းကြောင့် ဖြစ်ပါသည်။

ည ၆ နာရီလောက်ဆိုလျှင် တိုက်တန်းရှိ အကျဉ်းသားများသည် အခန်းကို သီချင်းဆိုဖို့ ပြင်ဆင်ကြတော့သည်။ ထိုအချိန်တွင် အဆောင်များ၌လည်း ကိုယ့်အုပ်စုနှင့်ကိုယ် ဝိုင်းဖွဲ့၍သီချင်းဆိုသူက ဆို၊ ဝိုင်းဖွဲ့စကားပြောသူကပြောနှင့် တင်းကျပ်နေသော စိတ်ကို ဖြေလျှော့ကြလေသည်။ သို့သော် တိုက်ခန်းများမှ ဂီတဆည်းဆာပွဲမှာ ကြည်နူးဖို့ အကောင်းဆုံး ဖြစ်ပါသည်။ ညနေငှက်များ အိပ်တန်းတက်ပြီးချိန် တိုက်နောက်ဘက် သရက်ပင်မြင့်ကြီးပေါ်မှ ကျေးငှက်တို့အိပ်တန်းလုသော အော်မြည်သံများ စဲသွားချိန်တွင် ကျွန်တော်တို့ရဲ့ သီချင်းပွဲတော်၊ တစ်ကိုယ်ရည်စွမ်းရည်များကို ပြကြပါတော့သည်။ ဟိုဘက်ထိပ်မှ သည်ဘက်ထိပ်အထိ အခန်းသီးသီးမှ တစ်ဦးလျှင်သီချင်းတစ်ပုဒ်စီ အနည်းဆုံး ဆိုကြသည်။ အိပ်ချိန် ၉ နာရီမထိုးမီအထိ အားလုံးအဆိုတော်များ ဖြစ်ကုန်ကြပြီး ရင်တွင်းမှ လွမ်းဆွတ်သမျှကို သီချင်းဆို၍ ရင်ဖွင့်ကြလေသည်။

အသံဝါကြီးနှင့် အကောင်းဆုံး သီဆိုနိုင်သူမှာ မန္တလေးမှ ကိုတင်မြင့်ဖြစ်ပါသည်။ သူက ကျင့်သားရနေသော အဆိုတော်ဖြစ်ပုံရသည်။ တီးဝိုင်းနှင့်စနစ်တကျ သီဆိုဖူးသူ ဖြစ်ပေလိမ့်မည်။ ဂီတဆည်းဆာ စလိုက်သည်နှင့် ကိုတင်မြင့်က မန်းတောင်လက်ယာနှင့် ဖွင့်ထိုက်ပါသည်။ အသံကလည်းကောင်း၊ အဆိုကလည်းပိုင်၊ စည်းဝါးကိုလည်း ကျွမ်းသူဖြစ်သောကြောင့် တီးလုံးမပါသော်လည်း အလွန်နားထောင်လို့ ကောင်းပါသည်။ သူ့သီချင်းသံတွင် နစ်မျောရင်း မန္တလေးဆောင်ကို မြင်လာသည်။ မန္တလေးမြို့ကြီးကိုလည်း သတိရလာသည်။ သူကိုယ်တိုင်လည်း သူ့ဇာတိကို တမ်းတမ်းတတလွမ်းဆွတ်သတိရရင်း

သီဆိုနေသောကြောင့် သူ့သီချင်းမှာ အသက်ဝင်နေခြင်း ဖြစ်ပါသည်။ ကိုတင်မြင့်ပြီးလျှင် ကျန်အခန်းများကလည်း မိမိတို့နှစ်သက်ရာ သီချင်းများကိုဆိုကြသည်။ အများအားဖြင့် ချစ်သူနှင့်ကွဲကွာနေသော သီချင်းမျိုး၊ အိမ်နှင့်ဝေးနေရသော သီချင်းမျိုးကို အများဆုံးဆိုကြ၏။ အလွမ်းသီချင်းများမှာ နားထောင်သူရင်ကို ထိမှန်လေတော့သည်။

ကိုလှရွှေက စန္ဒကိန္နရီကိုဆိုပါသည်။ ပျော်မြူးနေကြသော ကိန္နရီမောင်နှံကို တောလိုက်ဘုရင်ကတွေ့ပြီး လေးဖြင့်ပစ်လိုက်ရာ ကိန္နရီအဖိုကို ထိမှန်သေဆုံးသွားသဖြင့် ကိန္နရီမက အသည်းကြွေမတတ် ဝမ်းနည်းပူဆွေးပုံကို ဖွဲ့ဆိုထားသော သီချင်းဖြစ်လေသည်။ တချို့အခန်းက သီချင်းဆိုသည့်အခါ အသံလည်းမကောင်း၊ သီချင်းအလိုက်လည်းမမှန်သော်လည်း သီချင်းကိုပြီးအောင် သီဆိုသည့်အတွက်အားလုံးက ဂုဏ်ပြုပြီး ဩဘာပေးကြပါသည်။ ညနေဘက်တွင် ယခုကဲ့သို့ မလွတ်လပ်သည့်နေရာတွင် ပျော်စရာရှာပြီး တဒင်္ဂစိတ်လွတ်လပ်မှုရသလို ယူကြသည်ကို ထောင်အာဏာပိုင်များကလည်း နားလည်မှုရှိကြသည်။ ထိုညနေပိုင်းတွင် မည်သည့်ဝန်ထမ်းမျှ လာရောက်စစ်ဆေးလေ့ မရှိကြပါ။

ဂီတဆည်းဆာတွင် ကိုတင်မြင့်က သီချင်းအများဆုံး ဆိုရပါသည်။ ကျွန်တော်ခံစားရဆုံးနှင့် အကြိုက်ဆုံးသီချင်းမှာ မြို့မငြိမ်း၏ လက်ဝဲသုန္ဒရပင် ဖြစ်ပါသည်။ ကိုတင်မြင့်ကလည်း ထိုသီချင်းကို ပီပြင်စွာ ဆိုနိုင်ပေသည်။

*". . . ဝေးခဲ့ပေါ့ ဌာနေ တို့တိုင်းပြည်၊ ခြုံလွှာထွေး မလုံသေးပေမှုန်းတည့်နေခြည်ဖြာမှ နွေးပေ . . . တရေးရေး တွေးလေ ဆွေးမပြေ"*

လက်ဝဲသုန္ဒရအမတ်ကြီးကို မဲဇာတောသို့ ပို့ထားခိုက် မဲဇာတောင်ခြေရတုကို ရေးကာ ဘုရင်ထံဆက်သွင်းခဲ့သည်။ မျက်ဖြေလက်ဘာအဖြစ် စာပေနယ်၊ ဂီတနယ်တွင် ထင်ရှားခဲ့လေသည်။

*"မဲဇာမြစ်ရေ ရစ်ခွေစီးထွေ၊ ဝဲယာ့ပတ်လည် နှင်းတွေ ဆိုင်းမှိုင်းဝေ . . ."*

ကျွန်တော်တို့အားလုံး အာရုံထဲတွင် နှင်းပွင့်နှင်းဖတ်တွေ အုပ်မိုး

နေသော သစ်တောကြီးကို မြင်လာသည်။ စီးဆင်းနေသော မြစ်ကြီးကို လည်း မြင်လာသည်။ အေးလွန်းသဖြင့် မီးဖိုလေးဖိုကာ စောင်ကို ခေါင်း မြီးခြုံ ထိုင်နေသော လက်ဝဲသုန္ဒရအမတ်ကြီးကို စိတ်ကူးကြည့်မိ လေသည်။

*“ဩော်လွမ်းတိုင်း တွေးမိကာ အောက်မေ့နေ . . . ဝေးသော အရပ်က သားသမီးတွေ၊ အိမ်သူချစ်သက်ထားကို တမ်းတမြင်ယောင် မိပေ . . . ”*

ည ၉ နာရီ သံချောင်းခေါက်သံ ထွက်ပေါ်လာသည်။

“အိပ်ချိန် . . . အိပ်ချိန် . . . အိပ်ချိန်”

ဆိုသောအသံများ အဆောင်အသီးသီး၊ တိုက်အသီးသီးမှ အော် ဘစ်သတိပေးလိုက်လေပြီ။ တစ်ထောင်လုံး တိတ်ဆိတ်သွားသည်။ ည ၉ နာရီမှာ ထောင်တွင် အိပ်ချိန်ဖြစ်သည်။ မည်သည့်အကျဉ်းသားမဆို မိမိတို့အိပ်ရာများတွင် အိပ်ကြရသည်။ ၁၅ မိနစ်တစ်ကြိမ် နာရီသံချောင်း ခေါက်သံမှတစ်ပါး ဘာသံမျှမကြားရပေ။ အိပ်မပျော်သူများအဖို့ နာရီ သံချောင်းခေါက်သံမှာ ညတာကိုရှည်စေပါသည်။ မနက် ၅ နာရီထိုး သည်နှင့် အိပ်ရာက ထကြရသည်။ တန်းစီပြီး လူစစ်သည်ကို ထိုင်စောင့် ကြရသည်။

အကျဉ်းထောင်သည် စည်းကမ်းအတင်းကျပ်ဆုံး နေရာဖြစ် သည်။ စားချိန်၊ အလုပ်လုပ်ချိန်၊ ဘုရားရှိခိုးချိန်၊ အိပ်ရာဝင်ချိန်၊ အိပ်ရာ ထချိန် စသည်ဖြင့် ကန့်သတ်ထားလေသည်။ အကျဉ်းသားတစ်ယောက် ၏ လှုပ်ရှားမှုအားလုံးမှာ အကျဉ်းထောင်က သတ်မှတ်ထားသည့် စည်း ကမ်းများအတိုင်း လှုပ်ရှားလည်ပတ်ရသည်။ မိမိသဘောနှင့် လှုပ်ရှား၍ ရ လွတ်လပ်မှုမရှိပေ။ ထို့ကြောင့် မလွတ်လပ်သောဘဝ ရောက်နေချိန် တွင် လွတ်လပ်မှုကို အငမ်းမရတောင့်တကြလေသည်။ တိုက်ခန်းများ တွင် နေရသူများနှင့် စကားပြောခွင့်မရှိ။ ဆက်သွယ်ခွင့်လည်း မရှိပေ။ တစ်ခါတရံထောင်ကြပ် လစ်သည့်အချိန်တွင် တစ်ဖက်ခန်းကိုအော်၍ စကားပြောလေ့ရှိပါသည်။ အခြေအနေမပေးလျှင် စကားပြောခြင်း၊

ဆက်သွယ်ခြင်း မပြုနိုင်ပါ။ အုတ်နံရံတစ်ပေခန့်သာ ခြားသော်လည်း တစ်ဖက်လူကို တွေ့လည်းမတွေ့နိုင်၊ စကားလည်းမပြောနိုင်ပေ။ တစ်ပေခန့်အကွာတွင် နေထိုင်သူနှစ်ဦးမှာ လပေါင်းများစွာ မမြင်ရမပြောရပေ။ နေထိုင်မကောင်း၍လည်း သတင်းမမေးရ၊ ဆေးဝါးလည်း မပို့ရပေ။ တစ်ပေခန့်သာ ကွာလှမ်းသော်လည်း မိုင်ပေါင်းများစွာ ဝေးကွာနေသည်ထက် ပို၍ဝေးလှပေသည်။

သံတိုင်ကြားမှနေ ကောင်းကင်တွင် ထိန်ထိန်သာနေသော တန်ဆောင်မုန်းလပြည့်ည လမင်းကြီးကို မော့ကြည့်ရင်း လွတ်လပ်မှု၏အရသာကို ကျွန်တော် စဉ်းစားနေမိပါသည်။ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား ဘယ်လောက်ဝေးသလဲ။ မိုင် ၅၀၀၊ မိုင် ၈၀၀၊ မိုင် ၁၀၀၀ လောက်သာ ဝေးကွာပေလိမ့်မည်။ သို့သော် လွတ်လပ်စွာနေထိုင်သွားလာရသော ဘဝမျိုးတွင် ထိုသို့ မိုင်ပေါင်းများစွာ ကွာသောခရီးကို လေယာဉ်ဖြင့်သွားလျှင် တစ်နာရီ၊ နှစ်နာရီအတွင်း ရောက်နိုင်ပါသည်။ မိမိတွေ့လိုပြောလိုသူကို နာရီပိုင်းအတွင်း တွေ့ဆုံပြောဆိုလို့ ရပါသည်။ သို့သော် လွတ်လပ်မှုမရှိသော အချုပ်အနှောင်နှင့် ဘဝမျိုးတွင် တစ်ပေအကွာ အခန်းချင်းကပ်လျက်နေရသော်လည်း လနှင့်နှစ်နှင့်ချီပြီး မတွေ့မြင်နိုင်ပေ။

ထိုသို့ တိုက်ခန်းကျဉ်းလေးထဲတွင် နေရစဉ်တွင် ဝဋ်ကြွေးဆိုသည်ကိုလည်း စဉ်းစားမိသည်။ ကြက်၊တူရွေး၊ သာလိကာများကို လှောင်ချိုင့်ထဲ ထည့်ထားကြသည်ကိုလည်း စာနာမိသည်။ သံလှောင်အိမ်များထဲ သေသည်အထိ နေထိုင်သွားခဲ့သော တိရစ္ဆာန်များကိုလည်း မြင်ယောင်မိလေသည်။ ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းသည် ပြင်သစ်ကိုလိုနီဘဝက လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း ပြင်သစ်တို့၏အကျဉ်းထောင်အတွင်း ဖမ်းဆီးအကျဉ်းချခံခဲ့ရသည်။ ထောင်ထဲတွင် သမ္မတဟိုချီမင်းက ကဗျာများ ရေးဖွဲ့ခဲ့သည်။ သူ၏ "အကျဉ်းထောင်ထဲမှ ပလွေသံ"ဆိုသော ကဗျာများမှာ အလွန်ကျော်ကြားပါသည်။

*"အကျဉ်းထောင်ထဲနေရတာ*
*ပျက်စီးနေတဲ့ နိုင်ငံမှာ*
*နေရသလိုပါပဲ . . .*
*သဘာဝက လက်ပြခေါ်ငင်*
*တွေ့မြင်နေရတဲ့တိုင်*
*ထောင်တံခါးများက*
*တားဆီးထားကြတယ် . . ."*

ဆိုသည့် ကဗျာကို အမှတ်ရမိပါသည်။ ထောင်ထဲမရောက်ခင်က ဖတ်မိ၊ မှတ်မိသော ဟိုချီမင်း၏ကဗျာမှာ ယခုလို ကိုယ်တိုင်ကြုံတွေ့သည့်အခါ ရင်ကို ထိမှန်ပါတော့သည်။ ထို့ကြောင့် 'လွတ်လပ်မှုကို အတောင့်တဆုံးအချိန်မှာ လွတ်လပ်မှုအကင်းမဲ့ဆုံးအချိန် ဖြစ်သည်'ဆိုသော စကားကို တစိမ့်စိမ့် ခံစားရပါတော့သည်။

*

## ကျွန်းကလေး

"အောင်မင်း ချိုးရေစည်တွေ ပြည့်ပြီလား"

"ဟုတ်ကဲ့ မမ၊ ပြည့်ပါပြီ"

"အေး . . . ဒီမှာ လာနားဦး၊ မုန့်လည်းစား"

မကျင်အေးက ထမင်းစားခန်းထဲမှနေပြီး ကျွန်တော့်ကို လှမ်းခေါ်လိုက်ပါတယ်။ ရေချိုးခါနီးဖြစ်လို့ ထဘီကို ရင်ရှားထားတယ်။ ရေချိုး ထဘီအောက်က မကျင်အေးရဲ့ တင်းရင်းတဲ့ ရှိုက်ဖိုကြီးငယ်တွေဟာ ရုန်းထနေသလား ထင်ရတယ်။ မကျင်အေးက ကျွန်တော့်ထက် အသက်လေးနှစ်လောက်သာ ကြီးပါလိမ့်မယ်။ ရှိလှ ၂၁ နှစ်ပေါ့။ ကျွန်တော်က အခု ၁၇ နှစ်လောက်ရှိပါပြီ။ ဒါပေမဲ့ လူကောင်က ညှက်လွန်းတော့ အသက်ထက် လေးနှစ်လောက်ငယ်တယ်လို့ ထင်ရပါ တယ်။ ကျွန်တော် ငယ်တုန်းကမွေးပြီး အသက်ဘယ်လောက်ရှိမှန်း မသိပါ။ အဖေအမေကိုလည်း မသိ၊ ဆွေမျိုးသားချင်းများကိုလည်း မသိ ဘဲ၊ မိဘမဲ့ဂေဟာမှာ ကြီးပြင်းပြီး လမ်းပေါ်ရောက်ခဲ့ရတာပါ။ အရွယ်

မရောက်သေးဘဲ ခိုးမှု၊ လုယက်မှု၊ ခါးပိုက်နှိုက်မှု၊ ဖောက်ထွင်းမှုစတဲ့ အမှုမျိုးစုံကြောင့် ယခုလို ကလေးထောင် (နောင် လူငယ်ပညာပေး စခန်း) ကို ရောက်ခဲ့ရခြင်း ဖြစ်ပါတယ်။

မကျင်အေးက ထောင်ပိုင်ကြီးဦးအေးမောင်ရဲ့ ဇနီးဖြစ်ပါတယ်။ သူတို့နှစ်ယောက် အသက်ကကွာလွန်းပါတယ်။ ထောင်ပိုင်က အသက် ၅၈ နှစ်လောက်ရှိနေပါပြီ။ ပင်စင်ယူဖို့ သိပ်မလိုတော့ပါဘူး။ အိမ်ထောင်ကျတာ သုံးနှစ်လောက်ရှိပေမယ့် သားသမီးလည်း မရကြပါဘူး။ ဒါကြောင့် မကျင်အေးဟာ အပျိုလို လှပစိုပြည်နေတာပါ။

ကျွန်တော်လည်း မကျင်အေးကျွေးတဲ့ ဘိန်းမုန့်ကို စားပြီးတဲ့အခါ-

"အောင်မင်းရေ ဒီနားလာပါဦး၊ ရေချိုးခါနီး ဇက်ကြောတွေ တက်လွန်းလို့ လာနှိပ်ပေးစမ်း"

သူက ထောင်ပိုင်ကတော်၊ ကျွန်တော်က အကျဉ်းသားဆိုတော့ ခိုင်းတဲ့အတိုင်း မဝံ့မရဲနဲ့ အနားသွားရပါတယ်။ ကျွန်တော်က ညက်လွန်းတော့ ကလေးတစ်ယောက်လို့ ထင်ရပါတယ်။ ဒါကြောင့် ထောင်ပိုင်အိမ်ရဲ့ ဝေယျာဝစ္စကို ကျွန်တော် သွားလုပ်ပေးရတယ်။

"အေး . . . အေး . . . ဖိနှိပ်ပေး၊ ပခုံးကိုပါ နှိပ်ပါဟဲ့"

မကျင်အေးက ဇက်ကလေးကိုငဲ့ပေးရင်း အနှိပ်ခံနေပါတယ်။ တစ်ခါတစ်ရံ အားမလိုအားမရနဲ့ ကျွန်တော့်လက်ကို နောက်ပြန်ဖမ်းဆုပ်ပြီး ဖိပေးတယ်။ ကျွန်တော့်ရင်တွေ တဒိန်းဒိန်းခုန်နေပြီ၊ ဆယ်ကျော်သက်အရွယ် လူပျိုပေါက်စလေးအဖို့ ကယောင်ချောက်ချား ဖြစ်လာပါတယ်။

"အောင်မင်းရယ် နှိပ်နေတာက ကင်းလျှောက်သလိုပဲ၊ ဖိပြီးနှိပ်ပါဟဲ့ ခါးကို နှိပ်ဦး၊ အောက်ကိုဆင်း၊ လက်နှစ်ဖက်နဲ့ နှိပ်လေ"

မကျင်အေးရဲ့ကိုယ်လုံးက တင်းရင်းနေပါတယ်။ ကျွန်တော့်ကို ကျောပေးထိုင်နေတာကြောင့် လုံးဝန်းတဲ့တင်သားတွေက ကုလားထိုင်အားကိုတောင် ထွက်နေလေရဲ့။ ခါးကိုနှိပ်နေရာက တစ်အောင့်လောက်ကြာတဲ့အခါ မကျင်အေးရဲ့လက်နှစ်ဖက်ဟာ ကျွန်တော့်လက်

တွေကို ဆုပ်ကိုင်ပြီး ကျွန်တော့်ကို သမင်လည်ပြန်လေး မော့ကြည့်လိုက်ပါတယ်။

*

ကျွန်တော်က ကျွန်းကလေးကို ကြည့်နေပါသည်။ သူ့အကြောင်းကို စိတ်လိုလက်ရပြောရင်း ကျွန်းကလေးသည် သူ့အတိတ်ကို လွမ်းဆွတ်သည်မလားမသိ၊ စကားပြောရင်း မျက်နှာပေါ်တွင် ဆွေးရိပ်များ လွှမ်းလာသည်ကို တွေ့ရသည်။ ကျွန်းကလေး၏နာမည်ရင်းမှာ အောင်မင်းဖြစ်ပါသည်။ သို့သော် တစ်ဆောင်လုံး တစ်ထောင်လုံးက ကျွန်းကလေးဟု ခေါ်ကြသည်။ သူ့နာမည်ရင်းကို သိသူမှာ ထောင်အာဏာပိုင်များလောက်သာ ဖြစ်ပေလိမ့်မည်။ ကျွန်တော်ကလည်း သူ့ကို ကျွန်းကလေးဟုသာသိပြီး ကျွန်းကလေးဟုသာ ခေါ်လေ့ရှိ၏။ အရပ်ငါးပေလောက်ကုတ်အင်္ကျီဖားဖားကြီး အမြဲဝတ်လေ့ရှိသူ၊ ထောင်တွင် အနေကြာပြီးနှစ်ကြီးသမားဖြစ်၍ သူ့ကို ထောင်မှူး၊ ထောင်အာဏာပိုင်များ အားလုံးက သိကြသည်။သူ့ပြစ်မှုမှာ လူသတ်မှုဖြစ်၍ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကျခံထားရလေသည်။

"ဒီလိုနဲ့ ကျွန်တော်ဟာ မကျင်အေးနဲ့ ကျူးကျူးလွန်လွန်ဖြစ်ခဲ့တယ် ဆရာ။ ကျွန်တော်က လူကောင်သေးတော့ ကလေးလိုသဘောထားပြီး ထောင်ပိုင်ကြီးကလည်း သူ့အိမ်မှာ လက်တိုလက်တောင်းခိုင်းတာပါ။ မကျင်အေးကို ကိုယ်ချင်းစာကြည့်ရင်လည်း သနားဖို့ကောင်းပါတယ်။ သူ့ထက် အသက်လေးဆယ်နီးပါးကြီးပြီး အဘိုးအရွယ်လောက်ရှိတဲ့ အဘိုးကြီးနဲ့ ဘယ်ပျော်နိုင်ပါ့မလဲ။ ဒါကြောင့် အနေနီးတဲ့ ကျွန်တော်နဲ့ မှားယွင်းမိကြတာပါ။ မကျင်အေးက ကျွန်တော့်လိုပဲ မိဘမဲ့ အဒေါ်နဲ့နေရင်း မုဆိုးဖို ငွေကြေးတတ်နိုင်တဲ့ ဦးအေးမောင်ရဲ့ သိမ်းပိုက်မှုကို ခံခဲ့ရတာပါပဲ။

ကျွန်တော်တို့နှစ်ယောက်ရဲ့ တိတ်တိတ်ပုန်းဇာတ်လမ်းက နေ့

လေ အရှုးရင့်လေ ဖြစ်လာပါတယ်။ ညနေ ထောင်ပိုင်ကြီးပြန်လာခါနီး ဆိုရင် ကျွန်တော်က အဆောင်ပြန်ရပါတယ်။ စနေ၊ တနင်္ဂနွေနေ့မျိုးတွေ၊ အစိုးရရုံးပိတ်ရက်တွေဆိုရင် ရေခပ်တာလောက်၊ ဗာဟီရနည်းနည်းပါး ပါးလုပ်ပြီး အဆောင်ပြန်နားရတယ်။ စနေနေ့တစ်ဝက်ဆိုတော့ ထောင် ပိုင်ကြီးကလည်း စောစောပြန်လာတယ်မဟုတ်လား။ ဒါပေမဲ့ ကျွန်တော် ကို နှစ်ယောက်က နောက်မဆုတ်ခဲ့ပါဘူး။ ကျွန်တော့်အဖို့တော့ မကျောင်အေးက အချစ်ဦးပါပဲ။ ငယ်ငယ်ကတည်းက ထောင်ကို ထွက် လိုက်ဝင်လိုက်လုပ်နေရတော့ သမီးရည်းစားဆိုတာ ရေရေရာရာမရှိခဲ့ ပါဘူး။ ၁၅ နှစ်သားလောက်မှာ ဓားပြမှုတစ်ခုထဲ လူကြီးတွေနဲ့အတူ ပါခဲ့တာကြောင့် လူကြီးတွေက ခုနစ်နှစ်စီ လူကြီးထောင်ကို ရောက်ကုန် တယ်။ ကျွန်တော်ကတော့ ကလေးထောင်မှာ ရောက်လာတာပေါ့။

ဒါနဲ့ ကျွန်တော် ကျွန်းကျတဲ့အကြောင်း ဆက်ရဦးမယ်ဆရာရေ။ ဒီအဖြစ်က ကြာပါပြီ။ ဒါပေမဲ့ ကျွန်တော့်အဖို့တော့ မနေ့တစ်နေ့က လိုပဲ၊ မျက်စိထဲ မြင်နေပါသေးတယ်။ ကျွန်တော့်ထက်ဆိုးတာက မကျောင် အေးပဲ။ ကျွန်တော့်ကို မပေါင်းရရင်ဖြင့် ဒီဘဝမှာ သူမနေချင်တော့ဘူးလို့ ပြောလာပါတယ်။ သူကလည်း အဘိုးကြီးလက်က မလွတ်နိုင်၊ ကျွန် တော်ကလည်း ထောင်ကမလွတ်နိုင်ဆိုတော့ ပထမဆုံး ကျွန်တော်တို့ နှစ်ယောက်စလုံး ထွက်ပြေးဖို့ ပြောပါတယ်။

ဒါပေမဲ့ ထောင်ကထွက်ပြေးဖို့ဆိုတာ မကျောင်အေး ပြောသ လောက် မလွယ်ပါဘူး။ သူတောင်မှ ထောင်ပိုင်ကတော်ဖြစ်လို့ ဈေးသွား ဈေးပြန် ထောင်ကထွက်လို့ရမယ်။ ဒါကလည်း သူ့မျက်နှာကိုသိတာ ရယ်၊ ထောင်ပိုင်ရဲ့ ဝင်/ထွက်ခွင့်လက်မှတ်ရှိတာရယ်ကြောင့် သွားလို့ ရတာပါ။ ကျွန်တော်ကတော့ ဘယ်လိုမှ ထွက်လို့ရမှာမဟုတ်ပါဘူး။

အောင်မင်းနှင့် မကျောင်အေးတို့၏အချစ်စိတ်မှာ တက်သည်ထက် တက်လာပေသည်။ နှစ်ယောက်သား ထွက်ပြေးဖို့လည်းမလွယ်၊ အတူ နေဖို့ကလည်း မဖြစ်သောကြောင့် နှစ်ယောက်သားပေါင်းဖက်ဖို့ မလွယ် တော့ပေ။ ထိုအခိုက် နှစ်ယောက်သားဝေးဖို့ ဖန်လာသည်မှာ

အောင်မင်းကို ထောင်ပိုင်အိမ် ဝေယျာဝစ္စအလုပ်မှ တောင်ယာအလုပ်ကို ပြောင်းလိုက်ပြီး သူ့နေရာတွင် သူ့ထက်ငယ်သော ကလေးတစ်ယောက်ကို လူစားထိုးလိုက်တော့သည်။ သူတို့နှစ်ယောက် ဝေးသထက်ဝေးသွားတော့၏။ ထို့ကြောင့် တစ်ခုခုလုပ်မှဖြစ်မည်ဟု မကျင်အေးက ဆုံးဖြတ်လိုက်ပါသည်။

ကျွန်တော်နဲ့ မကျင်အေး မတွေ့ရပေမယ့် ကျွန်တော့်နေရာဝင်လုပ်တဲ့ ကောင်လေးနဲ့တော့ မကျင်အေးက ဆက်သွယ်ပါတယ်။ စားစရာတို့၊ ဆေးလိပ်တို့ ပို့ပေးတယ်။ သတိရတဲ့အကြောင်းနဲ့ နေထိုင်ကောင်းကြောင်းကိုလည်း ပြောခိုင်းပါတယ်။ ဒီလိုနဲ့ တစ်နေ့တော့ လာနေကျကောင်လေးအစား ကျွန်တော်က လူစားလာဖို့ မှာလိုက်ပါတယ်။ နောက်ဆုံးတော့ ကျွန်တော်တို့နှစ်ယောက် ကြံဖန်ပြီးထောင်ပိုင်အိမ်မှာ တွေ့ကြတာပေါ့ဗျာ။ ဒါနဲ့ ထောင်ပိုင်အိမ်ဆိုတာက ထောင်ရဲ့အပြင်မှာ မဟုတ်ဘူးဗျ။ ထောင်ဘူးဝအပေါ်ထပ်မှာ ထောင်ပိုင်ကနေရတာ။ ဒါကြောင့် ထောင်အုတ်ရိုးအတွင်းမှာပဲ ရှိပါတယ်။ အဲဒီနေ့က ကျွန်တော်ရောက်သွားတာနဲ့ မကျင်အေးက ဖက်ပြီးငိုတယ်။

"မောင်ရယ် . . . ဒီလို အကြာကြီး ခွဲမနေနိုင်တော့ဘူး"

"ဒီလို မခွဲရင်လည်း ကျွန်တော်တို့ ဘာလုပ်နိုင်မလဲ မမရယ်"

"မမတို့နှစ်ယောက်ရဲ့ဘဝက ဒီဘဝမှာ ပေါင်းရဖို့မလွယ်တော့ဘူးထင်တယ် မောင်၊ ဒီတော့ မမ စဉ်းစားထားတဲ့အတိုင်း လုပ်ကြရအောင်"

"မမက ဘယ်လို စဉ်းစားထားလို့လဲ၊ ထွက်ပြေးဖို့ဆိုတာကလည်း မဖြစ်နိုင်ဘူးလေ"

"အို ထောင်ကထွက်ပြေးဖို့ စဉ်းစားတာ မဟုတ်ပါဘူး။ ဒီလောကကြီးကနေ နှစ်ယောက်အတူ ထွက်ပြေးကြဖို့ပါ"

"ဗျာ . . . ဘယ်လို ပြေးမှာလဲ မမရယ်"

"ဒီလိုပါ မောင်ရယ် . . . မမ စဉ်းစားထားတာကို ပြောပြမယ် မမ သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်လိုက်တာပါ။ မောင်က မမကို တကယ်ချစ်ရဲ့လား"

"တကယ်ချစ်ပါတယ် မမရယ်"

"အသက်ပေးပြီးတော့ ချစ်နိုင်ရဲ့လား"

"ချစ်နိုင်တာပေါ့ မမရယ်"

"ဒီလိုဆိုရင် မမပြောပြမယ်။ မမတို့နှစ်ယောက် ဒီဘဝမှာ ပေါင်းဖို့တော့ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် နောင်ဘဝမှာ ပေါင်းကြဖို့အတွက် ဘုရားမှာအတူ ဆုပန်မယ်။ နောင်ဘဝမှာ ပေါင်းဖို့အတွက် ဆုတောင်းကြမယ်။ ပြီးရင် မမတို့နှစ်ယောက် ဒီဘဝကို စွန့်ကြမယ်လေ"

မကျင်အေးပြောတဲ့ စိတ်ကူးကို အခုမှကျွန်တော် သဘောပေါက်တော့တယ်။ ကျွန်တော်တို့နှစ်ယောက် ဘုရားမှာဆုတောင်းပြီး အတူသတ်သေကြဖို့ပေါ့။ ကျွန်တော့်စိတ်ကူးထဲ ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့ဆိုတာ တစ်ခါမှ စိတ်ကူးမရှိပါဘူး။ ဒါပေမဲ့ ချစ်တဲ့သူက ဆုံးဖြတ်ထားပြီဆိုတော့ ကျွန်တော်လည်း ခေါင်းညိတ်လိုက်ပါတယ်။

ကျွန်တော်တို့နှစ်ယောက် ဘုရားစင်ရှေ့မှာ ဘုရားမီးပူဇော်၊ အမွှေးတိုင်ထွန်း၊ ပန်းလှူပြီး သံပြိုင်ဆုတောင်းကြပါတယ်။

"တပည့်တော်တို့ချစ်သူ နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အသက်ပေးပြီး ချစ်ကြပါသည်။ ယခုဘဝတွင် ပေါင်းရဖို့မဖြစ်နိုင်တော့တဲ့အတွက် နောင်ဘဝတွင် အတူပေါင်းဖက်ခွင့် ရကြပါစေဘုရား"

မကျင်အေးက ဆုတောင်းပြီးတာနဲ့ စားပွဲပေါ်မှာအသင့်ချထားတဲ့ ဓားမြှောင်ကို ယူလိုက်ပါတယ်။ ထောင်ပိုင်ကြီးရဲ့ ဓားမြှောင်ဖြစ်ပါလိမ့်မယ်။ ခြောက်လက်မလောက်ရှည်တဲ့ ဓားမြှောင်ပါ။ ဝင်းလက်ပြီး အသွားကလည်းထက်၊ ထိပ်ကလည်း ချွန်မြနေတာပါပဲ။

"ကဲ. . . မောင်က မမကို ဒီဓားနဲ့ထိုးပြီးမှ မောင့်ကိုယ်ကို ပြန်ထိုးပေတော့"

လို့ ပြောပြီး ဓားမြှောင်ကို ကျွန်တော့်လက်ထဲထည့်ပြီး မကျင်အေးက ရင်ကော့ပေးပါတယ်။ ကျွန်တော်လည်း သေပွဲဝင်ဖို့ကို ဆုံးဖြတ်ထားပါတယ်။ ဒါပေမဲ့ လက်တွေ့မှာ လူတစ်ယောက်ကို ဓားနဲ့ထိုးရမှာကို လက်တွန့်နေတယ်။

"အချိန်မရှိဘူး မောင် . . . တစ်ယောက်ယောက် တက်လာမှ ဘာမှလုပ်ဖြစ်မှာ မဟုတ်ဘူး။ ထိုးလေ . . . ထိုးလိုက်ပါ။ မောင်မထိုးရဲရင် ဟောဒီလို ထိုးပေတော့"

မကျင်အေးက ပြောပြောဆိုဆိုနဲ့ ဓားမြှောင်ကိုင်ထားတဲ့ ကျွန်တော့်လက်ပေါ်ကို သူ့လက်နဲ့အုပ်ပြီး သူ့ဘယ်ဘက်ရင်အုံထဲ တအားထိုးစိုက်လိုက်ပါတော့တယ်။ အင့်ခနဲ အော်သံကြားပြီး သွေးတွေလည်း ပန်းထွက်လာပါတယ်။

"မောင်ရေ . . . နောင် . . . ဘဝ . . . မှာပဲ ပေါင်းကြရအောင် လိုက်လာခဲ့နော်"

လို့ပြောပြီး ခေါင်းငိုက်စိုက်ကျသွားပါတယ်။

ကျွန်တော်ကလည်း ဓားကိုကိုင်ပြီး မကျင်အေးကို ငေးကြည့်နေမိတယ်။ သတိလက်လွတ် ဖြစ်နေပါတယ်။ ကျွန်တော့်လက်မှာလည်း သွေးတွေရွှဲနေတယ်။ ပန်းထွက်လာတဲ့သွေးတွေကလည်း ကျွန်တော့်ကိုယ်ပေါ်မှာ ရွှဲနေပြီ။ နောက်သတိပြန်ဝင်လာပြီး ဓားမြှောင်ကို ပွေ့ထားတဲ့ မကျင်အေးကိုယ်ပေါ်က ဆွဲထုတ်လိုက်ပါတယ်။ ကျွန်တော့်အလှည့် ပေါ့။ ဒါပေမဲ့ ကျွန်တော့်ကိုယ်ကို မထိုးဖြစ်လိုက်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ထောင်ပိုင်ကြီးက ဖိုင်တွဲယူခိုင်းလိုက်တဲ့ ထောင်အမှုထမ်း တစ်ယောက် အပေါ်တက်လာပါတယ်။ ဓားမြှောင်ကိုင်ပြီး သွေးတွေနဲ့ ကျွန်တော့်ကို လဲကျနေတဲ့ထောင်ပိုင်ကတော်နားမှာတွေ့တော့ ဝင်လုံး ဖမ်းလိုက်တာကြောင့်ပါပဲ။

မျက်မြင်သက်သေ၊ သက်သေခံပစ္စည်း ပြည့်ပြည့်စုံစုံဖြင့် အောင် မင်းကို စွဲချက်တင်ခဲ့လေသည်။ လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှုတို့ဖြင့် တရားရုံးမှ တစ်သက်တစ်ကျွန်း ချမှတ်ခဲ့သည်။ ဆရာဝန်၏ဆေး ချက်အရ အသက်လည်းပြည့်၊ အရွယ်လည်းရောက်နေပြီဖြစ်၍ အင်းစိန် ထောင်သို့ ပို့လိုက်လေသည်။

ဤသို့ဖြင့် အောင်မင်းမှာ ကျွန်းကလေးဖြစ်ခဲ့ရလေသည်။ ထောင် ထဲတွင်နာမည်ရင်းကို ခေါ်ကြသည်ထက် နာမည်ပြောင်ကို ခေါ်ကြသ

က များသည်။ ဥပမာ - ဖောက်ထွင်းဝိဇ္ဇာကို သူခိုးဟုခေါ်ကြပြီး ခါးပိုက်နှိုက် နာမည်ကြီးတစ်ယောက်ဆိုလျှင် ကမ္ဘာရှားဟု ခေါ်တတ်ပါသည်။ သခုအောင်မင်းကိုလည်း အသက်ငယ်ငယ်၊ လူကောင်သေးသေးဖြင့် ဘစ်သက်တစ်ကျွန်းကျသောကြောင့် ကျွန်းကလေးဟု နာမည်ပြောင်ခဲ့ကြပါသည်။ ကျွန်းကလေး၏ဘဝမှာ မိဘမဲ့၊ အိမ်ခြေရာမဲ့၊ ဆွေမျိုးမရှိဘဲ လူ့ဘဝတွင်ကြီးပြင်းခဲ့ရသူ ဖြစ်သည်။ ထောင်ကလွတ်သည့်တိုင် အပြင်တွင် နေစရာအိမ်မရှိဘဲ ထောင်ထဲတွင်သာ ကြီးပြင်းခဲ့သောကြောင့် ထောင်သည် သူ့အိမ်လိုဖြစ်နေပါသည်။ သူ့ဘဝတွင် အချစ်ဆိုသည်မှာ မကျင်အေးတစ်ယောက်သာ ရှိပြီး ထိုအချစ်ကလည်း အသက်ကိုစွန့်ကာ သူ့ကို ချစ်သွားသောကြောင့် သူ့ဘဝတွင် ဖြေဆည်ရာအောင် ရှိနေပါတော့သည်။

**နာရသိန်မဂ္ဂဇင်း**

မတ်လ၊ ၂၀၁၀။

*

# အိမ်အပြန်

လူတိုင်းအဖို့ အိမ်အပြန်မှာ ဝမ်းသာဖို့အကောင်းဆုံး၊ အပျော်ရွှင်ဆုံ အချိန်ဖြစ်ပါသည်။ စစ်မြေပြင်မှ မသေမပျောက်ဘဲ အိမ်ပြန်လာရသည စစ်သား၊ နှစ်ပေါင်းများစွာ နိုင်ငံခြားအလုပ်သွားလုပ်နေရာမှ အိမ်ပြန်လ သောသူ၊ ထောင်ထဲတွင် အချိန်ကြာမြင့်စွာ အကျဉ်းကျခံနေရပြီးမှ လွ မြောက်ကာ အိမ်ပြန်လာသည့်လူတို့မှာ အပျော်ဆုံးလူသားများဟု သူ ကိုယ်သူတို့ မှတ်ယူကြသည်။ လူတစ်ယောက်၏ အတွယ်တာဆုံးနေ မှာ အိမ်ဖြစ်သည်။ ဆင်းရဲချမ်းသာမဟူ အိမ်ကို ခင်မင်တွယ်တာ သည်ချည်းပင်။ တစ်နေ့တာ အလုပ်သွား၊ ကျောင်းတက်ကြသော်လည အချိန်တန်လျှင် အိမ်ကိုပြန်လိုကြသည်။ အိမ်မှာ အနားယူအပန်းဖြေ ကြသည်။ ခရီးသွားရင်း အလွန်ကျယ်ဝန်းသည့် ဟိုတယ်ခန်းကြီး၌ ဝ ကျကျနေရသည့်တိုင် မိမိ၏ခပ်စုတ်စုတ်အိပ်ခန်းကျဉ်းလေးသို့ ပြန် ကြပါသည်။ ထို့ကြောင့် အိမ်အပြန်မှာ လူတစ်ယောက်အဖို့ အကြည ဆုံးအချိန် ဖြစ်လေသည်။

လူတိုင်း အိမ်အပြန်ကိုကြုံခဲ့ကြသလို ကျွန်တော့်အဖို့ ယခုထ တိုင် မမေ့မပျောက်နိုင်သော အိမ်အပြန် အချိန်တစ်ချိန် ရှိခဲ့ပါသ

သို့အိမ်ပြန်ချိန်မှာ ထောင်နှင့်ကျွန်းတွင် ငါးနှစ်ကျော် အကျဉ်းစံဘဝဖြင့် နေခဲ့ရပြီး အိမ်ပြန်ခွင့်ရသည့်အချိန် ဖြစ်ပါသည်။

ကျွန်တော်တို့ ထောင်ထဲနေခဲ့ရသည့်ကာလမှာ ယခုထက်ပိုမို တော်ခဲကျပ်တည်းပါသည်။ နိုင်ငံရေးအကျဉ်းသား ပုဒ်မ ၅ ဖြင့် ဖမ်းဆီး ထိန်းသိမ်းသည်ဆိုသော်လည်း ထောင်ဝင်စာမတွေ့ရပါ။ အိမ်မှ မိသားစု များကို မမြင်မတွေ့ရပါ။ ခြောက်နှစ်တာကာလအတွင်း ဇနီး၊ သားသမီး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမများကို လုံးဝမတွေ့ခဲ့ရပေ။ သာကြောင်းမာ ကြောင်း ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးအကြောင်းကို တစ်လ တစ်ကြိမ် ရေးခွင့်ရသော စာတိုလေးမှသာ ဖတ်ရှုသိရှိရပါသည်။ ကျွန် တော် အဖမ်းခံရစဉ်က မိန်းမမှာ ကိုယ်ဝန်နှစ်လဖြင့် သမီးနှစ်ယောက်ကို ထိန်းကာ ရုန်းကန်ခဲ့ရသည်။ အမေကလည်း ကျန်းမာရေးကောင်းလှ သည် မဟုတ်ပေ။

အင်းစိန်ထောင်တွင်ရှိစဉ်က တစ်လတစ်ကြိမ်အိမ်ကို စာရေးရ သည်မှာ ပုံမှန်နီးပါးရှိသော်လည်း အဆောင်မှ တိုက်သို့အပို့ခံရပြီး၊ တိုက် ထဲ၌ လပေါင်းများစွာ နေရချိန်တွင် အဆက်အသွယ်ဖြတ်ထားပါသည်။ ထိုကာလ၌ အိမ်အကြောင်း ဘာမှမသိရသလို ကျွန်တော့်ကျန်းမာရေး ကိုလည်း အိမ်က သိခွင့်မရတော့ပါ။ နောက် ကိုကိုးကျွန်းပို့လိုက်သည် တွင် အိမ်နှင့်အဆက်အသွယ် ပြတ်သွားတော့သည်။ ကျွန်းပို့ခါနီးတွင် သည်း အိမ်ကိုစာရေးခွင့်ရပ်ထားသလို အိမ်မှရေးသောစာများကိုလည်း ဖတ်ခွင့်မရပေ။ ကိုကိုးကျွန်း၌ သုံးနှစ်နီးပါးနေရချိန်တွင် စာသုံးစောင် လောက်ပင် ရေးခွင့်ဖတ်ခွင့်မရပါ။ ကျွန်းရောက်နေကြောင်း ရေးလိုက် သည့်စာများကို ပို့မပေးကြောင်းသိရပါသည်။ ထို့ကြောင့် မိသားစုကို မျှော်လင့်ချက်မထားချင်တော့ပေ။ မိမိကိုယ်ကိုလည်း အသက်ရှင်လျက် အိမ်ပြန်ရလိမ့်မည်ဟု မထင်တော့ပေ။ အဖမ်းခံရသည့်အချိန်က အသက် ၂၆ နှစ်ကျော်သာ ရှိသေးသဖြင့် ဇနီးမှာလည်း ၂၃ နှစ်ကျော် ငယ်ရွယ်သူဖြစ်၍ အိမ်ထောင်သစ်ထူနိုင်ခွင့် ရှိသည်ဟု ခွင့်လွှတ်ထားခဲ့ ပါသည်။ အမေကလည်း ကျန်းမာရေးမကောင်းသဖြင့် အမေ့မျက်နှာကို အိမ်အပြန်တွင် မြင်တွေ့ရတော့မည်ဟု မထင်ပေ။

ကျွန်တော်တို့ ထောင်ပြောင်းသွားသည်၊ ကိုကိုးကျွန်းရောက်သွားသည်ကို အိမ်ကမသိသလို ကျွန်တော်တို့ကလည်း စာရေးပြီးအသိပေးလို့မရပါ။ ထို့ပြင် ကိုကိုးကျွန်းနှင့်ပြည်မကြား အဓိကအဆက်အသွယ်မှာ ရေလမ်းမှသွားရသော သင်္ဘောသာဖြစ်သည်။ မုန်တိုင်းထန်သော ဘင်္ဂလားပင်လယ်အော်အတွင်းမှ ကျွန်းဖြစ်၍ မိုးရာသီဆိုလျှင် အဆက်အသွယ်အလွန်ကျဲသည်။ ထို့ကြောင့် ကျွန်တော်တို့ရေးသောစာများလည်း အိမ်မရောက်၊ အိမ်မှရေးပို့သောစာများလည်း ကျွန်တော်တို့ထံမရောက်၊ ဘာဖြစ်၍ ဘာဖြစ်နေမှန်း အသေအချာမသိရ။ နှစ်ကာလရှည်ကြာလာ၍ ကျွန်တော်သေသည် ရှင်သည်ကို မိန်းမနှင့်ကလေးများမသိတော့လျှင် ကျွန်တော့်မိဘအိမ်တွင် သူတို့နေတော့မည် မထင်ပေ၊ အမေကိုလည်း ဤလောကတွင်ရှိတော့မည် မထင်ပေ။

အင်းစိန်ထောင်သို့ ပြန်ခေါ်ပြီးသော်လည်း အိမ်နှင့်အဆက်အသွယ်မရသေးပါ။ (အမှန်မှာ - ကျွန်တော်တို့ကို လွှတ်တော့မည်ဖြစ်၍ အဆက်အသွယ်မပေးခြင်းလည်း ဖြစ်ပါလိမ့်မည်) ဤသို့ဖြင့် ကျွန်းမှပြန်လာပြီး လေးလခန့်အကြာ မနက်စာစားအပြီး၊ နေ့ခင်းဘက် ခုတင်ပေါ်တွင် တစ်ရေးတစ်မောအိပ်နေချိန်၌ အပြင်မှသော့ဖွင့်သံများ ရုတ်တရက်ကြားလိုက်ရသည်။ နောက်အခန်းတံခါးကြီးကို ဝုန်းခနဲ ဆွဲဖွင့်လိုက်ကာ ထောင်မှူးဦးကျော်မင်းနှင့် အမှုထမ်းများ အခန်းထဲ ဖိနပ်သံတဖြောင်းဖြောင်းနှင့် ဝင်လာလေသည်။ ပုံစံထိုင်ခိုင်းလိုက်သဖြင့် ကျွန်တော်တို့အားလုံး ခုတင်ပေါ်တွင် ပုံစံထိုင်နေကြရပါသည်။ ထောင်မှူးက -

"နာမည်ခေါ်တဲ့သူ - အဖေနာမည်ကိုပြော၊ ရှေ့မှာလာရပ်"

"ဇော်လွင်"

"ရှိ . . . အဖေနာမည် ဦး . . . "

"တင်ဝင်း"

"ရှိ . . . အဖေနာမည် ဦး . . . "

"ကျော်နိုင်"

"ရှိ . . . အဖေနာမည် ဦးဘိုးသိ"

ကျွန်တော့်နာမည်ခေါ်၍သာ အဖေနာမည်ပြောပြီး အမှုထမ်းများ ရှေ့သို့သွားရပ်ရသည်။ ဘာကြောင့်ခေါ်မှန်းမသိပါ။ အခန်းပြောင်းမှာလား၊ အဆောင်ပြောင်းမှာလား၊ တိုက်ရွှေ့မှာလား တထိတ်ထိတ်နှင့် ပုံစံရပ်နေလိုက်ပါသည်။ နာမည်အခေါ်ခံရသည့်အခန်းတွင်းမှ အဖော်အတော်များများမှာလည်း ထောင်မှူးနှင့်အမှုထမ်းများရှေ့တွင် ပုံစံရပ်နေကြပါသည်။

"လာ . . . လိုက်ခဲ့ကြ"

ထောင်မှူးဦးကျော်မင်းက ပြောပြီး ရှေ့မှထွက်သွားသည်။ ကျွန်တော်တို့လည်း ထောင်မှူးနောက်မှ တန်းစီလိုက်ခဲ့ကြ၏။ ကျွန်တော်တို့ဘေး တစ်ဖက်တစ်ချက်ဆီတွင် အမှုထမ်းများလည်း လိုက်ပါလာကြသည်။ အလွန်ထူးခြားသည်မှာ ကျွန်တော်တို့ကို စောင်ဖြင့်အုပ်ပြီး ခေါ်မလာခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့က ဟိုသည်ကြည့်ပြီး လိုက်လာခဲ့ပါသည်။ နောက်ဆုံးတွင် ထောင်ဘူးဝသို့ရောက်လာပါတော့သည်။

ဘူးအတွင်းပိုင်း ကွက်လပ်တစ်ခုလုံး နိုင်ငံရေးအကျဉ်းသားအများအပြားကိုတွေ့ရသည်။ ၁၉၇၂ ခုနှစ်၊ ဖေဖော်ဝါရီလဖြစ်သည်။ လွတ်လွတ်လပ်လပ်စကားပြောနေကြသဖြင့် ထောင်ပြောင်းခြင်းတော့မဟုတ်နိုင်၊ ကျွန်တော်တို့ကို လွှတ်လိမ့်မည်ဟုထင်ရပါသည်။ ကိုကိုကျွန်းတွင် အတူနေရသည့်ရဲဘော်များကို ယခုမှနောက်ထပ်ပြန်ဆုံရသည်။ ထောင်မှူးဦးကျော်မင်းက ကျွန်တော်တို့ကို လွှတ်တော့မည်ဖြစ်ကြောင်း ပြောသည်။ ရန်ကုန်တွင်နေသူများကို လိုက်ပို့ပေးမည့်ကားများထောင်ဘူးအပြင်တွင်ရပ်ထားကြောင်း နယ်မှလူများက သူ့ထံတွင် ခရီးစရိတ် လာထုတ်ယူစေလိုကြောင်း ပြောပါသည်။ ထောင်မှူးတစ်ယောက်ကလည်း စားပွဲတစ်လုံးတွင် စာရင်းစာအုပ်များဖြင့် ပစ္စည်းများထုတ်ပေးနေသည်။ ကျွန်တော်တို့ထောင်ရောက်စဉ်က ဘူးဝတွင် စာရင်းဖြင့် သိမ်းထားသော လွယ်အိတ်၊ နာရီ၊ လက်စွပ်၊ ငွေ စသည့် ပစ္စည်းများအား စာရင်းအတိုင်းပြန်ထုတ်ပေးပါသည်။

အချိန်မှာ ညနေစောင်းသွားပြီ။ သတင်းစာရှင်းလင်းပွဲလုပ်ခြင်း၊ လူစာရင်းများစစ်ခြင်း၊ ပစ္စည်းများပြန်ပေးခြင်းဖြင့် လူရာပေါင်းများစွာကို

စစ်ဆေးနေရသောကြောင့် အချိန်ကုန်သွားလေသည်။ ဗန်းမော်တင်အောင်၊ သခင်ခင်အောင်၊ ဆရာရာဂျန် စသောလူကြီးများအပြင် ဘဖူးညွန့်၊ ခင်မောင်ဇော်၊ ချိုကြီး၊ အောင်ငြိမ်း စသည့်လူငယ်များလည်း လွှတ်စာရင်းတွင် ပါလာသောကြောင့် ဝမ်းသာခဲ့ရပါသည်။

သယ်န်းကျွန်း၊ သာကေတ၊ တောင်ဥက္ကလာ၊ ပုဇွန်တောင် စသည့်မြို့နယ်များအတွက် စစ်ထရပ်ကားတစ်စီးကို စီစဉ်ပေးသည်။ တစ်ညနေလုံး လမ်းကြောင်းသင့်သည့် မြို့နယ်များတွင် နေထိုင်သူများကို လိုက်ပို့ပါသည်။ သယ်န်းကျွန်းတွင်နေသော ကျွန်တော်မှာ နောက်ဆုံးဖြစ်သွားသည်။ အိမ်တိုင်ရာရောက် တစ်အိမ်ချင်းလိုက်ပို့သဖြင့် အချိန်ကြာသွားရသည်။

တောင်ဥက္ကလာကို ပတ်ပြီး သယ်န်းကျွန်းဝင်သောအခါ မိုးစုန်းစုန်းချုပ်သွားပြီ။ ည ၈ နာရီခန့်ရှိလိမ့်မည်ထင်ပါသည်။ ဖေဖော်ဝါရီလဖြစ်၍ အေးလည်းအေးလာ၏။ ထောင်ပုံစံအကျီလက်တိုဖြင့် လိုက်လာရသောကြောင့် တော်တော်အေးနေပါသည်။ မနက်ပိုင်းက ဆံပင်ညှပ်ထားပြီး ရေမချိုးရသေးသဖြင့် တစ်ကိုယ်လုံးယားနေသည်။ ကျွန်တော်က ရှေ့ခန်းတွင် ဒုတပ်ကြပ်နှင့် ကားမောင်းသူရဲဘော်တို့ဖြင့် လိုက်ပါလာခဲ့သည်။ ကျွန်တော့်ကို ဖမ်းခေါ်သွားစဉ်က ကျွန်တော်တို့လမ်းမှာ ခပ်ခြောက်ခြောက်ဖြစ်သော်လည်း ယခုမူဈေးဆိုင်များဖြင့် ကျပ်သိပ်နေပေပြီ။ နှစ်ပေါင်းများစွာ ကြာခဲ့သဖြင့် ကျွန်တော်အိမ်ကို မမှတ်မိတော့ပါ။

ကားမောင်းသမားကို ဈေးဆိုင်လေးတစ်ဆိုင်ရှေ့ ရပ်ခိုင်းလိုက်သည်။ ဒုတပ်ကြပ်က - "ခင်ဗျားအိမ်ပေါ်ထိ လိုက်မယ်နော်၊ ခင်ဗျားကို မိသားစုလက်ထဲ အပ်ပြီးမှပြန်မယ်ဗျာ"ဟု အားပါးတရပြောနေသည်။ ကျွန်တော်က ကားပေါ်မှဆင်းပြီး ကျွန်တော့်အိမ်ကိုမေးဖို့ ဟိုသည်ကြည့်လိုက်ရာ ဈေးဆိုင်ခုံပေါ်တွင် ထိုင်နေသော မိသားစုတစ်စုကို တွေ့လိုက်သည်။ မိန်းမက ကလေးတစ်ယောက်ကို ချီထားသည်။ မျက်မှန်နှင့်ယောကျ်ားက ကလေးတစ်ယောက်ကို ပေါင်ပေါ်တင်ထားသည်။

"ဒီမှာ . . . ဒေါ်သိန်းတင်တို့အိမ်က ဘယ်နားမှာလဲ"

မျက်မှန်နှင့်လူက ကလေးကိုကောက်ချီပြီး ထိုင်နေရာမှထလိုက်

သည်။ ခေတ်တိုင်မှမီးရောင်သည် ကျွန်တော်တို့အပေါ် ထိုးကျနေသည်။ သူက ကျွန်တော့်မျက်နှာကို စူးစူးဝါးဝါးစိုက်ကြည့်ပြီးနောက် -

"အစ်ကို . . . အစ်ကို ကျွန်တော်လေ အစ်ကို့ညီလေ"

ဟုအော်ပြောပြီး ကျွန်တော့်လက်မောင်းကို လာဆွဲပါသည်။ ကျွန်တော် တအံ့တဩ ဖြစ်သွားသည်။ သူ့ကိုကျွန်တော် လုံးဝမမှတ်မိတော့ပါ။ သူက ဆက်ပြီး မိတ်ဆက်ပေးသည်။

"သူက ကျွန်တော့်မိန်းမ၊ သူတို့က သမီးတွေလေ"

ကျွန်တော့်ညီအငယ်ဆုံး ဖြစ်သည်။ ကျွန်တော်အဖမ်းမခံရခင်က သူက ၁၀ တန်းကျောင်းသား ယခု ကလေးနှစ်ယောက်အဖေ၊ ရုံးစာရေး ဘွဲ့လည်းရနေပေပြီ။ ကျွန်တော့်လက်ကို တင်းတင်းဆုပ်ကိုင်ထားရင်းက နောက်ဘက်သို့လှည့်ကာ -

"အမေရေ . . . အစ်ကိုပြန်လာပြီ၊ အမေ့သားကြီး ပြန်လာပြီ"

ဟု လှမ်းအော်လိုက်ပါသည်။ နောက် ကျွန်တော့်ဘက်ပြန်လှည့်ကြည့်ပြီး -

"အမေနေမကောင်းတာကြာပြီ။ အခု အိပ်ရာပေါ်မှာ လမ်းသိပ်မလျှောက်နိုင်ဘူး"

ဟု ဆက်ပြောသည်။ ကျွန်တော် အိမ်ဘက်သို့လျှောက်ခဲ့ရာ သူတို့မိသားစုရော၊ လိုက်ပို့သည့် တပ်မတော်သားများရော နောက်မှလိုက်လာကြပါသည်။ အိမ်ရှေ့ လှေကားရင်းရောက်သည့်အခါ အိမ်ပေါ်မှ ဆင်းလာသည့် အမေ့ကို တွေ့လိုက်ရသည်။ အမေမှာ တော်တော်အိုမင်းသွားပေပြီ။ ကိုယ်လုံးကိုယ်ထည်မှာလဲ ငှက်မွေးလေးလို ပါးပါးလေးသာရှိသည်။

"အမေက ထမင်းလည်း သိပ်မစားဘူး၊ လှေကားဆင်းဖို့နေနေသာသာ လမ်းလျှောက်ရင်တောင် လူတွဲသွားရတာ။ အခု အစ်ကိုလွတ်လာတော့ အံ့ဩဖို့ကောင်းလိုက်တာ လှေကားကိုတောင် မကိုင်ဘဲ အလွတ်ဆင်းလာနိုင်တယ်"

ကျွန်တော့်ညီက ဝမ်းသာအားရပြောပြနေသည်။ အမေ့ပခုံးကိုဖက်ပြီး အိမ်ပေါ်သို့ တက်လာခဲ့ပါသည်။ အိမ်ပေါ်တွင် လူကြီးတစ်

ယောက်မျှမရှိဘဲ ကလေးငယ်တစ်ယောက်သာ ကစားနေသည်။ အမေက ကျွန်တော့်မျက်နှာကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေ၏။ မျက်လုံးများထဲတွင် မျက်ရည်စများ ဝဲနေပါသည်။

"သားရယ် ဝမ်းသာလိုက်တာ၊ မသေကောင်းမပျောက်ကောင်း ပြန်တွေ့ရတယ်နော်"

ဟု ကျွန်တော့်ကိုပြောနေသည်။ အမေမရှိတော့ဟု အမေ့အသက်ကို မမျှော်လင့်ခဲ့သော ကျွန်တော်မှာ ယခုလို အမေ့ကိုတွေ့ရသဖြင့် အလွန်ပျော်သွားပါသည်။ ထိုအချိန်တွင် ကစားနေသောကလေးက အမေ့ပေါင်ပေါ်လာထိုင်ပြီး ကျွန်တော့်မျက်နှာကို ကြည့်နေသည်။ ယောကျ်ားလေးဖြစ်ပြီး ငါးနှစ်လောက်ရှိပေလိမ့်မည်။ အမေက ကလေးကို ကျွန်တော့်ပေါင်ပေါ်တင်ပေး၏။ ကျွန်တော်ကလည်း အသာအယာပင် ပွေ့ဖက်ထားလိုက်ပါသည်။ ကျွန်တော့်ညီ၏ ကလေးဟုပင် ထင်သည်။ ကလေးမှာ တစ်အောင့်သာကျွန်တော့်ပေါင်ပေါ်ထိုင်ပြီး အမေ့ပေါင်ပေါ်အတင်းသွားထိုင်လိုက်ကာ -

"ဘွားဘွား၊ ဒီဦးဦးက ဘယ်သူလဲ"ဟု မေးလိုက်သံကို ကျွန်တော်ကြားရသည်။ အမေက ကျွန်တော့်ကိုကြည့်ကာ -

"သား ဒီကလေးကို သိလား"

"မသိဘူးလေ အမေရဲ့ - ဟိုကောင့်သား မဟုတ်လား"

ကျွန်တော့် အဖြေကိုကြားရသောအခါ အမေသည် မျက်ရည်များ ကျဆင်းပြီး ဝမ်းနည်းပက်လက် ငိုပါတော့သည်။ ကျွန်တော်လည်း ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားတော့သည်။ ကလေးကလည်း အဘွားငိုသည်နှင့် လိုက်ငိုသည်။ ကျွန်တော့်ညီနှင့် ခယ်မမှာလည်း မျက်ရည်များ ကျနေပါသည်။

"ဒီကလေးက နင့်သားလေ၊ ထောင်ထဲကနေ နင်နာမည်ပေးလိုက်တဲ့ သားလေ"

ဟု အမေက ရှိုက်ရင်းပြောနေပါသည်။ ကျွန်တော်က ကလေးကို တအံ့တဩကြည့်နေပါသည်။ ထောင်ထဲတွင်ရှိစဉ် သားလေးမွေးသည့်အကြောင်း၊ ကျန်းမာကြောင်းကို ကလေးမွေးပြီး တစ်နှစ်လောက်အကြာ

တရေးခွင့်ရမှ သိရပါသည်။ ဓာတ်ပုံကိုလည်း ထည့်ပေးလိုက်ပါသည်။ သားနာမည်ပေးသည့်နေ့က တစ်ခန်းလုံးကို ပဲလှော်၊ ဘီစကွတ်နှင့် ရေနွေးကြမ်းတိုက်ပြီး ကင်ပွန်းတပ်ပွဲ ကျင်းပခဲ့သေးသည်။

သားကိုကြည့်ပြီးနောက် ကျွန်တော်က ချီလိုက်သည်။ အဖေနှင့်သား မမှတ်မိပါလား၊ ကျွန်တော် ထောင်ထဲဝင်စဉ်က ကိုယ်ဝန် နှစ်လသားလောက်နှင့် ကျန်ခဲ့သောသားမှာ ယခု ငါးနှစ်နီးပါးရှိချေပြီ။ ထိုအတိုင်းဆိုလျှင် သမီးကြီးမှာ ၁၀ နှစ်လောက်၊ သမီးငယ်မှာ ရှစ်နှစ်လောက်ရှိပေရော့မည်။ မိန်းမနှင့်သမီးများကို မြင်တွေ့လိုစိတ်ဖြင့် ဝမ်းနည်းသွားပါသည်။

ထိုအချိန်တွင် လှေကားမှ ဆူဆူညံညံအသံများ ကြားရကာ အိမ်ခေါင်းရင်းမှ အိမ်နီးချင်းများ ရောက်လာကြသလို ကလေးနှစ်ယောက်နှင့် ကျွန်တော့်မိန်းမမှာ ဆွဲခြင်းတစ်လုံးဖြင့် အိမ်ပေါ်ရောက်လာကြပါသည်။ မိန်းမက ကျွန်တော့်မျက်နှာကို တအံ့တဩစိုက်ကြည့်နေပါသည်။ သမီးနှစ်ယောက်ကမူ မျက်နှာစိမ်းတစ်ယောက်ကို စိုက်ကြည့်သည့် အကြည့်မျိုးဖြင့် အဖေကို ကြည့်နေပါသည်။

အိမ်အပြန်လမ်းမှာ မျှော်လင့်ချက်များ လုံးဝဆိတ်သုဉ်းခဲ့ရသည့်သမ်းမျိုးကား မဟုတ်ပေ။ သို့သော် ကြေကွဲမှု၊ ကြည်နူးမှု၊ မျှော်လင့်ချက်ရောင်ခြည် တောက်ပလာမှု စသော ခံစားမှုပေါင်းစုံဖြင့် ရောထွေးခဲ့ရပါသည်။ ကျွန်တော့်ဘဝတွင် မိသားစုနှင့် နှစ်ပေါင်းများစွာခွဲခွာ၍ အကျဉ်းထောင်ထဲ ဘဝတစ်စိတ်တစ်ပိုင်း ကုန်ဆုံးခဲ့ရသော ပထမဆုံး အတွေ့အကြုံဖြစ်ပါသည်။ နောင် ဒုတိယ၊ တတိယ၊ စတုတ္ထ စသည့် အတွေ့အကြုံများ၊ အိမ်အပြန်ခရီးများ ထပ်ကာထပ်ကာ မကြုံခင် ရှေ့ပြေးအိမ်အပြန်ခရီးအဖြစ် ရင်ထဲတွင် မှတ်မှတ်ရရ ထင်ကျန်နေခဲ့ပါသည်။

*

## တန်ဖိုးရှိတဲ့လူ အမှတ်ကောင်းတဲ့လူ

"ကျွန်တော်၏ အသက် ၉၂ နှစ်ပြည့်မွေးနေ့တွင် ရဲဘော်များ မိတ်ဆွေများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဧည့်ခံကျွေးမွေးလိုပါသဖြင့် တစ်ဖက်ပါ အစီအစဉ်အတိုင်း ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်"

**သခင်သိန်းမောင်(ဝါးခယ်မ)**

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့က သခင်သိန်းမောင်(ဝါးခယ်မ)ရဲ့မွေးနေ့ကို ကျွန်တော်ရောက်သွားပါတယ်။ မနက် ၉ နာရီမှာ စဖို့ဖြစ်ပေမယ့် ၉ နာရီလောက်ကတည်းက ကျွန်တော်တို့ရောက်သွားတာပါ။ သခင်သိန်းမောင်(ဝါးခယ်မ)ဟာ ယခု ၉၂ နှစ်ရှိပါပြီ။ တို့ဗမာအစည်းအရုံးမှာ ပါဝင်ပြီး၊ ဗြိတိသျှနယ်ချဲ့သမားများကို ဆန့်ကျင်၍ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သူ သခင်တစ်ဦးဖြစ်ပါတယ်။ ဖက်ဆစ်ဂျပန်တွေကို တော်လှန်တိုက်ခိုက်ခဲ့သလို ပြည်သူလူထုဘက်မှာနေ တစ်လျှောက်လုံး ရပ်တည်ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုလောက်ကတည်းက သခင်သိန်းမောင်(ဝါးခယ်မ)နဲ့ကျွန်တော် ခင်မင်ရင်းနှီးခဲ့တာပါ။ ကျွန်တော်တို့ကအန်ကယ်ဦးသိန်းမောင်လို့ ခေါ်ပါတယ်။ လေထီးဦးအုန်းမောင်၊ သခင်အုန်းမြင့်တို့

ကို လေးစားကြည်ညိုသလို အန်ကယ်ဦးသိန်းမောင်ကိုလည်း ကျွန်တော် လေးစားချစ်ခင်ပါတယ်။ လေထီးဦးအုန်းမောင်ကတော့ ၂၀၁၀ ပြည့်နှစ်က ကွယ်လွန်သွားခဲ့ပါပြီ။ ကျွန်တော်က သူတို့သုံးယောက်နဲ့ အတူ ခရီးသွားနေကျပါ။ လူထုဒေါ်အမာမွေးနေ့ပွဲ၊ ဆရာဒဂုန်တာရာ မွေးနေ့ပွဲတွေကို အမြဲသွားကြပါတယ်။

စကားအနည်းဆုံးနဲ့အအေးဆုံးကတော့ အန်ကယ်ဦးသိန်းမောင် ပါပဲ။ ကျွန်တော်က အန်ကယ်နဲ့ ပုဂံမှာ တစ်ပတ်နီးပါး ဘုရားဖူးခဲ့သလို မန္တလေး၊ အောင်ပန်းမှာလည်း နှစ်စဉ်ရထားနဲ့သွားလေ့ရှိခဲ့တယ်။ ဒါကြောင့် အန်ကယ်ဦးသိန်းမောင်တို့၊ သခင်အုန်းမြင့်တို့ လေထီး ဦးအုန်းမောင်တို့ရဲ့ လေးစားကြည်ညိုတဲ့ အရည်အချင်းနဲ့စွန့်လွှတ်အနစ် နာခံမှုတွေကို သိရှိခဲ့တာပါ။

အသက်ကြီးလာပြီး အိုမင်းမစွမ်းရှိတဲ့သူတွေရဲ့ ယေဘုယျ ပြောလေ့ရှိတဲ့စကားက "အသက်ကြီးလာတော့ ဘာမှမကောင်းတော့ပါ ဘူး။ လူငယ်လို စိတ်သွားတိုင်း ကိုယ်မပါတော့ဘူး"လို့ ပြောကြပါတယ်။ အရာထောင်းလာတော့ ကျန်းမာရေးယိုယွင်းလာတာကိုတော့ လက်ခံပါ ရဲ့ ဒါပေမဲ့ အသက်ကြီးလာလို့ သုံးမရတော့ဘူးဆိုတဲ့ အမြင်မျိုးကိုတော့ လက်မခံနိုင်ပါဘူး။ လူကြီးတွေဟာ အတွေ့အကြုံများစွာကို နှစ်ပေါင်း အကြာကြီး ရရှိဖြတ်သန်းခဲ့သူတွေဖြစ်တဲ့အတွက် အလွန်လေးနက်တဲ့ သင်ခန်းစာတွေကို ရရှိထားသူတွေ ဖြစ်ပါတယ်။ ဒါကြောင့် လူကြီးတွေ ဆီက သင်ယူလေ့လာဖို့ကို လူငယ်တွေဟာ ချဉ်းကပ် ကြိုးစားရပါ လိမ့်မယ်။

လူကြီးလူငယ်လူလတ် ပေါင်းစပ်ရေးဟာ ဘယ်နယ်ပယ်မှာမဆို အရေးကြီးလှပါတယ်။ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ စာပေ အနုပညာ နယ်ပယ်အားလုံးမှာ လူကြီးတွေချည်း မဖြစ်နိုင်သလို လူလတ်၊ လူငယ်တွေချည်းလည်း မဖြစ်နိုင်ပါဘူး။

သခင်သိန်းမောင်(ဝါးခယ်မ)ရဲ့ ၉၂ နှစ်ပြည့်မွေးနေ့မှာ ဧည့်သည် တွေ မရောက်ခင်မှာ အန်ကယ်ဦးသိန်းမောင်နဲ့ကျွန်တော် နှစ်ယောက် တည်း စကားပြောဖြစ်ပါတယ်။ ကျွန်တော်က -

"ဒီဇင်ဘာလတုန်းက ကျွန်တော်ပုဂံကို ရောက်ခဲ့ပါတယ်။ အန်ကယ်တို့နဲ့ သွားခဲ့တဲ့အချိန်ပါပဲ။ ဘုရားတွေဖူးပြီးတော့ ပုဂံနေဝင်ချိန်ကို ပြာသာဒ်ကြီးဘုရားပေါ်က ကြည့်ဖြစ်ပါတယ်။ နေဝင်ချိန်ကို အေးအေးဆေးဆေးကြည့်ရင်း ကျွန်တော်စဉ်းစားမိတယ်။ လူတိုင်းမှာလည်း ဘဝနေဝင်ချိန် ရောက်လာတာဟာ သဘာဝပဲ။ ဘယ်သူမဆို ဘဝနေဝင်ချိန်ကို ရင်ဆိုင်ရမှာဖြစ်တဲ့အတွက် နေဝင်ချိန်ကောင်းဖို့ လိုတယ်လို့တွေးမိပါတယ်။ လူတိုင်းမှာ ဘဝနေဝင်ချိန်ရှိကြပေမယ့် နေဝင်ချိန်ချင်းတော့ မတူပါဘူး။ နေဝင်ချိန်ကောင်းဖို့ လိုတယ်။ တချို့လူတွေက နေဝင်ချိန်ဆိုးကြပြီး၊ တချို့လူတွေကျတော့ နေဝင်ချိန်အလွန်ကောင်းကြတယ်လို့ စဉ်းစားမိတာပါ"လို့ ပြောတော့ အန်ကယ်ဦးသိန်းမောင်က -

"ဟုတ်ပါတယ်။ နေဝင်ချိန်ကောင်းဖို့က မလွယ်ပါဘူး။ နေဝင်ချိန်ကောင်းအောင် ဘဝကိုဖြတ်သန်းရတာဟာ ပင်ပန်းခက်ခဲပါတယ်ဗျာ"

ဟု လေသံအေးအေးဖြင့် ပြောပြပါတယ်၊ ဧည့်သည်တွေ ရောက်လာကြပြီး အန်ကယ်ကိုလာနှုတ်ဆက်ကြတဲ့တွက် ကျွန်တော်လည်း ကျွန်တော်တို့စားပွဲရှိရာကို ပြန်လှည့်ခဲ့ပါတယ်။ အန်ကယ်ဟာ ၉၂ နှစ်အထိ အသက်ရှည်တဲ့အတွက် ဝမ်းသာရပါတယ်။ ဘဝရဲ့ဆည်းဆာချိန်ကို ရောက်နေပေမယ့် အန်ကယ်ဘဝဟာ တောက်ပြောင်ပါတယ်။ လေထီးဦးအုန်းမောင်တို့၊ အန်ကယ်သခင်အုန်းမြင့်တို့လို အန်ကယ်သခင်သိန်းမောင်ဟာ လူရိုသေရှင်ရိုသေပုဂ္ဂိုလ်အဖြစ် ဘဝကိုဂုဏ်ရှိရှိ ကျော်ဖြတ်လာခဲ့တာပါ။

သူတို့အကြောင်း စဉ်းစားရင်းနဲ့လွန်ခဲ့တဲ့ သကြံန်တွင်းတုန်းက အဖြစ်တစ်ခုကို ပြန်စဉ်းစားမိပါတယ်။

ကျွန်တော့်အိမ်ရှေ့လမ်းပေါ်မှာ သကြံန်ရေကစားရင်း လူငယ်တွေ ရန်ဖြစ်ကြပါတယ်။ ဆိုးဆိုးရွားရွားမဟုတ်ပေမယ့် ထိုးကြကြိတ်ကြတဲ့အထိ ဖြစ်သွားတယ်။ အချင်းချင်း ဆွဲကြတာကြောင့် ရန်ပွဲကပြီးသွားပါတယ်။ ဒါပေမဲ့ ကလေးတွေရန်ဖြစ်တာကို လူကြီးတွေကသိတော့ အထိုးခံရတဲ့ကလေးရဲ့အမေ ရောက်လာပြီး အော်ကြီးဟစ်ကျယ်နဲ့ ရန်တွေ့တယ်။ အဲဒီအမျိုးသမီးက အသက်လေးဆယ်လောက်ပဲ ရှိပါလိမ့်

မယ်။ ဒါပေမဲ့ ဘေးကလူကြီးတွေက အမျိုးသမီးကိုဖျောင်းဖျပြီး သကြွန်တွင်းမဆဲဖို့ ရန်မဖြစ်ဖို့ပြောတော့ အမျိုးသမီးလည်း တိတ်သွားတယ်။ သူ့သားကိုဆုံးမပြီး ပြန်သွားတယ်။ သားဖြစ်သူကလည်း ရေမကစားတော့ဘဲ ဘိလိယက်ခုံမှာ ဘိလိယက် ဝင်ထိုးနေပါတော့တယ်။ ကျွန်တော်လည်း ကလေးတွေရန်ပွဲပြီးတော့ အေးအေးဆေးဆေး စာဖတ်ဖို့ ပက်လက်ကုလားထိုင်ပေါ် ထိုင်လိုက်တဲ့အချိန်မှာ -

"ဘယ်မအေ . . . လဲကွ၊ ငါ့မြေးကိုထိုးတာ၊ ခွေးမသား မိမစစ်ဖမစစ် ကလေကချေကောင် ဘယ်လောက်မိုက်လို့လဲ လာ ငါနဲ့ချမယ်။ မအေ . . . ခွေးမသား"

လို့ အသံကုန်အော်ဆဲသံကို ကြားလိုက်ပါတယ်။ ဘယ်သူလဲလို့ အပြင်ထွက်ကြည့်လိုက်တဲ့အခါ လက်သီးနဲ့ထိုးတဲ့လူငယ်ရဲ့အဘိုး ဖြစ်နေတာကို တွေ့ရပါတယ်။ သူက ကျန်းမာရေးမကောင်းလှပါဘူး။ လေဖြတ်ထားတာကြောင့် တုတ်ကောက်နဲ့လမ်းသွားရပါတယ်။ အသက်ကလည်း ၇၀ လောက်ရှိပါပြီ။ သူ့မြေး ရန်ဖြစ်တယ်ကြားလို့ အိမ်ထဲကနေ ထွက်လာတာပါ။

လူကြီးဆိုတော့ သူ့ကိုဖျောင်းဖျလို့လည်းမရ၊ ရှင်းပြလို့လည်း မရဘူး၊ ပြောတဲ့သူတွေကိုတောင်သူက ဆဲဆိုကြိမ်းမောင်းလိုက်သေးတယ်။ ဒီလိုဆဲနေတာဟာ အချိန်တော်တော်ကြာပါတယ်။ နောက်ဆုံးသူ့မိန်းမနဲ့သားသမီးတွေကလာပြီး ဆွဲခေါ်မှ ဆဲဆိုပြီးသူ့အိမ်ကိုပြန်သွားပါတော့တယ်။ ဒီလိုဆဲနေချိန်မှာ ကျွန်တော့်မြေးက အိမ်ပေါ်တက်လာပြီး -

"အဘိုးကြီးကလည်း သေခါနီးမှ အမှတ်တွေလျော့နေပြန်ပါပြီ"

လို့ ပြောလိုက်တဲ့စကားကို ကျွန်တော်ကြားလိုက်ရတော့ ကြက်သီးဖြန်းခနဲ ထသွားပါတယ်။

အမှတ်တွေလျော့နေပြီတဲ့။ ကျွန်တော်တို့လည်း အမှတ်လျော့အောင် နေသင့်ရဲ့လား။ လူမှာတန်ဖိုးရှိပါတယ်။ တန်ဖိုးရှိအောင်လည်း နေတတ်ဖို့ လိုပါတယ်။ မိမိရဲ့တစ်ကိုယ်ရေကောင်းစားဖို့အတွက် လောဘ၊ ဒေါသ၊ မောဟတွေဖုံးပြီး မိမိအတွက် မိသားစုအတွက် ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ တစ်ကိုယ်ကောင်းစိတ်ဓာတ်ဟာ လူ

တန်ဖိုးမဟုတ်တော့ဘူး။ တန်ဖိုးမရှိတဲ့လူ ဖြစ်သွားပြီ။ အမှတ်တွေ လျော့သွားပါပြီ။

တန်ဖိုးရှိတဲ့လူဆိုတာက အများအကျိုးအတွက် မိမိကိုယ်ကျိုးကို ခွင့်လွှတ်တဲ့သူ၊ အများအကျိုးကိုလုပ်တဲ့ ကူညီစောင့်ရှောက်တဲ့သူ၊ တိုင်းပြည်အကျိုး လူထုအကျိုးကိုပဲ ကြည့်တဲ့သူ၊ အမျိုး၊ ဘာသာ၊ သာသနာအတွက် အားထုတ်လုံးပန်းတဲ့သူ၊ လူတိုင်းကို ကူညီဖေးမတဲ့သူဟာ တန်ဖိုးရှိတဲ့သူ၊ အမှတ်ကောင်းတဲ့သူပါပဲ။

ကျွန်တော် ပုဂံမှာပြာသာဒ်ကြီးဘုရားပေါ်ကနေ ပုဂံနေဝင်ချိန်ကို ကြည့်ပြီး လူတွေရဲ့ဘဝနေဝင်ချိန်ကို သံဝေဂရခဲ့ပါတယ်။ နေဝင်ချိန်ကောင်းဖို့ကိုလည်း တွေးခဲ့ပါတယ်။ အမှတ်ကောင်းတဲ့လူ၊ တန်ဖိုးရှိတဲ့လူလည်း ဖြစ်ချင်တယ်လို့ ဆန္ဒရှိခဲ့ပါတယ်။ ဒီစိတ်ကူးပေါ်ရင်း ဘဝနေဝင်ချိန်ဆိုးခဲ့သူတွေအကြောင်းလည်း စဉ်းစားမိပါတယ်။ ဂျူနိဦးစောလို လူတွေရဲ့တံတွေးခွက်မှာ မျောပါခဲ့ပုံဟာ သံဝေဂရစရာ ကောင်းလှတယ်။ ရာစုနှစ်တစ်ဝက်ကျော်ခဲ့ပေမယ့် သူ့နာမည်ဟာ ယခုထက်တိုင်မကောင်းတော့ဘဲ နာမည်ဆိုးနဲ့ပဲ ကျန်ရစ်ခဲ့တယ်။ သူ့ကို ခွင့်လွှတ်နားလည်တဲ့သူ ယခုထိမရှိခဲ့ပါဘူး။ ဂျူနိဦးစောနဲ့ သူ့တပည့်လူသတ်သမားတွေဟာ ဘဝနေဝင်ချိန်မကောင်းလှပဲ၊ အမှတ်တွေတစ်မှတ်မှ မကျန်တော့တဲ့ လူတန်ဖိုးမရှိသူတွေ ဖြစ်သွားခဲ့ပါပြီ။

ချီလီနိုင်ငံက ပီနိုချေးအကြောင်း တွေးမိတဲ့အခါမှာလည်း ဦးစောလို ခံစားချက်မျိုး ရှိခဲ့ပါတယ်။ ဖိလစ်ပိုင်က မားကို့စ်၊ စပိန်က ဖရန်ကိုစတဲ့ သမိုင်းမှာ နာမည်ဆိုးနဲ့ ထင်ရှားခဲ့သူတွေဟာ ဘဝနေဝင်ချိန်မကောင်းကြပါဘူး။ ဒါပေမဲ့ မာသာထရီဇာလို၊ မဟတ္တမဂန္ဒီလို၊ ဒေါက်တာနော်မန်ဘက်သွန်းလို၊ ချေဂွေဗားရားလို ဘဝနေဝင်ချိန် ထွန်းပြောင်တဲ့သူတွေအကြောင်း တွေးမိတဲ့အခါ သူတို့လိုနေဝင်ချင်တဲ့ ဆန္ဒတွေ၊ ရည်မှန်းချက်တွေ ခေါင်းထဲရောက်လာပါတယ်။ တန်ဖိုးရှိတဲ့လူ၊ အမှတ်ကောင်းတဲ့လူဖြစ်ဖို့ နေဝင်ချိန်ထွန်းတောက်နေဖို့ လူတိုင်းကို တိုက်တွန်းလိုက်ရပါတယ်။

*

# မပြောသည့်ဝင့်ကြွေး

သူ့နာမည်ကို ကျော်ဆွေဟုပြောလိုက်သဖြင့် ရုပ်ရှင်မင်းသားကြီး ကျော်ဆွေကို သွားသတိရလိုက်မိသည်။ မင်းသားကြီးကျော်ဆွေက အရပ်မြင့်မြင့် ရုပ်ချောချော၊ ကိုယ်လုံးတောင့်တောင့်၊ မာန်ကောင်းကောင်းဖြစ်သည်။ ယခု ကျွန်တော့်မိတ်ဆွေ ကျော်ဆွေက အသားမည်းမည်း၊ မျက်နှာပြားပြား၊ အရပ်ပျပ်ပျပ်ဖြစ်သည်။ ကိုယ်လုံးကိုယ်ပေါက်မှာမူ ကြွက်သားအဖုအထစ်များဖြင့် အလွန်တောင့်တင်းသည်။ အသားကမည်းနေသောကြောင့် ကျွဲတစ်ကောင်လိုပင် သန်မာလှပါသည်။ မင်းသားကြီးကျော်ဆွေနှင့် ပုံပန်းသဏ္ဌာန်ချင်း ကွာခြားလှသော်လည်း သပ်သပ်ရပ်ရပ်နေပုံချင်းက တူပါသည်။ ထောင်အဝတ်အစားအတိုင်း အင်္ကျီအဖြူနှင့် ပုဆိုးအဖြူကို သန့်သန့်ရှင်းရှင်းလျှော်ဖွပ်ကာ ဝတ်သည်။ ဆံပင်မှာလည်း ဆီလိမ်းပြီး အမြဲကြော့ကြော့မော့မော့ ဖြီးထားလေ့ရှိ၏။ ဝင်စစ် ကျော်ဆွေသည် ခိုးဆိုးဓား တစ်ယောက်ဖြစ်ပါသည်။ လူရှင်းပြီးသားကောင်က တစ်ယောက်တည်းဆိုလျှင် လုသည်၊ ခိုးသည်။ ကားပေါ်တွင် အခြေအနေပေးလျှင် ခါးပိုက်နှိုက်သည်။ ထောင်ထဲဝင်လိုက် ထွက်လိုက်နှင့် သံသရာလည်နေပါသည်။

ကျော်ဆွေမှာ သာကေတတွင်နေပြီး မြန်မာစာကိုရေးနိုင်ဖတ်နိုင်ရုံလောက်သာ တတ်ပါသည်။ မိဘမဲ့ဂေဟာမှ ကြီးပြင်းလာခဲ့ရသဖြင့် အဖေအမေကို သူမသိပါ။ ငယ်ငယ်ကတည်းက လက်ဆော့တတ်ပြီး ဆယ်ကျော်သက်အရွယ်တွင် ဒုစရိုက်မှုများကို ကျူးလွန်ခဲ့လေသည်။ သူ့အပေါင်းအသင်းများမှာ လမ်းပေါ်မှလေလွင့်နေသူများ ဖြစ်၏။ ကျော်ဆွေတစ်ယောက် အတုမြင်အတတ်သင် ဖြစ်လာခဲ့၏။ ထောင်ကို အိမ်ဦးနှင့်ကြမ်းပြင်လို ဝင်ထွက်လိုက်သဖြင့် အတွေ့အကြုံရင့်နေသော ကျော်ဆွေမှာ ကျွန်တော်နှင့်တွေ့သည့်အခါ ဘာရာတစ်ဦးဖြစ်ပြီး ညဘက်ဘာရာတန်းတွင် အိပ်ရသည်။ နေ့ခင်းတွင် ရေကန်တန်းစီး ဖြစ်နေပေသည်။

ညဘက်အကျဉ်းသားများကို စောင့်ရသောထောင်ကျအစောင့်ကို ဘာရာဟု ခေါ်သည်။ သူတို့သည် အကျဉ်းသမားများအိပ်သည့်သစ်သားတန်းများကာသောအခန်းအပြင်ရှိ သံတိုင်နှင့်အုတ်နံရံကြားတွင် ညဘက်စောင့်အိပ်ရသူများ ဖြစ်သည်။ ကျွန်တော်စာရေးဆရာမှန်းသိသောအခါ ကျော်ဆွေက ညဘက်ဆိုလျှင် ရေနွေးကြမ်း၊ ပဲကြီးလှော်၊ ထန်းလျက်ခဲနှင့် ဧည့်ခံရင်း သူနှင့်ကျွန်တော် ရင်းနှီးခဲ့ရပါသည်။ မိဘမဲ့ကျောင်းမှ ကြီးပြင်းလာသူဖြစ်သောကြောင့် ဆွေမျိုးသားချင်းများလည်းမရှိဘဲ ခိုးဆိုးဓားပြဘဝကသိကျွမ်းသူ ဒုစရိုက်သမားများနှင့် ထောင်တွင်း၌ သိကျွမ်းသူများသာ သူ့ဆွေမျိုးများလို ဖြစ်နေပါတော့သည်။

ကျော်ဆွေက ကျွန်တော့်လက်ကသုံးတောင်ဝှေး သူ့ကိုယ်သူခံယူပြီး ရေနွေးယူပေး၊ ထမင်းချိုင့်ဆွဲပေးနေပါသည်။ ကျွန်တော်တို့ ၅(ည) အဖွဲ့၏ ကူဖော်လောင်ဖက်ဖြစ်နေပါတော့သည်။ ကျွန်တော်နှင့်ရဲဘော်များကလည်း သူ့မှာထောင်ဝင်စာမရှိသောကြောင့် အပြင်မှကျွန်တော်တို့ကို ပို့ပေးသည်များကို ကျွေးမွေးပါသည်။ ထောင်ပါးဝနေသော ကျော်ဆွေကလည်း ကျွန်တော်တို့အတွက် တို့စရာကအစ ဟင်းချက်ဖို့အသီးအရွက်တွေကို ရှာဖွေပေးသည်။ သူက ရေကန်ဘုတ်ကိုင်လည်းဖြစ်၍ တောင်ယာသမားများနှင့် အပေးအယူရှိပြီး အဆင်ပြေပါသည်။ ထို့ကြောင့် ကျွန်တော့်တို့အဖွဲ့မှာ သီးရွက်များကို လုံလုံလောက်လောက် စားကြရသည်။ ကြော်လှော်၍လည်း ရပါသည်။ ထိုရှားပါး

အခွင့်အရေးကို ကျော်ဆွေအစွမ်းကြောင့် ရရှိခြင်းဖြစ်ပါသည်။

ကျွန်တော်တို့မှာ တခြားအကျဉ်းသားများ၊ ဒုစရိုက်သမားများကို နားလည်သဘောပေါက်ကြသည်။ စီးပွားရေးကျပ်တည်းမှုများကြောင့် ဘဝရပ်တည်ရေးအတွက် ဒုစရိုက်မှုများကို ကျူးလွန်ကြရသဖြင့် သူတို့ကို စာနာမိပါသည်။ နီးစပ်သူများကို ဆေးလိပ်ကအစ ထောင်ဝင်စာ အစားအစာများကို ကျွေးမွေးသလို အချို့ကိုလည်း စာသင်ပေးသည်။ အင်္ဂလိပ်စာသင်ပေးသည်။ ကမ္ဘာ့နိုင်ငံများနှင့် နိုင်ငံတကာအခြေအနေကို ရှင်းပြသဖြင့် ဗဟုသုတရကြသည်။ ထို့ကြောင့် ညဘက်အိပ်ဆောင်ဝင် တန်းစီလူစစ်ပြီးချိန်တွင် ကျွန်တော်တို့ ၅(ည)များ ပတ်လည်တွင် ဒာဇဝတ်ပြစ်မှုဖြင့် ထောင်ကျသူများ ဝိုင်းဖွဲ့ရောက်လာလေ့ရှိပါသည်။ ကျော်ဆွေက သူ့ဘဝသူ့အကြောင်းကို ကျွန်တော့်နားလာပြီး ပြောတတ်၏။ သို့သော် ကောင်းကောင်းမပြောရပါ။ သူ့ထက်ဦးသူများ၊ သူ့ထက် ါရင့်ခားပြဗိုလ်များ၊ ဆေးသမားများ၊ ခါးပိုက်နှိုက်ဆရာကြီးများက ဦးနေ ဘတ်သဖြင့် တနင်္ဂနွေလို အလုပ်ကြီးပိတ်ရက်များမှသာ စကားပြောခွင့် ရလေသည်။

ကျော်ဆွေသည် လူဆိုးတစ်ယောက်ဖြစ်သော်လည်း လူယုတ်မာ တစ်ယောက် မဟုတ်ပေ။ ကျေးဇူးတရားကိုသိသည်။ သက်ကြီးရွယ်အို များကို ကူညီတတ်သလို ရိုသေကိုင်းရှိုင်းမှုလည်း ရှိသည်။ ကျော်ဆွေနှင့် ကျွန်တော်သည် ညီအစ်ကိုတွေလို ခင်မင်ကြသည်။ ကျွန်တော်တို့ ထောင်မှလွတ်ပြီး အပြင်လောကရောက်သည်အထိ ရေစက်ဆုံသည်။

၁၉၈၀ ပြည့်နှစ် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ကျွန်တော်ထောင်မှ လွတ်လာပြီးသည့်အခါ မိသားစုစားဝတ်နေရေးအတွက် စာအုပ်အငှား ဆိုင်လေးတစ်ဆိုင် ဖွင့်ဖြစ်ခဲ့ပါသည်။ စာပေလောကနှင့်ကြာမြင့်စွာ အဆက်ပြတ်နေသောကြောင့် စာလည်းပြန်မရေးဖြစ်သေးပါ။ ရဲဘော် များ၊ မိတ်ဆွေများထံမှ စာအုပ်အဟောင်းများကို အလှူခံပြီး အငှားဆိုင် လေးတစ်ဆိုင်ကို အိမ်ရှေ့တွင် ဖွင့်ခဲ့သည်။ ကျွန်တော်တို့လင်မယားမှာ ဆိုင်လေးတွင်နေပြီး ကလေးများမှာ အိမ်မကြီးတွင်နေကြသည်။ အပေါင်းအသင်းများ၏ ဝိုင်းဝန်းမတည်မှုဖြင့် လက်ဖက်၊ ချင်းသုပ်ဆိုင်

လေးကို စာအုပ်အငှားဆိုင်နှင့် တွဲဖွင့်ပါသည်။

ကျွန်တော်ထောင်ကလွတ်လာပြီး ခြောက်လခန့်အကြာတွင် ကျော်ဆွေ အိမ်ရောက်လာပါသည်။ ထောင်ထဲတွင် ကျွန်တော်ပေးထားသော လိပ်စာအတိုင်း ရောက်လာခြင်းဖြစ်သည်။ သူက သာကေတရှိ သူ့သူငယ်ချင်းအိမ်တွင် နေသည်။ သူ့သူငယ်ချင်းမှာ အိမ်ထောင်မရှိဘဲ အမေနှင့်နေသည်။ ထို့ကြောင့် ကျော်ဆွေသည် သူငယ်ချင်းအမေကို သူ့အမေအရင်းလို ပြုစုခဲ့သည်။ သူငယ်ချင်းနှင့်အတူ အလုပ်လုပ်ပြီး ဘဝကို အေးအေးချမ်းချမ်းနေထိုင်ရန် စဉ်းစားထားခဲ့သည်။

ကျော်ဆွေ ကျွန်တော့်ကိုတွေ့တော့ တအံ့တသြဖြင့် ကြည့်နေသည်။ စိတ်မကောင်းလည်း ဖြစ်သွားပုံရသည်။ ထောင်ထဲမှာတုန်းက စာရေးဆရာဆိုပြီး အထင်ကြီးချင်ကြီးပါလိမ့်မည်။ သို့သော် ခနိမိုး၊ ထရံကာ စာအုပ်ဆိုင်ခပ်ကျဉ်းကျဉ်းကိုကြည့်ပြီး အခြေအနေကို ရိပ်မိသွားပါသည်။ ထိုအချိန်က စာအုပ်အငှားဆိုင်ဖွင့်ရင်း အင်္ဂလိပ်စာကျူရှင်ကို အစပျိုးဖွင့်ထားသည်။ ကျောင်းသားက ခုနစ်တန်း နှစ်ယောက်၊ ၁၀ တန်း တစ်ယောက်သာ ရှိသည်။ ကျူရှင်ကို အမေ့အိမ်တွင်ဖွင့်သည်။ ကျော်ဆွေကို ကျွန်တော်ထမင်းကျွေးသည်။

"ဝမ်းသာလိုက်တာ ကျော်ဆွေရာ မင်းကို ဒီလောက်မြန်မြန်လွတ်မယ်လို့ ငါမထင်ဘူး။ နောက်ပြီး ငါ့ဆီအခုလို လာလည်လိမ့်မယ်လို့လည်း မမျှော်လင့်ဘူး။ ထောင်ထဲတွေ့တဲ့သူတွေက အုတ်ရိုးအတွင်းမှာသာ ကတိစကားတွေပြောကြပြီး အုတ်ရိုးအပြင်ရောက်တာနဲ့ အားလုံးမေ့သွားကြတာပဲ မဟုတ်လားကွ"

"ဆရာကလည်း ကျွန်တော်က အဲဒီလိုကောင်မျိုးမဟုတ်ပါဘူး၊ ဆရာ့ကို ကျွန်တော်ဘယ်လောက် လေးစားတယ်ဆိုတာ ဆရာသိပါတယ်။ အစ်ကိုလို ဦးလေးလိုလည်း ချစ်တယ်။ ဒါကြောင့် လွတ်လွတ်ချင်း အရင်ဆုံးလာလည်တာပါ"

ကျော်ဆွေက ခေါင်းကိုကြော့နေအောင် ဖြီးထားသည်။ စပို့ရှပ်အနီ၊ ကချင်လုံချည်၊ မန္တလေးဖိနပ်နှင့် သပ်သပ်ရပ်ရပ် ဝတ်စားပြီး ရောက်လာပါသည်။ ကျွန်တော်အတင်း ထမင်းကျွေးသဖြင့် စားသည်။

သို့သော် ကလေးတစ်ပြုံနှင့်ကျွန်တော့်ဘဝကို စိတ်ကောင်းပုံမရပါ။

"ကျော်ဆွေ - အခုမင်းဘာလုပ်မယ်လို့ စိတ်ကူးထားလဲ"

"ဘာလုပ်ရမလဲ မသိသေးပါဘူး ဆရာရယ်။ သူငယ်ချင်းကတော့ သူနဲ့အတူ မော်လမြိုင်ကို ကုန်ကူးလိုက်ဖို့ခေါ်တာပဲ။ ဒါပေမဲ့ အရင်းအနှီးက လိုတယ်လေ။ အထမ်းသမားလုပ်ရင်တော့ ထမ်းခပဲ ရမှာပေါ့ဆရာရယ်"

ကျော်ဆွေကို ပုံနှိပ်စက်တွင် အလုပ်သင်လုပ်ဖို့ ကျွန်တော်က ပြောသော်လည်း သူက လေးတန်းလောက်သာ စာသင်ဖူး၍ စာစီသမား မဖြစ်နိုင်၊ စက္ကူထုပ်ထမ်းရုံ လက်တိုလက်တောင်းသာ လုပ်နိုင်လိမ့်မည်။ ကျော်ဆွေက ပုံနှိပ်စက်တွင် လုပ်ဖို့ကိုစဉ်းစားပါဦးမည်ဟုဆိုကာ ညနေစောင်းမှပြန်သွားပါသည်။

"အလုပ်တစ်ခုတော့ ရအောင်ရှာကွာ၊ စိတ်မလေနဲ့ ထောင်သံသရာကို မလည်အောင်ကြိုးစားကွ"

ဟု ပြန်ခါနီးသူ့ကို နှုတ်ဆက်ပြီး ဆုံးမစကားပြောကြားလိုက်ပါသည်။ အားတိုင်းလာလည်ဖို့ မှာလိုက်သော်လည်း ကျော်ဆွေရောက်မလာတော့ပါ။ ကျော်ဆွေတစ်ယောက် ဘယ်ရောက်၍ဘာလုပ်နေသည်ကို ကျွန်တော် မသိပေ။

သို့သော် ခြောက်လခန့်အကြာ တစ်မနက်ခင်းတွင် ဝတ်ကောင်းစားလှနှင့် ကျော်ဆွေတစ်ယောက် ပေါက်ချလာပါသည်။ ယခုတလော လုပ်ငန်းကောင်း၍ အဆင်ပြေနေပြီဟု သိရသည်။ ကလေးများကို မုန့်ဖိုးပေး၊ ကျွန်တော့်မိန်းမကို ပိုက်ဆံပေးနေသည်။ အမျိုးသမီးက သူပေးတဲ့ အကူပိုက်ဆံကို မယူဘဲ အတင်းငြင်းနေတာ ကျွန်တော်မြင်လိုက်သည်။ သို့ကြောင့် ကျွန်တော်က -

"ကျော်ဆွေဘာလုပ်တာလဲ၊ မင်းရှာလာတဲ့ပိုက်ဆံကို မင်းသုံးပါ။ ငါတို့စားနိုင်ပါသေးတယ်ကွ၊ မပေးပါနဲ့၊ မင်းငွေတွေ ပြန်ယူသွား"

"မဟုတ်ပါဘူးဆရာ၊ ကျွန်တော့်မှာရှိပါတယ်။ ကလေးတွေ ကျောင်းစရိတ်ပါဆရာ"

"ဟာ - မလုပ်ပါနဲ့ကွာ၊ မယူနိုင်ပါဘူး"

ကျွန်တော်ငြင်းသလို မိန်းမကလည်း သူ့ပိုက်ဆံကို သူ့အိတ်ထဲ ပြန်ထည့်ပေးလိုက်ပါသည်။ နောက်သုံးလလောက်ကြာတော့ ကျော်ဆွေ ပြန်ပေါ်လာသည်။ ဒီတစ်ခါတော့ တောက်တောက်ပြောင်ပြောင် မဟုတ်တော့ပါ။ အကျီနွမ်း၊ လုံချည်နွမ်းဖြင့် ဖြစ်သည်။ ကျွန်တော့် စာအုပ်အငှားဆိုင်လေးလည်း အသင့်တင့်ငှားလာရပြီး ရွှေဝတ်မှုန် မဂ္ဂဇင်းတွင် ကိုကျော်ကြီး ကောင်းမှုကြောင့် လစဉ်စာမူ လေးငါးပုဒ် လောက် ရေးနေရပါသည်။ ထို့ကြောင့် ကျော်ဆွေကို ကျွန်တော့်အကျီ၊ လုံချည်တစ်ထည်၊ ဖိနပ်တစ်ရန်၊ ဂျာကင်တစ်ထည် ပေးလိုက်ပါသည်။ ဒါ့ပြင် သူ့အိတ်ကပ်ထဲသို့ ငွေ ၂၅ ကျပ်ထည့်ပေးသောအခါ သူက ခါးခါးသီးသီး ငြင်းတော့သည်။ ထိုအချိန်က စာရေးတစ်ယောက်လစာ ၁၂၆ ကျပ်သာရှိသဖြင့် ငွေ ၂၅ ကျပ်မှာ မနည်းလှပေ။ သူ့အိတ်ထဲ ပိုက်ဆံအတင်းထည့်ပေးပြီးနောက် သူ့အခြေအနေကို မေးကြည့်မိသည်။

"ဆရာ့ကို အခုမှအမှန်အတိုင်း ပြောပါ့မယ်။ ဟိုတစ်ခေါက် ဆရာ့ဆီလာတုန်းက ကျွန်တော်ပိုက်ဆံပေးတာကို ဆရာငြင်းတာ မှတ်မိ မလားမသိဘူး။ အဲဒီတုန်းက ကုန်ကူးတယ်လို့ပြောတာ မဟုတ်ပါဘူး။ အရင်အလုပ်ဟောင်းကိုပဲ ပြန်လုပ်နေတာပါဆရာ။ ခါးပိုက်လည်း နှိုက် တယ်၊ လုလည်းလုတယ်။ လက်ထဲငွေလေးရွှင်တာနဲ့ ဆရာ့ကိုသတိရပြီး လာခဲ့တာပါ။ ဒါပေမဲ့ ဒီအလုပ်ကခဏပါ။ ကျော်ကြားမှုနဲ့ ထောင်ထဲ သုံးလလောက် ပြန်နေလိုက်ရတယ်။ ဒါကြောင့် ကျွန်တော့်လုပ်အားနဲ့ အလုပ်တစ်ခုတော့ လုပ်ချင်တယ်ဆရာ။ ထောင်ထဲလည်း ပြန်မသွားချင် တော့ဘူး"

"ကျော်ဆွေရာ မင်းအဲဒီစကား ငါ့ကိုပြောတာ ဘယ်နှကြိမ်ရှိပြီ လဲ။ တကယ်ကော ကောင်းကောင်းမွန်မွန်နေချင်ရဲ့လား။ သုံးလေးရက် လောက် သေချာစဉ်းစားပြီး ပြန်လာခဲ့"ဟု ကျွန်တော်မှာလိုက်လေသည်။

နောက် လေးငါးရက်ကြာတော့ ကျော်ဆွေရောက်လာသည်။ သူ ကောင်းရောင်းကောင်းဝယ်၊ လုပ်ကိုင်စားသောက်တော့မည်ဖြစ်ကြောင်း ထောင်ထဲပြန်မသွားချင်တော့ကြောင်း ဘာအလုပ်ရရ သူလုပ်မည်ဖြစ် ကြောင်း သူ့ကို ကူညီဖို့ လေးလေးနက်နက်ပြောဆိုနေပါသည်။ သူ့

မျက်နှာကြည့်လိုက်သည်နှင့် တကယ်အလုပ်လုပ်ချင်ကြောင်း ကျွန်တော် အကဲဖြတ်ရပါသည်။ အပြင်လောက၏ လွတ်လပ်မှုအကြောင်းကို ကျော်ဆွေကောင်းကောင်း သိလာသည်။ အိပ်ချင်သည့်အချိန် အိပ်လို့ရသည်။ စားချင်သည့်အစာ စားလို့ရသည်။ သွားချင်သည့်နေရာ သွားလို့ရသည်။ ထောင်ဘဝနှင့်အပြင်ဘဝမှာ လုံးဝခြားနားသည်။ လွတ်လပ်မှုက အုတ်ရိုးအပြင်နှင့်အတွင်းကို သိသိသာသာ နှိုင်းပြထားသည်။

ကလေးများအတွက် မိုးပျံပူဖောင်းများရောင်းမည်ဆို၍ ကျွန်တော် အရင်းအနှီးပေးလိုက်သည်။ ၅၀ ကျပ်။ ထိုအချိန်က ငွေ ၅၀ မှာ ဈေးဗန်းတစ်ချပ်၊ ဈေးတောင်းတစ်တောင်းကို ဖန်တီးပေးနိုင်သော ငွေပမာဏ ဖြစ်သည်။ အစိတ်ဆိုလျှင် ကောင်းကောင်းရင်းနှီးနိုင်ပါသည် ဟု ကျော်ဆွေက ပြောသည်။

"ဟော့ကောင် ၅၀ နဲ့ ရင်းနှီးတော့ရော ဘာဖြစ်လို့လဲ။ ပိုနေရင် သိမ်းထားပေါ့ကွ၊ အရင်းအနှီးများတော့ အမြတ်ပိုရတာပေါ့ကွာ"

ကျော်ဆွေအလုပ်မှာ အောင်မြင်ပါသည်။ ပထမနေ့တွင် ဝယ်လာသမျှ ဘောလုံးအားလုံး မနက်ပိုင်းမှာတင်ကုန်သည်။ နောက်နေ့ ထပ်တိုးရောင်းသည်။ နေ့ခင်းလောက်မှကုန်သည်။ နောက်ပိုင်းတွင် ပူဖောင်းများ ထပ်တိုးဝယ်ထားသဖြင့် ညနေထိမကုန် နောက်နေ့ရောင်းဖို့ ကျန်နေသည်။ ထို့ကြောင့် ဘယ်လောက်ရောင်းလျှင် ဘယ်လောက် ကုန်မည်၊ ဘယ်အချိန်ထိရောင်းရမည်ကို တွက်၍ ရသွားသည်။ ကောင်းဘုရားပွဲ၊ ကျိုက္ကဆံဘုရားပွဲ၊ ကျိုက်ခေါက်ဘုရားပွဲ၊ ရွှေတိဂုံ ပေါင်းပွဲတော်၊ ဆူးလေ၊ ဗိုလ်တထောင်ဘုရားပွဲများ ရောင်းရလျှင် ခြေကိုက်သည်။ သူ့ပူဖောင်းများ ညနေထိမကုန်လျှင် သူ့ဘော်ဒါ ကျွန်တော့်သားများ ကစားဖို့လာပေးသည်။ သူရောင်း၍မြတ်သည့် ငွေ ငါးရာမျိုး၊ နှစ်ရာမျိုးကို ကျွန်တော့်ကိုလာပေးသည်။ ကျွန်တော်လက် ထဲက အရင်းအနှီးလုပ်ဖို့ စုထားရန်နှင့် ပူဖောင်းထက် ပိုဝင်ငွေရမည့် တစ်ခုခုကိုလုပ်ရန် တိုက်တွန်းပါသည်။ ထို့ကြောင့် သုံးလခန့်အကြာတွင် ကျော်ဆွေ ကွမ်းယာရောင်းလေသည်။ ကွမ်းယာတစ်ဗန်းဖြင့် ဈေးများ၊ ဆိုင်ရုံများ၊ ကားဂိတ်များတွင် လိုက်ရောင်းပါသည်။ သူ့လုပ်အားဖြင့်

ရသော လုပ်ခငွေအတွက် ဂုဏ်ယူဝင့်ကြွားနေနိုင်သည်။ အိမ်ခန်း ခပ်ကျဉ်းကျဉ်းလေးတစ်ခန်းကို ငှားသည်။ သူ့ဘာသာသူ ချက်ပြုတ်စားသည်။ လူလည်း ဝဖြိုးလာသလို ပြောင်ပြောင်ရောင်ရောင်နှင့် ဖြစ်လာသည်။ ကျွန်တော့်အိမ်ကို နှစ်ရက်ခြား သုံးရက်ခြား ရောက်လာတတ်ပြီး ကလေးတွေအတွက် မုန့်ကလေးမှန်မှန် ဝယ်လာတတ်ပါသည်။ သူ့ဘဝကို သူကျေနပ်နေသလို၊ ဘဝသစ်ရောက်လာသော ကျော်ဆွေကိုကြည့်ပြီး အလွန်ပီတိဖြစ်နေမိပါသည်။

သို့သော် ကျွန်တော့်ပီတိနှင့် ကြည်နူးမှုမှာ မကြာလိုက်။ ကျော်ဆွေ ကွမ်းယာရောင်းနေသည်မှာ တစ်နှစ်ခန့် ကြာပြီးနောက် ကျွန်တော့်ထံ သူရောက်မလာတော့ပေ။ သူနေသော နှင်းဆီကုန်းဘက်သွား စုံစမ်းကြည့်သော်လည်း ဘယ်သူမှသူ့ကို မသိသဖြင့် ဘယ်ရောက်သွားမှန်း မသိရပါ။ ကျော်ဆွေတစ်ယောက် ပျောက်ခြင်းမလှ ပျောက်သွားသည်။ သေသည် ရှင်သည်လည်း မသိ၊ ဘယ်ရောက်သွားသည်ကိုလည်း မသိရတော့ပေ။

လူ့လောကတွင် ဖြစ်စဉ်များမှာ အံ့ဩဖို့ကောင်းပါသည်။ Real, Lives, Real stories စာအုပ်ကို ကိုမိုးပန်းချစ်က ထုတ်ဝေဖို့ စာမူတောင်းသောအခါ ထောင်တွင်း၌ ကျွန်တော်ဆုံတွေ့ခဲ့ရသူများအကြောင်း ရေးချင်စိတ် ပေါ်လာသဖြင့် ချရေးဖြစ်သည်။ Real Lives, Real stories ဆိုသည်မှာ "တကယ့်ဘဝ၊ တကယ့်အဖြစ်" ဟု မြန်မာလို ပြန်ရပေလိမ့်မည်။ တကယ့်အဖြစ်များမှာ စိတ်ကူးယဉ်ဝတ္ထုများထက်ပင် ဆန်းကြယ်လှသည်ကို ကြုံတွေ့ရပါသည်။

ကျော်ဆွေပျောက်သွားပြီး တစ်နှစ်ခန့်အကြာတွင် ကျွန်တော်လည်း ပုဒ်မ ၅(ည) ဖြင့် တတိယအကြိမ် အဖမ်းခံရပါတော့သည်။ ယခုအကြိမ်၌မူ ၁၀ (က) ဖြင့် ထိန်းသိမ်းထားရုံမကပဲ ၅ (ည) ဖြင့် တရားစွဲဆိုပြီး၊ ပြစ်ဒဏ်အဖြစ် ထောင်ဒဏ် ငါးနှစ်ချမှတ်လိုက်သဖြင့် အချုပ်ကာလက တိုက်ခန်းများထဲတွင် နေရာမှ ထောင်ကျအဖြစ်ဆောင်သို့ ရောက်ရှိခဲ့လေသည်။ ယခုတစ်ခေါက်တော့ ကျွန်တော်သည် ၁-ဆောင်မှာ နေရ၏။ ရာဇဝတ်မှုဖြင့် ထောင်ကျနေသူများနှင့် အတူနေ

သော်လည်း ကျွန်တော်တို့ကို ခေါင်းရင်းတွင် ထားပါသည်။ အခန်းကို အုပ်ချုပ်သော အခန်းလူကြီးတန်းစီးကလည်း ကျွန်တော်တို့ကို လေးလေးစားစား ဆက်ဆံတတ်ပါသည်။ တချို့ကျတော့လည်း တော်တော်ရိုင်းစိုင်းကြသည်။ ထိုအခါ ကျန်အကျဉ်းသားများက ထိုရိုင်းစိုင်းသော တန်းစီးများကို လူမှုဆက်ဆံရေး သိပ်မကျကြတော့ ကြဉ်လာကြပေသည်။ ကျွန်တော်တို့ကို ရာဇဝတ်အကျဉ်းသားများက လေးစားတန်ဖိုးထားကြသည်။ထို့ကြောင့် ကျွန်တော်တို့ကလည်း သူတို့နှင့် ရင်းရင်းနှီးနှီး ဆက်ဆံသလို၊ ကျွန်တော်တို့ တတ်နိုင်သော အကူအညီများကို ပေးကြသည်။ ထောင်ဝင်စာထဲမှာ ငါးပိကြော်လို အစားအစာများကို ဝေငှကျွေးတတ်သလို၊ ပါရာစီတမောလို ဆေးမျိုးကိုလည်း ဖျားနေလျှင် ပေးတတ်ပါသည်။

ထိုသို့ အဆောင်ပြောင်းလာပြီး နှစ်ရက်ခန့်အကြာ တစ်ညဉ့်-

"ဆရာ . . . ဘာရာတန်းက ဆရာ့ကို ခေါ်နေတယ်" အခန်းလူကြီးက စာဖတ်နေသော ကျွန်တော့်ကို ပြောလိုက်သဖြင့် ဘာရာတန်းဘက်သို့ ကျွန်တော်ရောက်သွားခိုက်တွင် -

"ဆရာ. . . နေကောင်းရဲ့လား၊ ဘယ်တုန်းက ပြန်ပါလာတာလဲ"

အသံက ကျွန်တော်ကျက်မိနေသော အသံဖြစ်သည်။ မီးရောင်ကို ကျောပေးထားသဖြင့် သူ့မျက်နှာကို ကျွန်တော် မသဲကွဲပါ။

"ဘယ်သူလဲကွ"

"ကျွန်တော်ပါ ဆရာ၊ ကျော်ဆွေလေ"

"ဟာ . . . ကျော်ဆွေလား၊ အေးကွာ၊ မင်းပျောက်သွားတာ ငါက ဘာများဖြစ်သွားလဲလို့ကွာ၊ ဘယ်လိုပြန်ဖြစ်ရတာလဲ ကျော်ဆွေ"

"ဆရာ အခုပြန်ရောက်လာသလိုပေါ့လေ၊ ကျော်စောပေါ့"

(ကျော်စော ဆိုသည်မှာ ပြစ်ဒဏ် မကြာခဏကျဘူးပြီး လူဆိုးစာရင်းဝင်အဖြစ် ရဲကသတ်မှတ်ထားသူကို ခေါ်ပါသည်။)

ကျော်ဆွေက သူ့ဘဝကို အမှန်တကယ် ပြောင်းလဲခဲ့ပါသည်။ ထောင်ထဲ ပြန်မသွားချင်တော့ဘဲ ကောင်းရောင်းကောင်းဝယ် ကွမ်းယာရောင်းစားခဲ့သည်။ အခြေအနေလည်း ကောင်းခဲ့ပါသည်။ သို့သော် ကံဆိုးချင်တော့ သူနေသည့် ရပ်ကွက်တွင် မကြာခဏ အခိုးခံရခြင်း၊ အိမ်

ဖောက်ခံရခြင်းများ ဖြစ်လာသည်။ ထိုအခါ ရပ်ကွက်က စုံစမ်းသည့်အခါ ကျော်ဆွေကို မသင်္ကာတော့ မျက်နှာစိမ်းလည်း ဖြစ်သည်။ သူရောက်လာမှ ခိုးမှုများ၊ ပစ္စည်းပျောက်မှုများ ဖြစ်လာ၍ လူဆိုးထိန်းကို သတင်းပေးလိုက်ကြသည်။ ရဲက စုံစမ်းသည့်အခါ ထောင်မကြာခဏကျသူ၊ ခိုး၊ ဆိုး၊ ဓား မှတ်တမ်းဝင်သူအဖြစ် သူ့ကို ထောင်ထဲထည့်လိုက်ပါတော့သည်။ ရပ်ကွက်ပစ္စည်း ပျောက်မှုများတွင် ကျော်ဆွေကျူးလွန်သည်ဟု သက်သေအထောက်အထား မရှိသော်လည်း ကျော်စောအဖြစ် ဖမ်းထားခြင်း ဖြစ်ပါသည်။

"ဆရာရယ် . . . ကျွန်တော် ဘာမှမဟုတ်တာ မလုပ်ခဲ့ပါဘူး။ နာမည်ပျက်နဲ့ ပြန်ရောက်တာပါ၊ ကျွန်တော့်ဘဝကို နာကြည်းမိတယ် ဆရာ၊ ခိုးစားတော့ ခွေးဟောင်၊ လုပ်စားတော့ မိုးခေါင် ဆိုတာမျိုးပါပဲ။ ဒီထောင်သံသရာက ကျွန်တော်လွတ်နိုင်မယ် မထင်တော့ပါဘူး ဆရာရယ်"

ကျော်ဆွေစကားသံကို ယခုအထိ ကျွန်တော့်နားထဲက မထွက်ပါ။ အင်းစိန်ထောင်မှနေ ကျွန်တော်နယ်ထောင်ပြောင်းပြီး နယ်ကပင် လွတ်ခဲ့သည်။ ထောင်သို့လည်း မရောက်တော့ပါ။ ကျော်ဆွေကိုလည်း ယခုတိုင် မတွေ့တော့ပါ။ ထောင်ကလွတ်ပြီး နယ်သို့သွားချင်လည်း သွားနေနိုင်သည်။ ဤသို့မဟုတ်ဘဲ နာကြည်းစွာဖြင့် ရာဇဝတ်မှုများကို မကျူးလွန်ဖို့ဘဲ လိုသည်။ ကျန်းမာရေးအရတော့ လူ့လောကမှ စွန့်ခွာစရာမလိုသေးပါ။ ခိုက်ရန်ဖြစ်လျှင်တော့ မပြောတတ်ပေ။ သို့သော် လူ့အသိုင်းအဝိုင်းက ကျော်ဆွေနှင့် ကျော်ဆွေလို အပယ်ခံများကို ပြင်ခွင့်ပေးနိုင်ပါစေဟု ဆုတောင်းရုံမှတစ်ပါး ကျွန်တော်လည်း ဘာမှမတတ်နိုင်ပါ။

*

## လိမ့်နေသောကျောက်ခဲ

သူ့ကိုယ်သူ 'မင်းသားလေးကျောက်ခဲ' ဟု ခေါ်သလို တစ်ခါတစ်ရံတွင် "လိမ့်နေသော ကျောက်ခဲလေး" ဟု ခေါ်တတ်လေသည်။ ကျွန်တော်တို့ကလည်း သူ့ကို ကျောက်ခဲဟုပင် ခေါ်ကြသည်။ သူ့နာမည်ရင်း မည်သူမည်ဝါဟု မသိကြပေ။ သူ့ကို အခန်းလူကြီးတို့ တန်းစီးတို့က ကျောက်ခဲဟု ခေါ်၍သာ လိုက်ခေါ်ကြသည်။ စင်စစ်သူသည် အသက်ငယ်လှသူ မဟုတ်ပေ။ ကျွန်တော်တို့ထက် တစ်နှစ်၊ နှစ်နှစ်လောက်ပင် ကြီးနိုင်ပါသည်။ သို့သော် ပျော်ပျော်နေခြင်း၊ လူတိုင်းနှင့် တည့်အောင်ပေါင်းခြင်း၊ သူ့ကိုနှိပ်ခိုင်းနင်းခိုင်းလျှင် သွက်သွက်လက်လက်နှင့် လုပ်ပေးတတ်ခြင်းတို့ကြောင့်၊ သူ့ကို တစ်ရင်းတစ်နှီး ဖြစ်နေကြသည်။ ကိုကျောက်ခဲက အနှိပ်လည်း ကောင်းသည်။ လက်ပေါက်သည်ဟု ပြောကြလေသည်။ သူအနှိပ်ကျွမ်းကျင်မှုကို ကျွန်တော်ကောင်းကောင်း နားလည်သဘောပေါက်ပါသည်။

တစ်ညနေ တန်းစီလူစစ်ပြီးချိန်တွင် ကိုကျောက်ခဲက ကျွန်တော့်ကို လာနှိပ်ပေးပါသည်။ ကျွန်တော်က အနှိပ်ခံလေ့ မရှိပါ။ ထောင်ထဲတွင် ညနေပိုင်း ဆေးလိပ်ပေး၍ နှိပ်ခိုင်းပြီး ဇိမ်ခံလေ့ရှိသူများကိုလည်း အမြင်ကတ်ပါသည်။ အခန်းခေါင်းရင်းဘက်တွင်နေသော ငွေကြေးတတ်နိုင်သူများက ညတိုင်းအနှိပ်ခံကြသည်။ ထိုအနှိပ်ခံ လူတန်းစားတွင် အခန်းလူကြီး တန်းစီးဘိန်းမှုဖြင့် ထောင်ကျသူ၊ ဓားပြဗိုလ် စသည်တို့ပါဝင်ကြပါသည်။ အနှိပ်ကျွမ်းသူကို ဆေးပေါ့လိပ်ပေးပြီး နှိပ်ခိုင်းခြင်းဖြစ်သည်။ (ဆေးပေါ့လိပ်နှင့် စီးကရက်ဘူးမှာ ထောင်ထဲတွင် ငွေကြေးအဖြစ် သုံးစွဲကြသည်။) ကျွန်တော်က ထောင်ဝင်စာလာလျှင် ကိုကျောက်ခဲကို ဆေးပေါ့လိပ်နှင့် အစားအစာများကို ပေးလေ့ရှိသလို အဝတ်အစားများကိုလည်း ပေးလေ့ရှိသည်။ ကျွန်တော်တို့ ရဲဘော်များကလည်း အစကူညီပေးကမ်းလေ့ ရှိပါသည်။

ထိုနေ့က ကျွန်တော် ဖျားသည်၊ တစ်ကိုယ်လုံး ကိုက်ခဲလွန်းသဖြင့် တုပ်ကွေးဟု ထင်သည်။ ခြေသလုံးများ၊ ပေါင်များမှာလည်း ညောင်းလွန်းနေသည်။ လက်မောင်းများ ပခုံးများ၊ ကုပ်ပိုးများမှာလည်း ကိုက်ခဲနေသည်။ တန်းစီပြီးသည်နှင့် ခေါင်းရင်းရှိ ကျွန်တော့်အိပ်ရာတွင် လှဲနေခိုက်တွင် -

"ဆရာ . . . နေမကောင်းဘူးဆို၊ ကိုသန်းဆွေက ပြောပြလို့ပါ။ နည်းနည်း အကြောလျှော့လိုက်ပါ ဆရာ၊ ကျွန်တော် နှိပ်ပေးမယ်လေ"

"နေပါစေ၊ ကိုကျောက်ခဲရာ၊ ကျွန်တော် ဘာမီတွန်နဲ့ အနာဂျက်ဆင် သောက်ထားပါတယ်"

"ဆေးသောက်တာလည်း သောက်တာပေါ့ ဆရာရယ်၊ ကိုက်ခဲနေတာတွေ ပေါ့သွားအောင် အနှိပ်ခံလိုက်ပါ၊ ဆရာက ဇိမ်မယူတတ်ဘူးဆိုတာ ကျွန်တော်သိပါတယ်၊ အခုက နေမကောင်းလို့၊ ဆေးကုတာပဲ၊ လိပ်ပြာမလုံ မဖြစ်ပါနဲ့ဆရာ"

ကိုကျောက်ခဲက ကျွန်တော့်ခြေသလုံးများကို လာရောက်နှိပ်ရင်း ပြောနေသဖြင့် ကျွန်တော် မငြင်းသာတော့ပေ။ ရဲဘော်များဖြစ်သော ကိုလှသန်း၊ ကိုသန်းဆွေ၊ ကိုအေးကို၊ ကိုစိန်ဝင်းတို့လည်း ကျွန်တော့်

အိပ်ရာဘေး ရောက်လာကြသည်။ ရေနွေးယူလာသူက ယူလာသည်။ အခန်းလူကြီးက ကော်ဖီတစ်ခွက်နှင့် ဘီစကွတ်မုန့်များ လာပေးသည်။ ကျွန်တော်တို့ကို အကျဉ်းသားတိုင်းက ခင်မင်ကြပါသည်။ ကိုကျောက်ခဲက ဇက်ကြောဆွဲ၊ ခြေသလုံးကြွက်သားများကို နှိပ်၊ နောက်ကြောကို နှိပ်၊ အပူထုတ် စသည်ဖြင့် စိမ်ပြေနပြေ နှိပ်နယ်ပေးသဖြင့် ကျွန်တော် သက်သာလာသည်။ အတော့်ကို အညောင်းပြေသွားသဖြင့် ထထိုင်ပြီး၊ အဖွဲ့သားများနှင့် စကားပြောနေပါသည်။ ကိုကျောက်ခဲ အနှိပ်ကျွမ်းကျင်ကြောင်း ပြောရင်း၊ တရုတ်သည် ခြင်းနှင့် မေ့ကြောနှိပ်ခြင်းအကြောင်း ပြောစဉ်တွင် ကိုကျောက်ခဲက -

"အကြောပိတ်တာတော့ ကျွန်တော်မသိဘူးဆရာ၊ ဒါပေမဲ့ မေ့ကြောဆိုတာရှိပါတယ်။ မေ့သွားလောက်အောင်လည်း နှိပ်လို့ ရပါတယ်"

"ဟုတ်ရဲ့လား ကိုကျောက်ခဲရယ်"

"ဆရာမယုံရင် စမ်းကြည့်မလား"

ကျွန်တော်ကလည်း ခေါင်းညိတ်လိုက်ပါသည်။ ကိုကျောက်ခဲသည် ကျွန်တော် ရှေ့တည့်တည့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်ပြီး၊ ဘင်ပျဉ်ခွေထိုင်နေသော ကျွန်တော့်ရှေ့မှနေ၊ လက်နှစ်ဖက်ဖြင့် ကျွန်တော့်ကုပ်ပိုးကို နှိပ်နယ်ရင်းမှနေ နားရွက်အောက်ကို သူ့ညာဘက်သက်မဖြင့် ဖိနှိပ်လိုက်လေသည်။ စကားပြောနေရင်းမှ ကျွန်တော်ဘာမှ သတိမရတော့ပေ။ ပြန်သတိရလာသောအခါ ကျွန်တော့်အိပ်ရာပေါ်တွင် ခွေခွေလေး လဲကျနေသည်။ ကျွန်တော့်အဖြစ်ကိုကြည့်ရင် ကျွန်တော့် ဘော်များက တဝါးဝါး သဘောကျနေပါတော့သည်။ ကိုကျောက်ခဲက-

"မေ့ကြောက ခဏခဏ မနှိပ်ရဘူးဆရာ၊ အန္တရာယ်ရှိပါတယ်"

ဟု ကျွန်တော့်ကို ရှင်းပြပါသည်။ ကျွန်တော့်ကို နှိပ်ပြီးနောက် ည့်နောက် ထိုညက ထောင်ကတန်းစီးကို သွားရောက်နှိပ်ပေးနေပါသည်။

ကိုကျောက်ခဲမှာ လူသတ်မှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း သူ ဖြစ်သည်။ ရိုးသားအေးဆေးသော သူ့ပုံကိုကြည့်ရင် သူ့ကို သတ်သမားဟု ထင်ရက်နိုင်စရာ အကြောင်းမရှိပေ။ အသားညိုညို ပိန်ပါးပါးနှင့် ကျန်းမာရေးလည်း ကောင်းပုံမရပေ။ ဆေးလိပ်နှင့်

ပါးစပ် ပြတ်သည် မရှိပေ။ သူ့လက်ကြားတွင် ဆေးပေါ့လိပ်တိုတစ်ခု အမြဲ ချောင်းတဟွတ်ဟွတ်နှင့် ဆိုးနေသော်လည်း လက်ကြားတွင် ဆေးလိပ်တိုညှပ်ထားဆဲပင်။ တစ်ညက ချောင်းအပြင်းအထန် ဆိုးပြီး နောက် သလိပ်ဟပ်လိုက်ရာတွင် သူ့ပါးစပ်ထဲမှ သွေးခဲများ ပါလာသည် ကို တွေ့လိုက်ရသည်။ ဟောဟဲ . . . ဟောဟဲနှင့် မောနေပြီး အမော ပြေသည်နှင့် ဆေးလိပ်တိုကို မီးညှိပြီး ဖွာနေပြန်သည်။ ကျွန်တော်က သူ့ရောဂါကို မသိသော်လည်း ကျွန်တော့်အိတ်ထဲတွင် ရှိသည့် တက် ထရာဆိုက်ကလင်းတစ်တောင့်နှင့် အနာဂျက်ဆင်တစ်လုံးကို တိုက် လိုက်သည်။ ကျွန်တော့်ဆေးကြောင့် သူတော်တော် သက်သာသွားပါ သည်ဟု နောက်နေ့၌ ကိုကျောက်ခဲက ပြောလေသည်။

ထောင်ထဲတွင် ညနေဘက်တွင် လူစစ်တန်းစီပြီးချိန်မှာ တစ်နေ့ တာ၏ အနားယူချိန် ဖြစ်ပါသည်။ သူအစုနှင့် သူ့အခန်းထဲ၌ ဝိုင်းဖွဲ့ထိုင် ပြီး စကားပြောသူက ပြော၊ သီချင်းဆိုသူကဆိုဖြင့် လွတ်လွတ်လပ်လပ် နေထိုင်ကြသည်။ အခန်းကျယ်ကြီး၏ ခြေရင်းဘက်တွင် စဉ့်အိုးသုံးလုံး - လေးလုံးကို တန်းစီချထားပြီး၊ ထိုစဉ့်အိုးများထဲသို့ ကျင်ငယ်စွန့်ရ သည်။ ထောင့်၌မူ ပလတ်စတစ်များ ကာထားသည့်အိမ်သာ ရှိ၏။ အိမ် သာမှာ အခိုင်အခံ့ မဟုတ်၊ အရှင်ဖြစ်သည်။ သံစည်ပိုင်း၊ တစ်ဝက် ပြတ်ပေါ်တွင် သစ်သားပြားတစ်ချောင်းတင်ကာ၊ မိလ္လာသွားချင်သူက ထိုပျဉ်ပြားနှစ်ချပ်ကို နင်းပြီး၊ ကျင်ကြီး သွားနိုင်ပါသည်။ ပလတ်စတစ် များက ထိုစည်ပိုင်းပြတ်ကို သုံးဘက်က ကာရံထားပါသည်။ ထိုခြေရင်း ဘက်တွင် အဆိုအတီးဝိုင်းမည်ရှိလေသည်။ သံပုံးလေးများကို ပုတ် ခတ်ပြီး သီချင်းဆိုကြလေသည်။

ကိုကျောက်ခဲက အခန်းခြေရင်းဘက်တွင် အမြဲကလေ့ ရှိ သည်။ သူ့ခေါင်းတွင် ကြိုးတစ်ချောင်းဖြင့် ပတ်ချည်ပြီးနောက် ခေ ဘက်တွင် စက္ကူတစ်ရွက်ကို ကပ်၍ထောင်နေအောင် ထည့်ထားသ မင်းသား၏ ခေါင်းပေါင်းစနှင့်တူအောင် လုပ်ထား၍ လုံချည်ကိုလ ရှည်ရှည်ဝတ်ခါ၊ ခါးပုံစထွက်အောင် ဝတ်ထားသည်။ ကိုယ်အပေါ် မှာမူ စွပ်ကျယ်လက်ပြတ်နှင့်ပင် ကိုကျောက်ခဲမှာ အဆိုကောင်း၊ အ

ကောင်း၊ အကကောင်းဖြစ်သည့် ပဒကုသလဇာတ်ကို သူကပြီဆိုလျှင် တခြားအဆိုအဖွဲ့များလည်း ရပ်သွားပြီး၊ သူ့ အလွမ်းနှင့် အငိုထဲ စီးမျော သွားကြလေသည်။

ထောင်ဆိုသည်မှာ လူပေါင်းစုံ စုဝေးရာနေရာ ဖြစ်သည်။ အထူး သဖြင့် မကောင်းမှုပေါင်းစုံ၊ ဒုစရိုက်မှု ပေါင်းစုံကို ကျူးလွန်သူများကို ထားရှိသော နေရာဖြစ်ပါသည်။ ပြင်ပကမ္ဘာတွင် ခိုးဆိုးလုယက်သူများကို ဥပဒေဖောက်ဖျက်သည်နှင့် တရားရုံးက ပြစ်ဒဏ်ချမှတ်ပြီး ထောင်ထဲသို့ နှစ်အကန့်အသတ်ဖြင့် ပို့လိုက်ခြင်း ဖြစ်သည်။ ဓားပြများ၊ ဓားပြဂိုဏ်း များ၊ ခါးပိုက်နှိုက်များ၊ ခါးပိုက်နှိုက်ဂိုဏ်းများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများ ရောင်းဝယ်သူများ၊ သူခိုးများ၊ လုယက်သူများ၊ လူသတ်မှုကျူးလွန်သူ များ၊ လူလိမ်များ စသည့်လူဆိုးပေါင်းစုံမှာ ထောင်ထဲတွင် စုဝေးရောက် ရှိနေခြင်းဖြစ်ပြီး၊ ထောင်အာဏာပိုင်များအနေဖြင့်၊ ထိုလူဆိုးပေါင်းစုံကို ထောင်စည်းကမ်း ထောင်ဥပဒေအတိုင်း၊ ဖိဖိစီးစီး ကိုင်တွယ်ကြရလေ သည်။ ‌ထောင်ထဲတွင် သူတစ်ပါးအကျိုးထက် မိမိအကျိုးကိုသာ ကြည့် သူများ၊ မိမိအနေချောင်ဖို့ကို နည်းမျိုးစုံဖြင့် ရှာကြ၏။ ငွေကြေးတတ်နိုင် သူများက အနေအစား ချောင်ကြသလို၊ မတတ်နိုင်သူ၊ ခိုး၊ ဆိုး၊ ဓား များမှာ ခွေးတိုးဝက်ဝင်၊ မိလ္လာချောင်တွင်သာ နေကြရသည်။ ထောင်က ကျွေးသည့် ငါးပိဖုတ်၊ ပဲဟင်း၊ တာလပေါ်ဟင်းချိုလောက်သာ စားရသည်။ တစ်လတစ်ကြိမ် ဘဲဥပြုတ်ဖြစ်စေ၊ ငါးကြော်ဖြစ်စေ၊ အသားဟင်း ရသည်။ ထို့ကြောင့် နေချင်စရာ တစ်စက္ကန့်မျှ မကောင်း သော ဒုစရိုက်သမားပေါင်းစုံ ရှိသည့်နေရာသို့ ကိုကျောက်ခဲဘာကြောင့် ရောက်လာသလဲ။ သူတစ်ပါးကို အနိုင်မကျင့်သူ၊ သူတစ်ပါးပစ္စည်းမခိုး ဘတ်သူ၊ လူချစ်လူခင်များသူ၊ ကူညီရိုင်းပင်းတတ်သူ၊ ကိုကျောက်ခဲ ထောင်ထဲဘာအပြစ်နှင့် ရောက်လာရသလဲ။ သူသွေးအန်ပြီးနောက်တစ် နေ့တွင် ကျွန်တော်က သူ့အကြောင်း မေးဖြစ်ခဲ့ပါသည်။

စင်စစ်ကိုကျောက်ခဲမှာ မြေတိုင်းစာရေးလေးအဖြစ် သူ့ဘဝကို နိုးသားကြိုးစားပြီး ရပ်တည်ခဲ့သူ ဖြစ်ပါသည်။ အဖေအမေက လယ် သမားမျိုးရိုး သည်သားတစ်ယောက်တည်းရှိ၍ သားလေးကိုပညာတတ်

ဖြစ်စေချင်လွန်းသောကြောင့် ပုသိမ်မြို့ပေါ်ရှိ ဘကြီးဘုန်းကြီးထံပို့ပြီး အစိုးရကျောင်းတက်စေခဲ့သည်။ ကျောက်ခဲလေးကလည်း စာကြိုးစားသည်။ သူဆယ်တန်းအောင်သည့်နှစ်မှာပင် အဖေလည်း ပိုးထိ၍ဆုံးသွားခဲ့လေသည်။ လူမမာ အမေအဖို့ အားကိုးစရာမှာ ကျောက်ခဲတစ်ယောက်သာ ရှိပေတော့သည်။ ထို့ကြောင့် မြေတိုင်းရုံးတွင် မြေတိုင်းစာရေးလေးအဖြစ် ကျောက်ခဲအလုပ် ဝင်လုပ်ရတော့သည်။

ကျောက်ခဲသည် ငယ်ငယ်ကတည်းက ဇာတ်ပွဲ၊ အငြိမ့်ပွဲများကြည့်ရသည်ကို ဝါသနာပါသည်။ နို့စို့အရွယ်က အမေဝါသနာကြီးသောပွဲများကို လိုက်လေ့ရှိသောကြောင့် သူလည်း ဝါသနာထုံခဲ့သလား မသိပေ။ ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ ရွှေနန်းတင်ဇာတ်ကြီးများကို အမေသွားကြည့်တိုင်း ကျောက်ခဲကို ခေါ်သွားလေ့ရှိပါသည်။ ထို့ကြောင့်ပွဲကြည့်ကျင့် ပါလာခဲ့သော ကျောက်ခဲတစ်ယောက် အရွယ်ရောက်လာပြီး၊ အလုပ်ရလာသည့်အခါတွင်လည်း မိုးလေကင်း၍ စပါးပေါ်ချိန်ပွဲလမ်းသဘင်များ ကပြကြသည်နှင့်၊ ဇာတ်ရုံထဲ ကျောက်ခဲရောက်လေ့ရှိပါသည်။ သားအမိ နှစ်ယောက်တည်းရှိပြီး၊ အမေကို လုပ်ကျွေးနေသော ကျောက်ခဲမှာ တခြားအပျော်အပါး သိပ်မရှိပါ။ အဖေထားခဲ့သော လယ်နှင့် နွားများကိုလည်း ရောင်းစားပြီး မြို့ပေါ်တွင်နေထိုင်ခဲ့ကြသည်။

အမေ့ ကျန်းမာရေးလည်း ဆိုးလာပါသည်။ ချောင်းဆိုးလျှင်သွေးပါလာသည်အထိ အခြေအနေဆိုးလာသော အမေကို ဆေးရုံတင်လိုက်သော်လည်း မျှော်လင့်ချက် မရှိတော့ပါ။ ကျောက်ခဲ မြေတိုင်းစာရေးဖြစ်ပြီး ခုနစ်နှစ်ခန့်အကြာတွင် အမေဆုံးခဲ့ပါသည်။ အမေ့အလောင်းမြေကျပြီး တစ်လကျော်အကြာတွင် တစ်ကောင်ကြွက်ကျောက်ခဲလည်း စာရေးလေးရာထူးဖြင့်ပင် မြေလတ်ပိုင်း မကွေးတိုင်းသို့ပြောင်းမိန့်ကျခဲ့လေသည်။

ကျောက်ခဲဘဝမှာလည်း ဒေသပြောင်းသလို ဘဝလည်းပြောင်းသွားသည်။ "တစ်ရွာမပြောင်း၊ သူကောင်းမဖြစ်" ဆိုသည့် စကားမှာကျောက်ခဲအတွက် ဖြစ်ပုံမရပေ။ မကွေးရောက်စက သူ့ဘဝမှာ တည်ငြိမ်ပါသေးသည်။ အခန်းတစ်ခန်းငှား၍၊ အိမ်ရှင်ထံတွင် ထမင်းလခပေး

စားပါသည်။ ရိုးသားသော ကျောက်ခဲကို အိမ်ရှင်ဇနီးမောင်နှံကလည်း ချစ်ကြပါသည်။ ကျောက်ခဲက အသောက်အစား၊ လောင်းကစားမရှိဘဲ ရာသီဥတုကောင်း၍ ပွဲရာသီရောက်သည်နှင့် ဇာတ်ပွဲ၊ အငြိမ့်ပွဲများကိုသာ လိုက်လံကြည့်ရှုပါသည်။ ထိုသို့ ဇာတ်ပွဲများကို ကြည့်၊ နေပြည်တော် အောင်စိန်ဇာတ်မှ လက်ထောက်မင်းသမီး အေးမြင့်နှင့် ဖူးစာဆုံခဲ့လေသည်။ ရွှေမြိုင်သူအေးမြင့်ဆိုပြီး အဆိုကောင်း၊ အကကောင်း၊ မျက်စနှင့်ပြီး ကြာပေးကောင်းသည့် အေးမြင့်မှာ ပရိသတ်ကြိုက် တစ်တစ်ရစ်ရစ် လုံးကြီးပေါက်လှ မင်းသမီးတစ်ယောက် ဖြစ်လေသည်။

ရှေ့ဆုံးတွင် ဖျာဝယ်၍ သူ့တပည့်ရိုးအကူလေးဖြင့် ကျောက်ခဲက ညတိုင်းလိုလို နေပြည်တော်အောင်စိန်ကို အားပေးလေ့ရှိသည်။ မကွေးတွင် ကရက်ကုန်ပြီး၊ အနီးအနားရွာများကို ပြောင်းကလျှင်လည်း၊ ကျောက်ခဲက လိုက်အားပေးပါသည်။ သူက မော်လမြိုင်သူအေးမြင့်ကို မျက်စိကျနေ၍ အထူးအားပေးခြင်း ဖြစ်သည်။ အေးမြင့်ကိုသာ ဆုငွေချသည်။ ထို့ကြောင့် အေးမြင့်က သူ့ကိုသတိထားမိလာသည်။ ဖြူဖြူချောချော ကျောက်ခဲကို အေးမြင့်ကလည်း ညွှတ်မိပါသည်။ ထို့ကြောင့် ဇာတ်နားသည့်အခါ အေးမြင့်ထံသွားရောက် လည်ပတ်ရင်း၊ နှစ်ဦးသား မေတ္တာမျှလာသည်။ မြေတိုင်းစာရေးဆိုသော ဂုဏ်ဖြင့် အေးမြင့်အမေက သမီးနှင့် ပေးစားလိုက်ပါတော့သည်။

စင်စစ်အေးမြင့်သည် ကျောက်ခဲကိုယူဖို့ မစဉ်းစားပါ။ သူ့မအလှကို ပြ၍ ချူစားဖို့သာ စဉ်းစားပါသည်။ ထိုသို့ ချူစားပေါင်းလည်း များပြီ၊ ရွှေမြိုင်သူအေးမြင့်ဆိုသည်ထက် ပိုင်းလုံးအေးမြင့်ဟုသာ ဇာတ်ထဲတွင် ခေါ်ကြသည်။ ဇာတ်ဆရာနှင့် ခပ်ရှုပ်ရှုပ်၊ လက်ထောက်မင်းသားနှင့်လည်း ခပ်ရှုပ်ရှုပ်ဟု သတင်းအမျိုးမျိုး ကြားရသဖြင့် အေးမြင့်အမေက သမီးကို ခြေငြိမ်စေချင်သည်။ ထိုအချိန်တွင် အိမ်ကိုလာလေ့ရှိသော မြေတိုင်းစာရေး ကျောက်ခဲ၏ရုပ်ရည်နှင့် ရိုးဂုဏ်တို့ကိုကြည့်ပြီး သမီးနှင့် ပေးစားခဲ့ပါသည်။

*

ကိုကျော်ခဲက ခဏနားလိုက်သည်။ လက်ကြားညှပ်ထားသည့် မီးသေနေပြီဖြစ်သော ဆေးပေါ့လိပ်တိုကို မီးညှိ၍ အားပါးတရ ရှိုက်လိုက်ပါသည်။ တစ်အောင့်လောက်ကြာမှ -

"ဆရာရယ် . . . သူ့ကို ကျွန်တော်တကယ်ချစ်တာပါ၊ ဇာတ်က တဲ့နေရာတိုင်းလိုလို ကျွန်တော်လိုက်ခဲ့ပါတယ်။ ဒါပေမဲ့ အေးမြင့်က အကျင့်မကောင်းဘူး ဆရာ။ ချစ်တဲ့စိတ်နဲ့ ကျွန်တော်အမြဲလိုလို ခွင့်လွှတ်ခဲ့ပါတယ်။ သူကလည်း လှတာကိုး၊ မျက်လုံးလေးတွေက ရီဝေနေတာပဲ၊ သူ့မျက်လုံးနဲ့ တစ်ချက်လောက် စိုက်ကြည့်လိုက်တာနဲ့ ဒေါသတွေ ဘယ်ရောက်သွားမှန်းကို မသိတော့ဘူး။ နှုတ်ခမ်းထူထူလေးနဲ့ နှာတံလေးက စင်းနေတဲ့ အေးမြင့်ဟာ ကျွန်တော့်အဖို့ နတ်သမီးလေးပါပဲ။ ဒါပေမဲ့ ဆရာရယ် သည်းခံတယ်ဆိုတာ သူ့အတိုင်းအတာနဲ့သူပါ။ ကျောက်ဆောင် တောင်မှ ရေတိုက်ပါများရင် ပွန်းပဲ့သွားတယ် မဟုတ်လား . . . "

ကိုကျော်ခဲက သူ့အဖြစ်ကိုပြောရင်း ဗာရာတန်းဘက်ကို ငေးကြည့်နေပါသည်။ သူ့မျက်နှာမှာ အုံ့မှိုင်းနေသလို မျက်လုံးများထဲ တွင်လည်း မျက်ရည်စများကို တွေ့လိုက်ရ၏။

အေးမြင့်သည် ကျောက်ခဲနှင့်ယူထားသော်လည်း သူမ၏စရိုက် ကို မဖျောက်နိုင်ခဲ့ပေ။ ဇာတ်အဖွဲ့တစ်ခုလုံးက အေးမြင့်ဖောက်ပြန်သည် ကို သိကြသည်။ အထူးသဖြင့် ဇာတ်ဆရာနှင့် ဖြစ်သည်။ ဇာတ်ဆရာ ကလည်း သူနှင့်လွတ်သည့် မင်းသမီး ခပ်ရှားရှားပင်၊ ယိမ်းသမချောချော လေးများပင် သူက ခြေတော်တင်သည်။ ထို့ကြောင့် အေးမြင့်နှင့် ဇာတ် ဆရာတို့မှာ သူတော်ချင်းချင်း . . . ပေါင်းဖက်တွေ့ခြင်း ဖြစ်လေသည်။ ကျောက်ခဲက အေးမြင့်ခြေလှမ်းပျက်သည်ကို သိ၍ သတိပေးသော်လည် ဂရုမစိုက်ပေ။ အထူးသဖြင့် ဇာတ်ဆရာ နေပြည်တော် အောင်စိန်နှင့် ရွှေမြိုင်သူအေးမြင့်တို့အကြောင်းမှာ မိမိတို့ဇာတ်သာမက တခြားဇာတ် များကပင် ပြောလာသည်အထိ အခြေအနေ ဆိုးလာလေသည်။

"အဲဒီညက ကျွန်တော်လည်း ဖျားနေတော့ ခြင်ထောင်ထဲမှာ နေပါတယ်။ ဆရာမောင် တစ်ထုပ်ကို ရေနွေးပူပူနဲ့ သောက်ပြီး ခေါင်း ထုတ်ရင်း အိပ်ပျော်သွားပါတယ်။ အိပ်ရာကနိုးတော့ မနက် ၅ နာ

လောက်ရှိပြီ၊ အေးမြင့် ပြန်မရောက်သေးပါဘူး။ နောက်ပိုင်း ဇာတ်လည်း သိမ်းပါပြီ။ ဒီမိန်းမ ဘယ်သွားနေပါလိမ့်ဆိုပြီး စိတ်ထဲမှာ ဒေါသထောင်းခနဲ ထလာပါတယ်။ နေမကောင်းတဲ့ လင်ကိုပစ်ပြီး ပြန်မလာတဲ့ မိန်းမကို တော်တော်နာကြည်းသွားတယ်"

အိပ်ရာဘေးက ဓားမြှောင်ကို ခါးကြားထိုးပြီး ကျောက်ခဲက အေးမြင့်ကို လိုက်ရှာသည်။ ကားဆွဲမောင်မြင့်က ဇာတ်ဆရာအခန်းဘက် သွားသည်ကို မြင်လိုက်သည်ဆို၍ ကျောက်ခဲ၏ဒေါသမှာ ငယ်ထိပ်တက်သွားတော့သည်။ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်မိသည်။ ဇာတ်ဆရာအခန်းအဖြစ် သီးသန့်ဖွဲ့ထားသော ကျူဖျာအကာနှင့် ကျူဖျာတစ်ချပ်ကို တံခါးလုပ်ထားသော အခန်းထဲ ကျောက်ခဲဝင်လာခဲ့သည်။ မင်းသားအောင်စိန်ခုတင်မှာ ခြင်ထောင်ချထားပြီး၊ ခုတင်ဘေးတွင် ယောကျ်ားဖိနပ်တစ်ရန်နှင့် မိန်းမဖိနပ်တစ်ရန်ကို ကျောက်ခဲတွေ့လိုက်ရသဖြင့် အောင့်အီးထားသမျှ ဒေါသအစိုင်အခဲများမှာ ပေါက်ကွဲထွက်သွားတော့သည်။

"ဆရာရယ် ကျွန်တော်က အေးမြင့်ကို တကယ်ချစ်တာပါ။ ခြင်ထောင်ကို လှန်ဖွင့်လိုက်တော့ အေးမြင့်နဲ့အောင်စိန်တို့ ဖက်အိပ်နေတာကို ကျွန်တော် တွေ့လိုက်ရတယ်။ လက်ထဲမှာ အသင့်ကိုင်ထားပြီးသားဓားမြှောင်ကလည်း သူတို့ကိုယ်တွေပေါ် ဘယ်နှကြိမ်ထိုးမိသလဲ ကျွန်တော်မမှတ်မိတော့ဘူး။ သတိရတဲ့အချိန်မှာ လက်ထိတ်တန်းလန်းနဲ့ ရဲစခန်းရောက်နေတာကိုပဲ သိရပါတော့တယ်"

ကိုကျောက်ခဲသည် သူ့ဇာတ်လမ်းကိုပြောရင်း ချောင်းတဟွတ်ဟွတ် ဆိုးလာပြန်သည်။ နှစ်လောင်းပြိုင်သတ်မှုဖြင့် မကွေးတရားရုံးက ကျောက်ခဲကို သေဒဏ်ချမှတ်ခဲ့ပါသည်။ တစ်ကောင်ကြွက်သမားဖြစ်သည့် ကျောက်ခဲမှာ ထောင်ဝင်စာ မရှိပေ။ ကြိုးတိုက်ထဲတွင် သေမိန့်ကိုစောင့်ရင်း ၂/၈၀ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ၁၉၈၀ ပြည့်နှစ်၌ ကြေညာလိုက်သောကြောင့် ကျောက်ခဲတစ်ယောက် သေဒဏ်မှ လွတ်ပြီး၊ တစ်သက်တစ်ကျွန်းသို့ ပြောင်းခဲ့လေသည်။

သူ့အကြောင်းပြောပြီးချိန်တွင် ည ၉ နာရီ သံချောင်းသံကို ကြား

လိုက်ရပြီး "အိပ်ချိန်" ဆိုသည့် အသံများကိုလည်း ဗာရာများက အော်၍ သတိပေးလိုက်ပါသည်။ ကိုကျော်ခဲလည်း သူ့အိပ်ရာသို့ ထသွားသည်။ ကျွန်တော်လည်း ကျွန်တော့်အိပ်ရာပေါ် အသာလှဲ၍ သူ့ဘဝအကြောင်း ကိုတွေးရင်း အိပ်ပျော်သွားပါသည်။ နောက်တစ်ပတ်လောက်အကြာ တွင် အလုပ်မှအပြန်တွင် ကိုကျောက်ခဲ သွေးအန်ပြီး ဆေးရုံတင်လိုက်ရ သည်ဟု ကြားရပြီးနောက် သုံးရက်ခန့်အကြာ၌ ထောင်ဆေးရုံ၌ပင် ကိုကျောက်ခဲ ဆုံးသွားပါသည်။ တစ်ကောင်ကြွက် ကျောက်ခဲ ရွှေမြိုင်သူ အေးမြင့်ကို အလွန်ချစ်သော ကျောက်ခဲ၊ အချစ်ကြီး၍ အမျက်ကြီးခဲ့ သော ကျောက်ခဲတစ်ယောက် ဘယ်ဘဝရောက်နေမည်ကား မသိ၊ သူ့ မယား အေးမြင့်နှင့် သံသရာမှာ ပြန်ဆုံနေဦးမလားလည်း မသိ။ သို့သော် ကျွန်တော်တို့အခန်းထဲ၌ ညနေတန်းစီ လူစစ်ပြီးသည်နှင့် သီချင်း တကျော်ကျော်ဆိုရင်း ခါးပုံစဆွဲကာ ကပြဖျော်ဖြေနေကျ။ မင်းသားလေး ကျောက်ခဲ၊ လိမ့်နေသော ကျောက်ခဲကား မရှိတော့ပေ။ သူ့အကကို ကျွန်တော်တို့ မကြည့်ရတော့ပေ။ သို့သော် သူ့အသံကို ကျွန်တော် ကြားယောင်နေပါသည်။ "အေးမြင့်ကို ကျွန်တော် တကယ်ချစ်တာပါ ဆရာရယ်"။ ကိုကျောက်ခဲတစ်ယောက် ကောင်းရာမွန်ရာ ရောက်ပါစေ။

*

## သူဌေး ဦးမြစိန်

သူသည် မြန်မာနိုင်ငံ၏ အချမ်းသာဆုံး သူဌေးကြီးများထဲတွင် တစ်ဦး အပါအဝင် ဖြစ်သည်။ ပါလီမန်ခေတ် ပုဂ္ဂလိကစီးပွားရေး အားကောင်းနေဆဲ၊ အာရှတွင် စီးပွားရေးဖွံ့ဖြိုးမှု ရှေ့ဆုံးတန်းတွင်ရှိနေသောကာလ၊ သူလည်း ထင်ရှားသော စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်သည်။ ထိုသူမှာ သူဌေးဦးမြစိန် ဖြစ်သည်။ မြစိန်အင်ဆန်းကုမ္ပဏီပိုင်ရှင် ဖြစ်သည်။ ဘရစ်ချ်စတုန်း၊ ဖိုင်းယားစတုန်းစသော နိုင်ငံခြားမှ တင်သွင်းသော မော်တော်ကားတာယာများကို ရောင်းချသည့် အေးဂျင့်ကုမ္ပဏီကြီး၏ ပိုင်ရှင်ဖြစ်ပါသည်။ မည်မျှချမ်းသာသည်ဖြစ်စေ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အောက်တွင် ဆိုရှယ်လစ်စနစ်၏ ရန်သူဆူးငြောင့်များအဖြစ် အဖမ်းခံကြရပါသည်။ ဇူဇကာစစ်ဆင်ရေးတွင် ဦးမြစိန်လည်း ပုဒ်မ ၅ ဖြင့် ထောင်ထဲရောက်ခဲ့ရလေသည်။ မြန်မာနိုင်ငံ၏ အချမ်းသာဆုံး စီးပွားရေးသမား ကုလားများအားလုံး အဖမ်းခံရသည်။ မူဆာမဒါး၊ ရှော်ဖီ၊ ဦးမြစိန်တို့လည်း ပါဝင်သည်။ မဒါးလာ ယူနီလီးဗားလို စက်ရုံများပိုင်ရှင်၊ ရှော်ဖီလာ တံတားများ၊ အဆောက်အအုံများ အကြီးအကျယ်ဆောက်သည့် ဆောက်လုပ်ရေးလုပ်ငန်းများကို ပိုင်ပါသည်။ မဒါးနှင့်

ရှော်ဖီမှာ မွတ်စလင်ဘာသာဝင်များ ဖြစ်သော်လည်း ဦးမြစိန်မှာ ဆစ်ခ်ဘာသာဝင်၊ ပန်ချာပီလူမျိုး ဖြစ်သည်။ ထိုအချိန်က ထောင်ထဲတွင် အရောင်စုံသည်။ လက်ဝဲသမားများရော၊ လယ်ယာသမားများလည်း ရှိသည်။ စီးပွားရေးသမားများ၊ သူဌေးများလည်း ရှိသည်။ Federal မူတင်ခဲ့သည့် စော်ဘွားများလည်း ရှိသည်။ ဖဆပလ၊ ပထစ၊ ပမညအလံနီ၊ အလံဖြူ ပြည်ပြေး အားလုံးထောင်ထဲတွင် ရှိသည်။

ထိုအချိန်တွင် ဦးမြစိန်နှင့် ကျွန်တော် သိကျွမ်းခဲ့ရပါသည်။ တိုက်မှနေ အဆောင်ပို့လိုက်သည်နှင့် ၃ဆောင်အခန်း ၆ သို့ ကျွန်တော် ရောက်ရှိလာခဲ့သည်။ အခန်းထဲတွင် ရှိနေသော ရဲဘော်များက လွတ်နေသော ခုတင်တစ်လုံးတွင် နေရာချပေးကြသည်။ ကျွန်တော်ကလည်း ထောင်မှူးရုံးခန်းမှ ပေးလိုက်သော မွေ့ရာလိပ်ကို ခုတင်ပေါ်ဖြန့်ချထားလိုက်သည်။ မွေ့ရာလိပ်ထဲတွင် အဝတ်အစားတစ်စုံ၊ ခြင်ထောင်တစ်လုံး၊ အိပ်ရာခင်း၊ ဂွမ်းစောင်တစ်ထည်၊ အတွင်းခံဘောင်းဘီတစ်ထည်၊ မျက်နှာသုတ်ပဝါတစ်ထည်၊ မှို့ခေါင်းအုံးတစ်လုံး ပါရှိလေသည်။ အကျႌမှာ ပေါ်ပလင်အဖြူလက်တို၊ လုံချည်မှာ ရခိုင်အပြာရောင် ဖြစ်လေသည်။ လူသစ်ဖြစ်၍ ထိုင်ပင်မထိုင်လိုက်ရပါ။ လူဟောင်းများက သူတို့ခုတင်ရှိရာကိုခေါ်ပြီး စကားပြောကြလေသည်။

ကျွန်တော့်ခုတင်သို့ ပြန်ရောက်လာသောအခါ ကျွန်တော့်ညာဘက်ဘေး ခုတင်တွင် UMP ခေါ် ပြည်စောင့်ရဲတပ်မှ ဗိုလ်ကြီးဟောင်း ဗိုလ်ရဲလှ ရှိ၏။ ဘယ်ဘက်ခုတင်၌မူ သူဌေးကြီးဦးမြစိန် ရှိပါသည်။ ထိုအချိန်ကျမှသာ ခုတင်နီးချင်းများနှင့် မိတ်ဆက်စကား ပြောရသေးသည်။ ဗိုလ်ရဲလှခေါ် ဦးမောင်မောင်ရှိန်မှာ တစ်ဖက် ၇ ခန်းရှိ အဖမ်းခံထားရသော ကျွန်တော့်အစ်ကိုနှင့် အမှုတွဲဖြစ်ပြီး ယခင်ကတပ်ထဲတွင် အတူ လုပ်ကိုင်ခဲ့ကြပါသည်။ ဦးမြစိန်မှာမူ ထိုအချိန်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ထူထောင်နေချိန်ဖြစ်၍ ပိုက်ဆံချမ်းသာသော အရင်းရှင်များကို ဝိသမလောဘသားများအဖြစ် အရေးယူနေချိန်တွင် သူပါသွားခြင်းဖြစ်သည်။ သူ့ကို ပုဒ်မ ၅ ဖြင့် ဖမ်းဆီးထားသလို သူပိုင်ပစ္စည်းများကို ပြည်သူပိုင်အဖြစ် သိမ်းဆည်းထားသည်။ ဦးမြစိန်မှာ မြန်မာလူ

မဟုတ်ဘဲ ပန်ချာပီ ဖြစ်၏။ ထောင်ထဲမှာပင် ခေါင်းထုပ်ကြီးကို ဆောင်းထားသည်။ အရပ်မှာ ခြောက်ပေလောက်ရှည်သည်ဟု ထင်ရသည်။ အရပ်ရှည်လွန်းသဖြင့် ခါးအနည်းငယ် ကိုင်းနေပါသည်။ ကျန်းမာရေးလိုက်စားပြီး ထောင်ထဲတွင် လမ်းမှန်မှန် လျှောက်သည်။ ဆေးရုံစာပေါင်မုန့်နှင့် နို့၊ ဘီစကွတ်မုန့်ကို ဘူးလိုက်ဝယ်ပြီး စားလေသည်။ သူနှင့်ကျွန်တော်တွေ့ရသည့် အချိန်တစ်လျှောက်လုံး အစားအသောက်အနေအထိုင် ဆင်ခြင်သော်လည်း သူမဆင်ခြင်နိုင်သည်မှာ ဝက်သားဖြစ်ပါသည်။ ဝက်သားဆိုလျှင် အဆီမှစားသည်။ ထိုအချိန်ကကျွန်တော်တို့ မှာနေ့စဉ် အသားစားရ၏။ ညနေတိုင်း အသားဟင်းတစ်ခွက်စီပါသည်။ ကြက်၊ ဝက်၊ အမဲ၊ ဆိတ်၊ ငါး၊ ဘဲဥနှင့် နောက်တစ်ရက်မှာ ဝက်သော်လည်းကောင်း၊ အမဲသော်လည်းကောင်း ကျွေးလေသည်။ ဝက်သားနေ့ရောက်လျှင် ဦးမြစိန်သည် သူ့တွင်ရှိသောဘီစကွတ်လို မုန့်မျိုးနှင့် ဝက်သားဟင်းကို လဲစားလေသည်။ အသားကိုယူထားလျှင် ယူထား၊ အဆီကိုရလျှင် အလွန်သဘောကျလေသည်။

အပြင်မှာ ကတည်းက မြန်မာနိုင်ငံ၏ အချမ်းသာဆုံးသူဌေးကြီးအဖြစ် သူ့ကို ကျွန်တော်သိပါသည်။ မော်တော်ကားပစ္စည်းများကို နိုင်ငံခြားကုမ္ပဏီကြီး၏ အေးဂျင့်အဖြစ် ပစ္စည်းတင်သွင်းသူလည်း ဖြစ်သည်။ Fire stone လို၊ Bridge stone လို မော်တော်ကားတာယာများကို မြန်မာနိုင်ငံ၏ တစ်ဦးတည်းသော ကိုယ်စားလှယ်လည်း ဖြစ်၏။ ဗိုလ်ချုပ်လမ်းပေါ်၊ ဗိုလ်ချုပ်ဈေးနှင့် မျက်စောင်းထိုး၊ နောင် က-ည-န ရုံးဖြစ်သွားသော တိုက်ကြီးမှာ သူ၏မြစိန်နှင့်သားများ ကုမ္ပဏီကြီး ဖြစ်လေသည်။ ထောင်ထဲနေရသည်မှာ လစဉ်ထုတ်မဂ္ဂဇင်းများ၊ နေ့စဉ်ထုတ်ပေးသောသတင်းစာကိုဖတ်လျှင် ဖတ်၊ အားလပ်နေသော အချိန်များတွင် ဝိုင်းဖွဲ့၍ စကားပြောရသည်မှာ နေ့ပေါင်း၊ ညပေါင်းများစွာ ဖြစ်ပါသည်။ သူနှင့် ကျွန်တော်မှာ ၃၊ ၄ ပေခန့်သာ ကွာသော ခုတင်ချင်း ကပ်ရပ်ဖြစ်၍နေ့ခင်း၌ဖြစ်စေ၊ ညဦး၌ဖြစ်စေ၊ စကားပြောဖြစ်ကြသည်။ မြန်မာနိုင်ငံ၏အချမ်းသာဆုံး သူဌေးကြီးတစ်ဦးဖြစ်သူ ဦးမြစိန်၏ ချမ်းသာကြွယ်ဝပုံကို ကျွန်တော် သိချင်လာသည်။ သိရှိသမျှ သူ့အကြောင်းတွင် အောက်

ခြေမှစ၍ ကြိုးစားပြီး လုပ်ကိုင်ခဲ့သလို ငွေကိုအလဟဿမသုံးဘဲ စုဆောင်းမှုလည်း ပါဝင်သည်။ နောက်မြန်မာများ၏ အမြင်အရဆိုလျှင် ကပ်စေးနှဲသည်ဟု ပြောရမလား မသိ။ သူ၏စနစ်ကျလှသော သုံးစွဲမှု၊ လုပ်ကိုင်မှုများသည် သူ့ကြွယ်ဝမှုကို အထောက်အကူပြုပေးလေသည်။

"ကျွန်တော့်ငယ်ဘဝက တော်တော်ကြမ်းတမ်းပါတယ်။ ကျွန်တော့်အဖေ၊ အမေတွေက ပန်ချာပီတွေချည်းပဲ။ ကျွန်တော်တို့က မေမြို့ (ပြင်ဦးလွင်မြို့) မှာ နေပါတယ်။ အဖေက ခြံစိုက်တယ်။ ကော်ဖီလည်း စိုက်တယ်။ သူတို့မရှိတော့ ကျွန်တော်က ကော်ဖီမှုန့်ကို ကြိတ်ပြီးစက်ဘီး တစ်စီးနဲ့ လိုက်ရောင်းရပါတယ်။ ပြင်ဦးလွင်ကနေ မန္တလေးအထိ စက်ဘီးနဲ့ ကော်ဖီမှုန့်ကို အော်ပြီးဆင်းရောင်းရတာ။ ကော်ဖီမှုန့်လို့ အော်ပြီး ရောင်းတာပေါ့။ မန္တလေးမှာ တစ်နေ့လုံးရောင်းပြီး ကုန်မှပြင်ဦးလွင်ကို ပြန်တက်ရတာပဲ။ အဲ့ဒီလိုရတဲ့ အမြတ်ကလေးတွေကို ကျွန်တော်က စုစုဆောင်းဆောင်းနဲ့ ထားတယ်။ အခွင့်သာရင် တခြားအလုပ်ပြောင်းမယ်ပေါ့။ စစ်ကြီးဖြစ်တော့လည်း ကျွန်တော်ပြင်ဦးလွင်မှာပဲ ရှိပါတယ်၊ အခြေအနေပေးရင် ပေးသလို မန္တလေးဆင်းပြီး ကော်ဖီမှုန့် ရောင်းတာပဲ။ စစ်ကြီးပြီးတော့ ပြင်ဦးလွင်မှာ ကော်ဖီမှုန့်ဆိုင်လေးတစ်ဆိုင် ဖွင့်ဖြစ်ခဲ့တယ်။ ဒါပေမဲ့ မန္တလေးဆင်းပြီး ကော်ဖီမှုန့်အရောင်းမပျက်ဘူး၊ လွတ်လပ်ရေးရပြီးတော့ ပြည်တွင်းစစ်ကြီးဖြစ်၊ မန္တလေးကို ကရင်သိမ်းထားတာလည်း ကျွန်တော်မီတယ်။ တစ်နေ့ညနေဘက် မန္တလေးက အပြန်မှာ ပြင်ဦးလွင်တက်မယ့်လမ်းကို ရောက်တော့ သူပုန်လို့ထင်တာပဲ။ လူ ၃/၄ ယောက် သေနတ်တွေနဲ့ ကျွန်တော့်ကို လှမ်းတားတယ်၊ ကျွန်တော် သိလိုက်ပြီ။ ကျွန်တော့်မှာ ရှိတာတွေလုတော့မှာပဲ။ အဲဒီတုန်းက တိုင်းပြည်က မငြိမ်တော့ တောကြောင်တွေလည်း သောင်းကျန်းနေတာကိုး။ စက်ဘီးဖင် ထိုင်ခုံအောက်ကတန်းမှာ လေထိုးပိုက်လေး လွယ်လွယ်ကူကူ ယူလို့ရအောင် ကျွန်တော်ထားတယ်။ ရှေ့ကလူတွေက စက်ဘီးတစ်စီးနဲ့ ကုလားဆိုတော့ သေနတ်တွေနဲ့ ချိန်မထားကြဘူး။ လွယ်ရုံပဲ လွယ်ထားကြတယ်။ ကျွန်တော်က စက်ဘီးအရှိန်ကို နည်းနည်းလျှော့လိုက်တယ်။ သူတို့အနားလည်းရောက်ရော စက်ဘီး

ရပ်ပေးမလိုလိုနဲ့ လက်လှမ်းတားတဲ့ သူ့ရဲ့နှာရောင်ကို ကျွန်တော် လေထိုးပိုက်နဲ့ ရိုက်ချလိုက်တယ်။ ဘယ်ဘက်က တစ်ယောက်ကိုတော့ လည်ပင်းကို ထပ်ရိုက်ချလိုက်ပြီး စက်ဘီးကို အသားကုန်နင်းပြီးပြေး တော့တာပါပဲ။ နောက်က သေနတ်ကိုင်တွေလည်း သေနတ်ကို ပခုံးက ဖြုတ်ရတာတို့၊ မောင်းတင်ရတာတို့၊ ချိန်ရတာတို့နဲ့ အလုပ်ရှုပ်နေတဲ့ အချိန်မှာ ကျွန်တော်က သစ်ပင်တွေကြားထဲ ရောက်သွားပြီး အသား ကုန်မောင်းလာကာ မော်တော်ဆိုင်ကယ်လား မှတ်ရတယ်ဗျာ။ အသက် ဘေးကိုး။

ဒီလိုနဲ့ မန္တလေးကို အစိုးရတပ်တွေက သိမ်း၊ နေရာယူလာတဲ့ အခါ ကျွန်တော်လည်း ငွေလေးအတော်စုမိသွားပြီ။ အဲဒီအချိန်မှာ ပြင်ဦး လွင်(ယခင်မေမြို့)ကလည်း စစ်တပ်မြို့ဖြစ်ပြီး တော်တော်ပြောင်းလဲနေ ပြီ။ စစ်တပ်ကားအကုန်လုံးလိုလို ရှိတယ်။ ဂျစ်ကား၊ ထရပ်ကား မော် တော်ဆိုင်ကယ် စတဲ့ စစ်ကားအဟောင်းတွေလည်း ပုံနေတာပါပဲ။ ဒီကားတွေကို လေလံတင်ရောင်းတဲ့အခါ ကျွန်တော်က လေလံဆွဲဝယ် လိုက်တယ်။ ကားဟောင်းဆိုပေမယ့် တချို့က စက်ပစ္စည်းတွေ အလတ် ကြီးရှိသေးတာပေါ့။ အဲ့ဒီလေလံဆွဲထားတဲ့ ကားတွေကို ကျွန်တော်က ဝပ်ရှော့တစ်ခုဖွင့်ပြီး ပြန်ပြင်တယ်။ နောက်မန္တလေးကို ဆင်ပြီးပြန်ရောင်း ပါတယ်။ ဒီလိုနဲ့ ကျွန်တော့်စီးပွားရေး ကောင်းလာတယ်။ အရင်းအနှီး အတော်ရတဲ့အခါကျတော့ နိုင်ငံခြားက ကားပစ္စည်းအသစ်တွေကို မှာပြီး ရန်ကုန်မှာ ကုမ္ပဏီဖွင့် ရောင်းခဲ့တာပဲ။ ကားအပိုပစ္စည်း၊ ကားတာယာ တွေကို ကျွန်တော်က အေးဂျင့်အဖြစ်နဲ့ ရောင်းနိုင်ခဲ့ပါတယ်"

ဦးမြစိန်က အောက်ခြေကစ ကော်ဖီမှုန့်ရောင်းရင်း ကားပစ္စည်း များ ရောင်းချသည့် သူဌေးကြီးဖြစ်လာပုံကို အကြမ်းဖျင်းပြောပြခဲ့ပါ သည်။ သူသည် စနစ်ကျသည်။ လိုအပ်သည်ကိုသာ သုံးလေ့ရှိသည်။ သားသမီးများကိုလည်း စနစ်တကျထားပြီး ပညာသင်ပေးသည်။ သမီး တစ်ယောက်မှာ ဆရာဝန်ဖြစ်ပြီး နောင်အခါတွင် အင်္ဂလန်၊ လန်ဒန်မြို့ရှိ FRCF ဘွဲ့ရဆရာဝန်ကြီးတစ်ယောက် ဖြစ်သည်။ သူ့ကုမ္ပဏီမှာ ဗိုလ်ချုပ် ဈေးမျက်စောင်းထိုး၊ မီးရထားရုံးရှေ့တွင်ရှိပြီး သူက ယခင်ဆင်းဒဝပ်

လမ်း (ယခု . . . ) လမ်းတွင် နေထိုင်သည်။

"ကျွန်တော်နဲ့ ကျွန်တော့်ရုံးက ၁၅ မိနစ်လောက် လျှောက်လိုက်ရင် ရောက်ပါတယ်။ ရထားခုံးကျော် တံတားကိုတက် ဗိုလ်ချုပ်ဈေးက ဖြတ်လျှောက်ရင် ကျွန်တော့်ရုံးကို ရောက်တယ်။ ကျွန်တော့်မှာ မာစီးဒီးကား ရှိပါတယ်။ အဲ့ဒီတုန်းက မာစီးဒီးကား စီးနိုင်တာ တော်တော်ရှားပါတယ်။ ကျွန်တော့်ကားကို ရုံးဆင်း၊ ရုံးတက်ချိန် မသုံးပါဘူး။ ကားလည်းနာ၊ ဆီလည်း ကုန်ပါတယ်။ ဝန်ကြီးရုံးသွားတဲ့အခါ၊ ညှိခံပွဲတွေသွားတဲ့အခါမှာ ကားကို သုံးပါတယ်။ ကျန်တဲ့ကိစ္စတွေမှာ မသုံးပါဘူး။ ကျွန်တော်က ကုမ္ပဏီသွားတဲ့အခါ လမ်းလျှောက်ပြန်လာရင် လမ်းလျှောက်နဲ့ကျန်းမာရေးတောင် ညီသေးတယ်။ မနက်ပိုင်းလမ်း မှန်မှန်လျှောက်သလို အလုပ်ဆင်းကိုလည်း လမ်းမှန်မှန် လျှောက်ပါတယ်။ အိမ်မှာစားစရိတ်ကိုလည်း စနစ်တကျ လုပ်ခိုင်းတယ်။ မကုန်သင့်တာ မကုန်အောင်စာရင်းနဲ့ ဇယားနဲ့ လုပ်တယ်။ ကလေးတွေ ကျောင်းစရိတ်၊ အဝတ်အစား၊ မုန့်ဖိုး စတာတွေကိုလည်း စာရင်းနဲ့ သုံးစွဲစေတယ်၊ အဝင်နဲ့ အထွက်၊ အထွက်နည်းပြီး အဝင်ကောင်းအောင်လည်း ကြိုးစားဖို့ အိမ်ကလူအားလုံးကို ပြောထားတယ်"

ကျွန်တော်တို့ကို နေ့စဉ် တစ်နာရီကြာ အခန်းဖွင့်ပေးပြီး အဆောင်ဝင်းထဲတွင် နေ့စဉ်လေ့ကျင့်ခန်းလုပ်၊ ရေချိုးခွင့်ပေးပါသည်။ သူသည် တစ်နာရီ ရေချိုးချိန်တွင် အခန်းဖွင့်သည်နှင့် အဆောင်ကိုပတ်ပြီး လမ်းလျှောက်လေတော့သည်။ အချိန်ပြည့်ခါနီး ၁၅ မိနစ်လောက်အလိုမှ ရေမိုးချိုး၊ သောက်ရေခပ်၍ အခန်းထဲသို့ ပြန်ဝင်သွားတော့သည်။ အစားအသောက်၊ အနေအထိုင် သတိထားသဖြင့် ကျန်းမာသန်စွမ်းလျက်ရှိပါသည်။ အသက်အရွယ် ရလာသော်လည်း သူ့တွင်ဗိုက်ရွှဲခြင်း၊ ဝဖိုးခြင်း မရှိပေ။ ပိန်ပိန်သွယ်သွယ်နှင့် သွက်သွက်လက်လက် ရှိလေသည်။ တစ်နေ့ ဦးမြစိန်နှင့်အတူ သူနှင့်ရင်းနှီးသောအကျဉ်းသားတစ်ယောက်တို့ထိုင်ပြီး သတင်းစာဖတ်နေသည်။ ကျွန်တော်လည်း အခန်းထိပ်မှ ရဲဘော်များနှင့် စကားပြောပြီး အခန်းထဲပြန်ဝင်လာရာ သူတို့က သတင်းစာထဲမှ အကြောင်းအရာများကို ပြော

သည်။ သူတို့ပြောသော စကားများတွင် နိုင်ငံရေးပါတီများအကြောင်း၊ သူတို့အမြင်များကို လွတ်လွတ်လပ်လပ် ပြောနေသည်။ ကျွန်တော်နှင့် သဘောထား မတိုက်ဆိုင်သော စကားများကို ကြားရသောကြောင့် "ဦးမြစိန် ထောင်ထဲမှာက နိုင်ငံရေးပါတီအကုန်လုံး ရှိတယ်။ လက်ဝဲတွေရော၊ ပါလီမန် ဒီမိုကရေစီအဖွဲ့ရော၊ ပြည်ချစ်အဖွဲ့ရော၊ အလံနီရော၊ အလံဖြူရော ရှိနေကြတယ်။ ခင်ဗျားတို့လို စီးပွားရေးလုပ်ငန်းရှင်တွေလည်း ရှိနေတယ်။ အဲဒီတော့ တစ်ယောက်ကိုတစ်ယောက် ထိခိုက်စေနိုင်တာမျိုးကို သတိထားပြောဖို့တော့ လိုမယ်ထင်တယ်။ ခုန ခင်ဗျားတို့ပြောတဲ့စကားက အနှောင့်အသွား မလွတ်တော့ သည်းမခံတတ်တဲ့သူတွေနဲ့တွေ့ရင် အချင်းများနိုင်တယ်" ဟု ပြောလိုက်သောအခါ ဦးမြစိန်က တောင်းတောင်းပန်ပန်ဖြင့် သူတို့ပြောသည်မှာ တစ်ဖက်ကို နစ်နာစေလို၍ မဟုတ်ကြောင်း ရှင်းပြလေသည်။ သူနှင့် ကျွန်တော်ကား မိတ်မပျက်ခဲ့ပါ။ တစ်နေ့ သူ့မိသားစုအကြောင်းပြောရင်း အင်္ဂလန်ရှိ သူ့သမီး၊ သမက်နှင့် မြေးလေးတို့အကြောင်း ပါလာပါသည်။

"ကျွန်တော့်သမီးက FRCF ဘွဲ့ရတဲ့ ဆရာဝန်ပါ။ ကျွန်တော့်သမက်ကလည်း အတူတူပါပဲ။ သူတို့က လန်ဒန်မှာ အလုပ်လုပ်ကြတယ်။ ဒီလိုနဲ့ သားလေးတစ်ယောက် မွေးတယ်။ ကျွန်တော့်အတွက် မြေးဦးပါပဲ။ ကလေး ၄ နှစ်သားလောက်မှာ သူတို့မိသားစု ရန်ကုန်ကို လာလည်တယ်။ ကျွန်တော်နဲ့ ကျွန်တော့်မိန်းမကလည်း မြေးလေးကို ဖူးဖူးမှုတ်ချစ်ကြတာပေါ့။ တစ်လလောက်ကြာတော့ သူတို့ပြန်မယ်ဆိုတော့ ကျွန်တော့်မိန်းမက ကလေးကို မပြန်စေချင်သေးဘူး။ သူတို့လင်မယားကလည်း အလုပ်ကိစ္စကရှိတော့ အချိန်မရဘူး။ ဒါနဲ့ ကလေးကို တစ်လလောက်ထားခဲ့။ ငါပြန်လိုက်ပို့မယ်လို့ ကျွန်တော်က ပြောလိုက်တယ်။ ကလေးကလည်း နေခဲ့တယ်။ အဲ့ဒီတုန်းက လေကြောင်းလိုင်းတွေက တစ်ခုနဲ့တစ်ခု အပြိုင်အဆိုင်ပဲ။ အင်္ဂလိပ်က BOAC ဆိုရင် ကမ္ဘာမှာ နံပါတ်တစ် လေကြောင်းလိုင်းလို့တောင် ပြောကြတယ်။ အမေရိကန်ကဆိုရင် PPA နောက်တော့ ပင်နန်ဆိုပြီး ခေါ်ကြတာပေါ့။

တစ်လပြည့်တဲ့အခါ ကလေးကို ပြန်ပို့ချိန်ရောက်တော့ ကျွန်

တော် စဉ်းစားတယ်။ ကလေးကို လိုက်ပို့ရင် လိုက်ပို့တဲ့ လူကြီးစရိတ် လည်း ကုန်မယ်။ ဒီကအလုပ်လည်း ပျက်မယ်။ ဒီတော့ ကလေးကို လေကြောင်းလိုင်းခေါ်သွားပြီး ကလေးကို လန်ဒန်ပို့ချင်တယ်။ လေယာဉ်မယ်တွေ၊ လေယာဉ်မှူးတွေက တာဝန်ယူနိုင်မလားလို့ မေးတော့ သူတို့က လိုလိုလားလားနဲ့ တာဝန်ယူနိုင်တယ်။ ဘာမှမပူနဲ့လို့ ပြောတယ်။ ဒီတော့ ကျွန်တော်က လေယာဉ်လက်မှတ်ဝယ်၊ နောက်နေ့မနက် လေယာဉ်ကွင်းကိုသွား၊ ကလေးကို လေယာဉ်မှူးနဲ့ လေယာဉ်မယ်ထံ အပ်ခဲ့တယ်။ လေယာဉ်မယ်ကလည်း ကလေးကို ချစ်တယ်။ လေယာဉ်မယ်နာမည်တောင် မှတ်လာသေးတယ်။ အိမ်ရောက်တော့ သမီးနဲ့ သမက်ဆီ တယ်လီဖုန်းဆက်ပြီး ဘယ်နေ့၊ ဘယ်အချိန်မှာ လေယာဉ် ခရီးစဉ်အမှတ် ဘယ်လောက် လန်ဒန်လေဆိပ်ကို ဆိုက်မယ်။ ကလေး လည်း ပါမယ်။ လာကြိုဖြစ်အောင် ကြိုကြပါလို့ တယ်လီဖုန်းဆက်တယ်။ ကြေးနန်းလည်း ရိုက်လိုက်ပါတယ်။ နောက်မကြာပါဘူး။ သမီးဆီက တယ်လီဖုန်းဆက်ပြီး ကျွန်တော့်ကို ရန်တွေ့တော့တာပဲ။ ကလေးကို တစ်ယောက်တည်း ပို့လိုက်တဲ့အကြောင်း၊ အဖေတို့ ရက်စက်တဲ့ အကြောင်း ငိုကြီးချက်မနဲ့ ပြောတာပါ။ အိမ်မှာက ကလေးကိုပို့ပြီး ကျွန်တော့်မိန်းမနဲ့ လည်း အကြီးအကျယ် ရန်ဖြစ်ရတယ်။ ကျွန်တော်က လေကြောင်းလိုင်းတွေ စိတ်ချရကြောင်း၊ စိုးရိမ်ဖို့ မလိုတဲ့အကြောင်း ပြောတော့ မိန်းမက ရှင်က ပိုက်ဆံမကုန်ဖို့လောက်ပဲ စဉ်းစားတာပဲ။ ကိုယ့်မြေးကိုတောင် မစိုးရိမ်ဘူးလို့ ကျွန်တော့်ကို တစ်ပတ်လောက် စကားမပြောဘဲနေတယ်”

သူပြောပြသည်ကို နားထောင်ရင်း ကျွန်တော်က အားရပါးရ ရယ်မောမိပါတယ်။ “ဦးမြစိန်ရာ တော်တော်အံ့သြဖို့ ကောင်းတဲ့သူပဲ။ အဲ့ဒါခင်ဗျား စနစ်ကျတယ်လို့ ပြောရမလား၊ ကပ်စေးနှဲတယ်လို့ ပြောရ မလား။ ခင်ဗျားလူမမည် မြေးလေးကိုတောင် တစ်ယောက်တည်း ပို့ရဲ တာပဲ” လို့ ပြောတော့သူက “ကျွန်တော်က လေယာဉ်ကုမ္ပဏီကို ယုံကြည်တာပါဗျာ” လို့ ရယ်မောပြီးပြောဆိုပါသည်။

ထို့နောက် ကျွန်တော်နှင့် ဦးမြစိန်မှာ နှစ်အတော်ကြာကွဲကွာ

သည်။ သူတို့က အင်းစိန်ထောင်တွင် ကျန်ခဲ့ပြီး ကျွန်တော်တို့က ထောင်ပြောင်းခဲ့ရသည်။ နောက် ငါးနှစ်အကြာ ကျွန်တော်လည်း ထောင်မှလွတ် အိမ်ပြန်ရောက်ပြီး နောက်အလုပ်ပြန်ဝင်ခဲ့သည်။ တစ်နေ့ ညနေဘက် အောင်ဆန်းကွင်းမှ ဘောလုံးပွဲကြည့်ပြီးအပြန် ဘူတာကြီးခုံးကျော် တံတားကိုဖြတ်၍ ဘတ်စကားဂိတ်ကို လျှောက်လာခဲ့ပါသည်။ ထိုအချိန်တွင် ခုံးကျော်တံတားအလယ်တွင် ဗောင်းထုပ်ကြီးအဖွေးသားဖြင့် လမ်းလျှောက်နေသော ဦးမြစိန်ကို ကျွန်တော်တွေ့လိုက်ရပါသည်။ သူ့ကို တွေ့သည်နှင့် သူ့ရှေ့တည့်တည့်တွင် ရပ်လိုက်၏။ သူလည်း လမ်းလျှောက်နေရာမှရပ်ကာ ကျွန်တော့်မျက်နှာကို ကြည့်သည်။ ကျွန်တော်မှန်း သိသောအခါ လက်မောင်းကို အားပါးတရ ဆုပ်ကိုင်ပြီး "ဘယ်တုန်းက လွတ်လာတာလဲ။ ဝမ်းသာတယ်ဗျာ" လို့ ပြောပါသည်။ " ဦးမြစိန်ရယ်၊ ကျွန်တော် ခင်ဗျားနဲ့ ကားလမ်းပေါ်မတွေ့ဘဲ ခုံးကျော်တံတားပေါ်တွေ့တာ ကံကောင်းတာပေါ့"။ သူကလည်း "ဘာဖြစ်လို့လဲဗျ" ဟု မေးရာ ကျွန်တော်က "ကားလမ်းပေါ်မှာသာ တွေ့ရင် ခင်ဗျားက ကားနဲ့ပွတ်တိုက်ချင် တိုက်သွားမှာပေါ့ဗျ" ဟု နောက်လိုက်ရာ သူက အားပါးတရ ရယ်မောပြီး "ကျွန်တော့်မှာ အဲဒီလိုအာဃာတတွေ မရှိပါဘူးဗျာ။ ထောင်ထဲမှာ အတူဒုက္ခရောက်တဲ့သူတွေပဲ မဟုတ်လား" ဟု ပြန်ဖြေပါသည်။ သူ့အိမ်လာလည်ရန် လိပ်စာလည်း ပေးသည်။ ကျွန်တော် တစ်ခါမှမရောက်ဖြစ်ခဲ့ပေ။ အခု ဦးမြစိန်လည်း မရှိတော့။ နိုင်ငံခြားပြန်သွားပြီဟု ကြားရပြီး ဘာမှမကြားရတော့ပေ။ ယခုသူ့အကြောင်း မှတ်မှတ်ရရ ပြန်ရေးလိုက်ရသဖြင့် ကျေနပ်အားရနေပါတော့သည်။

*

## လေထီး ဗိုလ်အုန်းမောင်

(၁)

"သက်ရှိသမိုင်းစာအုပ်တစ်အုပ် ပျောက်ဆုံးသွားပြီ ပေါ့နော်"

**ဖိုးလမင်း**

**၂၈-၁၂-၂၀၀၀**

"ဒါဆရာဇော်ဂျီတို့ အိမ်ပေါ့။ ဒီအိမ်မှာ သခင်စိုးနဲ့ သခင်သ ထွန်းတို့ ဂျပန်ခေတ်တုန်းက တွေ့ကြတယ်။ ကျွန်တော်စီစဉ်ပေးတ ပေါ့။ ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွက် ကျွန်တော်တို့ ခေါင်းဆော နှစ်ယောက် ဆွေးနွေးကြတဲ့ ဘူမိနက်သန်အိမ်ပါပဲ။ ဒီအိမ်ကို အမှ တရ ဓာတ်ပုံရိုက်ထားချင်တယ်ဗျာ"

ဈေးကွဲပြီဆိုသော်လည်း တချို့ဈေးသည်များက လက်ကျန်ကု များကို သိမ်းဆည်းနေသည်။ ဆိုင်ခုံများပေါ် အပန်းဖြေရင်း တစ် တာ ရောင်းရသည့်ငွေစများကို ရေတွက်သူက ရေတွက်နေသည်။ ဖျာ ကမ်းနားမှ ဈေးကြီးသည် ခြောက်သွေ့စပြုလာပြီး ဖျာပုံမြစ်ကို ကျေ

ဖြတ်လာသော လေနုအေးသည် ကျွန်တော်တို့ကို နမ်းရှုပ်သွားလေသည်။ အောင်ဝေး၊ စိုးမြင့်လတ်၊ ကျော်ထက်အောင်နှင့် ကျွန်တော်တို့က ဦးအုန်းမောင်ရှင်းပြနေသော သွပ်မိုးပျဉ်ကာ နှစ်ထပ်အိမ်ကြီးကို ကြည့်နေကြသည်။ ရေနံ့ဝနေသော အိမ်နံရံပျဉ်များမှာ မည်းနက်နေ၏။ မနက်က ထိုနေရာကို တစ်ခေါက်ရောက်သည်။ ဈေးလမ်းပေါ်ဖြစ်၍ ဈေးသည်များ ဈေးဝယ်များဖြင့် ရှုပ်ထွေးနေသဖြင့် ဓာတ်ပုံရိုက်ဖို့၊ ရပ်ကြည့်ဖို့ အခြေအနေ မပေးခဲ့ပေ။

မနက် ၄ နာရီလောက်တွင် ဖျာပုံဆိပ်ကမ်းသို့ ကျွန်တော်တို့စီးလာသော 'မင်းလှ' သုံးထပ်သင်္ဘောကြီး ဆိုက်ကပ်လာသည်။ စောလွန်းသဖြင့် ကမ်းပေါ်သို့ မတက်ကြသေးဘဲ ၆ နာရီထိုး၍ လင်းကာမှ တက်ဖြစ်ကြ၏။ ညှော့ခံရေးကော်မတီဝင်များ၊ မြို့ခံများက သင်္ဘောပေါ်တက်၍ ကမ်းပေါ်တွင် စောင့်နေသော မော်တော်ကားများဆီ ခေါ်သည်။ တည်းရမည့် အိမ်တွင်ပါလာသော အိတ်များကိုချ၍ နားကြသည်။ ရေချိုးသူကချိုးသည်။ ညှော့ခံကြိုဆိုရေးကော်မတီက ထိုနေ့အစီအစဉ်ကို ကျွန်တော်တို့အား ရှင်းပြ၏။ မနက်ပိုင်း ဆရာဇော်ဂျီ၏ညီမ ဆရာမကြီးဒေါ်လှမြင့်အိမ်တွင် မုန့်ဟင်းခါးသုံးဆောင်ကြရန် မြို့တွင်းသို့ ကားများဖြင့် လည်ပတ်ပြီး ၁၀ နာရီခန့်တွင် ထမင်းသုံးဆောင်ကြရန်၊ နေ့လယ် ၁၂ နာရီတွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမတွင် ဆရာဇော်ဂျီကွယ်လွန်ခြင်း ၁၀ နှစ်ပြည့် အခမ်းအနား စာပေဟောပြောပွဲနှင့် ဆရာဇော်ဂျီက အထိမ်းအမှတ် ကဗျာပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပရန် ဖြစ်လေသည်။ ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၂၄ ရက်နေ့ ဖြစ်သည်။

နှစ်ပေါင်းများစွာ ဇာတိမြေနှင့် ကင်းကွာခဲ့ပြီးနောက် ယခုလေထီးဦးအုန်းမောင်၊ ဖျာပုံမြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ သူသည် ဖျာပုံတွင် မွေး၍ ဖျာပုံတွင် ကြီးခဲ့သည်။ ဖျာပုံတွင် ကျောင်းနေသည်။ အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေး၊ ဖက်ဆစ်ဂျပန် တော်လှန်ရေးများကို လုပ်ခဲ့သည်။ တို့ဗမာအစည်းအရုံးဝင် သခင်အုန်းမောင်လည်း ဖြစ်ခဲ့သည်။ ဂျပန်တော်လှန်ရေး မြေအောက်ကလာပ်စည်း၊ ဗမာပြည်ကွန်မြူ

နစ်ပါတီဝင်၊ ဗမာကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်၊ ဖြူးလယ်သမား ကွန်ဂရက်သို့ ဖျာပုံခရိုင် ကိုယ်စားလှယ်အဖြစ် ၁၉၄၆ ခုနှစ်က တက်ရောက်ခဲ့သလို ၁၉၄၇ ပျဉ်းမနား လယ်သမားကွန်ဂရက်သို့လည်း ဖျာပုံခရိုင်ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ နောက်အိန္ဒိယနိုင်ငံသို့ သွားရောက်ပြီး လေထီးသင်တန်းတက်ခဲ့သည်။ သမ္မတကြီးမန်းဝင်းမောင်၊ ဗိုလ်မှူးချစ်ကောင်း၊ ဦးကျော်ရင်၊ ဗိုလ်လှဖေ၊ သခင်ဗိုလ်တို့နှင့် လေထီးသင်တန်း တက်ခဲ့ခြင်း ဖြစ်သည်။

"သခင်စိုးကို ဂျပန်က လိုက်ဖမ်းနေတဲ့ အချိန်ပေါ့။ ဖက်ဆစ်ဆန့်ကျင်ရေး လှုပ်ရှားမှုတွေနဲ့ မြေအောက်ကလာပ်စည်းတွေ ဖွဲ့ပြီး၊ မြစ်ဝကျွန်းပေါ်ဒေသဖြစ်တဲ့ ဖျာပုံ၊ ဒေးဒရဲဘက်မှာ သခင်စိုးက ရှောင်တိမ်းလှုပ်ရှားနေတယ်။ သခင်သန်းထွန်းက ဂျပန်ဖွဲ့ပေးတဲ့ အစိုးရအဖွဲ့မှာ လယ်ယာစိုက်ပျိုးရေးဝန်ကြီးပေါ့။ ဒေါက်တာဘမော်က အဓိပတိလေ။ ဒေါက်တာဘမော် အစိုးရအဖွဲ့လို့လည်း ခေါ်တယ်လေ။ အစိုးရအဖွဲ့မှာ တာဝန်ယူရမယ်လို့ ပါတီက သတ်မှတ်တဲ့အတွက် သခင်သန်းထွန်းက ဝန်ကြီးလုပ်ရတယ်။ ဒါပေမဲ့ ရဲဘော်တွေနဲ့တော့ အဆက်မပြတ်ဘူး။ တိုင်းပြည်လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းတို့၊ သခင်ဗဟာန်တို့နဲ့ အမြဲညှိနှိုင်း တိုင်ပင်ပါတယ်။ ကျွန်တော်ကတော့ ဖျာပုံမှသခင်စိုးနဲ့ တွေ့ဆုံပြီး၊ ရန်ကုန်သွားဖို့ ကျွန်တော့်ကို လွှတ်တယ်။ သခင်သန်းထွန်းနဲ့တွေ့ပြီး သူနဲ့တိုင်ပင်ဖို့ သခင်စိုးက ကျွန်တော့်ကို လွှတ်ပါတယ်။ ရန်ကုန်က သခင်သန်းထွန်း အိမ်ကိုရောက်တော့ တော်တော်နဲ့ တွေ့ခွင့်မရပါဘူး။ အတော်ကြီးကြာမှ တွေ့ခွင့်ပေးတယ်။ ကျွန်တော့်ကိုလည်း မယုံသလိုဘဲ ဆက်ဆံတယ်။ ဂျပန်ကို တော်လှန်ဖို့အချိန်ကနီးနေတော့ ခေါင်းဆောင်တွေဟာ အရာရာကို သတိကြီးကြီး ထားကြပါတယ်။ နောက်နှစ်ယောက်ထဲရှိတော့မှ သခင်စိုးရဲ့ လျှို့ဝှက်နာမည်ပြောပြီး စာကို ပေးလိုက်တယ်။ သခင်သန်းထွန်းကလည်း မကြာခင် ဖျာပုံဘက်ကို ဝန်ကြီးအနေနဲ့ လယ်ယာလုပ်ငန်းတွေ စစ်ဆေးမယ်ဆိုပြီး ထွက်ခဲ့မယ်။ အဲဒီတော့မှ တွေ့ဖို့စီစဉ်ပါလို့ပဲ ပါးစပ်နဲ့ မှာတယ်။ ဘာစာမှ ရေးမပေးလိုက်ဘူး"

ထိုနေ့မနက်ပိုင်းက ဦးအုံးမောင် ငယ်စဉ်ကနေထိုင်ခဲ့သော အိမ်သို့ သွားကြည့်ကြသည်။ ထိုအိမ်မှာ ယခုအိမ်သေးလေး တစ်လုံး အဖြစ်သာ ရှိတော့သည်။ သူ့ဆွေမျိုးသားချင်းများလည်း မနေပေ။ ထိုအိမ်ဘေးမှ အိန္ဒိယအမျိုးသားများကို ရောင်းခဲ့ခြင်း ဖြစ်သည်။ ဟိန္ဒူကုလားများ ဖြစ်၏။ ဦးအုံးမောင်၏ ရဲဘော်ဖြစ်လေသည်။ သူ့ကို အလွန်ကြည်ညိုပြီး နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများတွင် ထိုရဲဘော်ကပါဝင်ကူညီသည်။ အဖမ်းခံရသည်။ အညှဉ်းခံရသည်။ သို့သော် ဦးအုံးမောင်ကိုကား သစ္စာမဖောက်၊ ဖော်မပြောပေ။ လေထီးဦးအုံးမောင်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများတွင် အမျိုးမျိုး စွန့်လွှတ်၍ အနစ်နာခံ၊ ဒုက္ခခံ၊ ဘက်ပေါင်းစုံ အဆုံးရှုံးခံ၍ လုပ်ဆောင်ခဲ့သော မျိုးချစ်ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ သူ့ဘဝတွင် နိုင်ငံရေးသည် ပထမ၊ နိုင်ငံရေးသည် ဒုတိယ၊ နိုင်ငံရေးသည် တတိယဆိုသော ပုဂ္ဂိုလ်ဖြစ်၏။ သို့သော် နိုင်ငံရေးလုံးဝမလုပ်သော စာသမား ဦးသန်းထွတ် (ဆရာတိုက်စိုး) ကား သူ့အချစ်ဆုံးသူငယ်ချင်း ဖြစ်လေသည်။ ဦးအုံးမောင်နေခဲ့သော အိမ်လေးရှေ့တွင် ကျွန်တော်တို့ အမှတ်တရ ဓာတ်ပုံရိုက်ခဲ့ကြသည်။ သူ့ရဲဘော်၏ မိသားစုကို ဝင်တွေ့ကြသည်။ ထိုမှတဆင့် ဦးသန်းထွတ်နေအိမ်သို့ သွားကြသည်။ အိမ်ရှေ့တွင် ခုံတန်းလေးနှစ်ခု ရှိသည်။ ခုံတန်းတစ်ခုကို လက်ညှိုးထိုး၍ ဦးအုန်းမောင်က -

"သန်းထွတ်က ဒီနေရာမှာ ထိုင်တယ်။ ကျွန်တော်က ဒီဘက်မှာ ထိုင်တယ်။ ညဘက်ဆိုရင် ကျွန်တော်က သန်းထွတ်ဆီ အမြဲလာတယ်။ ဒီကောင်က အပြင်ထွက်တဲ့ကောင် မဟုတ်ဘူး။ စာဂျပိုးဆိုတော့ စာပဲဖတ်တာ၊ အပေါင်းအသင်းလည်း သိပ်မထားဘူး။ ကျွန်တော်ပဲ အရင်းအနှီးဆုံး သူငယ်ချင်း ရှိတယ်။ မူလတန်းကလည်းက သူငယ်ချင်းတွေပေါ့။ ကျွန်တော်နိုင်ငံရေးလုပ်တာလည်း သူသိတယ်။ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုတွေ လုပ်တာတွေ သိပေမယ့် သူကတော့ ကျွန်တော်နဲ့ ပါမလာဘူး။ ကျောင်းစာကို ကြိုးစားတယ်။ စာကို အလွန်ဖတ်တယ်။

ကျွန်တော်လုပ်တာကိုလည်း မဆန့်ကျင်ဘူး။ ရောက်တဲ့နေရာက ကျွန်တော့်ဆီ စာရေးတယ်။ အလွန်ချစ်တဲ့ သူငယ်ချင်းပါပဲ”

ဦးအုန်းမောင်သည် ခုံတန်းလေးကိုကြည့်၍ သူ့သူငယ်ချင်း သန်းထွတ်အကြောင်း တမ်းတမ်းတတ ပြောပြနေသည်။ ဦးသန်းထွတ်က ဦးအုန်းမောင်ထက် တစ်နှစ်ငယ်၏။ သို့သော် မင်းနှင့်ငါနှင့် ပြောကြသည်။ ကျွန်တော်သည် ဦးအုန်းမောင်နှင့်အတူ ဆရာတိုက်စိုးအိမ်သွားလည်ဖူးသည်။အသက် ၈၀ ရွယ် ငယ်သူငယ်ချင်းများ၊ မင်းနှင့်ငါ တစ်ရင်းတစ်နှီး အားပါးတရ ပြောနေသည်ကိုကြည့်ပြီး ပီတိဖြစ်ခဲ့ရသည်။ ဖျာပုံတွင် ထိုနေ့မနက်ပိုင်း ဆရာတိုက်စိုး နေခဲ့သည့်အိမ်ဝင်လည်၊ ထမင်းစားအခမ်းအနားသွားပြီးသည့်နောက် ညနေပိုင်းဈေးလမ်းရှိ ဆရာဇော်ဂျီအိမ်သွားပြီး ဓာတ်ပုံရိုက်ခဲ့ခြင်း ဖြစ်သည်။

“နောက်မကြာပါဘူး ဖျာပုံကို သခင်သန်းထွန်းက ဝန်ကြီးတစ်ဦးအနေနဲ့ ရောက်ခဲ့တာပါပဲ။ ၁၉၄၂-၄၃ ခုနှစ်လောက်ပေါ့။ ကျွန်တော်ကလည်း ဖျာပုံမြို့ ဘီအိုင်အေ ဗမာ့လွတ်လပ်မြောက်ရေး တပ်မတော်ရဲ့ ငြိမ်ဝပ်ပိပြားရေးအဖွဲ့မှာ တာဝန်ယူထားတော့ ဝန်ကြီးရောက်လာတာကို တရားဝင် ကြိုဆိုခွင့်ရတယ်။ တွေ့ကြမယ့်ညမှာ မြို့အုပ်ချုပ်ရေးအဖွဲ့က ဝန်ကြီးကို ညစာဧည့်ခံကျွေးပါတယ်။ ကျွန်တော်က သခင်စိုးနဲ့ ချိန်းပြီးပြီ။ ဒီအိမ်မှာ ဆုံကြဖို့ပေါ့။ သခင်သန်းထွန်း ထမင်းစားအပြီးမှာ ကျွန်တော်က မျက်နှာရိပ်မျက်နှာကဲပြပြီး ရှေ့ကနေထွက်ခဲ့တယ်။ သခင်သန်းထွန်းနဲ့အတူ ဂျပန်အရာရှိတွေ၊ အကြံပေးအရာရှိ ဂျပန်တွေလည်း ပါလာတယ်။ ဝန်ကြီးရဲ့ လုံခြုံရေးတွေအပြင် ဂျပန်ထောက်လှမ်းရေး ကင်ပေတိုင်တွေလည်း ပါမှာပဲ။ ဝန်ကြီးကလည်း အိမ်သာသွားသလို ဘာလိုလိုနဲ့ အိမ်နောက်ဖေးထွက်ပြီး၊ နောက်ဖေးလမ်းကြားကနေ ကျွန်တော့်နောက်က လိုက်လာတယ်။ တောင်ရှည်ပုဆိုးနဲ့ ခေါင်းပေါင်းတော်တော်ကို ဖိုသီဖတ်သီ နိုင်တာပဲ။ သူ့လူတွေ မျက်ခြည်ပြတ်ပြီး လိုက်လာတာဖြစ်တော့ ဘာကိုမှဂရုမစိုက်နိုင်တော့ဘူး။ ကျွန်တော်လည်း အချိန်က မရတော့ ရှေ့ကနေခပ်သုတ်သုတ် လျှောက်တယ်။ သခ

သန်းထွန်းကလည်း ကျွန်တော့်ကို မျက်ခြည်ပြတ်မခံဘဲ နောက်ကနေ လိုက်လာပါတယ်။ အိမ်ဘေးကနေ ဘေးဘီကိုကြည့်ပြီး အိမ်ထဲလှမ်းဝင် လိုက်တယ်။ အပေါ်ထပ်မှာ သခင်စိုးက စောင့်နေပြီ။ အောက်မှာ ကိုလှ သောင်းက ကျွန်တော်တို့ကို စောင့်နေတယ်ဗျ။ ကိုလှသောင်းဆိုတာက ဆရာဇော်ဂျီညီလေ။ ဆရာဇော်ဂျီနာမည်က ကိုသိန်းဟန်တဲ့။ ကျွန်တော် နဲ့ ကိုလှသောင်းက တထိတ်ထိတ်နဲ့ အောက်ထပ်ကစောင့်ကြတယ်။ နောင်မှ ကျွန်တော်သိရတာကတော့ ဖက်ဆစ်ဂျပန်တော်လှန်ရေး အတွက် ဆွေးနွေးကြတယ်လို့ ဆိုတယ်။ တော်လှန်ရေးအတွက် စည်း ရုံးရေး၊ တော်လှန်မယ့်နေ့ သတ်မှတ်ရေးကအစ ဆွေးနွေးကြတယ်လို့ ကြားရတယ်။ တစ်နာရီ၊ နှစ်နာရီလောက်ကြာမယ်လို့ ထင်တယ်။ ဝန်ကြီး မတွေ့တော့ ဝန်ကြီးအဖွဲ့သားတွေနဲ့ မြို့ခံအုပ်ချုပ်ရေးပိုင်းက လူတွေ လည်း ဒေါင်းတောက်အောင် ရှာကြတော့တာပဲ။ သခင်သန်းထွန်းလည်း အပေါ်ထပ်က ဆင်းလာရော၊ အိမ်နောက်ဖေးလမ်းကြားကနေ အသော့ နှင်ခဲ့ကြတယ်။ ဝန်ကြီးတည်းတဲ့ နေရာမှာတော့ ပြောင်းဆန်နေပြီ။ သခင်သန်းထွန်းကလည်း အသိမိတ်ဆွေတွေဆီ သွားလည်တယ်လို့ လိမ့်ရတာပေါ့။ ဒီအိမ်မှာ သခင်စိုးနဲ့ သခင်သန်းထွန်းတို့ရဲ့ တွေ့ဆုံမှု ဟာ မြန်မာနိုင်ငံရဲ့ သမိုင်းဖြစ်ပေါ်မှုမှာ အရေးကြီးတဲ့အခန်းက ပါဝင်ပါ တယ်။ နယ်ချဲ့ဆန့်ကျင်ရေး ဖက်ဆစ်တော်လှန်ရေးရဲ့ ထိပ်ဆုံးက ခေါင်း ဆောင်တွေဖြစ်တော့ တိုင်းပြည်ရဲ့ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်ကြ တယ်လေ။ ဒါကြောင့် ဒီအိမ်ဟာ သမိုင်းဝင်အိမ်ဖြစ်တယ်လို့ ကျွန်တော် ပြောချင်တာပါ”

ဖျာပုံမြို့ပေါ်က ဦးအုန်းမောင်ရဲ့ဘော်ဒါဟောင်းများကို သွားတွေ့ သည်။ အမျိုးများ၊ မိတ်ဆွေများက ဝမ်းသာကြသည်။ နှစ်ပေါင်းများစွာ ဇာတိမြေကို မရောက်ခဲ့သော ဦးအုန်းမောင်သည် ယခု သူ့ဘဝ၏နောက် ဆုံးအချိန်အတွက် မြို့ကိုလာရောက်နှုတ်ဆက်သည်ဟု မည်သူကမျှ ထင်ကြလိမ့်မည် မဟုတ်၊ ကာယကံရှင်ကိုယ်တိုင်လည်း ယခုရောက် သည်မှာ နောက်ဆုံးအခေါက်ဖြစ်သည်ဟု တွေးမိစရာအကြောင်း မရှိ

သလို၊ ကျွန်တော်တို့လည်း မထင်ကြပေ။ ဖျာပုံမြို့က ဦးအုန်းမောင်ကို လေးစားကြည်ညိုကြသည်။ ထမင်းစားသည့်အခါ ဆိုင်ထဲတွင် မြို့ခံလူများက တစ်ယောက်ပြီးတစ်ယောက် လာနှုတ်ဆက်ကြသည်။ ဖျာပုံမြို့၏ ကျက်သရေဆောင် ပုဂ္ဂိုလ်များတွင် စာပေနယ်တွင် ဆရာဇော်ဂျီအား သတ်မှတ်ထားသလို၊ နိုင်ငံရေးနယ်ပယ်တွင်လည်း လေထီးဦးအုန်းမောင်အား သတ်မှတ်ထားပုံ ရလေသည်။ ညဘက် သင်္ဘောပေါ်တက်သောအခါ မြို့မှကျောင်းသား၊ ကျောင်းသူများ၊ ဆရာမများ၊ လူငယ်များက သင်္ဘောမှာစောင့်ပြီး ရန်ကုန်မှ စာရေးဆရာများကို သူတို့၏မှတ်စုစာအုပ်များ၊ အော်တိုစာအုပ်များတွင် လက်မှတ်ရေးထိုးခိုင်းကြသည်။ သင်္ဘောက မထွက်သေးပေ။ အပေါ်ထပ်မှနေ သင်္ဘောအောက်ထပ်သို့ ကျွန်တော်ဆင်းလာချိန်တွင် ကျောင်းသားအရွယ်ယောကျ်ားလေးတစ်ယောက်နှင့် မိန်းကလေးနှစ်ယောက်က အသက် ၅၀ ခန့် ရဲကြပ်တစ်ယောက်ကို မေးနေကြသည်။

"ဦး . . . လေထီးဦးအုန်းမောင်ဆိုတာ ဘယ်သူလဲဟင်၊ သမီးတို့ ဖျာပုံကလို့ ပြောတယ်။ အပေါ်တက်သွားပြီလား တွေ့ချင်လိုက်တာ"

"နင်တို့ မတွေ့ဘူးလား၊ ခြေထောက်ထော့နင်းထော့နင်းနဲ့လေ ခြေတစ်ဖက်က မသန်ဘူးဟဲ့။ တော်လှန်ရေးမှာ သေနတ်မှန်ခဲ့တာတဲ့၊ တို့ဖျာပုံကပေါ့။ အခုစာရေးဆရာတွေနဲ့ အတူလာတာ၊ ဦးလေးတွေ့ရင် သမီးတို့ကို ပြမယ်ဟုတ်လား"

အပေါ်ထပ်သို့ ကျွန်တော်ပြန်တက်ခဲ့သည်။ မကြာမီ မင်းလှသင်္ဘောကြီးလည်း ဖျာပုံဆိပ်ကမ်းမှ ခွာခဲ့တော့သည်။ ဦးအုန်းမောင်အခန်းသို့ ကျွန်တော်ဝင်ကြည့်သည့်အခါ ခုတင်ပေါ်တွင် စောင်ခြုံ၍ အိပ်ပျော်နေလေပြီ။ မနေ့ညက တစ်ညလုံးလိုလို ကျွန်တော်တို့ မအိပ်ခဲ့ကြပေ။ ရန်ကုန်မှ လူ ၄၀ ကျော် လိုက်ပါလာခဲ့ကြသည်။ အပေါ်ဆုံးထပ်တွင် နှစ်ယောက်တစ်ခန်း စီးလာကြ၏။ လွန်ခဲ့သည့် တစ်လကျော်လောက်ကစပြီး ဆရာဇော်ဂျီ ဆယ်နှစ်မြောက် ကွယ်လွန်ခြင်း အခမ်းအနား ဖျာပုံတွင် ကျင်းပရေးအတွက် စိုင်းပြင်းခဲ့ကြ၏။ သူငယ်ချင်း

ကဗျာဆရာက ကျွန်တော့်ကို အတင်းခေါ်သည်။ "ဂျာနယ်တစ်ဖက်နဲ့ ကွာ မလိုက်နိုင်ပါဘူး" ဟု ငြင်းသော်လည်း မရ၊ ဦးအုန်းမောင်လည်း ပါမှာကွာဟု စည်းရုံး၏။ "ကိုစွမ်းရည်နဲ့ ကိုမြင့်မြတ်လည်း ပါမယ်" ဟု ထပ်ပြောသည်။ ထို့ကြောင့် ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ကဗျာဆရာက ဖျာပုံသားနယ်ခံဖြစ်၍ အစစအရာရာ သူကမကထလုပ်သည်။ တကယ်တမ်း ဖျာပုံခရီးထွက်သောအခါ သူငယ်ချင်းကဗျာဆရာမှာ လိုက်ပါမလာတော့ပေ။ သင်္ဘောပေါ်တွင် သူပါမလာသည်ကို တဖျစ်တောက်တောက် ပြောလာကြသည်။ သင်္ဘောပေါ်တွင် လူစုံသည်။ ဆရာအောင်သင်း၊ ဆရာမောင်ပေါက်စည်၊ ဆရာချစ်ဦးညို၊ ဆရာလယ်တွင်းသားစောချစ်၊ ဆရာမဒေါ်ခင်နှင်းယု၊ ဒေါ်ခင်ဆွေဦး၊ ဒေါ်ကလျာ၊ သန်းမြင့်အောင်၊ မိချမ်းဝေစသော ဆရာ/ဆရာမများ ပါသည်။ ကိုအောင်မော်နှင့်အတူ မောင်ကြည်မွန်လည်း ပါသည်။ ဖျာပုံသား မောင်မြင့်မြတ်နှင့် ဝင်းသူရတို့လည်း ပါလာခဲ့၏။

ထိုညက ဦးအုန်းမောင် အခန်းထဲတွင် စိုးမြင့်လတ်၊ ဝင်းသူရ၊ ကျော်ထက်အောင်နှင့် ကျွန်တော်တို့ မနက် ၃ နာရီကျော်အထိ စကားပြောခဲ့ကြလေသည်။ ကျွန်တော်သည် ဦးအုန်းမောင်နှင့် ခရီးအတော်သွားဖြစ်၏။ ကားနှင့်လည်း သွားခဲ့သည်။ ရထားနှင့်လည်း သွားခဲ့သည်။ ယခုလို သင်္ဘောနှင့်လည်း ခရီးသွားခဲ့သည်။ ယခုဖျာပုံသို့ သွားခဲ့သည်မှာ ဦးအုန်းမောင်နှင့် ကျွန်တော်တို့၏ ဒုတိယမြောက် ရေလမ်းခရီးဖြစ်သလို နောက်ဆုံးအတူ သွားခဲ့သော ရေလမ်းခရီးလည်း ဖြစ်သည်။ ယခု 'မင်းလှ' သုံးထပ်သင်္ဘောကြီးသည် ကျွန်တော်တို့၏ ဒုတိယမြောက် ရေလမ်းခရီး၊ ဦးအုန်းမောင်ကို နောက်ဆုံးနှုတ်ဆက်ခဲ့သော အောက်မေ့တသဖွယ် ခရီးဖြစ်ခဲ့သည်။ ကျွန်တော်သည် ဦးအုန်းမောင်နှင့် ပထမဆုံး ခရီးထွက်ခဲ့သည်မှာလည်း ရေလမ်းခရီးဖြစ်ပြီး နောက်ဆုံးခရီးထွက်ခဲ့သည်မှာလည်း ရေလမ်းခရီးပင် ဖြစ်သည်။ ပထမခရီးကို ပြည်တော်ညွှန့်သင်္ဘောကြီးနှင့်သွားခဲ့ပြီး ဒုတိယနှင့် နောက်ဆုံးခရီးကို မင်းလှသင်္ဘောကြီးနှင့် သွားခဲ့ကြသည်။ ပထမခရီးမှာ ၁၉၆၉ ခုနှစ်က ဦးအုန်းမောင်

နှင့်အတူ ကိုကိုးကျွန်းသို့ ကျွန်တော်ခရီးထွက်ခဲ့ခြင်း ဖြစ်ပါသည်။

*

(၂)

အဘ
အပြောင်မြောက်ဆုံး လုပ်ရပ်တွေနဲ့
အကောင်းဆုံးဘဝကို ထုဆစ်ခဲ့ပြီးပြီ
အဘအတွက်ဘဝဟာ
နေရတာလည်း တန်တယ်
သေရတာလည်း တန်တယ်
ဒီထက်ကောင်းတဲ့ဘဝ
ဘယ်လိုမှရနိုင်စရာ မရှိတော့ပါ
နောက်ဘဝဆိုတာ
ဘာလိုဦးမှာလဲ။ ။

လေးစားဂုဏ်ယူခြင်းများစွာ
ကျော်မျိုးဆွေ
KMS

ထိုအချိန်က ပြည်တော်ညွန့် သင်္ဘောသည် ကုန်တင်သင်္ဘောကြီး တစ်စင်းသာ ဖြစ်သည်။ ပင်လယ်ထဲသို့ လူ ၂၅၀ ခန့် စီးနင်းလိုက်ပါသွား ရမည်ဖြစ်၍ ပင်လယ်သွား ကုန်တင်သင်္ဘောကြီးကိုပင် အသုံးပြုရပေ သည်။ ထိုသင်္ဘောကြီးပေါ်တွင် ဦးအုန်းမောင်အား ကျွန်တော့်ဘဝတွင် စတင်တွေ့ရှိခဲ့ရခြင်း ဖြစ်လေသည်။

ဦးအုန်းမောင်အဖို့ ဒုတိယအကြိမ် ကိုကိုးကျွန်းခရီးဖြစ်ပြီး ကျွ တော်တို့အဖို့ ပထမအကြိမ်ဖြစ်သည်။ ထိုခရီးတွင် ဗန်းမော်တင်အော လည်းပါသည်။ မြသန်းတင့်လည်း ပါသည်။ ကေတီကျော်တင့် ပါသည် အောင်မော်ပါသည်။ မြင့်ဦးသစ် ပါသည်။ ထိုအချိန်က ဦးအုန်းမော မှာ ကျန်းမာရေးမကောင်းလှပေ။ သူ့မှာ ရောဂါစုံလှသည်။ အင်

ထောင်၌ အဆုတ်ထဲ ရေဝင်ခြင်းအပြင် တီဘီရောဂါလည်း စွဲကပ်၍ ဆေးထိုးနေရသည်။ နံရိုးများ ကျိုးနေသဖြင့် ရင်ဘတ်ကို ကျောက်ပတ်တီးစည်းထားရသလို၊ ခါးရိုးကကျိုးနေပြန်သဖြင့် ခါးရိုးထိန်း ခါးပတ်ပါ ပတ်ထားရပါသည်။ တောထဲရှိစဉ်က တိုက်ပွဲဖြစ်စဉ် ခြေထောက်ကို သေနတ်မှန်သောကြောင့် ခြေထောက်တစ်ဖက် မသန်တော့ဘဲ၊ တုတ်ကောက်ဖြင့်သာ လမ်းလျှောက်ရလေသည်။

အဲဒီတုန်းက တိုက်ပွဲမှာ ကျွန်တော့်ခြေထောက်ကို သေနတ်မှန်ပြီး အဖမ်းခံလိုက်ရတယ်။ ဒဏ်ရာကြီးနဲ့ ရန်ကုန်ကို ခေါ်လာခဲ့ကြတယ်။ ဆေးရုံကြီးက Guand Ward မှာ ထားတယ်။ ဒဏ်ရာကို ချက်ချင်းခွဲစိတ်ကုသရမှာ ဖြစ်ပေမယ့် မကုပေးဘူး၊ သွေးတိတ်အောင်နဲ့ အနာသက်သာအောင်လောက်ပဲ၊ ပတ်တီးစည်း ဆေးထိုးဆေးတိုက်တာလောက်ပဲ လုပ်ပေးတယ်။ နောက်ပြည်ထဲရေးဝန်ကြီး ရောက်လာပြီး "ဗိုလ်အုန်းမောင်၊ ခင်ဗျားဒဏ်ရာကို အကောင်းပကတိ ဖြစ်အောင်ကုပေးမယ်။ ဘာမှမစိုးရိမ်ပါနဲ့၊ ဒါပေမဲ့ ခင်ဗျားနိုင်ငံရေး မလုပ်ပါနဲ့တော့ဗျာ၊ တောပြန်မခိုတော့ပါဘူးလို့ ဟောဒီစာရွက်မှာ လက်မှတ်ထိုးပါ" လို့ ပြောတယ်။ ကျွန်တော်ကလည်း ခင်ဗျားတို့ ကုပေးချင်ပေး၊ မပေးချင်နေ ကျုပ်လက်မှတ် မထိုးနိုင်ဘူးလို့ ပြောတော့ ဖဆပလဝန်ကြီးက " ကဲ . . . လက်မှတ်မထိုးချင်လည်း ထားပါဗျာ၊ ဒါပေမဲ့ နိုင်ငံရေးမလုပ်တော့ဘူးလို့ပဲ ပါးစပ်က ပြောပါ၊ ဆေးလည်းကုပေးမယ်၊ ခင်ဗျားကို လွှတ်လည်းပေးမယ်ဗျာ" လို့ ဆက်ပြောပြန်တယ်။ ဒီတော့ ကျွန်တော်က သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး "ဘာမှမလုပ်နိုင်ဘူး" လို့ တင်းတင်းမာမာ ပြောလွှတ်လိုက်တယ်။ နောက် နှစ်ရက်လောက်နေမှ ခွဲစိတ်ဆရာဝန်ကြီးကို လွှတ်ပြီး ကုပေးတာပဲ။ ချက်ချင်းမကုတော့ ခြေထောက်က ပြန်မကောင်းတော့ဘူး။ အခုထိ မသန်တော့သလို၊ လမ်းလျှောက်လည်း ခြေတစ်ဖက်နာနေတော့တာပေါ့။ ခြေထောက်ကို သံချောင်းကြီးတစ်ချောင်းနဲ့ ထိုးသည့်ထားတာကိုလည်း ကျွန်တော်မှတ်မိနေတယ်။ ဘာကြောင့်လုပ်သွားသလဲတော့မသိဘူး။ နာတာကတော့ ပြောမနေနဲ့ဗျာ။

ဆေးရုံကြီးအပေါ်ထပ် ခွဲစိတ်ခန်းမှာ ခွဲစိတ်ပြီးတော့ သက်သာလာတဲ့အခါ အောက်ဆုံးထပ် "ဂတ်ဝပ်" ကို ပြန်ခေါ်သွားတာပေါ့။ တစ်နေ့တော့ နေ့လယ်ဘက် ကျွန်တော်အိပ်ပျော်နေတုန်း အခန်းအပြင်ဘက် စကားအချေအတင်ပြောနေတဲ့ ဆူဆူညံညံအသံတွေ ကြားတာကြောင့် ကျွန်တော်လန့်နိုးသွားတယ်။ "တွေ့ပါရစေဗျာ၊ ကျွန်တော့်သားပါ၊ အခုဒဏ်ရာကြီးနဲ့ ဒီအခန်းထဲမှာ ရှိပါတယ်။ တွေ့ခွင့်ပေးပါဗျာ၊ မတွေ့ရတာ ကြာလှပါပြီဗျာ၊ တွေ့ပါရစေဗျာ" လို့ တောင်းတောင်းပန်ပန်နဲ့ ပြောနေသံကို ကြားလိုက်ရတယ်။ ကျွန်တော့်အခန်းအပြင်ဘက်ကပါ။ ဒါနဲ့ ခုတင်ဘေးက တုတ်ကောက်ကိုကိုင်ပြီး အတင်းထလိုက်တယ်။ သံဆန်ခါကာထားတဲ့ ပြတင်းပေါက်ကနေ အပြင်ကြည့်လိုက်တော့ စောင့်နေတဲ့ ရဲနှစ်ယောက်ကို တောင်းပန်နေတဲ့ ကျွန်တော့်အဖေကို တွေ့လိုက်ရတယ်ဗျ။ လက်ထဲမှာလည်း ငှက်ပျောဖီးတစ်ဖီးနဲ့ အထုပ်တစ်ထုပ်ကို ကိုင်ထားပါတယ်။ သားကိုတွေ့ချင်ဇောနဲ့ အနူးအညွတ်တောင်းပန်နေတဲ့ အဖေ့အဖြစ်ကို တွေ့ရတော့ စိတ်ထဲမကောင်းဖြစ်သွားသလို၊ ဒေါသလည်း ဖြစ်သွားတယ်။ ရဲတွေက "ဦးလေး၊ ကျွန်တော်တို့ တွေ့ခွင့်မပေးနိုင်ဘူး။ ဦးလေးအထက်ကို ခွင့်ပြုချက်တောင်းပါ" လို့ ပြောပြတယ်။ ဒီတော့ ကျွန်တော်က "အဖေ . . . ဘာဖြစ်လို့ဒီလောက်တောင်းပန်နေရတာလဲ၊ ခွင့်မပေးလည်း မတွေ့နဲ့ပေါ့ဗျာ" လို့ အထဲကနေ လှမ်းအော်ပြောလိုက်ပါတယ်။ ကျွန်တော့်အသံကြားတော့ အဖေက တအံ့တသြနဲ့ ပြတင်းပေါက်ဆီ ပြေးလာတယ်။ ကျွန်တော့်ကို နေကောင်းအောင်နေ၊ ကျန်းမာရေးကို ဂရုစိုက်၊ လိုတာပြောဆိုပြီး စကားတွေ အဆက်မပြတ် ပြောတယ်။ အမေနေကောင်းတဲ့အကြောင်းလည်း ပြောတယ်။ လက်ထဲက ပစ္စည်းတွေကိုလည်း ရဲတွေကို ကျွန်တော့်ပေးဖို့ ပြောပြီး ပေးထားခဲ့ပါတယ်။

အဖေ့ကို အဲဒီလိုအော်ပြောပြီးမှ ကျွန်တော်သတိရလိုက်တာက ကျွန်တော် အရွယ်ရောက်တဲ့အချိန်ကစပြီး "အဖေ"လို့ ခေါ်လိုက်တာ အဲဒါ ပထမဆုံးအကြိမ်ဖြစ်လို့ပါပဲ။ ဘာကြောင့်လဲဆိုတာ ကျွန်တော်ပြောပြမယ်"

ဦးအုန်းမောင်အဖေက အတော်ဆိုးသည်။ ငယ်စဉ်ကတည်းက စပြီး မြေရှင်သားဖြစ်၍ ပေါ်ကြော့နေသည်။ အရက်ကလေး တမြမြနှင့် လက်ကြောမတင်းပေ။ အမေနှင့်အိမ်ထောင်ကျပြီးသည့်အခါ အရင် ကလို စီးပွားရေး မကောင်းတော့သဖြင့် ဦးအုန်းမောင်အမေ ဒေါ်ဖွားက ဈေးရောင်းပြီး ကျွေးရသည်။ သားကိုလည်း ပညာတတ်စေချင်၍ ကျောင်းထားသည်။ မူလတန်းမှာပင် စာကြမ်းပိုးဖြစ်သူ ဦးအုန်းမောင် သည် နောက်စာကြမ်းပိုးဖြစ်သူ သန်းထွဋ်နှင့် တစ်ကျောင်းတည်း၊ တစ်တန်းတည်းအတူ တွေ့ခဲ့လေသည်။ သုံးတန်းလောက်ကတည်းက အတူတွဲခဲ့သည်ဟု သူတို့နှစ်ယောက်စလုံးက ပြောပြပါသည်။ အုန်း မောင်လေးက ကြီးလာသောအခါ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် တောခိုသူပုန်ထဖမ်းမိ ထောင်အကြိမ်ကြိမ်ကျသော နိုင်ငံရေးသမားကြီး တစ်ဦး ဖြစ်လာသည်။ သန်းထွဋ်လေးကလည်း ကြီးလာသောအခါ ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် စာရေးဆရာတိုက်စိုး မြန်မာစာပေပညာရှင် ဖြစ်လာခဲ့ပေသည်။

ဦးအုန်းမောင်အဖေသည် ဦးအုန်းမောင်လူမှန်းသိစ အရွယ်ကစ ပြီး အမေကို ရိုက်လေ့ရှိသလို အရက်လည်း အတော်သောက်သဖြင့် အမေကို အလွန်ချစ်သော ဦးအုန်းမောင်က အဖေကို မကြည်ဖြူတော့ ပေ။ အိမ်ထောင်တာဝန်လည်း မယူ၊ သားသမီးကိုလည်း ဂရုသိပ်မစိုက် သဖြင့် အဖေ့ကို သားက စိမ်းလာသည်။ နာကျင်သလို ခံစားလာရ သည်။ ထို့ကြောင့် အဖေကို အဖေဟု မခေါ်တော့ပဲ "အမေ့ယောကျ်ား ကြီး" ဟုပင် အမေ့ရှေ့မှာ ပြောလေ့ရှိခဲ့ပါသည်။ သားက ၁၃၀၀ ပြည့် အရေးတော်ပုံကြီးတွင် အသေခံဗိုလ်ဖြစ် နိုင်ငံရေးသမားဖြစ်လာသော အခါ သားအတွက်က အဖေကဂုဏ်ယူ ဝမ်းသာနေသည်။ ဂျပန်တော် လှန်ရေးကို ဗိုလ်လက်ျာညီ ဦးမြလှိုင် (စာရေးဆရာမြလှိုင်) ရန်ကုန် ဘဆွေတို့နှင့်အတူ ကွန်မြူနစ်ပါတီ ရဲဘော်တစ်ဦးအဖြစ် မြေအောက် လှုပ်ရှားမှုများ လုပ်လာသောအခါ အဖေကသားအတွက် စိုးတထိတ် ထိတ် ဖြစ်နေခဲ့သည်။ နောက်တောခိုပြီး သူပုန်ဖြစ်လာသောအခါ၌လည်း

အဖေစိတ်မကောင်းတော့ပေ။ အမေကတော့ အချစ်ဆုံးသားအတွက် အမြဲပူဆွေးပြီး ဘုရားမှာ ပန်းရေချမ်းကပ်ပြီး ဆုတောင်းနေရရှာသည်။ သားဒဏ်ရာရပြီး အဖမ်းခံရကြောင်း သတင်းစာတွင်ပါလာသည့်အခါ အမေက အဖေ့ကို စုံစမ်းခိုင်းရင်း ယခုလိုရန်ကုန်ဆေးရုံကြီး ရောက်လာခြင်း ဖြစ်ပါသည်။

သားဇော်ဖြင့် ရဲများကို တောင်းပန်နေသော ဦးဘထိန်ကို တွေ့သောအခါ ရင်ထဲတွင် ဆို့သွားပြီး "အဖေ" ဟု ခေါ်လိုက်သည်။ သားအသံကို ကြားလိုက်သောအဖေမှာ ပီတိဖြစ်သွားပုံ ရသည်ဟု ဦးအုန်းမောင်က ပြန်ပြောပြသည်။ လူမှန်းသိတတ်စအရွယ်ကစပြီး သူတို့မိသားစုဘဝအတွက် ရုန်းကန်လှုပ်ရှားနေရသူမှာ အမေသာဖြစ်ပြီး လက်ကြောမတင်းဘဲ အိမ်ထောင်တာဝန်လည်း မယူ၊ သူချစ်သော အမေ့ကိုလည်း မထင်ရင် မထင်သလို ရိုက်နှက်တတ်သော အဖေ့ကို ခံပြင်းနေမိသည်မှာ သဘာဝကျလှပါသည်။ သို့သော် ယခုလို ဒဏ်ရာကြီးနှင့် အဖမ်းခံရနေချိန်တွင် သားဖြစ်သူထံ စွန့်စားလာရောက်ပြီး အစောင့်များကို တောင်းတောင်းပန်ပန်နှင့် ခွင့်တောင်းနေသော အဖေကို တွေ့လိုက်ရသဖြင့် သူ့ရင်ထဲ ဆို့သွားသလို မသိစိတ်ကလည်း "အဖေ" ဟု ခေါ်လိုက်မိခြင်း ဖြစ်ပုံရသည်ဟု ဦးအုန်းမောင်က ရှင်းပြလေသည်။

ဦးအုန်းမောင်၏ဘဝသည် နိုင်ငံရေးဘဝဖြစ်၏။ ကိုလိုနီနယ်ချဲ့သမားကို ဆန့်ကျင်တော်လှန်ခဲ့သလို ဖက်ဆစ်ဂျပန်တို့ကိုလည်း တော်လှန်တိုက်ခိုက်ခဲ့သည်။ လေထီးတပ်သားဖြစ်ဖို့ အိန္ဒိယသွားပြီး စစ်ပညာသင်ကြားခဲ့သည်။ လွတ်လပ်ရေးရပြီးသော်လည်း ကွန်မြူနစ်ပါတီနှင့်အတူ တောခိုသူပုန်ထခဲ့သည်။ နောက်ငါးနှစ်အကြာတွင် တိုက်ပွဲ၌ ဒဏ်ရာရပြီး အဖမ်းခံခဲ့ရလေသည်။ အဖမ်းခံရပြီးနောက် နိုင်ငံတော်ပုန်ကန်မှုဖြင့် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခံရသည်။ သူ့ကို ထောင်ထဲ၌ ဖမ်းထားစဉ်က ဖျာပုံမြို့တွင် သူနှင့်အလွန်ရင်းနှီးချစ်ခင်သော ဦးမြလှိုင် (ပေလွှာ)နှင့် စာရေးဆရာ ရန်ကုန်ဘဆွေတို့အကြောင်းကို ပြောပြလေ့ရှိပါသည်။ သူ့ကို ရုံးတင်နေစဉ်၌ ရန်ကုန်ဘဆွေက သူ့ထံ ထောင်ဝင်စာလာတွေ့ရင်း -

"အုန်းမောင် ငါကကွန်မြူနစ်တွေကို ကြည့်ရတာမဟုတ်ဘူး။ ဒါပေမဲ့ မင်းကိုတော့ ငါကအချစ်ဆုံးပဲ။ မင်းက ရိုးလည်း ရိုး၊ မှန်လည်း မှန်တဲ့ကောင်ပဲ မဟုတ်လား။ ငါနဲ့ မြလှိုင်က ပြောတယ်။ ဘယ်သူတွေကို ဘယ်လောက်မုန်းမုန်း အုန်းမောင်ကိုတော့ မုန်းလို့မရဘူးလို့ ပြောလေ့ရှိတယ်။ မင်းတို့ တောခိုတုန်းက မင်းကိုရှင်းပစ်ဖို့တောင် ပြောတယ်။ အုန်းမောင်ကိုတော့ မလုပ်ခိုင်းဘူးလို့ ပြန်ပြောခဲ့တယ်။ မင်းအမှုက သေဒဏ်ကျနိုင်တဲ့အမှုပဲ။ မင်းကိုသာ ကြိုးစင်တင်ရင်တော့ ငါတစ်ခုခုလုပ်ဖို့ စဉ်းစားထားနေတယ်" လို့ ဦးအုန်းမောင်က ကျွန်တော်တို့ကို ပြန်ပြောပြလေသည်။ ထောင်ထဲတွင် လူထုဦးလှ၊ ဗန်းမော်တင်အောင်၊ မောင်နေဝင်း စသည့် စာရေးဆရာများနှင့်အတူ နေထိုင်ခဲ့ရသည်။

၁၉၅၈ ခုနှစ် စစ်တပ်က အာဏာသိမ်းပိုက် ပြီးသည့်အခါတွင် နိုင်ငံရေးသမားများကို ကိုကိုးကျွန်းသို့ပို့ရာတွင် ဦးအုန်းမောင်လည်း ပထမအသုတ်တွင် ပါသွားခဲ့လေသည်။ ထိုအချိန်က ကိုကိုးကျွန်းသို့ အသုတ်သုံးသုတ်ခွဲ၍ ပို့ခဲ့လေသည်။ ပထမအသုတ်ကို ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် မီးပြသင်္ဘောဖြင့် သီလဝါဆိပ်ကမ်းမှ ပို့ဆောင်ခဲ့သည်။ မီးပြသင်္ဘောဆိုသည်မှာ မီးပြတိုက်များသို့ ရိက္ခာ၊ ဆီ စသည်တို့ကို ပို့ဆောင်ပေးရသော သင်္ဘောဖြစ်သည်။ ပထမအသုတ်တွင် ဦးအုန်းမောင်နှင့်အတူ သခင်အုန်းမြင့်လည်း ပါသွားခဲ့ပါသည်။ ပထမအသုတ်ပို့စဉ်က လူပေါင်း ၅၃ ယောက် ဖြစ်သည်။ ဒုတိယအသုတ်ကို ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ပို့ခဲ့သည်။ ထိုအသုတ်တွင် သခင်ဖေငွေး အပါအဝင် လူပေါင်း၄၅ယောက် ပို့ခဲ့သည်။ တတိယအသုတ်ကို ၁၉၆၀ ပြည့်နှစ် မေလ ၈ ရက်နေ့တွင်ပို့ခဲ့ရာ စာရေးဆရာသခင်မြသန်း၊ မြသန်းတင့်၊ ဝတ်လုံဦးထွန်းတင်၊ ဦးဖေအောင် အပါအဝင် လူပေါင်း ၂၈ ယောက်ကိုပို့ခဲ့ရာ သုံးသုတ်စလုံးဆိုလျှင် စုစုပေါင်း ၁၃၂ ယောက် ဖြစ်လေသည်။

၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲ ကျင်းပပြီးနောက် ပထမအစိုးရ တက်လာသောအခါ ကိုကိုးကျွန်းမှ နိုင်ငံရေးသမားအားလုံးကို ပြန်ခေါ်

ပြီးနောက် အင်းစိန်ထောင်မှ လွှတ်ပေးခဲ့လေသည်။ သို့သော် သခင်ဖေငွေးနှင့် ဦးအုန်းမောင်တို့ကိုကား ဂေါ်တူးခေါ် လိပ်ကျွန်းသို့ ပို့ခဲ့လေသည်။ သူတို့နှစ်ယောက်သည် လိပ်ကျွန်း၌ သူတို့ကို ခြွင်းချက်မရှိ လွှတ်ပေးရမည်။ လွှတ်မပေးပါက သေသည်အထိ အစာငတ်ခံမည်ဟုဆိုကာ အစာငတ်ခံ တိုက်ပွဲဆင်နွှဲခဲ့လေသည်။ ထိုသို့ အစာငတ်ခံတိုက်မှသာ ဦးအုန်းမောင်နှင့် သခင်ဖေငွေးတို့ကို လွှတ်ပေးခဲ့ခြင်း ဖြစ်သည်။ ထောင်မှလွှတ်ပေးသည့်အချိန်တွင် သူ့ဇနီးသည်ကို ဘယ်ရောက်နေမှန်းလည်း မသိ။ ရန်ကုန်တွင် အိမ်ရှိသည်ကိုလည်း သူမသိဘဲ သတင်းပေးတပ်ဖွဲ့မှ တောင်ဥက္ကလာပ ၉ ရပ်ကွက် . . . . ရှိ ရဲဘော်များ၊ မိတ်ဆွေများ၊ သူငယ်ချင်းအပေါင်းအသင်းများက ဝိုင်းဝန်းဆောက်ပေးသော အိမ်ရှိရာသို့ ပို့ပေးခဲ့ပါသည်။

၁၉၆၃ ခုနှစ်၊ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်သွားသော အချိန်၌ ဦးအုန်းမောင် ထပ်မံအဖမ်းခံခဲ့ရသည်။ ထိုအချိန်မှစ၍ အင်းစိန်ထောင်ထဲတွင် နှစ်ပေါင်းများစွာ နေခဲ့ရလေသည်။ ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်နှင့် တောထဲတွင် လက်ထပ်ထိမ်းမြားခဲ့ပြီး မကြာခင်မှာပင် အဖမ်းခံရသောကြောင့် နှစ်ပေါင်းများစွာ အတူမနေရဘဲ အိမ်ထောင်၏တာဝန်ကိုလည်း သူသည် ထမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။ သူ့ဘဝတစ်ခုလုံးမှာ သူ့မိသားစုအတွက် ဘာမှမစွမ်းဆောင်နိုင်ခဲ့ဘဲ သူယုံကြည်သော တော်လှန်ရေးနှင့် ပြည်သူများ လွတ်မြောက်ရေးအတွက်သာ ပေးဆပ်ခဲ့ပြီး ကုန်လွန်ခဲ့ရသည်။ သူ့ဘဝသည် တောနှင့် ထောင်ထဲတွင်သာ ကုန်လွန်ခဲ့ရသည်ဟု ဆိုရပေမည်။ ဦးအုန်းမောင်သည် သူ့ယုံကြည်ချက်ကို သေသည်အထိ မစွန့်လွှတ်ခဲ့ပေ။ ရဲဘော်များကို လူကြီးလူငယ်မခွဲခြား၊ လေးလေးစားစား၊ ရင်းရင်းနှီးနှီး ဆက်ဆံတတ်သူ ဖြစ်သည်။ စကားပြောလျှင် သိမ်သိမ်မွေ့မွေ့ဖြင့် တစ်ဖက်သားနားလည်အောင် ရှင်းပြတတ်သူ ဖြစ်သည်။ သူမသိလျှင်လည်း သေသေချာချာ မေးမြန်းတတ်သူဖြစ်သည်။ သူနှင့် ဆက်ဆံမိသော ရဲဘော်များသာမက ကျန်ပါတီအဖွဲ့အစည်းများမှ ကျန်လူပုဂ္ဂိုလ်များက သူ၏သိမ်မွေ့သော၊ ချစ်ခင်နှစ်လိုဖွယ်ကော

သော ဆက်ဆံရေးကြောင့် သူ့ကိုလေးစားချစ်ခင်ကြလေသည်။ ၁၉၆၀ ပြည့်နှစ် ထောင်မှလွတ်ပြီးအပြင်တွင် နှစ်နှစ်ကျော်ကျော်သာ နေရသည်။ နောက်တစ်ကြိမ် ထပ်မံအဖမ်းခံရသည့်အခါတွင်လည်း သူသည် ကြောက်ရွံ့ထိတ်လန့်မှု လုံးဝမရှိဘဲ ရဲရဲရင့်ရင့်ဖြင့်ပင် ထောင်ထဲဝင်သွားခဲ့သည်။ စိတ်ဓာတ်မှာ ခိုင်မာပြီး အကျဉ်းစံဘဝကိုလည်း မကြောက်၊ ဒုက္ခကိုလည်း မကြောက်သော်လည်း ရုပ်ခန္ဓာမှာမူ အကျဉ်းထောင်ထဲ၌ အနေကြာသောကြောင့် ယိုယွင်းပျက်စီးလာလေသည်။ တီဘီရောဂါ၊ အဆုတ်ထဲ ရေဝင်သောရောဂါ၊ နံရိုးများကျိုး၍ ကုသနေရခြင်း စသည့် ဝေဒနာများဖြင့် လူမှာယဲ့ယဲ့လေးသာ ရှိနေပါတော့သည်။

*

(၃)

"အယူအဆပြောင်းသွားတယ်ဆိုတာ မူလကတည်းက မခိုင်မာလို့ပေါ့"

လေထီးဗိုလ်အုန်းမောင်

ဒုတိယအကြိမ် ကိုကိုးကျွန်းအကျဉ်းထောင်တွင် နေရသည့်ကာလမှာ သုံးနှစ်နီးပါး ကြာပါသည်။ ၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလအထိ နေခဲ့ကြရသည်။ ၁၉၅၈-၅၉ ခုနှစ်၊ ကိုကိုးကျွန်းအကျဉ်းစခန်းတွင် နေရသည်မှာ ၁၁ လခန့်သာ ကြာသည်။ ဦးအုန်းမောင်သည် ဒုတိယအကြိမ် ကိုကိုးကျွန်းအကျဉ်းစခန်းသို့ ပို့ခံရသည့်အချိန်တွင် သူနှင့်အတူ ပထမအကြိမ် ကိုကိုးကျွန်း ၁၉၅၈-၅၉ ကာလကပါလာသူများမှာ နှစ်ယောက်သာ ရှိတော့သည်။ ထို နှစ်ယောက်မှာ စာရေးဆရာ မြသန်းတင့်နှင့် ဦးဖေအောင် တို့ပင် ဖြစ်ပါသည်။

ဦးအုန်းမောင်၏ ကျန်းမာရေးမှာ တော်တော်ပင် ဆိုးပါသည်။ ဘုတ်ကောက်ကိုအားပြု၍ လမ်းလျှောက်ရသည်။ ကျွန်းတွင် နေထိုင်ရသည့် သုံးနှစ်တာကာလ၌လည်း ခပ်ယဲ့ယဲ့သာရှိပြီး ကျန်လူငယ်ရဲဘော်များက သူ့ကို ဝိုင်းဝန်းပြုစုကြရသည်။ ကျွန်တော်နှင့် ဦးအုန်းမောင်မှာ

ကိုကိုးကျွန်း အကျဉ်းထောင်တွင် အဆောင်တစ်ခုတည်း၌ နေကြရသည်။ ကျွန်တော်တို့အဆောင်မှာ အဆောင်အမှတ် (၁၀) ဖြစ်သည်။ ထိုအဆောင်တွင် ဦးခင်မောင်မြင့် (ပြည်သူ့တိုးတက်ရေးပါတီ)၊ ဦးတင်ညွန့် (ချိုးဖြူစာပေ)တို့လည်း အတူနေကြရပါသည်။ ၁၉၇၂ ခုနှစ်ထောင်မှ လွတ်မြောက်လာသောအခါတွင် ဦးအုန်းမောင်ကိုအပြင်မှ မိတ်ဆွေများ၊ ရဲဘော်များက ဝိုင်းဝန်း၍ ဆေးဝါးကုသပေးကြသည်။ လူက ထူထူထောင်ထောင် ဖြစ်လာသော်လည်း လုံးဝဥဿုံကျန်းမာရေးကောင်းလှသည်ဟု မဆိုနိုင်ပေ။ ထိုအချိန်တွင် ကျွန်တော်နှင့်အတူ တွေ့လိုက်၊ ဝေးကွာသွားလိုက်နှင့် ပုံမှန်ပူးတွဲမနေနိုင်ပါ။

သူနှင့် ကျွန်တော်တပူးတွဲတွဲ သွားလာနေထိုင်ခဲ့သည့်ကာလမှာ သူ၏ဘဝ နောက်ဆုံးနေ့များတွင် ဖြစ်ပါသည်။ ၁၉၈၉ ခုနှစ် နောက်ပိုင်းတွင် အတွေ့လည်း များလာသည်။ ခရီးသွားမှုလည်း များလာကြပါသည်။ ပထမဆုံး ဆရာဒဂုန်တာရာ၏ ၈၀ ပြည့်မွေးနေ့ကို တစုတဝေးတည်း သွားခဲ့ကြခြင်းက အမှတ်တရ ဖြစ်မည်ဟု ဆိုရမည်။ ကိုကျော်အောင် (ရွှေပြည်တန်ဂျာနယ်)၏ အစီအမံဖြင့် ကျွန်တော်တို့တစ်စုသူ၏ တောင်းအော့စ်ကားဖြင့် အောင်ပန်းသို့ တက်လာခဲ့ကြသည်။ ကျွန်တော်တို့ ခရီးတွင်လေထီး ဗိုလ်အုန်းမောင်၊ ကဗျာဆရာတင်မိုး၊ မဟေသီ ဦးခင်မောင်မြင့်၊ ဆရာဝန် ဒေါက်တာတင်စံဦး၊ ကဗျာဆရာကိုအောင်မြင့်၊ သဘော်အရာရှိ ဦးစိုးမြင့်၊ ကျွန်တော်၊ ကိုကျော်အောင် စသူများပါဝင်ခဲ့ကြလေသည်။ ကိုကျော်အောင်တို့ မိသားစုက ကားတစ်စီး၊ ကျွန်တော်တို့က တစ်စီးဖြစ်ပါသည်။ ထိုခရီး၌ ပင်းတယသို့ ဘုရားဖူးသွားခြင်း၊ ကုံလုံဆရာတော်ကို သွားရောက်ဖူးခြင်းစသော ဘုရားဖူးကို သူနှင့်ကျွန်တော်အတူတူ သွားဖြစ်ခဲ့ခြင်း ဖြစ်သည်။

လေထီးဗိုလ်အုန်းမောင်သည် ကွယ်လွန်သွားသည်အထိ မှော်ဝါဒကို နက်နက်ရှိုင်းရှိုင်း ယုံကြည်သူဖြစ်လေသည်။ ကျွန်တော်နှင့် အလွန်ရင်းနှီးသော ပုဂ္ဂိုလ်များအနက် သူလည်းတစ်ဦးအပါအဝင် ဖြစ်၏။ နောက်တစ်ဦးမှာ ဆရာမြသန်းတင့် ဖြစ်ပါသည်။ ၁၉၈၉ ခုနှ

ကာလများသည် ကမ္ဘာကြီးတစ်ခုလုံးတွင် အပြောင်းအလဲကြီးမားသော နှစ်များ ဖြစ်လေသည်။ စစ်အေးကာလပြီးဆုံးလာသလို ဘာလင်တံတိုင်းလည်း ပြိုကျသွားသည်။ တရုတ်ပြည်၏ စီးပွားရေးမှာလည်း ဈေးကွက်စီးပွားရေးစနစ်ကို အခိုင်အမာ စိုက်ထူလာသည်။ ဆိုဗီယက်ယူနီယံတွင် ဆိုရှယ်လစ်စနစ်မှ လစ်ဘရယ်ဒီမိုကရေစီစနစ်၊ အရင်းရှင်စနစ်သို့ ကူးပြောင်းသွားသည်။ ဆိုဗီယက်ကွန်မြူနစ်ပါတီမှာလည်း အာဏာကျဆုံးသွားလေသည်။ အရှေ့ဥရောပတစ်ခွင်ရှိ ဆိုရှယ်လစ်နိုင်ငံ အားလုံးမှာ အရင်းရှင်စီးပွားရေးစနစ်နှင့် ပါလီမန်ဒီမိုကရေစီဖြစ်သော လစ်ဘရယ်ဒီမိုကရေစီကို အလုအယက် တည်ဆောက်လာသည်။ 'ခေါင်' ဖြစ်သော ဆိုဗီယက်ရုရှား ပြိုလဲကျဆင်းသွားသည်နှင့် တစ်ပြိုင်နက်သူ့လက်အောက် အဆွယ်အပွားများ ကျဆင်းသွားသည်မှာလည်း အဆန်း မဟုတ်တော့ပေ။ ဆိုဗီယက်ယူနီယံကို ထိုသို့ဖြစ်အောင် အဓိကလှုပ်ရှားသူမှာ မစ်ခေးဂေါ်ဘာချော့ဗ် ဖြစ်သည်။ စင်စစ်အားဖြင့် စစ်အေးခေတ်သူရဲကောင်းကို အမေရိကန်သမ္မတရေဂင်အား အနောက်မီဒီယာများက တွန်းတင်ပြောဆိုနေသော်လည်း စစ်အေးခေတ်သူရဲကောင်းမှာ ဆိုဗီယက်နောက်ဆုံး သမ္မတ ဂေါ်ဘာချော့ဗ် ဖြစ်သည်။ 'ပယ်ရီစတွိုက်ကာနှင့် ဂလပ်စ်ရော့' စသော အတွေးအခေါ်များကို တိုင်းပြည်နှင့်ကမ္ဘာကို ဖော်ပြလိုက်သည်ကစ၍ တုံ့ပြန်ရိုက်ခတ်ချက်များ အားကောင်းမောင်းသန်ပေါ်လာခြင်း ဖြစ်သည်။ အတွေးအခေါ် ပြောင်းလဲရေးနှင့် လုပ်ဟန်ပြောင်းလဲရေးကို အဓိကထား စတင်လိုက်ခြင်းဖြစ်၏။ လွတ်လပ်စွာ ပြောဆိုရေးသား စည်းရုံးခွင့် ရှိရမည်ဆိုသော ဒီမိုကရေစီလမ်းကြောင်းကို ဂေါ်ဘာချော့ဗ်က စတင်ဖောက်ပေးလိုက်ခြင်း ဖြစ်သည်။ ထိုလုပ်ဆောင်မှုများကြောင့် ဂျာမနီမှ အရှေ့အနောက် ခွဲခြားထားသော ဘာလင်တံတိုင်းကြီးကို အရှေ့နှင့်အနောက်ပြည်သူများက ဖြိုချပြီး လွတ်လပ်စွာဝင်ထွက်ခဲ့သလို အရှေ့ဂျာမနီ၏ တစ်ပါတီစနစ်မှာလည်း ပြောင်းလဲသွားရသည်။ အရှေ့အနောက် ဂျာမနီ နှစ်နိုင်ငံသည် တစ်နိုင်ငံတည်း ဖြစ်သွားခဲ့လေသည်။

ထိုကဲ့သို့ နိုင်ငံတကာနှင့် ကမ္ဘာကြီးတွင် အတွေးအခေါ်အရ၊ အယူအဆအရ၊ စီးပွားရေးအရ အပြောင်းအလဲများ ဖြစ်လာခဲ့သလို ကျွန်တော်တို့၏ လက်ဝဲအသိုင်းအဝိုင်းတွင်လည်း အပြောင်းအလဲများ စွာ ဖြစ်လာခဲ့သည်။ တချို့က မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ကို စွန့်လွှတ်ကြောင်း ကြေညာကြသည်။ တချို့က အယူအဆအရ အနုပဋိလောမရုပ်ဝါဒကို လက်ခံယုံကြည်သည်ဆိုသော်လည်း သမိုင်းရေး ရုပ်ဝါဒကို လက်မခံကြောင်း ပြောလာသည်။ တချို့က ဆိုရှယ် လစ်စီးပွားရေးစနစ်မှာ မှားယွင်းပြီး အရင်းရှင်စီးပွားရေးစနစ် တည် ဆောက်ရမည်ဟု လက်ခံသူများလည်း ရှိသည်။ ထိုအခြေအနေများနှင့် ပတ်သက်ပြီး ကျွန်တော်က ဦးအုန်းမောင်ကို မေးကြည့်ရာတွင်-

"အယူအဆပြောင်းသွားတယ်ဆိုတာ မူလကတည်းက အဲ့ဒီ အယူအဆက မခိုင်မာလို့ပေါ့။ ဆိုဗီယက်ယူနီယံ ကျဆုံးသွားတာနဲ့ အရှေ့ဥရောပ ပြိုကွဲသွားတာဟာ အခြေခံကိုက အခိုင်အမာမရှိလို့ဖြစ် တယ်လို့ ကျွန်တော်မြင်တယ်။ တကယ်ကတော့ ဆိုရှယ်လစ်စနစ်ဆိုတာ ဘယ်တော့မှ ရှုံးနိမ့်သွားမယ့်စနစ် မဟုတ်ဘူး။ မာ့က်စ်ဝါဒဟာ အမြဲ မှန်ကန်နေမှာပဲ။ ဆိုဗီယက်ယူနီယံနဲ့ အရှေ့ဥရောပမှာ မာ့က်စ်ဝါဒရှုံး နိမ့်သွားတာဟာ ကျဆုံးသွားတယ်လို့ မမြင်ဘူး။ ယာယီနောက်ဆုတ် သွားတယ်လို့ပဲ မြင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မာ့က်စ်ဝါဒဟာ လူမှုလက်တွေ့ထဲကနေ ထုတ်ယူထားတဲ့ အမှန်တရားဖြစ်လို့ပဲ။ ဥပမာ ခေတ်တွေရဲ့ ပြောင်းလဲမှုကို သုံးသပ်ထားတာ မှားတယ်လို့ အခုထိဘယ် သူမှ မပြောနိုင်သလို လူတန်းစားကွဲပြားမှုဟာ အခုဆိုရင်ပိုပြီးတော့ တောင် ဆိုးဆိုးဝါးဝါး ဖြစ်လာတယ်။ အလုပ်သမား၊ လယ်သမား၊ ပညာ တတ်စတဲ့ လူတန်းစားတွေရှိနေသလို တိုင်းရင်းသားအရင်းရှင်၊ အရင်း ရှင်ကြီး၊ နယ်ချဲ့လက်ဝေခံဗျူရိုကရက် အရင်းရှင်ဆိုတဲ့ အရင်းရှင်လူတန်း စားကလည်း အခုထိရှိနေသေးတယ် မဟုတ်လား။ အာဏာနဲ့အပေါ် စီးရတဲ့ အရင်းရှင်လူတန်းစားက အာဏာမဲ့ပြီး အောက်ခြေမှာရှိတဲ့ အလုပ်သမား လူတန်းစားကို ဖိနှိပ်သွေးစုပ်သလို အလုပ်သမားနဲ့ လယ်

သမားလူတန်းစားတွေက ခုခံတိုက်ပွဲဝင်တာဟာလည်း ပြေငြိမ်းဖို့မလွယ်တဲ့ ကိစ္စပါပဲ။ ဒီတော့ လူတန်းစားတွေရှိသလို လူတန်းစားတိုက်ပွဲကလည်း ရှိနေမှာပါပဲ။ ဒီအခါ တိုက်ပွဲတွေ၊ တော်လှန်ရေးတွေဟာလည်း ပေါ်ပေါက်လာရမှာပဲ။ ဖိနှိပ်သူနဲ့ အဖိနှိပ်ခံ လူတန်းစားရှိနေသရွေ့ အရာရာဟာ အေးချမ်းသွားမယ်။ ကမ္ဘာကြီးအေးချမ်းသွားမယ် မဟုတ်ဘူး။ အဲဒီအခြေခံသဘောတရားကို လက်ခံယုံကြည်မယ်ဆိုရင် မာ့က်စ်ဝါဒဟာ ဘယ်တော့မှရှုံးနိမ့်မယ့်တရား မဟုတ်သလို မာ့က်စ်ဝါဒကို မယုံကြည်တော့ဘူးဆိုတဲ့ အရင်ကယုံကြည်ခဲ့တဲ့သူတွေကလည်း မူလကတည်းက လူတန်းစားနဲ့ လူတန်းစားတိုက်ပွဲကို မယုံကြည်လို့ဖြစ်လိမ့်မယ်။ အခြေခံကိုက မခိုင်မာလို့ ဖြစ်လိမ့်မယ်”

ဟု ကျွန်တော့်ကို စိတ်ရှည်လက်ရှည်နှင့် ရှင်းပြခဲ့ပါသည်။ ခရီးအတော်များများ သွားဖြစ်သောကြောင့် စကားလည်း အများကြီးပြောဖြစ်လေသည်။ အောင်ပန်းခရီးကို နှစ်စဉ်လိုလို လူကြီးများနှင့် ကျွန်တော်လိုက်သွားလေ့ရှိသည်။ နောက် ဖျာပုံခရီး၊ နောက်သာမညဆရာတော်ကို သွားရောက်ဖူးမြော်သည့် ခရီးတွင်လည်း ကျွန်တော်တို့အတူ သွားဖြစ်ပါသည်။ အောင်ပန်းခရီးသွားစဉ်က ကုံလုံဆရာတော်ကို သွားရောက်ဖူးမြော်ခဲ့သလို သာမညတောင်ကိုလည်း အတူသွားရောက်ခဲ့ကြသည်။ ဦးအုန်းမောင်သည် ရောက်သည့်နေရာတွင် ပထမဆုံးမြတ်စွာဘုရားကို ကန်တော့ပြီးနောက် ပန်း၊ ဆီမီးနှင့် ရွှေသက်န်းများကို ကပ်လှူ၏။ ထို့နောက် ဦးချပြီး ရှိခိုးဆုတောင်းလေသည်။

ဆရာတိုက်စိုးနှင့် လေထီးဗိုလ်အုန်းမောင်တို့မှာ ငယ်သူငယ်ချင်းစစ်စစ်များ ဖြစ်လေသည်။ သုံးတန်းကတည်းက ဖျာပုံတွင် ကျောင်းအတူတက်ဖက်များ ဖြစ်သည်။ ကြီးလာသောအခါတွင်လည်း တစ်ကျောင်းတည်း၊ တစ်တန်းတည်း တက်ခဲ့ကြသည်။ နောက်လွတ်လပ်ရေး လှုပ်ရှားမှုများတွင် လေထီးဗိုလ်အုန်းမောင်က သခင်အုန်းမောင်အဖြစ် ဝင်ရောက်လှုပ်ရှားခဲ့၏။ ဂျပန်တော်လှန်ရေးတွင် ဗိုလ်တစ်ယောက်အဖြစ် ရှုပ်ရှုပ်ချွံချွံ ပါဝင်ခဲ့သည်။ နောက်ပြည်တွင်းစစ်၊ ထို

ကာလတွင် တောခို၊ အဖမ်းခံရ၊ ထောင်ကျစသော ဘဝအမျိုးမျိုးကို ရောက်ရှိခဲ့သလို ဆရာတိုက်စိုးကမူ ပညာရေးကိုသာ ဇောက်ချလုပ်ကိုင်ခဲ့သည်။ စာရေးဆရာ စာပေပညာရှင်အဖြစ် ထူးချွန်သောသူဖြစ်လာသလို လေထီးဗိုလ်အုန်းမောင်မှာလည်း ဂျပန်တော်လှန်ရေး လေထီးဆင်းဗိုလ်၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်၊ အကျဉ်းထောင်ထဲတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သူ၊ ကိုကိုးကျွန်းသို့ နှစ်ကြိမ်အပို့ခံရသလို ဂေါ်တူးကျွန်းသို့ တစ်ကြိမ်အပို့ခံရသူ ဖြစ်သည်။ မြန်မာပြည် နိုင်ငံရေးသမားများထဲတွင် ထောင်သက် အရှည်ကြာဆုံးနှင့် ကျွန်းသုံးကြိမ်ပို့ခံရသော နိုင်ငံရေးသမား ဖြစ်ခဲ့သည်။ ဆရာတိုက်စိုးသည် ယဉ်ကျေးမှုဌာနတွင် ညွှန်ကြားရေးမှူးချုပ်တစ်ယောက် ဖြစ်လာသော်လည်း သူ့သူငယ်ချင်းကို ချစ်ခင်သည့်စိတ်ဓာတ်ကား နည်းနည်းမှလျော့ပါး မသွားခဲ့ပေ။ သူတို့နှစ်ယောက်ဆုံလျှင် "အုန်းမောင်၊ သန်းထွဋ်" ဟု တစ်ရင်းတစ်နှီး ခေါ်ကြ၏။ ဦးအုန်းမောင် ကွယ်လွန်ပြီးနောက် ဆရာတိုက်စိုးနှင့် စကားပြောရာတွင် ဆရာက -

"အုန်းမောင်က အလွန်ချစ်ခင်ဖို့ကောင်းတဲ့ သူငယ်ချင်းပဲ။ နောက်ပြီး အလွန်လေးစားဖို့ကောင်းတဲ့ လူတစ်ယောက်လည်း ဖြစ်တယ်။ ကျွန်တော်က သူနဲ့သူ့လိုလူတွေကို Impress ဖြစ်တာဗျ။ ငယ်ငယ်ကတည်းက ပေါင်းလာခဲ့တယ်ဆိုတော့ သူ့စိတ်ရင်းအမှန်ကို ကျွန်တော်ကောင်းကောင်းသိတယ်။ မဟုတ်တာ ဘယ်တော့မှ မလုပ်ဘူး။ ရိုးသားဖြောင့်မတ်တယ်။ သူငယ်ချင်းအပေါ်လည်း အနွံတာခံတယ်။ သူတစ်ပါးကို အနိုင်ကျင့်စော်ကားတာ ဘယ်တော့မှ မလုပ်ဘူး။ ကူညီချင်စိတ်ရှိတယ်။ ငတ်နေတဲ့သူတွေ့ရင် သူ့မှာပါတဲ့ပိုက်ဆံ အကုန်ပေးတဲ့သူမျိုးပဲ။ ပိုက်ဆံ ၁၀၀ ရှိရင် သူ့ကို ၅၀ ပေးပြီး၊ ကျန် ၅၀ ငါ့အတွက် ချန်ထားမယ်ဆိုတဲ့ သူမဟုတ်ဘူး။ သူထောင်က လွတ်လာတော့ ကျွန်တော်က ညွှန်ကြားရေးမှူးချုပ် ဖြစ်နေပြီ။ ဒါပေမဲ့ သူလွတ်တယ်လည်း ကြားရော သူ့အိမ်ကို ကျွန်တော် ချက်ချင်းထွက်လာခဲ့တာပဲ။

ကျွန်တော့်အိတ်ထဲမှာ ထည့်လာတဲ့ငွေကို သူသုံးဖို့ပေးပစ်ခဲ့တယ်။

"အုန်းမောင် မင်းဆေးကုရမယ်။ အဲဒီအတွက် ငါလည်းစီစဉ်ထားတယ်။ မင်းလိုတာမှန်သမျှကို သူငယ်ချင်းတစ်ယောက်အနေနဲ့ ငါ့ကိုအားမနာတမ်းပြောကွာ" လို့ ပြောတော့ ကျွန်တော်က "မထိခိုက်ပါဘူးကွာ။ ထိခိုက်စရာအကြောင်းလည်း မရှိပါဘူး။ ငါကဘယ်တော့မှ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ကောင်လည်း မဟုတ်ဘူး။ နောက်မင်းနဲ့ငါက ငယ်ငယ်တည်းက ခင်တဲ့သူငယ်ချင်းဆိုတာ ဘယ်သူ့ကို ဖုံးကွယ်နေရမှာလဲကွာ" လို့ ပြန်ပြောခဲ့ပါတယ်။ ဖျာပုံမှာ နေတုန်းကလည်း သူကတော်လှန်ရေးအတွက် လုပ်နေပြီ။ ကျွန်တော်ကလည်း ရန်ကုန်ကို လာလေ့ရှိတယ်။ သူက ကျွန်တော့်ကို ဗားဂရာမှာရှိတဲ့ ကွန်မြူနစ်ပါတီဌာနချုပ်က သခင်သန်းထွန်းဆီ စာပေးလိုက်တယ်။ သူစာပေးတိုင်းလည်း ကျွန်တော်က သွားပေးလေ့ရှိပါတယ်။ ကျွန်တော်ကတော့ ရိုးရိုးပဲ။ သူတို့ဘာသာသူတို့ ဘာပဲမှာမှာ၊ ပြောပြော ကျွန်တော်နဲ့ မဆိုင်ဘူးလေ။ ကျွန်တော့်သူငယ်ချင်းခိုင်းတာကို ကျွန်တော်လုပ်ပေးတာပဲ။ သူကလည်း ကျွန်တော့်အတွက်ဆို ဘာမဆိုလုပ်ပေးတဲ့ သူငယ်ချင်းလေ" ဟု လွမ်းလွမ်းဆွေးဆွေး ပြောပြလေသည်။ ဦးအုန်းမောင်နှင့်အတူ ကျွန်တော်တို့ဖျာပုံရောက်နေစဉ်က သူနေခဲ့သောအိမ်၊ ဆရာဇော်ဂျီအိမ်များကို သွားရောက်ကြည့်ရှု ဓာတ်ပုံရိုက်ကြပြီးနောက် ဆရာတိုက်စိုးနေခဲ့သော အိမ်ကိုလည်း သွားရောက်ခဲ့ကြသည်။ ထိုအိမ်တွင် လူကြီးများမရှိတော့သော်လည်း ဦးအုန်းမောင်ကိုသိသော ကျွန်တော်တို့အရွယ်များသာ ရှိတော့သည်။ ဦးအုန်းမောင်က အားလုံးကို နှုတ်ဆက်ပြီး အိမ်ရှေ့ရှိခုံတန်းလေးကို ကျွန်တော်တို့အား ပြသည်။ "ကျွန်တော်နဲ့ သန်းထွန်းက အချစ်ဆုံးသူငယ်ချင်းတွေပဲ။ သုံးတန်းကလည်းက အတူတွဲကြတာ။ ဝတ္ထုတွေ၊ စာအုပ်တွေ ဖတ်တော့လည်း ကျွန်တော်တို့က ဝါသနာတူတယ်။ သူဖတ်တဲ့ စာအုပ်ဆိုရင် ကျွန်တော့်ပေးဖတ်တယ်။ ညဘက်ဆိုရင် ကျွန်တော်တို့က ဟောဒီခုံတန်းလေးမှာ အတူထိုင်လေ့ရှိတယ်ဗျ။ သူက ဟောဒီနေရာမှာ ထိုင်တာ။ ကျွန်တော်က ဒီနေရာမှာ ထိုင်တာ" ဟု ညွှန်ပြပြီး မှတ်မှတ်ရရ ပြောဆိုခဲ့ပါသည်။ ဖျာပုံခရီးမှာ ၂၀၀၀ ပြည့်နှစ်

စက်တင်ဘာလတွင် သူကွယ်လွန်ခဲ့ခြင်း ဖြစ်လေသည်။ ထိုခရီးသည် သူ့အတွက် နောက်ဆုံးခရီး ဖြစ်၏။

ဦးအုန်းမောင်နှင့် ကျွန်တော် နောက်ဆုံးဘုရားဖူးမှာ ပုဂံဘုရားဖူး ဖြစ်လေသည်။ မန္တလေးလူထုဒေါ်အမာ မွေးနေ့မှအပြန် ပုဂံသို့ဘုရားဖူး ထွက်ခဲ့ကြခြင်း ဖြစ်သည်။ ရန်ကုန်မှ မွေးနေ့ပွဲသို့ တက်ရောက်ခဲ့သော အန်ကယ် ဦးအုန်းမြင့်အပါအဝင် ကိုမောင်မောင်ခင်တို့၊ ကိုစိုးမြင့်တို့ အတော်များများမှ ပြန်သွားကြသည်။ ပုဂံတွင် အေးအေးဆေးဆေး ဘုရားဖူးမည်ဟု ဦးအုန်းမောင်နှင့် အန်ကယ်သခင်သိန်းမောင်တို့အဖွဲ့က အရင်သွားခဲ့ကြသည်။ ကျွန်တော်က ကျောက်ပန်းတောင်းမှ ဒေါက်တာစောယုစိန်နှင့် ညရထားစီးပြီး ပုဂံသို့ လာခဲ့သည်။ ညရထားဆိုသော်လည်း တစ်မှေးမှ အိပ်စက်ခဲ့ခြင်းမရှိပါ။ ကျွန်တော်နှင့် ဒေါက်တာစောယုစိန်မှာ ကိုကိုးကျွန်းတွင် အကျဉ်းအတူကျခံခဲ့ရသူများ ဖြစ်သလို နောင်အမြဲတွေ့ခဲ့ရသဖြင့် ရင်းနှီးသော ရဲဘော်ရဲဘက်မိတ်ဆွေများ ဖြစ်နေပါသည်။ ဦးအုန်းမောင်တို့က ပုဂံမြို့သစ်တွင် တည်းခိုခန်းငှားနှင့် ပြီးပြီ၊ ကျွန်တော်က သူတို့ညွှန်းလိုက်သော တည်းခိုခန်းသို့ လိုက်သွားသည်၊

ပုဂံဘုရားဖူးမှာ ကျွန်တော်တို့ ဘုရားဖူးထွက်ခဲ့သော အကြိမ်ပေါင်းများစွာတွင် မှတ်မှတ်ရရဖြစ်သလို သူနှင့်လည်း စကားအတော်ပြောဖြစ်ခဲ့ပါသည်။ ကျွန်တော်တို့တည်းသော တည်းခိုခန်းသည် လောကနန္ဒာဘုရားအနီးတွင် ရှိလေသည်။ မနက်မိုးလင်း၍ မနက်စာစားပြီးသည်နှင့် မြင်းလှည်းတစ်စီးကို တစ်နေ့ကုန်ငှားကာ ပုဂံဘုရားများကို တစ်ဆူပြီးတစ်ဆူ လိုက်ဖူးကြသည်။ စွယ်တော်လေးဆူကိုလည်း စုံအောင်ဖူးခဲ့ကြသည်။ ထိုအချိန်က ဦးအုန်းမောင်သည် ကျန်းမာရေး အလွန်ကောင်းနေသည်။ ကောင်းကောင်း စားနိုင်သည်။ ကောင်းကောင်းလည်း သွားနိုင်သည်။ သူ့ကျန်းမာရေးကို ဒေါင်ဒေါင်မြည်နေသလားဟု ထင်ရသည်။ အမှတ်ရစရာ အကောင်းဆုံးမှာ အာနန္ဒာသို့ ကျွန်တော်တို့ ဘုရားသွားဖူးသည့် အတွေ့အကြုံ ဖြစ်ပါသည်။ အာနန္ဒာဘုရား၏ လေးဖက်လေးတန်တွင် မတ်ရပ်ကိုယ်တော်ကြီးများ ရှိသော

သည်။ ပုဂံခေတ်၊ ကျန်စစ်မင်း ကိုးကွယ်ခဲ့သော ဘုရားဖြစ်သလို အလွန် ဗိသုကာလက်ရာမြောက်လှသော ဘုရားလည်း ဖြစ်သည်။ အလင်း ရောင်ရအောင် တည်ဆောက်ထားပုံ၊ ဘုရား၏သပ္ပာယ်စရာ ကောင်း အောင် အချိုးညီညွတ်ပုံတို့မှာ အလွန်အံ့သြစရာ ကောင်းလှသည်။ ဖူး၍ မဝအောင် ကြည်နူးစရာ ကောင်းလှလေသည်။ ကျွန်တော်က ဦးအုန်း မောင်ကို မုခ်တစ်မုခ်ရှိ မတ်ရပ်ကိုယ်တော်အား ညွှန်ပြပြီး -

"ကျွန်တော့်မယားညီအစ်ကိုက ပြောဖူးတယ်။ ကျွန်တော်လည်း သူပြောတဲ့အတိုင်း ကြည့်တဲ့အခါကျတော့ တူနေတာတွေ့ရတယ်။ ကျွန် တော်ပထမဆုံး ပုဂံကို မိသားစုနဲ့အတူရောက်တုန်းက ညီလိုဖြစ်နေတဲ့ ကျွန်တော့်မယားညီအစ်ကိုက 'အစ်ကို၊ အဲ့ဒီမတ်ရပ်ကိုယ်တော်ကြီးတွေ ရဲ့ မျက်နှာတော်က အလွန်ထူးခြားတယ်လို့ ကျွန်တော့်သူငယ်ချင်းတွေ က ပြောဖူးတယ်။ အဲ့ဒါက ရှေ့ဆုံးက ဘုရားဖူးရင် မတ်ရပ်ကိုယ်တော် က အောက်ကိုငုံ့ကြည့်ပြီး မျက်နှာတော်က တင်းနေသလို ထင်ရတယ်။ အလယ်ကနေ ဖူးရင်ပြုံးနေသလို ထင်ရတယ်။ အဝင်ပေါက်က ဖူးရင် မျက်နှာတော်က ရယ်နေတယ်လို့ ပြောတယ်။ အဲ့ဒါ ကျွန်တော်တို့ လက်တွေ့ကြည့်ရအောင်' လို့ ပြောတယ်။ ဒါနဲ့ကျွန်တော်တို့ အဲ့ဒီလို ကြည့်တဲ့အခါ သူပြောသလိုပဲ ကျွန်တော်ခံစားရတယ်။ ဘာကြောင့် အဲ့ဒီ လိုမျက်နှာတော် ပြောင်းလဲသွားရသလဲဆိုရင် အဲ့ဒီကိုယ်တော်က ရှေ့ဆုံး မှာဖူးတဲ့ မင်းမိဖုရားတွေကို ကြည့်တာကတစ်မျိုး၊ အလယ်က မှူးမတ်၊ ပုဏ္ဏား၊ မင်းမှုထမ်းတွေကို ကြည့်တာကတစ်မျိုး၊ နောက်ဆုံးလက်လှုပ် လက်စားပြည်သူများကို ကြည့်တာကတစ်မျိုးလို့ ပြောပါတယ်"

ထိုအခါ ဦးအုန်းမောင်က "ကဲ ကျွန်တော်တို့ လက်တွေ့ကြည့်ကြ ရအောင်" ဆိုပြီး ကျွန်တော်တို့ နှစ်ယောက်သည် သူက ကျွန်တော့်ပခုံး ကို ဖက်၊ ကျွန်တော်က သူ့ခါးကိုဖက်ပြီး ရှေ့ဆုံးမှ ဖူးသည့်အခါတွင် မတ်ရပ်ကိုယ်တော်၏ မျက်နှာတော်ကို ခပ်တည်တည် ပုံသဏ္ဌာန်ဖြင့်ဖူး ရသည်။ နောက်ကို တဖြည်းဖြည်း ဆုတ်လာရာတွင် မျက်နှာမှာ တဖြည်း ဖြည်း ပြောင်းလာပြီး အလယ်ကိုရောက်သည့်အခါ ကိုယ်တော်၏မျက်

နှာမှာ ပြုံးနေသည်ကို တွေ့ရသည်။ နောက်ဆက်လက်ဆုတ်လာရာ အဝင်ပေါက်နားတွင် မျက်နှာတော်မှာ ရယ်နေသည့်ပုံ တွေ့ရသည်။ ဤသို့ဖြင့် ကျွန်တော်တို့နှစ်ယောက်မှာ သုံးကြိမ်လောက် ရှေ့သွားလိုက်၊ နောက်ဆုတ်လိုက်ဖြင့် သေချာအောင် ဖူးခဲ့လေသည်။ ဦးအုန်းမောင်က "ဟုတ်တယ်ဗျာ။ ခင်ဗျားပြောတဲ့အတိုင်း ကျွန်တော်လည်း ခံစားရတယ်။" ကျွန်တော်ကလည်း "သမိုင်းမှာတော့ မပါဘူးပေါ့။ ဒါပေမဲ့ ပြောကြတာကတော့ အဲ့ဒီဗိသုကာတွေရဲ့ လက်ရာက အလွန်ပြောင်မြောက်တယ်။ ဒီလိုလက်ရာကို တခြားသူတွေနဲ့ တခြားဘုရင်တွေက ခိုင်းမှာစိုးတဲ့အတွက် ဘုရင်ကဒီဗိသုကာတွေရဲ့ လက်ကိုဖြတ်ပစ်လိုက်တယ်လို့ ပြောကြတယ်။ ဟုတ်မဟုတ်တော့ မသိဘူးလေ။ ပဒေသရာဇ်ခေတ် သက်ဦးဆံပိုင်ဘုရင်စနစ်အရ မဟုတ်ဘူးလို့လည်း မပြောနိုင်ဘူးလေ"

ပုဂံဘုရားဖူးသည် အလွန်ကိုမမေ့နိုင်စရာ ပျော်ဖို့ကောင်းလေသည်။ မနက်ကတည်းက ကျွန်တော့်တို့ထွက်၍ တိုးတိုးဝင်းကအစ ထမင်းဆိုင်အားလုံးကို သွား၍နေ့လယ်အထိ စားလေ့ရှိသည်။ အကြိုက်ဆုံး ဆိုင်မှာလည်း တိုးတိုးဝင်းထမင်းဆိုင်ပင် ဖြစ်သည်။ ဘုရားအားလုံးကို သွားရောက်ဖူးမြော်တိုင်း ဦးအုန်းမောင်သည် ပန်း၊ ရေချမ်းနှင့် သက်န်းကပ်လေ့ ရှိသည်။ အသေအချာထိုင်ပြီး ရှိခိုးဆုတောင်းလေ့ရှိသည်ကို ကျွန်တော် သတိထားမိသည်။ ညဘက်ဆိုလျှင် မီးများထိန်ထိန်ညီးနေသော လောကနန္ဒာသို့ အမြဲတက်ပြီး ကြည်ညိုလေ့ရှိပါသည်။ ထိုအချိန်က ဦးအုန်းမောင်သည် လောကနန္ဒာအလယ်ရစ်အထိ ကျွန်တော်တို့နှင့်အတူ တက်နိုင်စွမ်းရှိ၏။ အန်ကယ်ဦးသိန်းမောင်က မူး၍မတက်တော့ဘဲ အောက်ဘက်အလယ်ထိုင်ခုံများတွင်ထိုင်ပြီး ဧရာဝတီမြစ်ကို ခံစားလေ့ရှိပါသည်။

ပုဂံတွင် ၄၊ ၅ ရက်ခန့် အေးအေးဆေးဆေး ဘုရားဖူးပြီးသည့်နောက် ကျွန်တော်တို့သည် ကျောက်ပန်းတောင်းရှိ ဒေါက်တာစောယုစိန်ထံ ရောက်ခဲ့ကြသည်။ ကိုစောယုစိန်က ပုပ္ပားတောင်ကို လိုက်ပို့သည်။ ပုပ္ပားတောင်ကလပ်မှာ တက်ရသည်မှာ မတ်စောက်၍ အလွန်

ပင်ပန်းပါသည်။ သို့သော် ဦးအုန်းမောင်မှာ ကျွန်တော်တို့နှင့်အတူတူ တက်တက်ကြွကြွ တက်လာနိုင်သည်။ အန်ကယ်သိန်းမောင်မှာ ကိုစောယုစိန်နှင့် အောက်တွင် စောင့်နေသည်။ ဩဇာသီးပေါသော အချိန်ဖြစ်၍ ကျွန်တော်တို့မှာ တစ်ယောက်ကို နှစ်လုံး သုံးလုံးလောက် လက်တွင် ကိုင်ပြီးတက်လာရာ မျောက်အုပ်ကြီးမှာ ကျွန်တော်တို့ ဘေး တစ်ဖက်တစ်ချက်တွင် ပါလာလေသည်။ တချို့က လက်ထဲမှဩဇာသီး ကို အတင်းလုမတတ် ကပ်လာသဖြင့် ကျွန်တော်လည်း တစ်လုံး လောက်ကို အမြန်စားကာ ကျန်ဩဇာသီးများကို ပစ်ပေးလိုက်သည့် အခါ လုပ်နေကြသည်။ ကျွန်တော့်လက်ထဲ ဩဇာသီးများ မရှိတော့၍ ပျောက်သွားကြသည်။ နောက်သို့ ကြည့်လိုက်သည့်အခါ ဦးအုန်းမောင် ဘေးတွင် လူတစ်ရပ်နီးနီးကြီးသော မျောက်တစ်ကောင်က ဩဇာသီး ကို လိုက်တောင်းနေသည်။ ကြာလျှင် မျောက်ကြီးလည်း လက်ထဲမှ ဩဇာသီးကို အတင်းလုမည်ဟု ထင်ရသဖြင့် ကျွန်တော်က ဩဇာသီးကို ယူ၍ပေးလိုက်လေသည်။ "အေးဗျာ ကျွန်တော်လည်း ဘာလုပ်ရမလဲ ဆိုပြီး ကြောင်နေတာဗျ" ဟု ရယ်ရယ်မောမောဖြင့် ဦးအုန်းမောင်က ပြောပြလေသည်။

ထိုနေ့က တောင်ကလပ်ထိပ်အထိ ဦးအုန်းမောင်သည် မမော မပန်း လူငယ်များနှင့်အတူ လိုက်ပါခဲ့သည်။ တောင်ထိပ်တွင်တည်ထား သော စေတီကိုသေသေချာချာ ဆီမီးထွန်း၊ ဘုရားပန်းကပ်၊ ရွှေသင်္ကန်း ဖိုးပါ လှူဒါန်းခဲ့လေသည်။ ဘုရားရှေ့တွင် အသေအချာဝပ်တွားကာ ရှိခိုးကန်တော့ခဲ့ပါသည်။ ကျောက်ပန်းတောင်းတွင် ကျွန်တော်တို့တစ်ည အိပ်ကြ၏။ ဦးအုန်းမောင်၊ သခင်သိန်းမောင်နှင့် အဖော်အဖြစ် လိုက်ပါ လာသူ ကိုသိန်းဟန်တို့က ချောက်ကိုဆက်လက်သွားကြပေလိမ့်မည်။ ချောက်တွင် ဒလသခင်ထွန်းစိန်၏ဇနီးနှင့် သူ့သမီးဆရာဝန်မတို့ ရှိကြ လေသည်။ ကျွန်တော်ကမူ မန္တလေးသို့ဆက်တက်ပြီး နဂါးကိုထွန်းဦးနှင့် တွေ့ရဦးမည်။ ကိုထွန်းဦးက ဦးအုန်းမောင်၏ မိုးဂျာနယ်တွင် နှစ်နှစ်နီး ပါး ရေးသားခဲ့သည့် သူ၏တော်လှန်ရေး အတွေ့အကြုံ ဘဝမှတ်တမ်း

ဖြစ်သော နှစ်ပေါင်း ၅၀ ကြာသောအခါ ဆောင်းပါးရှည်ကြီးကို စာအုပ်အဖြစ် ထုတ်ဝေလိုသည်ဟု ကမ်းလှမ်းထားသောကြောင့် ဖြစ်၏။ ကိုထွန်းဦးမှာ ထိုအချိန်က ယနေ့မန္တလေးစာအုပ်တိုက်ကို ဦးစီးနေသည်။ ဦးအုန်းမောင်က ခွင့်ပြုပါသည်ဟု ဆိုထားသောကြောင့် ကျွန်တော်က ထွန်းဦးကို အကြောင်းကြားရပေမည်။

နောက်တစ်နေ့ မသွားခင် ကျောက်ပန်းတောင်းတွင် အိပ်သည့်ညနေက ကျွန်တော်နှင့် လေထီးဗိုလ်အုန်းမောင်တို့ ကျောက်ပန်းတောင်းမြို့ထဲ လမ်းလျှောက်ထွက်ကာ နှစ်ယောက်တည်း ပြောစရာရှိသည်များကို လွတ်လွတ်လပ်လပ် ပြောခဲ့ကြလေသည်။ ကျွန်တော်က -

"ဦးအုန်းမောင် ကျွန်တော်မရှင်းတာကို မေးချင်လို့ပါ။ ကျွန်တော်တို့ နှစ်ယောက်ဟာ အခုနှစ်ပိုင်းတွေအတွင်း ဘုရားအတော်များများ ဖူးခဲ့ကြတယ်။ ဘုရားတွေဖူးတိုင်း ဦးအုန်းမောင်က ပန်း၊ ဆီမီး၊ သက်န်းတွေကို လေးလေးနက်နက် ကပ်လှူတာ၊ အသေအချာ ရှိခိုးဆုတောင်းတာကို တွေ့ခဲ့ရတယ်။ ဦးအုန်းမောင်ဟာ ကျွန်တော်အရင်က သိရသလောက်တော့ ဘာသာရေးကို နက်နက်ရှိုင်းရှိုင်း ကိုးကွယ်တယ်လို့ မသိခဲ့ပါဘူး။ အခုသိချင်လို့ မေးတာပါ" ဟု မေးလိုက်သောအခါ ဦးအုန်းမောင်သည် အဝေးကို တစ်ခဏမျှ မျှော်ကြည့်နေရင်း ကျွန်တော့်ကို တစ်လုံးချင်း ပြန်ဖြေပါသည်။

"ဟုတ်ပါတယ်။ ကျွန်တော်က ဘာသာရေးသမား မဟုတ်ပါဘူး၊ အခု ခင်ဗျားပြောသလို ကျွန်တော်ဟာရောက်တဲ့ ဘုရားဖူးခရီးတိုင်းမှာ ခင်ဗျားပြောသလို အသေအချာ လုပ်ဆောင်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ခင်ဗျားတို့နဲ့ ဘုရားဖူးထွက်မယ်လို့ပြောတဲ့အခါ အိမ်က ကျွန်တော့်မိန်းမမြင့်မြင့်က "ကိုအုန်းမောင် ရှင်ဟာ ကျွန်မနဲ့ ညားခဲ့တဲ့ ဘဝတစ်လျှောက်လုံး နီနီမာ အခုလိုတက္ကသိုလ်ဆရာမ ဖြစ်နေတဲ့အချိန်တစ်လျှောက်လုံး ရှင်ဟာ ကျွန်မတို့စားဝတ်နေရေးကအစ ဘာမှတာဝန်မယူခဲ့ပါဘူး။ ရှင်ယုံကြည်ရာကိုပဲ တစ်ဘဝလုံးလုပ်ခဲ့သူပါ။ ဒါကို ကျွန်မနားလည်ပါတယ်။ ငြိုလည်း မငြိုစူဘူး။ အပြစ်လည်း မတင်ချင်ပါဘူး၊

ဒါပေမဲ့ အခုကျွန်မတို့အတွက် ရှင်ဘုရားတွေဖူးတဲ့အခါမှာ ပန်း၊ ဆီမီးနဲ့ ရွှေသကၤန်း အမြဲကပ်ပေးပါ။ ကျွန်မတို့ သားအမိအတွက်လည်း ဆုတောင်းပေးပါ။ အဲ့ဒါ ရှင် ကျွန်မတို့သားအမိအတွက် လုပ်ပေးတယ်လို့ မှတ်ယူချင်ပါတယ်” လို့ပြောပြီး ကျွန်တော့်ကို ပိုက်ဆံအပြည့်အစုံပေးတယ်။ လမ်းခရီးမှာ သုံးဖို့စရိတ်စက အပြည့်ပေးပါတယ်။ နီနီမာကလည်း “အဖေရယ် ကျွန်မတို့အတွက် ဒါတော့ လုပ်ပေးပါ” လို့ ပြောတယ်။ ကျွန်တော်ကလည်း မြင့်မြင့်ပြောတဲ့အတိုင်း အမှန်ပါပဲ။ သူတို့အတွက် စိတ်မကောင်းဘူး။ ဒါကြောင့် သူတို့မှာတဲ့အတိုင်း အသေအချာ လုပ်ခဲ့တာပါ” လို့ ပြောပြပါတယ်။

၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလက ဖျာပုံသို့ ကျွန်တော်တို့သွားခဲ့သည့် ခရီးမှာနောက်ဆုံး ဖြစ်လေသည်။ သူလည်း သူ၏ ၈၀ ပြည့်နှစ်မွေးနေ့ကို အပေါင်းအသင်းများ စုံစုံညီညီနှင့် ကျင်းပခဲ့သလို သူ့မွေးဇာတိကိုလည်း ရောက်ခဲ့သည်။ ရာစုနှစ်များစွာ ဝေးကွာခဲ့သော သူ့ဇာတိ ဖျာပုံကိုရောက်ခဲ့သဖြင့် သူကြည်နူးခဲ့ရပါသည်။ ဖျာပုံမှအပြန် ရက်ပိုင်းအလို၌ ဦးအုန်းမောင် ဖျားပါတော့သည်။ သာမန်အဖျားဟု ထင်သော်လည်း အဖျားက မပျောက်ပေ။ သူ့မိတ်ဆွေ၊ ကျွန်တော်တို့ မိတ်ဆွေ ဒေါက်တာတင်စံဦးက အသေအချာ စမ်းသပ်ကြည့်ခဲ့ပြီး သမားတော်ကြီးများအထိ ပြသခဲ့ရာ အဖြေမှာ အဆုတ်ကင်ဆာပင် ဖြစ်ပါသည်။ အဆုတ်ကင်ဆာမှာ အတော်ပင် ကျွမ်းနေပြီး ဓာတ်ရောင်ခြည်နှင့် ကုသခဲ့သော်လည်း ခဏသာသက်သာပြီး ဒီဇင်ဘာ ၂၈ တွင် ထိုရောဂါဖြင့်ပင် ကွယ်လွန်သွားခဲ့ရသည်။ သူ့အသုဘမှာ အလွန်ပင်စည်ကားလှ၏။ သူ၏ ရဲဘော်၊ ရဲဘက်များ၊ ရဲဘော်အဟောင်းအသစ်များ၊ ကျွန်းပြန်များ၊ စာရေးဆရာများ၊ ထုတ်ဝေသူများ၊ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများအားလုံး ပို့ဆောင်သည်မှာ အလောင်းနားသွားကြည့်၍ မရအောင်ပင် ပြည့်နေသည်။ ဆရာဒဂုန်တာရာဆိုလျှင် အထဲထိဝင်လို့မရတော့ပဲ အပေါက်ဝ၌ပင် အလောင်းမြေမြှုပ်သဂြိုဟ်သည်အထိ စောင့်ခဲ့ရသည်။ သူ့အလောင်းကို မီးမသဂြိုဟ်ဘဲ ဂူသွင်းမြှုပ်နှံမည်

ဖြစ်၍ ဂူသွင်းမည့်နေရာအထိ အလောင်းကိုထမ်း၍ သွားကြသည်။ ကျွန်းပြန်ရဲဘော်များက သူ့အလောင်းကိုထမ်း၍ သယ်ပေးကြပါဟု မေတ္တာရပ်ခံသောကြောင့် ကျွန်တော်တို့ကဲ့သို့ အိုနာကျိုးကန်း ခပ်ယဲ့ယဲ့ ဖြစ်နေသူ ကျွန်းပြန်များက အလောင်းကို ထမ်းခဲ့ကြသည်။ လူငယ် အတော်များများက ဝိုင်းဝန်းထမ်းပိုးပေးသဖြင့် ကျွန်တော်တို့အများကြီး သက်သာခဲ့သည်။ လူတန်းကြီးသည် သူ့အလောင်းမြေမြှုပ်သည့်နေရာ အထိ လိုက်ပို့ကြသည်။ ကျွန်တော်တို့ကမူ အလောင်းကို ဂူသွင်းပြီးသည့် အထိ စောင့်ဆိုင်းပြီးမှ ပြန်လာခဲ့ပါသည်။

လေထီးဗိုလ်အုန်းမောင်သည် ၁၉၁၉ ခုနှစ်တွင် မွေးဖွားခဲ့သည်။ သူနှင့် မွေးဖွားသည့်နှစ် တူညီသောသူများတွင် ဆရာဇန်းမော်တင် အောင်၊ ဆရာဒဂုန်တာရာတို့လည်း ပါဝင်သည်။ ၈၀ ပြည့်မွေးနေ့ ကျင်းပပြီး နောက်တစ်နှစ် ၈၁ နှစ်အရွယ် ၂၀၀၀ ပြည့်နှစ်တွင် ကွယ် လွန်ခဲ့ရသည်။ သူ့တစ်ဘဝလုံးသည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ် တော်လှန်ရေးဘဝ ဖြစ်သည်။ သူ့ဘဝတွင် တောခိုခြင်းနှင့် ထောင်ကျ ခြင်းဖြင့်သာ ကုန်လွန်ခဲ့ရသည်။ သူသည် တစ်ဘဝလုံး ပြည်သူအတွက် ပေးဆပ်ခဲ့သူ ဖြစ်သည်ဟုဆိုလျှင် မည်သူကမျှ စောဒကတက်လိမ့်မည် မဟုတ်ပေ။

*

## ဆေးလိပ်သောက်ခြင်းနဲ့ ဆေးလိပ်ဖြတ်ခြင်း

ဦးဘဦးက ထားဝယ်ကပါ။ စကားသိပ်မပြောဘူး။ အလုပ်တော့ အလွန်လုပ်ပါတယ်။ ကျွန်တော့်ထက် အသက် ၂၀ လောက်ကြီးပေမယ့် ကျွန်တော်နဲ့ မယှဉ်သာအောင် အလုပ်လုပ်ပါတယ်။ ပြည်ထောင်မှာ ကျွန်တော်တို့ နေတုန်းကဆိုရင် တိုက်ဝင်းထဲမှာ ကျွန်တော်တို့ကို စိုက်ပျိုးလို့ရတဲ့ အသီးအနှံတွေကို ကျွန်တော်တို့ လုပ်ချင်တာလုပ်ခွင့် ရှိပါတယ်။ ကြော်လှော်စားကြပါတယ်။ ချဉ်ဖတ်စိမ်ထားကြတယ်။ အိမ်က ထောင်ဝင်စာ လာတွေ့ရင် ရန်ကုန်ကိုပေးလိုက်တယ်။ ကျွန်တော်တို့အပေါ် အလွန်ကောင်းတဲ့ ထောင်ပိုင်ထောင်မှူးကြီးနဲ့ ထောင်မှူးလေးတွေကို လက်ဆောင်ပေးပါတယ်။ သူတို့ကလည်း ကျွန်တော်တို့ရဲ့ အသီးအနှံတွေကို သိပ်သဘောကျတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့စိုက်တဲ့အသီးတွေက ထောင်ကျတွေ စိုက်ပျိုးတာထက် အောင်လွန်းလို့ပါပဲ။ ခရမ်းသီးဆိုရင် တစ်တောင်လောက်ရှိသလို မုန်လာဥကြီးတွေဆိုရင်လည်း တစ်တောင်နီးပါး ရှိပါတယ်။ ပန်းဂေါ်ဖီလည်း စိုက်တယ်။ ဧရှတ်သီးလည်း စိုက်ပါတယ်။ ဒီလိုအောင်မြင်တဲ့ အသီးအနှံတွေကို

စိတ်ရှည်ရှည် ဝီရိယရှိရှိ စိုက်ပျိုးတာက ဦးဘဦးပါပဲ။ သူ့ဘဝတစ်လျှောက်လုံး တော်လှန်ရေးလုပ်ခဲ့တာပါ။ ဗြိတိသျှနယ်ချဲ့တော်လှန်ရေး ဖက်ဆစ်ဂျပန် တော်လှန်ရေးတွေမှာ ခွင့်လွှတ်အနစ်နာခံခဲ့တဲ့ ပုဂ္ဂိုလ်ပါပဲ။

သူငယ်ငယ်က ဆေးလိပ်အလွန်သောက်ပြီး နောက်ဆုံးဆေးလိပ်ဖြတ်ခဲ့ပုံကို ပြောပြပါတယ်။

'ကျောင်းသားဘဝကတည်းက ကျွန်တော်ဆေးပေါ့လိပ်သောက်တာ။ မသောက်ရရင် မနေနိုင်လောက်အောင် တစ်လိပ်ပြီးတစ်လိပ် သောက်တဲ့အထိ စွဲစွဲလမ်းလမ်း ဖြစ်ခဲ့တာပေါ့။

တစ်ချိန်တည်းမှာ ဖက်ဆစ်ဂျပန်ကိုတော်လှန်ဖို့ လျှို့ဝှက်စည်းရုံးရေးလုပ်ရင်း ကျွန်တော်နဲ့ ကျွန်တော်တို့ခေါင်းဆောင် အဖမ်းခံလိုက်ရတယ်။ အဖမ်းခံရတာကလည်း သတင်းအတိအကျရလို့ မဟုတ်ပါဘူး။ သံသယနဲ့ ဖမ်းတာပါ။ အချုပ်ထဲမှာနေရတုန်းက ဆေးလိပ်မသောက်ရတော့ လူဟာထိုင်မရထမရနဲ့ စိတ်က ဂနာမငြိမ် ဖြစ်ခဲ့ရတယ်။ အိပ်လို့လည်း မပျော်၊ စားလို့လည်း မဝင်ဆိုတာမျိုးပေါ့။ ပုလိပ်အချုပ်ဆိုတော့ စားရေးနေရေးကလည်း ဒုက္ခရောက်တယ် မဟုတ်လား။ ဆေးလိပ်ပဲ သောက်ချင်နေတာပဲဗျာ။

ဒီတော့ ကျွန်တော့်ခေါင်းဆောင်က 'ဦးဘဦးရယ်၊ ခင်ဗျားအဖြစ်မြင်ရတာ တရားကျဖို့ ကောင်းလိုက်တာဗျာ။ ခင်ဗျားက တော်လှန်ရေးအတွက် အသက်စွန့်မယ်လို့ သစ္စာဆိုထားတဲ့ ရဲဘော်ပါ။ ကိုယ်ကျိုးစွန့်ဖို့လည်း ပိုင်းဖြတ်ပြီးသားပါ။ အခုဆေးလိပ်တောင် မစွန့်နိုင်ဘဲနဲ့ အသက်ဘယ်လိုလုပ် စွန့်မှာလဲဗျ' လို့ ပြောလိုက်တယ်ဗျ။

အဲဒီစကားလည်းကြားရော ကျွန်တော့်မျက်နှာတွေ ထူပိန်းသွားတယ်။ ရှက်လိုက်တာဗျာ။ ကျောထဲမှာ စိမ့်သွားသလို ကြက်သီးမွေးညင်းတွေလည်း ထသွားပါတယ်။ 'ဆေးလိပ်တောင် မစွန့်နိုင်ဘဲနဲ့ အသက်ဘယ်လိုလုပ်စွန့်မှာလဲ' တဲ့။ အဲဒီအချိန်ကစပြီး ကျွန်တော် ဆေးလိပ်ဖြတ်လိုက်တာ။ အခုအသက် ၇၀ ကျော်တဲ့အထိ မသောက်တော့ဘူး'

ဦးဘဦး ဆေးလိပ်ဖြတ်သွားတာကို အခုထိ ကျွန်တော်သတိရ

နေတုန်းပါပဲ။ ကျွန်တော်ကိုယ်တိုင်က ဆေးလိပ်ကို မက်မက်မောမော စွဲလမ်းခဲ့တဲ့အတွက် ဆေးလိပ်ဖြတ်ဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့သလို လုံးဝ ပြတ်သွားဖို့လည်း မအောင်မြင်ခဲ့ပါဘူး။ ၁၀ တန်းကျောင်းသားတုန်းက ရည်းစားနဲ့ကွဲရာက အသည်းကွဲပြီး ဆေးလိပ်စသောက်ဖြစ်တာပါ။ နောက်ပြီး ရုပ်ရှင်မင်းသားတွေ ဆေးလိပ်သောက်တာကို သဘောကျ ပြီး အတုခိုးရာက ပိုသောက်ဖြစ်လာတယ်။

မာလွန်ဘရန်ဒို ဆေးလိပ်သောက်တဲ့ဟန်၊ ဂျိမ်းဒင်းရဲ့ပါးစောင်မှာ စီးကရက်ကို တပ်ပြီး မထီတထီဟန်တွေကိုလည်း အတုခိုးသောက် တယ်။ ရုပ်ရှင်မင်းသားကြီး ခင်မောင်ရင်ရဲ့ စီးကရက်သောက်ပုံ၊ စကား ပြောပုံတွေကို သဘောကျသလို မင်းသားကြီးကျော်ဆွေရဲ့ စီးကရက် လက်ကြားညှပ်ပြတာတို့ ပါးစောင်ခဲပြတာတို့နဲ့ ရှိုးထုတ်နိုင်တာကြောင့် ဆေးပေါ့လိပ်မသောက်ဘဲ စီးကရက်ပဲ သောက်ဖြစ်ခဲ့ပါတယ်။ ကျွန် တော်တို့ခေတ်ကတော့ ဘားမားစတိတ်နဲ့ ကက်ပီတန်စီးကရက်က ခေတ်စားပါတယ်။ ပြည်သူပိုင်တွေသိမ်းတော့မှ ခပေါင်း၊ ဒူးယားဖြစ် သွားတာပါ။

ကျောင်းသားဘဝ စီးကရက်သောက်ရာကနေ အလုပ်လုပ်ပြီး စာရေးဘဝရောက် မိန်းမရတော့ ဆေးပေါ့လိပ်သမား ဖြစ်လာရတယ်။ စီးကရက်ထက် ဈေးသက်သာတဲ့ ဆေးပေါ့လိပ်ကို တစ်နေကုန် သောက် ဖြစ်တော့တာပဲ။ မျက်စိနှစ်လုံးပိတ်ပြီးအိပ်တဲ့ အချိန်လောက်ပဲ နား တယ်။ နံနက်အိပ်ရာက ထတာနဲ့ မျက်နှာမသစ်ခင် ဆေးလိပ်ကို အရင် ဖွာပြီးမှ နေ့တစ်နေ့ကို အစပြုလေ့ရှိပါတယ်။ ဆေးလိပ်စွဲလာတော့ လူ ဟာပိန်ချုံးပြီး အသားအရေ ခြောက်သွေ့လာတယ်။ ချောင်းဆိုးလာ၊ သလိပ်က မပြတ်ထွက်လာ၊ မောပန်းလာပါတယ်။ ထမင်းကို ကောင်း ကောင်းမစားဘဲ နောက်ဆုံးတော့ အဆုတ်ရောဂါ တီဘီဖြစ်လာပြီး တစ် နှစ်ခွဲ ဆေးထိုးရတာပေါ့။ ကျွန်တော်တို့ခေတ်တုန်းကတော့ စထရက် တို့ မိုင်စင် (Streptomycin) နေ့စဉ်မပြတ်ထိုးရပါတယ်။ အိုင်ဆိုးနစ်အက် ဆစ်လည်း စားရပါတယ်။ တစ်နှစ်ခွဲလုံးလုံး နေ့စဉ်ဆေးထိုးရတော့ ဆေး

အလုံးပေါင်း ၅၄၅ လုံးကျော်ထိုးရပြီး တင်ပါးနှစ်ဖက်စလုံး အထိမခံနိုင်အောင် ဖြစ်လာတယ်။ ဆရာဝန်က နားခွင့်ရက်ကျော်ခွင့်လည်း မပေးပါဘူး။ တီဘီဖြစ်နေပေမယ့် ဆေးလိပ်ကိုတော့ မဖြတ်နိုင်သေးပါဘူး။ လျှော့သောက်တာလောက်ပဲ ရှိပါတယ်။

ဆေးလိပ်စွဲတဲ့ဘဝမှာ အပင်ပန်းဆုံးနဲ့ အောက်အကျဆုံးအဖြစ်ကတော့ ထောင်ထဲမှာ နေရတဲ့အချိန် ဖြစ်ပါတယ်။ ထောင်မှာ ဆေးလိပ်ဟာ တန်ဖိုးအရှိဆုံး ဖြစ်တယ်။ ငွေကြေးအဖြစ် သတ်မှတ်ထားတဲ့ ကြားခံပစ္စည်းလည်း ဖြစ်ပါတယ်။ ထောင်ထဲမှာ ငွေကိုင်ခွင့်၊ ငွေသုံးခွင့် မရှိပါဘူး။ ဆေးပေါ့လိပ်နဲ့ စီးကရက် (ယခင်က ဒူးယားစီးကရက်ဘူး) ကိုပဲ အသုံးပြုကြတယ်။ မုန့်ပဲသရေစာ၊ အဝတ်အစား၊ ဖိနပ်စတဲ့ အသုံးအဆောင်ပစ္စည်းတွေကို ဝယ်ရောင်းတဲ့အခါ ဆေးလိပ်နဲ့ တန်ဖိုးဖြတ်ကြတာပါပဲ။ ထောင်ထဲမှာ ဆေးလိပ်ဟာ ဘာကြောင့်တန်ဖိုးအကြီးဆုံး ဖြစ်နေရပါသလဲ။ ထောင်ထဲရောက်သူ အားလုံးလိုလိုက ဆေးလိပ်ကို တပ်တပ်မက်မက် သောက်ကြလို့ပါပဲ။ ဘာကြောင့်ဆေးလိပ်ကို သောက်ကြပါသလဲ။

တကယ်တော့ ဆေးလိပ်ကို အပျော်သောက်ကြတာ မဟုတ်ပါဘူး။ စိတ်ဖိစီးမှု၊ စိတ်သောကတွေကို ဆေးလိပ်က ယာယီပြေပျောက်စေတာကြောင့် သောက်ကြတာပါ။ ဆေးလိပ်သောက်တယ်ဆိုတာ ဆေးပေါ့လိပ်ထဲက ဆေးရွက်ကြီးနဲ့ စီးကရက်ထဲက ဗာဂျီးနီးယားဆေးရွက်ကို ရှူရှိုက်တာပါပဲ။ အဲဒီဆေးရွက်တွေမှာ နီကိုတင်းဓာတ်အများဆုံး ပါပါတယ်။ နီကိုတင်းဟာ အဆိပ်ဖြစ်ပေမယ့် အာရုံကြောတွေကို ယာယီငြိမ်သွားစေတဲ့ အာနိသင်လည်းရှိတဲ့အတွက် ဆေးလိပ်သောက်လိုက်တဲ့အခါ စိတ်ဖိစီးမှုလျော့သွားတာ အမှန်ပါပဲ။ ဒါကြောင့် ထောင်ထဲရောက်သူမှန်သမျှဟာ ဘာကြောင့်ပဲရောက်ရောက် ဘာအမှုပဲ ကျူးလွန်ကျူးလွန် အုတ်နံ့ရံမြင့် လေးဖက်ကြားရောက်တာကြောင့် စိတ်ဆင်းရဲကြတာချည်းပါပဲ။ လွတ်လပ်မှုမရှိသလို တင်းကျပ်တဲ့စည်းကမ်းတွေနဲ့ နေရတာကြောင့် စိတ်သောက ရောက်ကြတယ်။ စိတ်ဖိစီးမှု ခံကြရတယ်။

အဲဒီစိတ်ပိုင်းဆိုင်ရာ ပင်ပန်းမှုကို ယာယီသက်သာစေတဲ့ ဆေးလိပ်ကို သောက်ကြရတာပါပဲ။ ထောင်ထဲမှာ စိတ်ကျဉ်းကျပ်လွန်းတဲ့အတွက် အပြင်မှာ ဆေးလိပ်မသောက်တတ်တဲ့သူတောင် ထောင်ထဲရောက်တဲ့ အခါ ဆေးလိပ်သောက်တတ် သွားကြပါတယ်။

အပြင်မှာ သာမန်လောက်ပဲ ဆေးလိပ်သောက်ခဲ့တဲ့ ကျွန်တော် ဟာ ထောင်ထဲရောက်တဲ့အခါ change smoker ဆိုတဲ့ တစ်လိပ်ပြီးတစ် လိပ် မီးကူးပြီးသောက်တဲ့အထိ ဆေးလိပ်စွဲသူတစ်ဦး ဖြစ်ခဲ့ရတယ်။ အဲဒီ လို ဆေးလိပ်စွဲပေမယ့် လူ့သိက္ခာထိလောက်အောင် ခံစားလိုက်ရတာ ကြောင့်လည်း ထောင်ထဲမှာပဲ မခံချင်စိတ်နဲ့ ဆေးလိပ်ဖြတ်ခဲ့ပါတယ်။

တိုက်ထဲရောက်တဲ့အခါ အိမ်နဲ့ အဆက်အသွယ် ပြတ်ပါတယ်။ ထောင်ဝင်စာ မရသေးသလို ပါဆယ်ပို့ခွင့်လည်း မရပါဘူး။ အဲဒီအချိန် မှာ ထောင်ကကျွေးတာပဲ စားရတယ်။ ဆေးလိပ်ကိုတော့ အခန်းဖော်နဲ့ နေရရင် သူ့မှာရှိတဲ့ ဆေးလိပ်ကို သောက်ရနိုင်တယ်။ သူ့ထောင်ဝင်စာ ကို မျှစားလို့ ရပါတယ်။ ဒါပေမဲ့ ကျွန်တော်နေရတာက တစ်ယောက် တည်းပါ။ တိုက်ခန်းက အတွင်းသံတိုင်တွေနဲ့ သံတံခါးရှိပြီး အပြင်က သစ်သားတံခါးတစ်ထပ်ရှိတာကြောင့် နေ့ဘက်ပိတ်ထားရင် အပြင်ကို မမြင်ရပါဘူး။ ညပိုင်းကနေ နံနက်စောစောအထိ သစ်သားတံခါးကို လေဝင်အောင် ဖွင့်ပေးထားပါတယ်။ ဒီလိုတစ်ယောက်တည်း အထီး ကျန်နေရတာကြောင့် ဆေးလိပ်သောက်ချင်စိတ်ဟာ ဘယ်လိုမှထိန်းမရ နိုင်အောင် ဖြစ်နေပါတယ်။ ထမင်းစားပြီးချိန်မှာ သောက်ချင်တဲ့အာသီ သပြင်းသလို ညဘက်မှာလည်း ထိုင်မရ ထမရလောက်အောင် ဆေး လိပ်သောက်ချင်စိတ်၊၊ ပြင်းပြရပါတယ်။

တစ်နေ့ နံနက်ပိုင်း ထောင်ဖွင့်လူစစ်ချိန်ပြီးတော့ သံတိုင်နောက် ကထိုင်ပြီး အပြင်ကိုငေးနေမိပါတယ်။ တစ်ယောက်တည်း ငေါင်နေတာ ကြောင့် ဆေးလိပ်သောက်ချင်စိတ်လည်း ထိန်းမရလောက်အောင် ဖြစ်နေပါတယ်။ ဒီအချိန်မှာ အမှုထမ်းလေးတစ်ယောက်က သူ့ဂျူတီကို ဝင်ဖို့ တိုက်ခန်းတွေ ရှေ့က လျှောက်လာပါတယ်။ လက်ထဲမှာလည်း

ဆေးလိပ်တစ်တိုကို ကိုင်လာပါတယ်။ အမှုထမ်းရဲ့အသက်က ကျွန်တော်ရဲ့တူအရွယ် သားအရွယ်လောက်ပါ။ ဒါပေမဲ့ ဆေးလိပ်သောက်ချင်လွန်းတဲ့ ကျွန်တော်ဟာ ဣန္ဒြေတွေ၊ သိက္ခာတွေ၊ အသက်အရွယ်တွေကို မထောက်နိုင်တော့ဘဲ . . .

'ဆရာ . . . ဆရာ . . . လက်ထဲက ဆေးလိပ်တိုလေးကို ကျွန်တော့်ပေးခဲ့ပါလား ဆရာ' လို့ အရှက်အကြောက်မရှိ တောင်းလိုက်မိပါတော့တယ်။ အမှုထမ်းက ကျွန်တော့်မျက်နှာကို စူးစူးဝါးဝါးကြည့်ပြီး-

'သူတောင်းစား ကျနေတာပဲ။ သောက်ရှက်မရှိ။ ဆေးလိပ်တိုတောင် တောင်းရသလား' လို့ ပြောပြောဆိုဆိုနဲ့ လက်ထဲက ဆေးလိပ်တိုကို မြေကြီးပေါ် ပစ်ချပြီး ဖိနပ်နဲ့ နင်းခြေပစ်လိုက်ပါတော့တယ်။

ကျွန်တော့်မျက်လုံးတွေဟာ ပြာသွားပါတယ်။ ခေါင်းထဲမှာလည်း ထူပိန်းသွားတယ်။ ဒေါသလည်းဖြစ် ရှက်လည်း ရှက်သွားတယ်။ မိမိဘဝနဲ့ မိမိအပြစ်ကိုလည်း ယူကျုံးမရ ဖြစ်သွားပါတယ်။ အမှုထမ်းရဲ့အပြုအမူနဲ့ စကားသံက အသိတရားကို လင်းခနဲပွင့်သွားစေပါတော့တယ်။ 'ဆေးလိပ်တစ်တိုအတွက် ငါ့မှာဂုဏ်သိက္ခာဆိုတာ မရှိတော့ပါလား။ ငါ့သားအရွယ်လေးက ငါ့ကို ဒီလိုပြောဆိုလိုက်တာဟာ ဆေးလိပ်သောက်ချင်တဲ့ အာသီသကြောင့်ပဲ။ ငါသာ ဆေးလိပ်မသောက်ရင် တောင်းဖြစ်မှာမဟုတ်ဘူး။ အရှက်လည်း ကွဲမှာမဟုတ်ဘူး။ သိက္ခာလည်းကျမှာ မဟုတ်ဘူး' လို့ အသိတရား ဝင်ပါတော့တယ်။ ဘယ်သူ့ဆီကမှလည်း မတောင်းတော့ဘူး။ အခုလို ဆေးလိပ်မရှိလို့ မသောက်တော့သလို ဆေးလိပ်ရှိလာရင်လည်း မသောက်တော့ဘူးလို့ ဆုံးဖြတ်ချက်ချပြီး ဆေးလိပ်ဖြတ်ခဲ့ပါတော့တယ်။ အဲဒီတုန်းက နှစ်နှစ်လောက်ဆေးလိပ်ပြတ်ခဲ့ပါတယ်။ ဒါပေမဲ့ ထောင်ကလွတ်ပြီး အိမ်ပြန်ရောက်တော့ စိတ်လှုပ်ရှားလွန်းလို့ စီးကရက်ပြန်သောက်ဖြစ်ပြန်ပါတယ်။ ကိုကိုးကျွန်း အပို့ခံရတုန်းကဆို ပိုဆိုးတာပေါ့။ ဆေးလိပ်ကို ထောင်ကပေးပါတယ်။ ဆေးလိပ်တွေကို 'ပို' တွေနဲ့သင်္ဘောပေါ် တင်ပြီး ယူလာပါတယ်။ ဒါပေမဲ့ မုန်တိုင်းထန်တဲ့ မိုးရာသီဆိုရင် သင်္ဘောတွေ မထွက်နိုင်

တဲ့အခါ ဆေးလိပ်ပြတ်ပါတော့တယ်။ ဒီအခါမှာ ကျွန်တော်တို့တစ်တွေ ကျွမ်းပြန်အောင် ဆေးလိပ်သောက်ချင်တဲ့ဒဏ်ကို လှိမ့်ခံရတော့တာပါပဲ။ ဆေးလိပ် လုံးဝပြတ်နေတဲ့ နိုင်ငံရေးအကျဉ်းသားတွေဟာ ဖောထဲက သစ်ကိုင်းတွေကို ချိုင်၊ ဆေးရိုးနဲ့ တူအောင် နုပ်နုပ်စဉ်း၊ သစ်ရွက်တွေကို အခြောက်လှန်း မန်ကျည်းသီးနဲ့ရောနယ်ပြီး ဆေးလိပ်အဖြစ် စက္ကူနဲ့လိပ်ပြီး သောက်ကြရတယ်။ ဆေးရွက်ကြီးမဟုတ်တော့ ဆေးပေါ့လိပ်အရသာ ဘယ်ရပ့်မလဲ။ ရသေ့စိတ်ဖြေ သဘောနဲ့ သောက်ကြတော့ ချောင်းတဟွတ်ဟွတ်ဆိုးပြီး ဆေးခန်းသွားပြ ကြရတယ်။ အဲဒီချောင်းဆိုးတဲ့ ဆေးပေါ့လိပ်တုကို တီထွင်ဖန်တီးသူက ဆရာဝန်ပါ။ မန္တလေးဆေးတက္ကသိုလ်က ကထိကဒေါက်တာကူးမားဆိုသူ ဖြစ်ပါတယ်။ သူလည်း ဆေးလိပ်ကို အလွန်ကြိုက်ပြီး ဆေးလိပ်တွေ လုံးဝပြတ်သွားတော့ ဆေးပေါ့လိပ်အတုကို သူထွင်လိုက်တာပါပဲ။ လမိုက်ည ကိုကိုးကျွန်းသဲသောင်မှာ မီးရောင်ရဲရဲလေး တွေ့လိုက်တာနဲ့ ဆေးပေါ့လိပ်သောက်နေတယ်အထင်နဲ့ မီးရောင်ရှိရာ အမောတကော သွားတတ်တဲ့ ဦးတင်ညွန့် (ချိုးဖြူစာပေ) ကို သတိရမိပါတယ်။

အစွဲအလမ်းကြီးတဲ့ ဆေးလိပ်ဖြတ်ဖို့ဟာ အလွန်ခက်တယ်လို့ ဆေးလိပ်စွဲသူတိုင်းက ပြောပါတယ်။ တကယ်တော့ ဖြတ်ချင်တယ်လို့ ပါးစပ်ကပြောပြီး စိတ်ထဲက ပိုင်းဖြတ်ချက်ရှိရှိနဲ့ မဖြတ်ကြလို့ ဆေးလိပ်မပြတ်တာပါ။ ကျွန်တော်ဟာ ထောင်ထဲမှာ 'ဆေးလိပ်ဖြတ်ပြီ' ဆိုပြီး ဆေးလိပ်ဖြတ်ခဲ့ပေမယ့် အပြင်ရောက်တော့ 'လွတ်ပြီ ကျွတ်ပြီ၊ ပျော်လိုက်တာ' လို့ ဟစ်ကြွေးပြီး ဆေးလိပ်ပြန်သောက် ဖြစ်ခဲ့ပါတယ်။ အပြင်ဘဝက ထောင်ဘဝထက်ပိုပြီး စိတ်ဆင်းရဲမလားဘဲ။ မိသားစုတစ်ခုလုံးရဲ့ စားဝတ်နေရေးအတွက်ပါ ပူပင်ရတယ်။ မြင်တွေ့နေရတဲ့ အနိဋ္ဌာရုံတွေ၊ ကြားသိနေရတဲ့ မမျှတမှုတွေအတွက်ပါ ဒေါသနဲ့ သောကဖြစ်ရတော့ ဆေးလိပ်ကို ပိုသောက်ဖြစ်ပါတယ်။ ဆေးရွက်ကြီးရဲ့ နီကိုတင်းအဆိပ်ကြောင့် ကြာလာတဲ့အခါ ရင်ဘတ်က နာလာပါတယ်။ ဘာကြောင့်နာမှန်းမသိပါဘူး။ ဆရာဝန်လည်း မပြဖြစ်ပါဘူး။ စာတွေ့အရတော့

ဆေးလိပ်သောက်ရင်း နှလုံးရောဂါ၊ သွေးကြောပိတ်ရောဂါ၊ တီဘီရောဂါ စတာတွေ ဖြစ်တတ်တယ်ဆိုတာကို သိပါတယ်။ တီဘီလည်း ဖြစ်ခဲ့ဖူးပါတယ်။ အခုနောက်ပိုင်း ရင်ဘတ်အောင့်လာပြီ။

တစ်ညမှာတော့ စာရေးနေတုန်း ဆေးလိပ်သောက်လိုက်တော့ ရင်ဘတ်က အောင့်ရုံမကဘူး ဆူးတစ်ချောင်းနဲ့ ထိုးစိုက်လိုက်သလို စူးခနဲ နာကျင်သွားပါတယ်။ ဒီတော့ 'ငါဘာကြောင့်များ ဖြစ်ပါလိမ့်၊ ဆေးလိပ်ကြောင့်လား၊ ဒီနေ့ဆေးလိပ်သောက်လို့ ဖြစ်ရင် ညအိပ်လိုက်ပြီး မနက်ဖြစ်မဖြစ် ကြည့်ရမယ်။ အိပ်ရာကနိုးပြီး မိုးလင်းလို့ မနာမအောင့်ရင် ဆေးလိပ်ကြောင့်ပဲ' လို့တွေးပြီး အိပ်လိုက်ပါတော့တယ်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပြီး မနက် ၇ နာရီလောက် အိပ်ရာကနိုးလာတယ်။ နိစ္စဓူဝပြုလုပ်လေ့ရှိတဲ့ အကျင့်အတိုင်း ဆေးလိပ်သောက်ဖို့ ဆေးပေါ့လိပ်တိုနဲ့ မီးခြစ်ကို လှမ်းယူလိုက်ပါတယ်။ ဒီတော့မှ ညကပိုင်းဖြတ်ထားတဲ့ ဆုံးဖြတ်ချက်ခေါင်းထဲ ပေါ်လာပါတယ်။ ရင်ဘတ်နာနေသေးလား၊ အောင့်နေသေးလား၊ မအောင့်ပါဘူး။ နာလည်း မနာပါဘူး။ ညကလည်း ကောင်းကောင်းအိပ်ဖြစ်တယ်။ ဒီလိုဆိုရင် မနေ့ကတစ်နေ့ကုန် ဆေးလိပ်တွေ တစ်လိပ်ပြီးတစ်လိပ် သောက်လွန်းလို့ ရင်ဘတ်အောင့်တာပဲဆိုတာ သေချာသွားပြီ။ ဆေးလိပ်ကိုသာ ဆက်သောက်ရင် ငါ့အသက်တိုမှာလည်း သေချာပြီ။ ဒီတော့ အသက်ရှည်မလား အသက်တိုမလားလို့ စဉ်းစားပြီးကိုင်ထားတဲ့ ဆေးပေါ့လိပ်တိုနဲ့ မီးခြစ်ကို လွှင့်ပစ်လိုက်ပါတော့တယ်။

ကျွန်တော်က နံနက်တိုင်း နီကိုရဲနဲ့အတူ တင်စိန် (ပထဝီ) အိမ်နားက နမ့်ဆန်လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်လေ့ ရှိပါတယ်။ ရဲဝင်း (နီကိုရဲ) နေတဲ့ ၆ ရပ်ကွက်က အိမ်ကိုသွား သူ့ကိုအိပ်ရာက နှိုးတယ် (ကျွန်တော်ရောက်ရင် ရဲဝင်းအဖေ တင်ဝင်းက သူ့သားကို အမြဲနှိုးပေးလေ့ရှိတယ်။ ဘာကြောင့်လဲဆိုတော့ တင်ဝင်းက ကျွန်တော့်ငယ်သူငယ်ချင်းဖြစ်သလို ရဲဝင်းကလည်း ကျွန်တော့်တပည့်ဖြစ်နေလို့ပါပဲ)။

နီကိုရဲနဲ့ နှစ်ယောက်သားလမ်းလျှောက်ပြီး ကိုတင်စိန်တို့ အိမ်ထွက်လာခဲ့တယ်။ လမ်းမှာ ကျွန်တော့်ရင်ဘတ် အောင့်တာနဲ့ ဆေးလိပ်ဖြတ်လိုက်တဲ့အကြောင်း ပြောပြလာတယ်။ 'ရဲဝင်း မင်းလည်း ဆေးလိပ်ဖြတ်တော့၊ မင်းက မွေးရာပါနှလုံးရောဂါရှိတယ် မဟုတ်လား၊ ဒီတော့ အသက်ဆက်ရှင်ချင်ရင် ဆေးလိပ်ဖြတ်ရမယ်။ ငါတော့ မြန်မြန်သေမှာကြောက်လို့ ဆေးလိပ်ဖြတ်လိုက်ပြီ။ ဒီနေ့နံနက်က စဖြတ်တာပေါ့ကွာ။ မင်းလည်း ဖြတ်တော့လို့ ပြောလိုက်တယ်။ သူကလည်း 'ဖြတ်မယ်ဆရာ ကျွန်တော်လည်း မသောက်တော့ဘူး' လို့ သဘောတူလိုက်ပါတယ်။

ဒါပေမဲ့ ရဲဝင်းက သေတဲ့အထိ ဆေးလိပ်ပြတ်မသွားဘူး။ အရက်ပါ စွဲသွားရှာတယ်။ သူနဲ့ကျွန်တော် ဆေးလိပ်ဖြတ်ကြရအောင်လို့ ပြောဆိုသဘောတူပြီးနောက် ၃၊ ၄ ရက်လောက်ကြာတော့ 'ဆရာရယ် ကျွန်တော်တော့ နေလို့မရဘူး။ အထူးသဖြင့် ညဘက်စာရေးတော့မယ်ဆိုရင် ဆေးလိပ်ကို ပိုသောက်ချင်တယ်။ ဆေးလိပ်ဖြတ်လိုက်တာ အိပ်လို့လည်း မပျော်၊ စားလို့လည်း မဝင်ဘူး။ အဆိုးဆုံးကတော့ စာရေးလို့မရတော့ဘူး။ ဒါကြောင့် ကျွန်တော်တော့ ဆရာ့ကိုပေးထားတဲ့ ကတိဖျက်လိုက်ပြီ။ ဆေးလိပ်ပြန်သောက်ပါရစေဆရာ' လို့ ပြောပါတယ်။ နီကိုရဲဟာ ကျွန်တော်နဲ့ဝေးပြီး ဘက်ဆဲလား စာရေးဆရာဖြစ်သွားသလို ဆေးလိပ်မဖြတ်နိုင်လို့ ငယ်ငယ်ရွယ်ရွယ်နဲ့ အအောင်မြင်ဆုံးအချိန်မှာ နှလုံးရောဂါနဲ့ လူ့ဘဝက ထွက်ခွာသွားခဲ့ပါတယ်။

တကယ်တော့ ဆေးလိပ်သောက်တာနဲ့ ဆေးလိပ်ဖြတ်တာဟာ စိတ်ဓာတ်နဲ့ဆိုင်ပါတယ်။ စိတ်ဖိစီးမှုကြောင့် ဆေးလိပ်သောက်ဖြစ်ကြသလို ဆေးလိပ်သောက်ရင် မိမိဘဝ မိမိအသက်နဲ့ မိမိအကျိုးစီးပွားတစ်ခုခုကို ထိခိုက်နစ်နာ ဆုံးရှုံးမယ်ဆိုတဲ့ အသိကြောင့် စိတ်ကိုပိုင်းဖြတ်မှုရှိရှိ ဖြတ်လိုက်ရင် ဆေးလိပ်ပြတ်တာပါပဲ။ စောစောသေမှာကြောက်လို့ ကျွန်တော် ဆေးလိပ်ဖြတ်ခဲ့တာကြောင့် ယခုစာရေးနေချိန် (၂၀၁၁) အထိ ကျွန်တော် အသက်ရှင်နေသေးတယ်။ ဒါပေမဲ့ စာမရေးနိုင်လို့ ဆေးလိပ်ဆက်သောက်တဲ့ နီကိုရဲကတော့ လွန်ခဲ့တဲ့နှစ်အနည်းငယ်က

ကွယ်လွန်ခဲ့ပါတယ်။ ဒါကြောင့် ဆေးလိပ်ဖြတ်ရင် ပိုင်းဖြတ်မှုရှိရှိနဲ့ ဖြတ်ပစ်လိုက်ပါ။ ဖြတ်သင့်တယ်ဆိုတာကို ယုံကြည်ရင် ပြတ်သွားမှာ သေချာပါတယ်။ ဆေးလိပ်မဖြတ်တဲ့ သူတွေက ဆေးလိပ်ကို ပြတ်သင့်တယ်လို့ မယုံကြည်ကြလို့၊ ဖြတ်ရဲတဲ့သတ္တိလည်း မရှိကြလို့ပါပဲ။

တချို့က ဆေးလိပ်ဖြတ်တဲ့အခါ ကွမ်းနဲ့အစားထိုးတယ်။ ပီကေနဲ့အစားထိုးတယ်။ ဗလရှင်ဆေးပြားနဲ့ အစားထိုးတတ် ကြပါတယ်။ အဆိုးဆုံးကတော့ ကွမ်းစားပြီး ဆေးလိပ်ဖြတ်တာပါပဲ။ ကျွန်တော်တို့ မိတ်ဆွေစာရေးဆရာ မောင်ညိုပြာက 'ဆေးလိပ်ပြတ်ပြီလို့ပြောတဲ့ ဆေးလိပ်ဖြတ်ထားတဲ့သူ တစ်ယောက်ဟာ ဆေးလိပ်မီးခိုးနံ့ရရင် စိတ်ထဲမှာ ဘယ်လိုရှိသလဲ၊ မွှေးလိုက်တာလို့ ခံစားရသလား ဒါမှမဟုတ် မွှန်ထူပြီး မခံနိုင်အောင် ဆေးလိပ်နံ့ကို ရွံမုန်းသလား ပထမခံစားချက်ရှိနေရင် ဆေးလိပ်တကယ် မပြတ်သေးလို့ဘဲ။ ဒုတိယခံစားချက်ရှိရင်တော့ တကယ်ကို ဆေးလိပ်ပြတ်သွားလို့ပဲ' လို့ ပြောဖူးပါတယ်။ ကျွန်တော်ကတော့ ယခုအချိန်မှာ ဒုတိယခံစားချက်ကို ခံစားနေရပါပြီ။

*

## မမေ့နိုင်သော

ဆရာဒဂုန်တာရာ၏ "ရောဝတီ ယန်စီဗော်လ်ဂါ" ဆိုသော ခရီးသွားဆောင်းပါးစာအုပ်ကြီးကို ဖတ်လိုက်သည့်အခါ Travelogue ဆိုသော ခရီးသွားစာပေအကြောင်းနှင့် လှပသော ရေးဖွဲ့ဟန်ကို လေ့လာမှတ်သားရသည်။ တစ်ချိန်တည်းတွင် ခရီးသွားက မိမိသွားရောက်ခဲ့သည့် နိုင်ငံများကို မြစ်များဖြင့် တင်စားရေးသားသည်ကိုလည်း သတိထားမိလေသည်။ အိန္ဒိယကို ကိုယ်စားပြုမြစ်အဖြစ် ဂင်္ဂါ၊ ယမုန်နာ စသည်ဖြင့် ခေါ်ဝေါ်သလို အမေရိကန်ဆိုလျှင် မစ္စစ္စပီမြစ်ဖြင့် တင်စားကြသည်။ တရုတ်ဆိုလျှင် ယန်စီ၊ ရုရှားဆိုလျှင် ဗော်လ်ဂါ။ ထို့ကြောင့် မြန်မာကဗျာဆရာများ၊ စာရေးဆရာများကလည်း ရောဝတီကို မြန်မာနိုင်ငံအား ကိုယ်စားပြုဖြစ်ကြီးအဖြစ် တင်စားကြခြင်း ဖြစ်ပါသည်။ ရောဝတီသည် မြန်မာသင်္ကေတဖြစ်သည်။ ကချင်ပြည်နယ်တွင် မေခနှင့် မလိခမြစ်နှစ်သွယ်ပေါင်းစီးပြီး ရောဝတီကို ဖွားမြင်ခဲ့သည်။ မြန်မာနိုင်ငံ၏ စပါးကျီများကို ရောဝတီက ရှင်သန်အောင် သူမြစ်ရေကို ဖြန့်ဝေပေးခဲ့သည်။ နိုင်ငံခရီးသွားလာရေး၊ ကုန်စည်စီးဆင်းရေးအတွက်လည်း ရောဝတီက သယ်

ဆောင်ပေးခဲ့လေသည်။ ဧရာဝတီသည် နိုင်ငံ၏အသက်သွေးကြောဖြစ်၍ ဧရာဝတီကို ပြည်သူများက ချစ်ခင်အားကိုးကြလေသည်။ ဧရာဝတီသည် သမိုင်းခေတ်ပေါင်းများစွာကို ကျော်ဖြတ်လာခဲ့သည်။ သက်ဦးဆံပိုင်စနစ်မှသည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးကာလများကိုလည်း မြင်တွေ့ခဲ့ရသလို ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် လွတ်လပ်မှုတောင်းဆိုရေး တိုက်ပွဲများကိုလည်း အားပေးဂုဏ်ပြုခဲ့ပါသည်။

ထို့ကြောင့် ဆရာဒဂုန်တာရာက သူ၏ "ဧရာဝတီ ယန်စီဇော်လ်ဂါ" တွင် "မေခနှင့် မလိခဆုံရာ ကျောက်စွန်းကျောက်တုံးများ၌ ရေသည် ဖန်သားကြည်လင်ကာ စီးဆင်းနေသည်ကို ကြည့်ရင်း မေခဘယ်က စီးဆင်းသလဲ။ မလိခ ဘယ်ကမြစ်ဖျားခံ လာပါလိမ့်ဟု တွေးနေမိသည်။ ၁၉၆၀ က ငြိမ်းချမ်းရေးစည်းရုံးရေး ကိစ္စဖြင့် မြစ်ကြီးနားရောက်ရင်း မြစ်ဆုံသို့ လာခဲ့ကြသည်။ မွန်ဂိုလီးယားကုန်းမြင့်ကလော၊ ရေခဲနေသော တိဗက်တောင်တန်းများကလော။

မနုဿဗေဒဆရာတို့က မွန်ဂို၊ ဥရောပ၊ နီဂရိုးစသည်ဖြင့် လူ့အနွယ်ကို ခွဲခဲ့ကြသည်။ အသားအရောင်ဖြင့်ဆိုလျှင် အဝါ၊ အဖြူ၊ အမည်း၊ ရာဇဝင်ဆရာတို့က မွန်ဂို၊ အာရကန်၊ အိုင်ဗီးရီးယံ၊ နီဂရိုး။

ယနေ့ခေတ်တွင် စစ်သည်ရှိနေသော်လည်း ငြိမ်းချမ်းရေးအင်အားသည်လည်း ရှိနေသည်။ အဖျက်ရှိသော်လည်း အပြုလည်းရှိနေဆဲ၊ ကျွန်တော်တို့သည် အပြုဘက်၊ ငြိမ်းချမ်းရေးဘက်ကနေကြရပေမည်။ ထိုအခါ ညီညွတ်ရေးကို ရှာရပေမည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ စစ်ဆန့်ကျင်ရေးပေါ် တူညီသောအခြေခံဖြင့် ညီညွတ်ကြရပေမည်။

ရေခဲတောင်ကိုမြင်နေရသော မေခမှ ယူကလစ်နံ့သင်းသော ရှမ်းရိုးမတောင်သို့ ရောက်ချင် ရောက်နေပေမည်။ ထိုမှမြရာတော၊ အင်ကြင်းတော၊ ထို့နောက် စိမ်းပြာသော ရခိုင်ရိုးမ၊ ညိုပြာသောတောင်ကို နောက်ကျောခံ၍ထားသော မြစ်ကြီးနားမီးရထားလမ်းမှ ဗေဒါဒိုက်ပုံတို့ဖြင့် မျောနေသော ချောင်းဘေးမှ ဧရာဝတီမြစ်ဝကျွန်းပေါ် အထိ ကျယ်ပြန့်နေပေ

မည်။ မုတ္တမ၊ မွန်စလိုင်ရည်၊ ပိတောက်ပန်း၊ ငုပြာ၊ ချယ်ရီ၊ ထင်းရှူး၊ ကနစိုတောအထိ အမျိုးသားဒေသစုံမှ ပြည်သူအစုံပါဝင်သော ညီညွတ်ရေး၊ ထိုအခါ အသားအရောင် ဘာသာစကားတို့လည်း မထွင်းဖောက်နိုင်တော့။

ယန်စီဖော်လ်ဂါမြစ်တစ်လျှောက်မှ နယ်ချဲ့ဆန့်ကျင်ရေး စစ်ဆန့်ကျင်ရေးပြည်သူများသည် ဧရာဝတီမှ နယ်ချဲ့ဆန့်ကျင်ရေး၊ စစ်ဆန့်ကျင်ရေးပြည်သူများနှင့် ညီညွတ်ကြရပေမည်။

ဤကဲ့သို့ ရေးသားပြီး ဧရာဝတီကို ဂုဏ်ပြုထားပါသည်။ ကျွန်တော်တို့သည် သင်္ဘောနှင့်ဖြစ်စေ၊ လှေနှင့်ဖြစ်စေ၊ ဧရာဝတီကို စုန်ဆန်ခဲ့ဖူးကြပေလိမ့်မည်။ ဧရာဝတီမှနေ ဧရာဝတီမြစ်ဝကျွန်းပေါ် သို့လည်း ရောက်ဖူးကြပေလိမ့်မည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၅ နှစ်က ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသဖြစ်သော ဖျာပုံနှင့် ဒေးဒရဲသို့ သင်္ဘောဖြင့် ကျွန်တော်သွားရောက်လည်ပတ်ခဲ့ဖူး၏။ ၁၉၆၅ ခုနှစ် ပါလီမန်ဒီမိုကရေစီခေတ် ရွေးကောက်ပွဲနေ့တွင် ရောက်ခဲ့ခြင်းဖြစ်သည်။ သင်္ဘောက ညဘက်ကြီး ဖျာပုံသို့ရောက်သဖြင့် ကမ်းနားရှိ တဲကလေးများတွင် သူငယ်ချင်းအောင်စိုး၊ သူ့အစ်ကိုကိုထွန်းဝင်းတို့နှင့် တစ်ညအိပ်ကြရသည်။ မနက်လင်းလျှင် သူတို့ရွာကွန်ဒိုင်းသို့ မော်တော်ဖြင့် သွားကြမည်ဟု စီစဉ်ထားသော်လည်း နောက်နေ့ရောက်သောအခါ ရွေးကောက်ပွဲမဲထည့်သောနေ့ဖြစ်၍ မော်တော်၊ သင်္ဘောမှန်သမျှမှာ မဲထည့်သူများအတွက် မဲရုံများသို့ ဆီးပို့ကြိုလုပ်နေကြသည်။ ထို့ကြောင့် ကျွန်တော်တို့ ခရီးကြုံသမ္ဗန်တစ်စင်းဖြင့် နောက်ပြန်တိုးချောင်းတစ်ဖက်ကမ်းသို့ လိုက်ခဲ့ကြရသည်။

နောက်ပြန်တိုးမှတစ်ဆင့် သူတို့ရွာသွားစရာ ဘာလှေ၊ ဘာမော်တော်မှ မရှိတော့သဖြင့် ကွန်ဒိုင်းရွာအထိ လယ်ကွင်းများကို ဖြတ်ကျော်ပြီး ခြေကျင်လျှောက်ခဲ့ ကြရလေသည်။ မနက် ၉ နာရီလောက်ကတည်းက လယ်ကွင်းများ၊ ချောင်းရိုးများကို ဖြတ်လျှောက်ခဲ့ရာ ည ၈ နာရီလောက်မှ ရွာကိုရောက်ခဲ့ကြပါသည်။ ရန်ကုန်မြို့ပြမှလာသော ကျွန်

တော့်အဖို့ ဧရာဝတီမြစ်ဝကျွန်းပေါ်မှာ အသစ်အဆန်း ဖြစ်နေသည်။ ရွေးကောက်ပွဲတွင် ဖဆပလနှင့် ပမညတမှာ အဓိကပြိုင်ဘက်များအဖြစ် ယှဉ်ပြိုင်နေသည်ကို မှတ်မိသည်။ ရွာထဲရှိ ကုက္ကိုပင်တွင်ချိတ်ထားသော အမတ်လောင်း ကြော်ငြာများကြောင့် ဒေးဒရဲမဲဆန္ဒနယ်မှ ပမညတ အမတ်လောင်းမှာ ဦးခင်မောင်မြင့် ဆိုသည်ကိုလည်း မှတ်မိနေသည်။ ကျွန်တော်တို့ သူငယ်ချင်း နှစ်ယောက်မှာ တစ်နေ့လုံးလိုလို လယ်ကွင်းထဲတွင် အချိန်ကုန်ပါသည်။ ငါးဖမ်းကြသည်။ ကဏန်းဖမ်းကြသည်။ ကဏန်းတွင်းနှိုက်ရင်း ငါးရှဉ့်များကိုလည်း ဖမ်းမိကြသည်။ ညနေထမင်းစားပြီးသည်နှင့် အိပ်ပျော်သွားကြရာ မိုးစင်စင်လင်းမှ နိုးကြသည်။ လျှပ်စစ်မီးမရှိ၊ ရေနံဆီမီးခွက်ဖြင့်သာ အလင်းရရှာသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ် ရွာကလေးကို ယနေ့တိုင်မျက်စိထဲ မြင်နေပါတော့သည်။

ဧရာဝတီနှင့်ပတ်သက်၍ ဒုတိယမှတ်မှတ်ရရ အတွေ့အကြုံမှာ ဧရာဝတီမြစ်ကမ်းနဖူးတွင်ရှိသော ပြည်မြို့တွင် သုံးနှစ်နီးပါးနေထိုင်ခဲ့ရခြင်း ဖြစ်လေသည်။ ၁၉၈၄ ခုနှစ်ဆန်းမှ ၁၉၈၆ ခုနှစ်ကုန်ပိုင်းအထိ ပြည်အကျဉ်းထောင်သို့ ကျွန်တော်အပို့ခံ ခဲ့ရပါသည်။ ထိုအချိန်က ပုဒ်မ ၅(ည)ဖြင့် ကျွန်တော်ထောင် ငါးနှစ်ကျခံရသည်။ အင်းစိန်တွင် နှစ်နှစ်နေရပြီး ပြည်သို့အပို့ခံရလေသည်။ ပြည်ထောင်သည် ကျွန်တော့်ထောင်သက်တမ်းတစ်လျှောက်လုံး လူသားအဆန်ဆုံးထောင်ဟု သတ်မှတ်ချင်ပါသည်။ အင်းစိန်ထောင်မှ ပြောင်းရွှေ့လာသော ကျွန်တော်တို့ပုဒ်မ ၅(ည) အကျဉ်းသား လေးယောက်ကို တိုက်တွင်ထားပြီး တစ်ယောက်တစ်ခန်း နေရသည်။ မနက်တန်းဖွင့်သည်နှင့် တံခါးဖွင့်ပြီး တိုက်ဝင်းထဲသွားလာ လှုပ်ရှားခွင့်ရှိသည်။ တိုက်ရှေ့မြေကွက်တွင် ကျွန်တော်တို့ဆန္ဒဖြင့် စားပင်သီးပင်များ စိုက်ပျိုးခွင့်ပေးထားသည်။ သီးလာသော ခရမ်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်းတို့ကို ကျွန်တော်တို့ဘာသာ လုပ်ချင်ရာလုပ်နိုင်သည်။ ကျွန်တော်တို့ ထိုသီးနှံများကို ဟင်းအဖြစ် ကြော်၊ ချက်စားသလို ရန်ကုန်မှထောင်ဝင်စာလာလျှင် အိမ်ကိုလက်ဆောင်ပို့သည်။ ထောင်ပိုင်မှာ ဦးတင်ထွန်း ဖြစ်၏။ တပ်မတော်တွင် အရာခံဗိုလ်ဘဝမှ

အငြိမ်းစားယူပြီး အကျဉ်းဦးစီးဌာနသို့ပြောင်းရွှေ့ပြီး ပြည်အကျဉ်းထောင်ထောင်ပိုင် ဖြစ်လာ၏။ သူသည် စိတ်သဘောထားကောင်းသည်။ အကျဉ်းသားများကို စည်းကမ်းတကျ အုပ်ချုပ်သည်။ အထူးသဖြင့် ပုဒ်မ ၅(ည) များအပေါ် လေးစားမှုရှိလေသည်။ မနက်တိုင်းတိုက်သို့ ထောင်မှူးများနှင့်ရောက်လာပြီး ကျွန်တော်တို့နှင့်စကားပြောလေ့ရှိသည်။

"ကျွန်တော့်ထောင်ကို စံပြထောင်အဖြစ် သိပ်လုပ်ချင်တာပဲ။ အကျဉ်းသားအချင်းချင်း အနိုင်ကျင့်ဗိုလ်ကျတာတွေ မရှိစေချင်ဘူး။ ဝဝလင်လင် စားစေချင်တယ်။ ကျန်းကျန်းမာမာ ရှိစေချင်တယ်။ စံပြထောင်ဖြစ်အောင် ဘယ်လိုလုပ်သင့်တယ်လို့ စာရေးဆရာကြီးထင်ပါသလဲ။

ကျွန်တော်ကလည်း -

"ကျွန်တော်သိသလောက် ထောင်ပိုင်ကြီးကို ပြောရမယ်ဆိုရင် အရင်ကိုလိုနီခေတ်ကတော့ နိုင်ငံရေးသမားတွေကို သီးသန့်ထားတယ်။ အေကလပ်၊ ဘီကလပ်၊ စီကလပ်ဆိုပြီး ခွဲထားတယ်။ အဲဒီခေတ်က ငွေတန်ဖိုးနဲ့ဆိုရင် အေကလပ်ကို ၁၅ ကျပ် ကျွေးတယ်။ ဘီကလပ်ကို ၇ ကျပ်ခွဲ၊ စီကလပ်ကတော့ ၄ ကျပ်လား၊ ၅ ကျပ်လား ကျွန်တော်မသိတော့ဘူး။ အခါကြီးရက်ကြီးတွေမှာ တစ်ထောင်လုံး ဟင်းကောင်းကောင်း ချက်ကျွေးသလို ပျော်ပွဲရွှင်ပွဲတွေလည်း ကျင်းပပေးတယ်။ လွတ်လပ်ရေးနေ့ဆိုရင် ပြေးခုန်ပစ်ပြိုင်ပွဲတွေ ကျင်းပပေးတယ်။ ဆရာကြီးလူထုဦးလှရှိတုန်းကဆိုရင် အပြင်က ဦးဇော်ဝိတ်တို့၊ ဂျမီဖာတင်လေးတို့စတဲ့ အားကစားသမားတွေကိုခေါ်ပြီး အကျဉ်းသားတွေကို နည်းပြကြတယ်လို့ ဆိုတယ်။ စာဆိုတော်နေ့ဆိုရင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ထောင်ထဲဖိတ်ပြီး အကျဉ်းသားတွေက ကန်တော့ကြတယ်။ ဆရာဒဂုန်တာရာကိုဆိုရင် နေ့လယ်စာတောင် လာစားခွင့်ပေးတယ်လို့ ဆိုတယ်။ သီတင်းကျွတ်ဆိုရင် အငြိမ့်တွေ၊ ဇာတ်တွေကပြကြတယ်။ အပြင်ဇာတ်တွေက အဝတ်အစားတွေငှားပြီး အခမ်းအနားလုပ်ကြတာပေါ့။

တကယ်တော့ အကျဉ်းထောင်ဆိုတာဟာ မိမိကျူးလွန်ခဲ့တဲ့ပြစ်မှု

အတွက် ပြစ်ဒဏ်ခံရတဲ့နေရာပဲ။ နှိပ်စက်ညှဉ်းပန်းခံရတဲ့နေရာ မဟုတ်ဘူး။ မိမိအမှားကို အမှန်မြင်လာအောင် စိတ်ပိုင်းအရ ရုပ်ပိုင်းအရ ပြန်လည်ပြုပြင်ပေးရတဲ့ နေရာပဲ။ အကျဉ်းထောင်ကို နှိပ်စက်ညှဉ်းပန်းတဲ့နေရာလို့မြင်ရင်တော့ ရာဇဝတ်မှုတွေပိုတိုးလာမှာပဲ။ ထောင်ပိုင်ကြီးအနေနဲ့ စံပြထောင်ဖြစ်ချင်ရင် အကျဉ်းသားတွေကို စာများများဖတ်ခိုင်းပါ။ ထောင်ထဲမှာ စာကြည့်တိုက်ဖွင့်ပေးပါ။ ဘာသာအလိုက် တရားနားထောင်ခွင့်၊ ဟောခွင့်ပြုရမှာဖြစ်သလို သူတို့ကျန်းမာရေးအတွက်လည်း လွတ်လွတ်လပ်လပ် ကစားခွင့်ပေးသင့်တယ်။ ဥပဒေအတိုင်းသာ အုပ်ချုပ်ပြီး အစားအသောက်၊ အနေအထိုင်အတွက်လည်း ဝလင်ပြီးသန့်ရှင်းတဲ့ပတ်ဝန်းကျင်မျိုးကို ဖန်တီးပေးသင့်ပါတယ်" ဟု ကျွန်တော်က ပြန်ဖြေလိုက်ပါတော့သည်။

ပြည်ထောင်သည် ဧရာဝတီမြစ်နှင့် သိပ်မလှမ်းလှပေ။ သောက်ရေ၊ သုံးရေအဖြစ် မြစ်ရေကို အသုံးပြုရသည်။ တစ်နှစ်က ဧရာဝတီမြစ်ရေတက်လာသဖြင့် ထောင်ထဲမှာ ရေကြီးလာခဲ့သည်။ ထို့ကြောင့်လုံခြုံရေးမှူးက အကျဉ်းသားများကို မော်တော်ယာဉ်ဖြင့် မင်းကြီးတောင်ကို ရွှေ့ပြောင်းခဲ့ရသည်ဟု သိရသည်။ ကျွန်တော်တို့ကိုထားသော တိုက်များနံရံတစ်ဝက်ကျော်အထိ ရေတက်လာသည်ဟု သိရ၏။ ဧရာဝတီက အကျိုးပြုခဲ့သလို ဒေါသကြီးလာလျှင်လည်း ဒုက္ခရောက်အောင် ခံစားခဲ့ရလေသည်။

ကျွန်တော်သည် ပြည်ထောင်တွင် စာရေးခွင့်ရပါသည်။ အိမ်မှပို့ပေးသော အင်္ဂလိပ်စာအုပ်၊ အဘိဓာန်၊ မြန်မာစာအုပ်၊ နိုင်ငံခြားမဂ္ဂဇင်းအများအပြားကို ထောင်အာဏာပိုင်များက စစ်ဆေးပြီးခွင့်ပြုသည်၊ ဗလာစာအုပ်နှင့် ဘောပင်လည်း ပေးထားသည်။ သို့သော် အရေးအတွက်ကိုကား မှတ်ထား၏။ ကျွန်တော်က ဘာသာပြန်သည်ဖြစ်စေ ထိုစာများကို ထောင်ပိုင်ဆီတင်ပြပြီး ထောင်ပိုင်က ရုံးခန်းထဲတွင် စနစ်တကျ သိမ်းဆည်းထားပါသည်။ အိမ်မှငွေပို့လျှင်လည်း စာရင်းဇယားဖြင့် သုံးစွဲခွင့်ပေးပါသည်။ ပြည်ထောင်တွင် မော်ရေးဗီးယား၏ ဝတ္ထုတို

များနှင့် Haward ၏ April Morning စာအုပ်ကို ဘာသာပြန်နိုင်ခဲ့၏။ ကျွန်တော်ထောင်မှ လွတ်သောအခါ ကျွန်တော့်စာမူများကို စစ်ဆေးပြီး ထောင်ပိုင်က စနစ်တကျ ယူခွင့်ပေးပါသည်။ ကျွန်တော်လွတ်သည့်နေ့က ထောင်ပိုင်ကို "ထောင်ပိုင်ကြီး စာကြည့်တိုက်ဖွင့်ဖို့ စဉ်းစားစေချင်ပါတယ်။ ရန်ကုန်ကနေ ကျွန်တော်စာအုပ်တွေ၊ မဂ္ဂဇင်းတွေ ပို့ပေးပါမယ်။ ကျွန်တော်တို့ အတတ်နိုင်ဆုံး စောင့်ရှောက်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်" ဟုပြောပြီး နှုတ်ဆက်ခဲ့လေသည်။

ကျွန်တော်တို့တိုက်ဝင်းနှင့် ကပ်ရက်တွင် ထောင်ဆေးရုံ ရှိလေသည်။ ထိုထောင်ဆေးရုံထဲသို့ ကျွန်တော်တို့ကို သွားခွင့်ပေးလေသည်။ ကျွန်တော်နှင့် ထောင်ပိုင်ကြီး ရန်ကုန်ထောင်တွင် ဇာတ်ပွဲများကခဲ့သည့် အကြောင်း ဆွေးနွေးခဲ့သည်ကို ဆရာဝန်အား ပြောပြခဲ့သည်။ ထောင်ပိုင်က ပြည်ထောင်တွင်လည်း ထိုသို့လုပ်လျှင် မကောင်းလားဟု မေးသည့်အကြောင်း ဆရာဝန်အားပြောပြရာ ဆရာဝန်က "ဆရာက တယ်ခေတ်နောက်ကျပါလား။ ဒီနေ့လိုကာလမျိုးမှာ ဇာတ်က၊ အငြိမ့်ကလို့ ဘယ်ခေတ်မီတော့မှာလဲ။ ဗီဒီယိုတွေ ပေါ်နေတဲ့အချိန်ပဲ။ အကျဉ်းသားတွေကို ဗီဒီယိုငှားပြရင် အဆင်ပြေတာပေါ့" ဟု သူကအကြံပြု၏။ ဆရာဝန်၏အကြံကို နောက်တစ်နေ့တွင် ထောင်ပိုင်အား ပြောပြခဲ့သည်။ သူကလည်း သဘောတူလေသည်။ သူက "ဒီလိုဆိုရင် စာရေးဆရာ ဆရာဝန်နဲ့တိုင်ပင်ပြီး လုပ်ကြလေဗျာ" ဟု ကျွန်တော့်ကို မီးစိမ်းပြခဲ့လေသည်။ ထိုအချိန်မှစ၍ ထောင်ထဲတွင် အနည်းဆုံးတစ်လတစ်ကြိမ် ဗီဒီယိုပြသပါသည်။ တနင်္ဂနွေပိတ်ရက်တွေ အကျဉ်းသားအားလုံး ထောင်အလယ်ကွင်းထဲတွင် ဗီဒီယို ပြသလေသည်။ တစ်ခါတလေ ထောင်ပိုင်ကြီးလည်း လာကြည့်သည်။ ဗုဒ္ဓဂယာ၊ ကမ္ဘာ့ဖလားဘောလုံးပွဲနှင့် ကျန်မြန်မာဗီဒီယိုကားများကို ငှားရမ်းပြသနိုင်ခဲ့လေသည်။

ပြည်ထောင်တွင် သုံးနှစ်ခန့်နေပြီး နောက်လွတ်ရက်စေ့သည့် အချိန်တွင် ရန်ကုန်သို့ ကျွန်တော်ပြန်ခဲ့ပါသည်။ မပြန်ခင်မြို့ထဲ လျှောက်လည်ခဲ့သည်။ ဧရာဝတီမြစ်သည် စီးဆင်းနေ၏။ ထိုအချိန်က နဝဒေး

တံတားမဆောက်ရသေး၍ တစ်ဖက်သွားလိုလျှင် လှေဖြင့်သွားရသည်။ ပြည်သည် အလွန်လှပသော မြို့ဖြစ်သည်။ အစားအစာပေါကြွယ်၍ ဧရာဝတီကမ်းနဖူးမှ မြစ်ပြင်ကိုမျှော်ကြည့်လိုက်လျှင် အလွန်သာယာကြည်နူးဖို့ကောင်း၏။ ပြည်တွင်နေရသော သုံးနှစ်တာကာလတွင် ကျွန်တော့်စိတ်ထဲ၌ တင်းကြပ်မနေပါ။ အိမ်မပာတ်၍ အိမ်မှာလိုလွတ်လပ်ခွင့်မရှိသော်လည်း ထောင်ထဲတွင် စာဖတ်ခွင့်၊ စာရေးခွင့်၊ စိုက်ပျိုးခွင့်၊ ကျန်းမာရေးလှုပ်ရှားမှုများ လုပ်ခွင့်တို့ရှိသောကြောင့် အချိန်ကုန်သွားမှန်းပင်မသိပါ။ ထို့ကြောင့် ဧရာဝတီအကြောင်း ပြောလာလျှင် ကျွန်တော်ပြည်ထောင်ကို အမှတ်ရနေပါသည်။

ဆရာဒဂုန်တာရာက သူ၏သံသယနှစ်ကာလများ ကဗျာတွင် -

စိမ်းကြည်ပြာလဲ့ စီးဖွဲ့ဝန်းခွေ<br>
ရေယာဉ်လမ်းစ မလိခနှင့်<br>
မေခဆုံရာမှုန်ပျတောခြေ<br>
ရေခဲနှင်းပွင့်ဖြူဖြူတင့်ကြ။<br>
ကမ်းပါးမြစ်ရိုး ပုထိုးစေတီ<br>
ချိုစည်ညောင်ရွက်လေသက်သံလွင်<br>
တဒင်ဒင်မြည် စင်ရော်ပျံလေ။

ဟု ဧရာဝတီမြစ်ဖျားစရာကို ရေးဖွဲ့ထားခဲ့သည်ကို ပြန်လည်အမှတ်ရနေပါတော့သည်။

*

## သူခိုး

တနင်္ဂနွေ အလုပ်ပိတ်ရက်များ၌ သူကကျွန်တော့်ကို အမြဲလိုလိုခေါ်ပြီး ထမင်းကျွေးလေ့ ရှိပါသည်။ သူထမင်းစားသည်မှာ ကျွန်တော်တို့လို ထောင်မှ ကျွေးသည့်ဒွေ့မထလို ဆန်မျိုးမဟုတ်။ ကော့ပျံနေသော တောင်ပြန်၊ ငကြွဲလိုဆန်မျိုး စား၏။ ပိတ်ရက်စာဖတ်၍ နားရသည် မဟုတ်၊ သူက အမြဲလိုလိုလာခေါ်လေ့ ရှိသည်။ ကျွန်တော်က အားနာပါး နာနှင့် လိုက်သွားရ၏။ ကျွန်တော့်ဆီတွင်မူ အေးအေးချမ်းချမ်းမရှိ။ လူ အများရှိရန် ပြောစရာရှိသည်ကို ပြောလို့မရပေ။ သူ့ဆီမှာမူ သီးသန့်လို ဖြစ်၍ အေးဆေးပါသည်။ ကြက်သား၊ ဝက်သား၊ ဆိတ်သားစသော ဟင်းကောင်းများကို သူသို့မဟုတ် သူ့တပည့်တစ်ယောက်က ချက်ကျွေး လေသည်။ ကျွန်တော်က ၃ ဆောင်တွင်နေပြီး သူက ၁ ဆောင်တွင် နေရလေသည်။ ၁ ဆောင်တွင် သူက သီးသန့်နေရ၏။ အများနေသော နေရာတွင် မဟုတ်ဘဲ ထောင်မှူးရုံးခန်းတွင် နေရသောကြောင့် သူ၏ အနေအထိုင်မှာ သီးသန့်ဖြစ်နေသည်။ သူက ထောင်မှူးရုံးခန်းလို သီး သန့်နေရာနေနိုင်လောက်သည့် အခြေအနေတွင် ရှိ၏။ ထိုသို့နေနိုင် အောင်လည်း သူက အကုန်အကျခံသူ ဖြစ်ပါသည်။

သူ့ကို တစ်ထောင်လုံးက သိ၏။ ထောင်မှူး၊ ထောင်ပိုင်ကအစ နှစ်ကြီးသမား ထောင်သားအားလုံးသူနှင့် ရင်းနှီးသူများက သူ့နာမည် အရင်း ခင်သိန်းကို မခေါ်ဘဲ 'သူခိုး' ဟု ခေါ်ကြသည်။ တချို့ကမူ 'သူခိုးခင်သိန်း' ဟု ခေါ်ကြ၏။ လူမောင်သည် လူချစ်လူခင်ပေါသူလည်း ဖြစ်ပါသည်။ ခိုးသည်မှလွဲ၍ ငါးပါးသီလတွင် ကျန်ကံ(၄) ပါးကို ထိန်း ထားသူ ဖြစ်သည်။ သူငယ်ငယ်ကတည်းက အရက်မသောက်၊ လိမ် မပြော၊ သူများသားမယား မပြစ်မှားခဲ့သော်လည်း ယခုအခါတွင် အလွန် ကျွမ်းကျင်သော ဖောက်ထွင်းဝိဇ္ဇာ သူခိုးကြီးအဖြစ် အင်းစိန်ထောင်တွင် လူသိများသည့်၊ လူအများမထင်လောက်သည့် ဖောက်ထွင်းမှုမျိုးများ လုပ်လေ့ရှိသည်။ လုပ်သမျှလည်း အောင်မြင်လေ့ရှိသည်။ သူခိုးလျှင် မရသောပစ္စည်း မရှိသလောက် ကျွမ်းကျင်လှပါသည်။ အသားဖြူဖြူ ကိုယ်လုံးသွယ်သွယ်၊ မျက်နှာကျသွယ်ပြီး ခပ်ချောချောယောကျ်ားတစ် ယောက်လည်းဖြစ်သည်။ သူက ငယ်သူကို ညီလေး၊ သားဟူ၍ တစ်ရင်း တစ်နှီးပြောတတ်သလို ကြီးသူကို အစ်ကို၊ ဦးလေး၊ ဘကြီး၊ ဆရာ ဟူ၍ လူပုံပန်းကိုကြည့်ပြီး ခေါ်တတ်၏။ မတွန့်တိုဘဲ ပေးကမ်းတတ်သူဖြစ် သလို စေတနာကောင်းသူလည်း ဖြစ်လေသည်။ ပထမတစ်ခေါက် အင်းစိန်ထောင်တွင် နေရကတည်းက သူ့ကိုကျွန်တော်သိခဲ့ပါသည်။ သူသည် ယခုလောက် လူရာမဝင်ပေ။ ထိုအချိန်က အဆောင်အခန်းထဲ တွင် သာမန်အကျဉ်းသားများအတိုင်းပင် နေ၏။ သို့သော် သူ့နေရာမှာ အခန်း၏နောက်ပိုင်း အပေါ့အလေးသွားသော နေရာနှင့် မလှမ်းမကမ်း တွင် ရှိသည်။ သူ့နေရာသည် မီးအမြဲလင်းနေပြီး သူသည်အိပ်ချိန်တွင် မအိပ်ဘဲ နေနိုင်သည်။ တန်းစီချိန်နှင့် သူများနိုးသောအချိန်တွင် သူအိပ် နေနိုင်သည်။ သူ့ဘေးတွင် ဝိုင်ယာကြိုးများ၊ မီးလုံးများ၊ ဝက်အူလှည့်များ စသည့်ပစ္စည်းကိရိယာများ ရှုပ်ပွနေ၏။ ထောင်ပိုင်ကလည်း ထိုသို့ရှုပ် ပွခွင့်ကို ခွင့်ပြုထားသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ရေဒီယို ကက်ဆက်၊ တီဗီများကို ပြင်တတ်ပြီး ထောင်မှူး၊ ထောင်ပိုင်များ၏ ထို ပစ္စည်းများကို သူကအမြဲမပြတ် ပြင်ပေးနေရလေသည်။ ထို့ကြောင့်

သူသည် ထောင်ထဲတွင် အခွင့်ထူးခံတစ်ယောက် ဖြစ်နေလေသည်။ အလုပ်လုပ်စရာမလို၊ ထမင်းတန်းစီစရာ မလို၊ ပုံစံနှင့် ရေချိုးစရာမလို၊ ထောင်မှပေးသော အစားအစာများအပြင် ထောင်မှူး၊ ထောင်ပိုင်များက ပေးသော မုန့်ပဲသရေစာများကိုလည်း အမြဲစားရ၏။

ခင်သိန်းသည် လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်းနှင့် ပတ်သက်၍ အလွန်ကျွမ်းကျင်သော ပညာရှင်တစ်ယောက်ဟု ဆိုရမည်။ ထိုသို့ဆိုရလောက်အောင် သူသည်ဆက်သွယ်ရေးတပ်တွင် အမှုထမ်းခဲ့သလို စက်ပစ္စည်းမျိုးစုံကိုလည်း ပြင်ဆင်ခဲ့ရသဖြင့် ရေဒီယိုလောက်၊ ကက်ဆက်လောက်၊ တီဗီလောက်မှာသူ့အတွက် ထမင်းစားရေသောက် ဖြစ်ပါသည်။ ငယ်စဉ်ကတည်းက ထိုစက်ကိရိယာများကို ဝါသနာပါသူဖြစ်၍ သူနှင့်စက်ပစ္စည်းများမှာ ခွဲမရသော မိတ်ဖက်များ ဖြစ်လာကြပါသည်။ ညဘက်ဆိုလျှင် သူပြင်နေသော ရေဒီယိုကို စမ်းသပ်သဖြင့် တဂွီဂွီ၊ တဂွမ်ဂွမ် အသံများ ကြားနေရသလို မော့စ် (Morse Code) ခေါ် အချက်ပေး သင်္ကေတဖြင့် သတင်းပို့သောအသံများကိုလည်း ကြားရသည်။ ကျွန်တော်တို့က တောင်းဆိုလျှင် ရေဒီယိုမှသီချင်းကောင်းများကို အသံကျယ်ကျယ်ဖြင့် သူကဖွင့်ပေးတတ်ပါသည်။ နိုင်ငံရေးသမားစာရေးဆရာမှန်း သိလာသောအခါ ခင်သိန်းက ကျွန်တော့်နားအမြဲရောက်ပါတော့သည်။

ထောင်ထဲရှိ ရာဇဝတ်အကျဉ်းသား အားလုံးလိုလိုမှာ သူတို့အကြောင်းကို စာတစ်စောင်၊ ပေတစ်ဖွဲ့ဖြင့် မှတ်တမ်းတင်ခံလိုကြသည်။ သူတို့အကြောင်းကို ပြောပြချင်ကြသည်။ တချို့လူများ၏ ဘဝဇာတ်လမ်းများမှာ စိတ်ဝင်စားစရာ မရှိလှပေ။ တချို့မှာ သနားစရာကောင်းသလောက် တချို့မှာ ရွံရှာစက်ဆုပ်ဖွယ် ကောင်းလှ၏။ အပြစ်မကျူးလွန်ဘဲ ပြစ်ဒဏ်ခံရသူ ဒုနှင့်ဒေး ရှိပါသည်။ ပြစ်မှုနှင့် ပြစ်ဒဏ်မမျှတဘဲ ဘဝဆုံးရှုံးခဲ့ရသူများလည်း အများကြီးရှိပါသည်။ ထို့ကြောင့် သူတို့အကြောင်းများကို ပြောပြချင်သည်။ ထိုအထဲတွင် ခင်သိန်းလည်း တစ်ယောက်အပါအဝင် ဖြစ်၏။ ကျွန်တော့်မှာမူ ထိုကဲ့သို့ ပြောပြသူများလွန်း

သောကြောင့် ရေးမှတ်စရာ ဘောပင်၊ စာရွက်လည်း မရှိသဖြင့် ဝတ်ကျေဝတ်တန် နားထောင်ရသည်က များပါသည်။ သာမန် ခိုး၊ ဆိုး၊ ဓားများ၏ အကြောင်းကို နားထောင်ချိန် သိပ်မရပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အလုပ်ပြန်တန်းစီပြီးမှသာ သူတို့အကြောင်း အချိန်ပိုင်းသာ ပြောခွင့်ရ၍ ကျွန်တော့်နားထဲ သိပ်မစွဲနိုင်ပါ။ သူတို့အကြောင်း အများဆုံးပြောသူမှာ ဓားပြဗိုလ်များ ဖြစ်လေသည်။ သူတို့ကပြောချိန်လည်း ရသည်။ ထောင်ထဲတွင် နှစ်ပေါင်း ၇၀/၈၀ ပြစ်ဒဏ်အချခံရသောကြောင့် ထောင်သက်လည်း ရင့်နေပြီဖြစ်၏။ ထောင်မင်းသားများအဖြစ် အလုပ်မလုပ်ရဘဲ ပြောပြချိန်ရကြပေသည်။

ထောင်ထဲတွင် ဂိုဏ်းကြီးသုံးဂိုဏ်းရှိ၏။ ဂိုဏ်းဆိုသည်မှာ ငွေအင်အား၊ လူအင်အား တောင့်တင်းသည့် ထောင်ကျနေသော ရာဇဝတ်ဂိုဏ်းများကို ဆိုလိုပါသည်။ ထိုဂိုဏ်းများမှာ ဓားပြဂိုဏ်း၊ ခါးပိုက်နှိုက်ဂိုဏ်းနှင့် မူးယစ်ဆေးဝါးဂိုဏ်းများ ဖြစ်သည်။ သူတို့မှာ လူအင်အား၊ ငွေအင်အား ကောင်းသောကြောင့် 'အကျဉ်းသားအရာရှိ' ဟူသည့် ထောင်မှခေါ်သော တာဝန်များကို ယူကြရလေသည်။ ထိုသို့ရအောင်လည်း ငွေပုံအောပေးရလေသည်။ ငွေအများဆုံးပေးနိုင်သော ဂိုဏ်းက ထောင်တွင် တန်းစီး၊ ဘုတ်ကိုင်၊ ဗာရာစသည်တို့ကို ရရှိကြပါသည်။ တန်းစီးမှာ အမြင့်ဆုံးဖြစ်၏။ အဆောင်တန်းစီး၊ အခန်းတန်းစီး၊ အလုပ်တန်းစီး၊ ထောင်ဝင်စာတန်းစီး စသည့်အကျဉ်းသားများ စနစ်တကျနေအောင် ထိန်းသိမ်းရသော အလုပ်ဖြစ်လေသည်။ ဘုတ်ကိုင်ဆိုသည်မှာလည်း အလုပ်လုပ်သော ထောင်ကျများ၏ နာမည်စာရင်းကို ရေးမှတ်ပြီး အလုပ်တာဝန်အလိုက် ခွဲဝေပေးသူဖြစ်သည်။ ဗာရာဆိုသည်မှာမူ ညဘက်တွင် အဆောင်အတွင်း၌ အကျဉ်းသားများ အိပ်ချိန်အိပ်၊ ထချိန်ထ၊ ဆီးသွားချိန်၊ ဝမ်းသွားချိန် သွားခွင့်ပေးရသောသူ ဖြစ်ပါသည်။ သူက အကျဉ်းသားများအိပ်သော သစ်သားတန်းများ ကာထားသောအခန်းနှင့် အဆောင်အုတ်နံရံ သံတိုင်များရှိသော အကာကြား လေးပေခန့် ကျယ်သည့် လူသွားလမ်းပေါ်တွင် ညဘက်အိပ်ပြီး စောင့်နေသူများ

ဖြစ်ပါသည်။ ထိုသို့ အကျဉ်းသားအရာရှိဟုခေါ်သော တန်းစီးများ၏ နေရာကို ဓားပြဂိုဏ်းက ယူထားနိုင်ခဲ့သလို မူးယစ်ဆေးဝါးသမားများကလည်း ငွေအင်အားနှင့် လူအင်အား တောင့်တင်းလာသည့်အတွက် ယူခဲ့ကြသည်။ ခါးပိုက်နှိုက် စစ်ဆင်ရေးကာလ ခါးပိုက်နှိုက်အများအပြား ထောင်ထဲရောက်ခဲ့ကြသလို တစ်ထောင်လုံးရှိ တန်းစီးများကို သူတို့ပင် ယူလိုက်ကြသည်။ ကျွန်တော်ရောက်သည့် အချိန်က ဓားပြများ အသာစီးရပြီး ထောင်ကို အုပ်ချုပ်နေချိန်လည်း ဖြစ်၏။ ဖိုခေါင်းကိုလည်း ဓားပြဗိုလ်တစ်ယောက်က ယူထားနိုင်ခဲ့သည်။ ထောင်တွင် အခွင့်အရေးအရှိဆုံး၊ ဝင်ငွေအကောင်းဆုံးနေရာမှာ ဖိုကြီးနှင့် ထောင်ဝင်စာတို့ ဖြစ်လေသည်။ ဖိုခေါင်းဆိုသည်မှာ ဖိုကြီး၏တန်းစီးကို ခေါ်သည်။ ထောင်ဝင်စာဆိုသည်မှာ ထောင်ဝင်စာနေရာတွင် ထောင်ကျများကို ထိန်းရသော ထောင်ကျတန်းစီးဖြစ်သည်။ အင်းစိန်ထောင်၏ ဖိုကြီးမှာ မိန်းဂျေး (Main Jail) ဆိုသော ထောင်၏အလယ်ဗဟိုတည့်တည့်တွင် ဖိုကိုထားရှိလေသည်။ သောင်းနှင့် ချီသော အကျဉ်းသားအားလုံးကို ချက်ကျွေးသည့် မီးဖိုကြီးထားရှိသည့်နေရာ ဖြစ်သည်။ အဆောင်အားလုံးက ထိုမိန်းဂျေးကို ဦးတိုက်ရ၍ ထိုမိန်းဂျေးရှိ ဖိုကြီးမှာလည်း အဆောင်အားလုံးကို ဖြန့်ပြီး ထမင်းကျွေးရလေသည်။ ထိုဖိုကြီးတွင် အကျဉ်းသားအားလုံးအတွက် ထမင်း၊ ဟင်းချက်ကျွေးသော ထမင်းချက်များကို ခေါင်းဆောင်သော ဖိုခေါင်းမှာ မည်မျှတန်ခိုးထွားပြီး၊ မည်မျှလာဘ်လာဘရွှင်မည်ကို မှန်းဆ၍မရနိုင်ပေ။ အဓိကကျသော ထိုနေရာများကိုရရှိသော လူများသည် သူတို့ကုန်ကျထားသော ငွေကိုပြန်ရှာနိုင်စွမ်း ရှိလေသည်။ ကိုလိုနီခေတ်က အရိပ်အငွေ့မစင်သေးသော လွတ်လပ်ပြီးခေတ်ထောင်များတွင် လာဘ်ပေး၊ လာဘ်ယူစနစ်မှာ ကြီးမားလှသည်။ ငွေများတရားနိုင်ဆိုသော တရားစီးရင်ရေးစနစ်အောက်တွင် ငွေမပေးနိုင်ပါက အမှုရှုံးပြီး ထောင်ကျနိုင်သည်။ တရားခံဖြစ်လျှင် ငွေမပေးနိုင်ပါက ထောင်ကျနိုင်သည်။ ငွေကုန်ခံနိုင်သော တရားခံမှာ ပြစ်မှုမှာလွတ်သွားမည်ဖြစ်သည်။ ထောင်ထဲတွင်လည်း ငွေပေးနိုင်သူက သက်သောင့်သက်သာ

နေရ၏။ အစားကောင်းကောင်း စားနိုင်သည်။ အပြင်မှဝယ်ယူ စားသောက်၍ရသည်။ ထောင်ထဲတွင်လည်းမှ မလုပ်ဘဲ နေနိုင်သည်။ ထောင်တွင် မနေချင်လျှင်လည်း ငွေပေး၍ရဲဘက်လိုက်လျှင် ရသည်။

ထို့ကြောင့် ငွေကောင်းကောင်းပေးနိုင်သော ခားပြမျာမှာ အဆောင်တိုင်းတွင် တန်းစီးများ ဖြစ်နေ၏။ နိုင်ငံရေး အကျဉ်းသားများ ရှိသော တိုက်များမှလွဲ၍ တစ်ထောင်လုံးလိုလို ဖျောက်ဆိတ်ဖြစ်နေပါတော့သည်။ ကျွန်တော်ရှိသည့်အချိန်က ခားပြဗိုလ်ကိုညွန့်စိန်မှာ ဖိုခေါင်းဖြစ်၏။ ထောင်တွင် နှစ်ပေါင်းရာချီကျနေသောကြောင့် သူတို့အဖွဲ့ထောင်ထဲ၌ပင် အရိုးထုတ်ရမည့်သူများ ဖြစ်သည်။ ကိုညွန့်စိန်မှာ ကျွန်တော်နှင့်လည်း ခင်သည်။ လူကောင်ထွားထွား ကျိုင်းကျိုင်းဖြင့် အဝတ်အစားဝတ်သည်မှာ သပ်ရပ်သည်။ လူသတ်၊ခားပြတိုက်မှုဖြင့် ထောင်နှစ်ပေါင်းများစွာ ကျနေ၏။ သူနှင့်သိရသည့်အတွက် ကျွန်တော်လည်းအမြဲပါးစပ်စိုနေပါသည်။ သူတို့နှင့်နေစဉ် ညပိုင်းတွင်သူတို့အကြောင်းများကို အမြဲပြောတတ်ကြသလို ကျွန်တော်ကလည်း အမြဲတရားချတတ်၏။ လူနေမှုစနစ်၏ သားကောင်များအဖြစ် သူတို့ကို နားချသည်။ လောဘကြီးသည်ထက် မိသားစုဝမ်းရေးအတွက် ခားပြတိုက်ရခြင်းမှာ စနစ်ကြောင့်သာ ဖြစ်သည်ဟု ပြောပြသည်။ အင်္ဂလိပ်စာ မတတ်သူများကို အင်္ဂလိပ်စာသင်ပေးသလို မြန်မာစာမတတ်သူများကိုလည်း သင်ပေး၏။ ကျွန်တော်ဖတ်ရသော စာအုပ်၊ ဝတ္ထုထဲမှ ပုဂ္ဂိုလ်များအကြောင်းပြောပြသည့်အတွက်လည်း သူတို့ကလေးလေးစားစား နားထောင်သည်။ ကျွန်တော်နှင့် ခင်မင်ခဲ့ကြပါသည်။ ကိုညွန့်စိန်နှင့် ကျွန်တော်သည် တစ်နှစ်ခန့်သာ အတူနေခဲ့ရပြီး ကျွန်တော်က ထောင်ပြောင်းသွားသည်။ ထို့နောက်နောက် ငါးနှစ်ခန့်အကြာတွင် စတုတ္ထအကြိမ် အင်းစိန်ထောင်ရောက်သောအခါ အဆောင်သို့ ကျွန်တော်မရောက်တော့ပေ။ တိုက်ထဲ၌သာ နေရ၏။ တိုက်ထဲရောက်စက လူသစ်အဖြစ်သံတံခါးကို ဖျာကာထားသည်။ တခြားအခန်းမှ ရေချိုးသည့်အခါ မြင်မှာစိုးသောကြောင့် ဖြစ်သည်။ ထမင်းပို့သော အကျဉ်းသားကိုသာ တွေ့ရ၏။ တစ်ခါက ကျွန်

တော်သည် ထမင်းလာပို့သော အကျဉ်းသားလေးကို -

"မင်းတို့ ဖိုကြီးက ဖိုခေါင်းဘယ်သူလဲကွ"

ထမင်းပို့သူ အကျဉ်းသားက ကျွန်တော့်ကို ခပ်ရွံ့ရွံ့ကြည့်ပြီး နှုတ်မှခပ်တိုးတိုးဖြင့် -

"ဦးညွန့်စိန်ပါ"

"ဩော် . . . ကိုညွန့်စိန်က ဖိုခေါင်းဖြစ်တုန်းပဲကိုး။ အေး . . . မင်းရောက်ရင် ပြောလိုက်စမ်းကွာ၊ စာရေးဆရာ ထက်မြက်တိုက်ပြန်ရောက်နေပြီလို့ ပြောလိုက်၊ သတိရတယ်လို့လည်း ပြောလိုက်စမ်းကွာ။ ကျန်းမာရေးကိုလည်း ဂရုစိုက်၊ စာလည်းဖတ်လို့ ပြောလိုက်စမ်းပါ" ဟု မှာလိုက်ပါသည်။

နောက်တစ်နေ့ ထမင်းပို့ချိန်တွင်လည်း ကာထားသော ဖျာကို လှပ်၍ ထောင်ကျလေးသည် ထမင်းပုံးနှင့် ပဲဟင်းပုံကို ယူလာကာ နောက်ဘက်သို့ကြည့်လိုက်ပြီး လူရှင်းသည့်အတွက် ကျွန်တော့်ကို "ဆရာ ဦးညွန့်စိန်က ဆရာ့ကိုပါဆယ် ပို့လိုက်ပါတယ်။ ကျန်းမာရေးကို ဂရုစိုက်ပါလို့လည်း မှာလိုက်တယ်။ ညက ချက်ချင်းစီစဉ်ရလို့ အခုရှိတာပဲ ပို့လိုက်ပါတယ်' ဟုဆိုကာ ထမင်းများအောက်တွင် ဖုံး၍ယူလာသော ပလတ်စတစ်အထုပ်ကို ကျွန်တော့်အား ပေးလိုက်သည်။

"ဆရာစားလို့ရှိရင်လည်း သတိထားစားပါ။ ကျွန်တော်တို့ပို့တာကိုလည်း ဘယ်သူမှမသိပါစေနဲ့" ဟုဆိုကာ ထမင်းဟင်းများထည့်ပေးကာ သုတ်ခနဲ လှည့်ထွက်သွားလေသည်။ ကျွန်တော်က အထုပ်ကိုဖွင့်ကြည့်သောအခါ ပလတ်စတစ်ဖြင့် နှစ်ထပ်လုံလုံခြုံခြုံ ထုပ်သားသည်။ အထဲတွင် ဆေးပေါ့လိပ်တစ်စည်း၊ ငါးပိကြော်တစ်ထုပ်၊ ကြက်သားကြော်တစ်ထုပ်၊ ဘီစကွတ်မုန့် စသည့်များကို တွေ့ရလေသည်။ ကိုညွန့်စိန်သည် နှစ်ပေါင်းအတန်ကြာသည်အထိ ကျွန်တော့်ကို သတိရနေသည်။ ကျွန်တော်ကလည်း ထိုသူများကို သံယောဇဉ်ရှိသည်။ ယခုအခါတွင် သူတို့အသက်ရှိချင်မှ ရှိပေမည်။

ခင်သိန်းမှာ သူ့ပညာဖြင့် ထောင်ထဲတွင် တင်းတင်းကျပ်ကျပ်

မနေခဲ့ရပေသည်။ ထိုအချိန်က သူထောင်ကျသည်မှာ နှစ်ရှည်လည်း မဟုတ်ပေ။ အာမခံရနိုင်သော၊ သက်သေမခိုင်လုံသည့် ဖောက်ထွင်းမှုများဖြစ်သဖြင့် အာမခံရပြီးလည်း သူထွက်သွားနိုင်ပါသည်။ သူက ကြေးနန်းဆက်သွယ်ရေးတပ်တွင် တပ်ကြပ်အဖြစ် နှစ်ပေါင်းအတော်ကြာတာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း သူ့ဘဝကို ကျွန်တော့်အား ပြောပြ၏။ လက်ကီးစထရိုက် (Lucky Strike) စီးကရက်ဘူးကို လက်ထဲကမချသောက်သည်။ ထိုအချိန်က ကျွန်တော်လည်း ဆေးလိပ်ကြိုက်နေချိန်ဖြစ်၍ သူလာတိုင်း စီးကရက်ကောင်းကောင်း သောက်ရပါသည်။ သူ့မိဘများမှာ လူလတ်တန်းစားများဖြစ်သလို သမ္မာအာဇီဝဖြင့် အသက်မွေးဝမ်းကျောင်းသူများ ဖြစ်သည်။ သူ့ညီအစ်ကို၊ မောင်နှမများလည်း ဘွဲ့ရပညာတတ်များဖြစ်၏။ တချို့က ကျောင်းဆရာ၊ တချို့က အစိုးရအရာရှိ၊ တချို့က နိုင်ငံခြားတွင် အလုပ်သွားလုပ်သူများ ဖြစ်သည်။ သူက ‘သူခိုးဘွဲ့’ မရခင်ကမူ ဘဝကိုအေးဆေးစွာ ဖြတ်သန်းခဲ့သူဖြစ်သည်။ သို့သော် ရုန်းကန်ရသောဘဝနှင့်သူဖြစ်ချင်သော အိပ်မက်တို့မှာ အလွန်ကွာဟလှသည်။ ထို့ကြောင့် ဖြတ်လမ်းနည်းကို သုံးကြည့်ချင်လာသည်။ သူ့အပေါင်းအသင်းမှာလည်း လက်ဆော့တတ်သူများဖြစ်ပြီး ခင်သိန်းကလည်း သူခိုးနက္ခတ်ပါလေသလား မသိ။ သူ့တွင်ဖောက်ထွင်းချင်စိတ် ရှိခဲ့လေသည်။ ထို့ကြောင့် ခင်သိန်းသည် ညဘက်ပိုက်ဆံရှိသည့် အိမ်များကို ဖောက်ထွင်းဝင်ရောက်ကာ ပစ္စည်းခိုးဝှက်ယူခြင်းဖြင့် အောင်မြင်လာသောအခါ ထိုလုပ်ငန်းကို မက်မောလာသည်။ စွန့်ရသော်လည်း ငွေရလွယ်သည်။ စီးကရက်လက်ကြားညှပ် မပြတ်သုံးနိုင်သလို ဆွဲကြိုးတဝင်းဝင်း၊ လက်ပတ်ကြိုး တပြောင်ပြောင်ဖြင့် ရွှေမရှား၊ ငွေမရှားသောဘဝကို မက်မောလာ၏။ ငွေရလွယ်သည့်အတွက် ထိုအလုပ်ကို မစွန့်လွှတ်နိုင်တော့ပေ။ အဖမ်းလည်း မခံရသောကြောင့် တရားရုံးနှင့် ထောင်ကိုလည်း ကြောက်ရမှန်းမသိဘဲ ဖောက်ထွင်းမှုများကို လက်ရဲ ဇက်ရဲ ကျူးလွန်နေပါတော့သည်။

*

# ဖောက်ထွင်းဝိဇ္ဇာ

သောကြာနေ့ည ၁၁ နာရီလောက်တွင် လူခြေလည်း တိတ်လာသည်။ လမ်းသွားလမ်းလာများလည်း သိပ်မရှိတော့။ ထိုအချိန်တွင် လွယ်အိတ်တစ်လုံးနှင့် ဟမ်းဘတ်တစ်လုံး လွယ်ထားသော ခင်သိန်းသည် အဆောက်အအုံ အနောက်ဘက်အိမ်သာမှနေ ခေါင်မိုးပေါ် တွယ်တက်ခဲ့ပါတော့သည်။ ဘူတာမှာလည်း လော်ကယ်ရထား အဝင်အထွက် မရှိတော့ပေ။ သူဝင်မည့် အဆောက်အအုံမှာ ကားဂိတ်နှင့် အနီးဆုံးဖြစ်သော်လည်း ဘတ်စကားများလည်း သိမ်းကုန်ပြီ။ သူခိုး အလေ့အကျင့်လည်းများ၊ ဖောက်ထွင်းမှု အတော်များများလည်း လုပ်ခဲ့ဖူးသဖြင့် ခင်သိန်းမှာ ခြေသံလုံလုံဖြင့် ခေါင်မိုးပေါ် တွယ်တက်ခဲ့လေသည်။ လွယ်အိတ်ထဲမှ သံတူးရှင်းအတိုလေးကို ထုတ်ကာသွပ်တစ်ချပ်ကို စခွာ၏။ အသံမမြည်အောင် သွပ်သံကို ဖြည်းဖြည်းချင်း နုတ်ယူ၊ ဘေးတစ်ခြမ်းမှ သံများကို ဖယ်ပြီးနောက် သွပ်ပြားကို အသာမကာအတွင်းပိုင်းသို့ သူ့အိတ်ထဲပါလာသော လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ သူတွက်ထားသည့်အတိုင်း သူခွာလိုက်သည့် သွပ်ပြားအောက်တွင် ထုပ်

တန်းကားရှိနေသည်။ လွန်ခဲ့သည့် တစ်ပတ်လောက်ကတည်းက ယခု အပေါင်ဆိုင်ကို သူလာရောက်ကြည့်ရှုခဲ့၏။ အသိတစ်ယောက်ကို လက်စွပ်ပေါင်ခိုင်းပြီး သူကလိုက်လာကာ အပေါင်ဆိုင်တံခါးများကို အသေအချာ ကြည့်သည်။ ခေါင်မိုးကိုလည်း အသေအချာ ကြည့်သည်။ ခေါင်မိုးမှာ မျက်နှာကြက်ကာထားသော်လည်း ကြာပြီဖြစ်၍ မျက်နှာကြက်ပေါက်ပြဲကုန်လေသည်။ ထိုအောက်တည့်တည့်တွင် ထုပ်တန်းရှိသဖြင့် ထိုထုပ်တန်းကို သူအသေအချာ မှတ်လာခဲ့ခြင်း ဖြစ်ပါသည်။

သွပ်တစ်ချပ်လုံးကို မခွာလိုက်ဘဲ ဘေးတစ်ခြမ်းရှိ သံများကိုသာ ချွတ်၍ အသာလှန်ကာ လူတစ်ကိုယ်စာ ဝင်လိုက်ပါတော့သည်။ သူ့ခြေထောက်သည် ခေါင်အောက်ရှိ ထုပ်တန်းပေါ် နင်းမိ၏။ လက်နှိပ်ဓာတ်မီးကို ပါးစပ်နှင့်ကိုက်ကာ အောက်ဘက်သို့ တွယ်ဆင်းလာခဲ့ပါသည်။ သူ့ကိုယ်ပေါ်တွင် ဟမ်းဘတ်တစ်လုံး၊ လွယ်အိတ်တစ်လုံးကို လွယ်လာသည်။ လွယ်အိတ်ထဲတွင် ဝက်အူလှည့်၊ ပလာယာအပြင် ဘလိုးဝင်းခေါ် သံဖျက်နိုင်ပြီး ဂဟေဆော်ရာတွင်လည်းသုံးသော လေမှုတ်ကိရိယာတစ်ခုလည်း ပါလာသည်။ ထိုကိရိယာမှာ ကြီးကြီးမားမား မဟုတ်ဘဲ အသေးစားဖြစ်၏။ လျှပ်စစ်နှင့် ဆက်သွယ်၍ အသုံးပြုလို့ရသည်။ အောက်ရောက်သောအခါ၌ ခုံတန်းများကို တွေ့ရသလို အပေါင်ဆိုင်စာရေးများထိုင်သည့် ခုံနှင့် စားပွဲအမြင့်ကြီးများကိုလည်း တွေ့ရ၏။ အတွင်းဝင်သော သံဆန်ခါတပ်ထားသော တံခါးကို သော့ခတ်ထားသည်။ သော့ကို သူအလွယ်တကူပင် ဖွင့်ဝင်နိုင်ခဲ့သည်။ အထဲဝင်ပြီးနောက် မန်နေဂျာထိုင်သော နောက်တွင် သံတိုင်များကာထားသော အခန်းကြီးတစ်ခု ရှိ၏။ သော့ခလောက်ကြီးများလည်း ခတ်ထားသည်။ ခင်သိန်းအဖို့ ထိုသော့ခလောက်ကြီးမှာ အဆန်းမဟုတ်ပေ။ သူ့တွင်ပါလာသော သံချောင်းလေးတစ်ခုဖြင့် ဖွင့်လိုက်၏။ သို့သော် အထဲတွင် သံမဏိများဖြင့် လုပ်ထားသော အခန်းတစ်ခု ရှိသည်။ ရွှေထည်ပစ္စည်းများ ထည့်ထားသော ထိုအခန်းကို ဘော့ (Bolt) ဟု ခေါ်သည်။ အခက်အခဲမှာ ထိုအခန်းကိုဖွင့်ဖို့ပင်၊ ခင်သိန်းမှာ ကုလားထိုင်တစ်ခု ဆွဲယူ၍

ထိုင်ကာ ခေတ္တနားလိုက်သည်။ သူ့လွယ်အိတ်ထဲတွင် ရေဘူးပါသည်။ အဆာပြေစားရန် ပေါင်မုန့်အရှည်တစ်လုံးလည်း ပါသည်။ အစာများ များစား၍ အိမ်သာတက်ချင်လျှင် ဒုက္ခရောက်မည်ဖြစ်သလို၊ ရေများများ သောက်၍ ဆီးသွားချင်လျှင်လည်း မဖြစ်နိုင်ပေ။ ဘော့ကိုဖွင့်ရန်မှာ လျှို့ဝှက်သင်္ကေတကိုလည်း သူမသိ။ သံချောင်းဖြင့် ကလိပြီးလည်း မဖွင့်နိုင်။ လျှို့ဝှက်သင်္ကေတသိမှ၊ သံချောင်းကိုလည်း ဖွင့်နိုင်မှအထဲမှ ဒလက်မပြီး သံမဏိတံခါးကြီး ပွင့်ထွက်မည် ဖြစ်ပါသည်။

တံခါးဖွင့်ရင်း အပြင်မှ ၁၁ နာရီသံချောင်းခေါက်သံကို သူကြားလိုက်ရ၏။ သူကတစ်ခန်းလုံးကို အသေအချာ ကြည့်သည်။ အခန်းမှာ လုံခြုံပါသည်။ အပြင်မှကြည့်၍လည်း မမြင်နိုင်သလို အလွယ်တကူဖွင့်၍ မရပေ။ ညစောင့်မှာ အပေါင်ဆိုင်ရှေ့တွင် ရှိသော်လည်း အပေါင်ဆိုင်သော့သူ့တွင် မရှိပါ။ အထဲထဲသို့ မဝင်နိုင်ပါ။ ထိုအချိန်တွင် ကုန်ရထားတစ်စီး၏။ ဥသြသံကို စူးစူးဝါးဝါး ကြားလိုက်ရလေသည်။ အလံချိုးတိုင်ကို ဖြတ်လာသည့် ရထားစက်မောင်းသမားက ဥသြကို အရှည်ကြီးဆွဲကာ သယ်န်းကျွန်းဘူတာကို ဖြတ်ကျော်လာပါတော့သည်။ တစ်အောင့်လောက်နားပြီးသည်နှင့် ခင်သိန်းက သံမဏိတံခါးကြီးကို ဖောက်ဖို့ကြိုးစားတော့၏။ သူ့တွင်ပါလာသော ဘလိုးဝင်းကို ပလပ်ပေါက်တွင် ထိုးလိုက်သည်။ ကံကောင်းသည်လား သို့မဟုတ် အပေါင်ဆိုင်ဖြစ်၍ မီးမပျက်ပေးသည်လား မသိ။ လျှပ်စစ်မီးက ကောင်းကောင်းလာနေပါသည်။ သူဝယ်လာသော ဘလိုးဝင်းမှာ အသစ်ကျပ်ချွတ်ကြီးဖြစ်သဖြင့် ကောင်းကောင်း အစွမ်းပြနိုင်လေသည်။ ဘော့ရှိသည့် နေရာတစ်ဝိုက်ကို အိတ်ထဲပါလာသော ဆော့ပင်ဖြင့် ဝိုင်းလိုက်ကာ ဘလိုးဝင်းဖြင့် မှုတ်ပါတော့သည်။ ဘလိုးဝင်းမှာ အသံသိပ်မထွက်ပါ။ သာသာညင်ညင်လေးသာဖြစ်၏။ သေးသော်လည်း အားကောင်းပါသည်။ မီးများ ဝင်းခနဲ၊ လက်ခနဲဖြင့် သံတံခါးကြီးကို ဖောက်နေပါတော့သည်။ လွယ်လွယ်နှင့် ဖောက်၍ မရပါ။ သံများအရည်ပျော်ပြီး ကွာကျသဖြင့် ထိရောက်မှုတားရှိပါသည်။ သူသည် ဘလိုးဝင်းဖြင့် ဖြတ်လိုက်၊ ခေတ္တနားလိုက်၊ ဖြတ်

လိုက်ဖြင့် အချိန်ကုန်သွား၏။ မနက် ၄ နာရီ သံချောင်းခေါက်သံကို ကြားလိုက်ရပါသည်။ ဘတ်စကားဂိတ်သို့ ကားများတစ်စီး၊ နှစ်စီး ရောက်လာသံကိုလည်း ကြားရ၏။ သူ့လုပ်ငန်းကို ခေတ္တရပ်လိုက်ပြီး ကြမ်းပြင်ပေါ်တွင် လှဲချကာ တစ်မှေးမှေးလိုက်လေတော့သည်။

သူအိပ်ရာမှ နိုးလာသော အချိန်မှာ မနက် ၆ နာရီရှိပေပြီ။ လော်ကယ်ရထားသံများကိုလည်း ကြားရသလို ကားဂိတ်မှ ခရီးသွားတို့၏ အသံများ၊ ကားသံများ ကြားနေရ၏။ ထိုနေ့မှာ စနေနေ့ဖြစ်၍ အပေါင်ဆိုင် ပိတ်သည်။ စနေ၊ တနင်္ဂနွေ နှစ်ရက်စလုံး အပေါင်ဆိုင် ပိတ်ထား၍ မည်သူမှ အပေါင်ဆိုင်တွင်းသို့ ရောက်လာမည် မဟုတ်ပေ။ သူ့အဖို့ လုပ်စရာရှိသည်ကို ကောင်းကောင်းလုပ်လို့ ရ၏။ သူ့လူများနှင့် အချိန်းအဆက် လုပ်ထားသည်မှာ စနေနေ့ မနက်ပိုင်းဖြစ်၍ သူ့အိတ်ထဲမှ သူတီထွင်ထားသော စကားပြောစက် ဝေါ်ကီတော်ကီ (Walkine-Talkie) (လမ်းလျှောက်စကားပြောစက်) ဖြင့် ဆက်သွယ်ကြည့်လိုက်ပါသည်။ ခင်သိန်းမှာ ယခင်က ဆက်သွယ်ရေးတပ်တွင် တပ်ကြပ်ကြီး အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ဆက်သွယ်ရေးလုပ်ငန်းကိုလည်း ကျွမ်းကျင်သည်။ ရေဒီယို၊ အသံဖမ်းစက်၊ ကက်ဆက်၊ နောက်ဆုံး တီဗီအထိ ကျွမ်းကျင်စွာ လုပ်ကိုင်ပြင်ဆင်တတ်သူလည်း ဖြစ်၏။ သူ့ဘာသာသူ ဝေါ်ကီတော်ကီကို ပြင်ဆင်၍ သူ့လူများနှင့် အချိတ်အဆက်ယူလိုက်ပါသည်။ သူ့လူနှစ်ယောက်က ငှားထားသော ဗောက်စ်ဝက်ဂွန်လိပ်ခုံးကားလေးကို အပေါင်ဆိုင်နှင့် မလှမ်းမကမ်းတွင် ရပ်ထားမည်။ ကားစက်မှ တစ်ခုခုဖြုတ်၍ ကားပျက်ချင်ယောင်ဆောင်မည်။ စက်ဖုံးဖွင့်၍ သူတို့ဘာသာ ပြင်ဟန်ဆောင်မည်။ ပျက်သည့်နေရာမှာ အပေါင်ဆိုင်အပေါက်ကို ကောင်းကောင်းမြင်နိုင်မည်။ အစောင့် အခြေအနေကို သိနိုင်ပေမည်။ အစောင့်မှာ နေ့အစောင့်၊ ညအစောင့် နှစ်ယောက်ရှိ၏။ အခြေအနေ အရပ်ရပ်သိရန် အတွင်းနှင့် အပြင် အဆက်အသွယ်လုပ်ဖို့ သူစီစဉ်ခဲ့ခြင်း ဖြစ်ပါသည်။

"ဗိုက်ပူ၊ ဗိုက်ပူ အခြေအနေကောင်းလား"

"ပိန်သေး၊ အခြေအနေ ကောင်းတယ်။ အဝင်အထွက် မရှိဘူး။ ပုံမှန်ပဲ"

"ဗိုက်ပူ၊ အခြေအနေထူးရင် ချက်ချင်းအကြောင်းကြား ဒါပဲ"

ခင်သိန်းက အသံဖမ်းစက်ကို ပိတ်ထားပြီး မပြီးသေးသော သူ့အလုပ်ကို ဆက်လုပ်သည်။ သံမဏိဒုကြီးမှာ တစ်ဝက်ကျော်ကျော် ပေါက်ထွက်နေပေသည်။ ပေါင်မုန့်အနည်းငယ်ကို ပါးစပ်ထဲထည့်ပြီး ရေနွေးစ်ကျိုက်ခန့် မော့ချလိုက်၏။ ယခုအချိန်တွင် အသံကျယ်လျှင်လည်း အကြောင်းမဟုတ်တော့ပေ။ အပြင်မှအသံများက အတွင်းကအသံကို ဖုံးသွားနိုင်သည်။ အတွင်း၌ လူဝင်နေသည်ကို မည်သူမျှ မသိပေ။ နံနက် ၁၁ နာရီခန့်တွင် သူဖောက်နေသော သံမဏိတံခါးကြီး၏ အဝိုင်းမှာ ပြုတ်ထွက်သွားပါတော့သည်။ ပြုတ်ထွက်သွားသော သံမဏိပြား အဝိုင်းကြီးကို ဘေးသို့ထိန်း၍ချလိုက်ကာ ဘေးမှသော့တူကို မတင်လိုက်ပါသည်။ တံခါးမှာ ပွင့်ထွက်သွား၏။ အထဲတွင် သံမဏိဗီရို လေးလုံးခန့်ရှိသည်။ ထိုဗီရိုများထဲတွင် အပေါင်ခံသော ရွှေထည်၊ စိန်ထည်များ ထည့်ထားပါသည်။ ထိုသံမဏိဗီရိုများကို ဖွင့်ရန်သူပြင်ဆင်လိုက်ချိန်၌-

"ပိန်သေး၊ ပိန်သေး ကားအပြာတစ်စီးလာတယ်။ ကျီးကန်းတွေလည်းပါတယ်။ သတိထား"

ဟု ပြောလိုက်သဖြင့် သူသည် သူ့ပစ္စည်းများကို သပ်သပ်ရပ်ရပ် အိတ်ထဲ ထည့်ထားလိုက်၏။ ပြေးပေါက်ကိုလည်း ရှာနေ၏။ နောက်ဘက်တံခါးဖွင့်ပြီး သံလမ်းဘက်ပြေးမည်ဟုလည်း တွက်ထားသည်။ သို့သော် သူတို့ပြောသော ရဲကားမှာ ရှေ့မှဖြတ်၍ သူ့ဝဏ္ဏဘက် မောင်းသွားသည်ဟု အပြင်မှအကြောင်းကြားလေသည်။

"ပိန်သေး၊ ပိန်သေးအားလုံး အေးဆေးပဲ။ ကျီးကန်းတွေ ဆက်ပျံသွားပြီ" ဟု ထပ်မံသတင်းပို့လိုက်သဖြင့် သူက သံမဏိကက် ဘီနှက်များကို ဖွင့်ဖို့ကြိုးစားပါတော့သည်။ အတန်ကြာလှုပ်ရှားပြီးသည့်နောက် သံမဏိဗီရိုတစ်ခုမှာ ပွင့်ထွက်သွားသည်။ အပေါ်ဆုံးတံခါးကို အရင်ဖွင့်လိုက်ပါသည်။ အထဲမှတဖိတ်ဖိတ် တောက်နေသော ရွှေရောင်များသည်

အပြင်သို့ လျှံကျလာပါသည်။ လက်ကောက်များ၊ ဆွဲကြိုးများ၊ လက်စွပ်များမှာ အံဆွဲတစ်ခုလုံးတွင် ပြည့်ကျပ်နေ၏။ ထိုအံကို ပြန်ပိတ်၍ အောက်တစ်ခုကို ဖွင့်ကြည့်ရာတွင် ထိုအတိုင်းပင် ရွှေထည်ပစ္စည်းများကို တွေ့ရသည်။ အားလုံးလိုလို ဖွင့်ကြည့်ရာ ထိုအတိုင်းပင် ဖြစ်၏။ လက်စွပ်များမှာ ကျောက်များပါသော်လည်း လက်ကောက်နှင့် ဆွဲကြိုးများမှာ ရွှေချည်း ဖြစ်လေသည်။

အချိန်မှာလည်း ညနေစောင်းလာပါသည်။ သူကပါလာသော ဟမ်းဘတ်လက်ဆွဲအိတ်ထဲသို့ အောက်ဆုံးထပ်မှ ရွှေထည်များကိုထည့်သည်။ တစ်ဝက်ခန့် ထည့်ပြီးသည့်အချိန်၌ပင် အလေးချိန်အနည်းငယ် စီးလာသည်။ သံမဏိဗီရိုမှာ ခြောက်ထပ်ရှိပါသည်။ နောက်ဆုံးဗီရိုတစ်ထပ်လုံး ကုန်အောင်ထည့်ပြီးသည့်နောက် လက်ဆွဲအိတ်ကို ဆွဲကြည့်ရာ အတော်လေးနေ၏။ ထပ်ထည့်လျှင် သူမဆွဲနိုင်တော့ပေ။ ယခုတောင် သူအားစိုက်ပြီး ဆွဲနေရ၏။ ထို့ကြောင့် တချို့ရွှေထည်များကို ပြန်ထည့်ပြီး သူ့အားဖြင့် ကျွေမပျက်ဆွဲနိုင်လောက်သည့် အနေအထားအတိုင်း ဖွင့်ထားသော ဗီရိုအံများကို ပြန်ပိတ်လိုက်လေသည်။ အမှောင်လည်း သန်းလာပေပြီ။ အားလုံးပြီးသည်နှင့် သူက -

"ဗိုက်ပူ၊ ကားကို အသင့်ပြင်ထားကြတော့။ ၉ နာရီလောက်ဆိုရင် ထွက်သွားကြ။ ချိန်းထားတဲ့ နေရာစောင့်နေ။ ၁၀ နာရီလောက်မှာ ငါ ထွက်လာခဲ့မယ်"

ဟု ဆက်သွယ်လိုက်ပါသည်။

သူက ပစ္စည်းများကို နေသားတကျဖြစ်အောင် ပြန်သိမ်းသည်။ နေသားတကျ မဖြစ်သည်မှာ သော့ပိတ်မရတော့သည့် သံမဏိဗီရို၏ အဝိုင်းကြီးအဖြစ် ပေါက်နေသော သံမဏိ (Bolt) တံခါးကြီးသာ ရှိလေတော့သည်။ ည ၉ နာရီကျော်နေသော်လည်း သူကအားရှိအောင် ခေတ္တနားလိုက်သည်။ ပေါင်မုန့်ကို အားလုံးစားလိုက်သည်။ ရေသောက်ချ၍ အမှိုက်များကို လှည်းကျင်းသည်။ လက်မှနာရီကို ကြည့်လိုက်ချိန်တွင် ၁၀ နာရီ ထိုးပေပြီ။ ယူလာသော လွယ်အိတ်နှင့် ပစ္စည်းများကို

လက်ဆွဲအိတ်ထဲ အကုန်ထိုးထည့်လိုက်တာ လက်ဆွဲအိတ်ကြီးကို ဆလွယ်သိုင်းလိုက်၏။ လက်နှိပ်ဓာတ်မီးဖြင့် အခန်းထဲ ခြေရာလက်ရာ မပျက်အောင် လုပ်သည်။ သူ့တွင် လက်အိတ်စွပ်ထားသဖြင့် လက်ဗွေရာ ကျန်စရာမရှိ။ ဖိနပ်ကိုလည်း ဇင်းဘတ်ဖိနပ် စီးထားလေသည်။ အားလုံး သပ်သပ်ရပ်ရပ်ဖြစ်မှ သူအပေါ်တက်ဖို့ ပြင်ဆင်လေသည်။ တက်လာသော ထုပ်တန်းအတိုင်း တွယ်ကာဖြုတ်ထားသော သွပ်ပေါ်သို့ ကိုယ်ကို အသာလေးဆွဲ၍ တက်လိုက်၏။ အပေါ်ရောက်သည်နှင့် ဖြုတ်ထားသော သွပ်ပြား၏သံချက်များအတိုင်း လက်နှင့်ဖိသွင်းရသည်။ သံတူးရွှင်းအတိုနှင့် ရိုက်၍အသံထွက်သွားပါက အသိပေးသလို ဖြစ်ပေမည်။ သံချက်နှစ်ချက်မှာ အဆင်ပြေပြေ ဝင်သွားသဖြင့် အောက်မှ ကြည့်လျှင် အမိုးသွပ်ဖွင့်ထားမှန်း မသိနိုင်ပေ။

ခေါင်မိုးပေါ်မှ လွှားကာနောက်ဘက်သို့ အသာလေး လျှောက်လာခဲ့၏။ တန်းရှိသည့် နေရာတစ်လျှောက် သွပ်ချပ်အတိုင်း နင်းလာခဲ့သဖြင့် အသံမကြားရပေ။ အသံမမြည်အောင်လည်း ဂရုစိုက်၍နင်းလာခဲ့သည်။ လကွယ်ညဖြစ်၍ ကြယ်ရောင်ကိုအားပြုပြီး နောက်ဘက်ကို ထွက်ခဲ့ပါသည်။ လရောင်မရှိသည့်အတွက်လည်း သူ့အဖို့ လုံခြုံမှုရနေ၏။ နောက်ဘက်ခေါင်မိုးနှင့် သရက်ပင်ကြီးမှာ သိပ်မကွာပေ။ သရက်ကိုင်းတစ်ခုသည် ခေါင်မိုးပေါ်ထိုးကျနေ၏။ သူ ထိုသရက်ကိုင်းမှ နေ တက်လာခဲ့သလို ယခုလည်း ထိုသရက်ကိုင်းမှနေ ပြန်ဆင်းရပေမည်။ ကားများ လမ်းပေါ်တွင် ရှင်းစပြုနေ၏။ တချို့လက်ဖက်ရည်ဆိုင်များ ပိတ်သွားသော်လည်း တချို့မှာမပိတ်သေးပေ။ ဘူတာတွင် ပဲခူးသည်များ ကုန်ပစ္စည်းများ စီနေသည်ကို တွေ့ရသလို လူသွားလူလာလည်း သိပ်မရှိတော့ပေ။ သရက်ပင်မှတစ်ဆင့် အောက်သို့ရောက်သည်နှင့် သူ့ကိုယ်သူ သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်လိုက်၏။ ရတနာများထည့်လာသော အိတ်ကိုလည်းပခုံးတွင် သေသေချာချာ သိုင်းလိုက်ပါသည်။ အသင့်ပါလာသော သံပရာခွံဦးထုပ်ကို သူ့ခေါင်းတွင် ခပ်စောင်းစောင်း ဆောင်းလိုက်၏။ ရုတ်တရက်ကြည့်လျှင် သူ့မျက်နှာကို မမြင်နိုင်ပေ။

ခြံစည်းရိုး သွပ်တန်းကို လျှို၍အပြင်သို့ ခပ်သွက်သွက် ထွက်လိုက်လေသည်။ ခေါင်းငိုက်စိုက်ချပြီး ခပ်သုတ်သုတ် ထွက်လာခဲ့ပါတော့သည်။

ခင်သိန်းက ယခုသူထောင်ကျရသည့်အကြောင်းကို ပြောရင်း သူအပေါင်ဆိုင် ဖောက်ခဲ့သည့်အဖြစ်ကို ကျွန်တော့်အား စားမြုံ့ပြန်ပြလေသည်။ အလွန်ပိရိသော ဖောက်ထွင်းမှုဖြစ်၏။ ခေါင်မိုးမှ သွပ်ကို ဖောက်၍ ဝင်သည့်စိတ်ကူးမှာလည်း အလွန်အဆင်ပြေလှသည်။ ထိုစိတ်ကူးကို သာမန်သူခိုးများ မစဉ်းစားနိုင်ပေ။ သူသည် တေက်ပြားလို သူခိုးဖြစ်သည်။ သို့သော် တေက်ပြားက သူရသောပစ္စည်းများကို ဆင်းရဲသားများကို ဝေငှပေးသော်လည်း ခင်သိန်းမှာမူ ဝေငှမပေးပေ။

သူတို့ ချိန်းဆိုသော နေရာရောက်သည်နှင့် ကြံရာပါ နှစ်ယောက်နှင့်အတူ ပစ္စည်းများကို ဗှက်ဖို့ကြိုးစားပါတော့သည်။ သုံးယောက်သား ထိုပစ္စည်းများကို လောလောဆယ် မသုံးဖို့လည်း သဘောတူခဲ့ကြ၏။ တစ်နေရာတွင် အဝတ်အစားများကို လဲလှယ်ကာသူဝတ်လာသော အဝတ်များကို မီးရှို့ပစ်လိုက်သည်။ နောက်အသီးသီး လမ်းခွဲကာနယ်ဘက်သို့ ခရီးထွက်ခဲ့ကြပါသည်။

"ဆရာရေ၊ ရဲကတော့ အသေအချာ မသိပေမယ့် ကျွန်တော့်ကို သံသယဝင်သလား မသိဘူး။ အိမ်ကို လာမေးတယ်။ ကျွန်တော်ကလည်း နယ်ကို ခရီးဝေးသွားနေတယ်လို့ ပြောတော့ သူတို့လည်း မကျေမချမ်းနဲ့ ကျွန်တော့်ကို ပြန်လွှတ်ရတာပေါ့။ အဲ့ဒီအချိန်ထိ ကျွန်တော်တို့မှာ ပြဿနာမရှိပါဘူး။ ဒါပေမဲ့ ရွှေထည်ပစ္စည်းတစ်ပုံတစ်ပင်ကြီး ပါသွားတော့ ရဲကပိုက်စိပ်တိုက် ရှာတယ်။ အိပ်စ်အက်စ် ရှိတဲ့သူတိုင်းကို ခေါ်မေးတယ်။ ကျွန်တော်တို့လည်း တစ်နှစ်လောက် ခြေငြိမ်ငြိမ်နေရတော့ စားဝတ်နေရေး ကျပ်လာတယ်။ ကျွန်တော်တို့ကိုလည်း သံသယဝင်တာ နည်းသွားတော့ ရွှေထည်တွေယူဖို့ သဘောတူခဲ့ကြတယ်။ ကျွန်တော်က အတန်တန် မှာတယ်။ မင်းတို့ သတိထားမိအောင် မနေနဲ့၊ ဝယ်တာခြမ်းတာလည်း အများကြီးမလုပ်နဲ့လို့ မှာတယ်။ ကျွန်တော်က ခေါင်းဆောင်လည်းဖြစ်၊ အခိက ဖောက်တဲ့သူလည်းဖြစ်တော့

တစ်ဝက်ကို ကျွန်တော်ယူတယ်။ တစ်ဝက်ကို သူတို့ နှစ်ယောက်ကို ခွဲပေးလိုက်ပါတယ်။ တဖြည်းဖြည်းနဲ့ ကုန်တင်ကား ဝယ်ထားတယ်။ ဘတ်စကား ဝယ်ထားတယ်။ ကျွန်တော့်နာမည်နဲ့ မဟုတ်ဘူး။

ဒါပေမဲ့ ရာဇဝတ်ဘေး ပြေးမလွတ်ဆိုတဲ့ စကားက မှန်မလား မသိဘူး ဆရာရေ။ ကျွန်တော်တို့ထဲက တစ်ယောက်ရဲ့မိန်းမက ရွှေတဝင်းဝင်းနဲ့ လူအမြင်ကတ်အောင် နေတယ်။ ရဲကလည်း စောင့်ကြည့်နေတော့ လှမောင်ရဲ့မိန်းမ ရွှေတဝင်းဝင်း ဖြစ်နေတဲ့အခါမှာ လှမောင်ကို ဖမ်းစစ်တယ်။ လှမောင်လည်း မခံနိုင်တာနဲ့ ဖော်လိုက်တယ်။ ဒီလိုနဲ့ ကျွန်တော် အဖမ်းခံလိုက်ရတာပဲ ဆရာရေ”

ခင်သိန်း၏ ပစ္စည်းများကိုလည်း သိမ်းသည်။ မိန်းမကိုလည်း စစ်၏။ မိဘများကိုလည်း ခေါ်စစ်သည်။ ခင်သိန်းက ဝန်ခံလိုက်ပါသည်။ “အသားတော့ အနာမခံနိုင်ဘူး ဆရာရေ။ လှမောင်တို့ဆီက အားလုံးပေါ်နေမှတော့ ကျွန်တော်လည်း ဝန်ခံလိုက်ရတော့တာပေါ့” ထိုအမှုဖြင့် သူသည် ထောင် ၁၀ နှစ် ကျခဲ့သည်။ ကျွန်တော်နှင့်တွေ့ချိန်တွင် သူ့ကိုစီရင်ချက်ချပြီးချိန် ဖြစ်၏။ သူက ထောင်ကျလျှင် ရဲဘက်လိုက်မည်ဟု ဆိုသည်။ သူ့ကို ချက်ချင်းရဲဘက်တော့ ပို့လိမ့်ဦးမည် မထင်ပေ။ ပစ္စည်းအားလုံး အပ်လိုက်ပြီးဆိုသော်လည်း များပြားလှသော ရွှေထည်များမှ သူ့ဖို့ချန်ထားလိမ့်ဦးမည် ထင်ပါသည်။

“ကျွန်တော်က သံမဏိဗီရိုတစ်လုံးတည်းသာ ကြည့်ခဲ့တာ။ ခြောက်ထပ်စလုံး ရွှေချည်းပဲ။ လိုချင်တာပေါ့ ဆရာရေ။ အားလုံးရရင် ထိုင်းဘက်ထွက်ပြေးမယ်ပေါ့။ ဒါပေမဲ့ ဗီရိုတစ်ကန့်သာ သယ်ခဲ့တော့ အားလုံး ဖျစ်ညှစ်သယ်လာရင် စောစောအဖမ်းခံရမှာ သေချာတယ်။ လောဘသတ်လိုက်တော့ အပြင်မှာ တစ်နှစ်၊ နှစ်နှစ် နေနိုင်တာပေါ့” ဟု ကျွန်တော့်ကို ပြောပြသည်။

ခင်သိန်းမှာ စိတ်သဘောထား ကောင်း၏။ ထောင်ဝင်စာ မလာသူများကို သူတတ်နိုင်သလောက် ပေးကမ်း၏။ ဓားပြများ၊ ဆေးသမားများကဲ့သို့ အနိုင်ကျင့်ခြင်း မရှိပေ။ သူသည် ပိုက်ဆံပေးထား၍ အခွင့်

အရေးအပြည့်အဝရသော ဘောက်ချာတစ်ယောက် ဖြစ်နေလေသည်။ လျှော့ရက်ရအောင် အလုပ်ကြီးတွင် အလုပ်ရက် သတ်မှတ်ထားသော်လည်း သူအမှန်တကယ် အလုပ်မဆင်းရပေ။ သူလုပ်ရသည်မှာ ထောင်မှူး၊ ထောင်ပိုင်များ၏ ရေဒီယို၊ ကက်ဆက်များကို ပြင်ဆင်ပေးခြင်းသာ ဖြစ်သည်။ ကျွန်တော် အင်းစိန်မှ ပြည်ထောင်သို့ ပြောင်းရွှေ့ခဲ့ရသည်။ ပြည်ထောင်မှလွတ်ခဲ့ပြီး အင်းစိန်သို့နောက်တစ်ကြိမ် ရောက်သည့်အခါ အဆောင်သို့ မရောက်ခဲ့။ တိုက်တွင်သာ နေခဲ့ရ၏။ ခင်သိန်းအကြောင်း စုံစမ်းကြည့်သောအခါ ခင်သိန်းသည် ရဲဘက်လိုက်၏။ နောက် ခင်သိန်းသည် တရုတ်တန်းဘက်တွင် ဖောက်ထွင်းခဲ့သည်ဟု သိရသည်။ သိန်း ၄၀ တန်သော ရတနာပစ္စည်းများကို ရယူခဲ့သည်။ ရဲကလည်း သူ့ကို သံသယဝင်၍ စုံစမ်းကြည့်သောအခါ ထောင်တွင်မရှိ ရဲဘက်ရောက်နေသည်ဟု သိရ၏။ ရဲဘက်၌ စုံစမ်းသောအခါ သူသည် အမှုဖြစ်ချိန်၌ စခန်းတွင် မရှိပေ။ အမှုမှာ ပေါ်သွားပါသည်။ သူလည်း ထောင်ဒဏ် နှစ် ၂၀ ကျခံခဲ့ရလေသည်။

*